www.burmeseclassic.com

ခိုင်ဒိုမင်းအောင် နှင့်
တရားလိုသက်သေချစ်မျက်ရည်




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

BURMESE CLASSIC .com

# အောင်ဇင်

## ကိုင်ကိုမင်းအောင် နှင့်

## တရားလိုသက်သေချစ်မျက်ရည်

စာမူခွင့်ပြုချက်အမှတ်-၅၀၀၄၇၂၀၅၀၅၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၄၆၆၀၅၀၅၊ ၂၀၀၅ခု၊ ဇူလိုင်လ၊ အုပ်ရေ-၅၀၀၊ တန်ဖိုး-၇၀၊မျက်နှာဖုံးပန်းချီ မောင်မောင်သိုက်၊ ကာလာခွဲ-စိန်နဂါး၊ စာအုပ်ချုပ်-မောင်မောင်၊ ဦးနှင်းဆွေ (၀၉၈၃)၊ ပန်းလက်ဆောင်စာပေ – ၅၁၆ (ခ)၊ ပုလဲ – ၄လမ်း၊ (၅)ရပ်ကွက်၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့မှထုတ်ဝေ၍ ဒေါ်ခင်စီ (၀၂၅၀၇)၊ ပြည်ဦးဘောပုံနှိပ်တိုက်၊ တိုက် (၁၅၈)၊ ၃၇လမ်း၊ ရန်ကုန်မြို့မှ အဖုံးနှင့်အတွင်း ပုံနှိပ်ပါသည်။

မိုးဆမ်းပန်းစာပေမှ တင်ဆက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

[၁]

## မောင်သီဟ၏ ထွက်ဆိုချက်

ကျွန်တော့်နာမည် မောင်သီဟပါ။ ကျွန်တော့်အသက်ကတော့ ဆယ့်နှစ်နှစ်ပါ။ ကျွန်တော် ကျောင်းမနေသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ခြေထောက်က ခွင်နေပါတယ်။ ကျွန်တော် ဝက်စလီယန်ကျောင်းမှာနေတုန်းက ကျွန်တော့်ကို သူငယ်ချင်းများ က 'ကျိုး . . ကျိုး' ဆိုပြီး စကြပါတယ်။

ဒါကြောင့် ကျွန်တော် စာသင်ရတာ ပျော်စရာကောင်းပေမယ့် ကျွန်တော် ကျောင်းကို သိပ်မုန်းသွားပါတယ်။ စာသင်ချင်စိတ်လဲ မရှိတော့ပါဘူး။

အဲဒီတုန်းကဆိုရင် ကျွန်တော် နေ့တိုင်းပဲ ငိုရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကျောင်းဆရာမကြီးက ကျွန်တော့်ကို ငကျိုးလို့ ခေါ်တဲ့ကောင်တွေကို ရိုက်ပါတယ်။ ကျွန်တော့်ကို မစဖို့ ဆုံးမပါတယ်။

ဒါနဲ့ ကောင်လေးတွေက ကျွန်တော့်ကို ငကျိုးလို့ မခေါ်တော့ပါဘူး။ ကျွန်တော့်ကိုလည်း တစ်တန်းလုံးမှာရှိတဲ့ ကောင်လေးတွေက မခေါ်ပါဘူး။ စကားလဲ မပြောကြပါဘူး။ စာသင်တဲ့အကြောင်းလဲ မပြောဘူး။ ဂဏန်းပုစ္ဆာအကြောင်းလဲ မပြောဘူး။

ကျောင်းမှာနေရတာ ပျော်စရာကောင်းတယ်လို့လဲ မပြောတော့ပါဘူး။

သူတို့ ရောင်စုံခဲတံ ဝယ်လာရင်လဲ မပြတော့ပါဘူး။ သူတို့ရဲ့ ကစားစရာတွေကိုလဲ ကျွန်တော့်ကို မပြပါဘူး။ လမ်းမှာတွေ့ရင်လဲ မျက်နှာလွှဲသွားကြပါတယ်။

သူတို့ ဘာမုန့်တွေ ဝယ်စားတယ်။ သူတို့မိဘတွေက မုန့်ဖိုး ဘယ်လောက်ပေးတယ်ဆိုတာကိုလဲ မပြောတော့ပါဘူး။

အတန်းထဲမှာ ကျွန်တော် တစ်ယောက်တည်း ရှိနေသလိုပဲ။ အဲဒီလိုဖြစ်တာ ကျွန်တော့်ကို ငကျိုးလို့ ပြောင်လှောင်ကြတာထက် ပိုဆိုးသလိုပါပဲ။

အဲဒီတော့ ကျွန်တော် ငိုရပြန်ပါတယ်။

ကျွန်တော်ရဲ့ အတန်းပိုင်ဆရာမက . . .

''မင်းမလဲကွယ် ငကျိုးလို့ ခေါ်တော့လဲ ငိုတယ်၊ အခုမင်းကို ဘယ်သူမှ မစတော့လဲ ငိုတယ်''

လို့ပြောပြီး သက်ပြင်းချပါတယ်။

ဟုတ်ပါတယ်။ ဆရာမပြောတာ မှန်ပါတယ်။

ကျွန်တော်ကတော့ တစ်နေ့ တစ်နေ့ ငိုနေရတာချည်းပါပဲ။

နောက်တော့ ကျွန်တော် သိလာပါတယ်။ ငကျိုးလို့ ကျီစယ်ခံရတာထက် ကျွန်တော့်ကို ဘယ်သူမှ မခေါ်မပြောဘဲနေတာ ပိုဆိုးတယ်ဆိုတာ သိလာပါတယ်။

ကျွန်တော့်ကို ကျွန်တော့်သူငယ်ချင်းတွေက ကောင်လေးတွေက ငကျိုးလို့ပဲ ပြန်စပြီး အလျင်ကလိုပဲ ရယ်ရယ်မောမောနဲ့ စကားပြောတာ လှောင်ပြောင်ပြောင်တာကိုပဲ ကျွန်တော် လိုလားပါတယ်။

အဲဒီတော့ ကျွန်တော်က သူငယ်ချင်းတွေကို ပြန်ခေါ်ပါတယ်။ ကျွန်တော်က လိုလိုလားလားနဲ့ပဲ ကျွန်တော့်ကို ငကျိုးလို့ ခေါ်ဖို့ အောက်ကျို့ခံပြီး ပြန်ပေါင်းပါတယ်။ ဒါပေမယ့် အားလုံးက ခေါင်းခါကြပါတယ်။

ဘယ်သူကမှ ကျွန်တော့်ကို ပြန်ပြီး မစဝံ့တော့ပါဘူး။ မခေါ်ဝံ့တော့ပါဘူး။ ကျွန်တော့်မှာ သူငယ်ချင်းတစ်ယောက်မှ မရှိတော့ပါဘူး။

ကျောင်းမှာ စာသင်ရတာထက် သူငယ်ချင်း မရှိတာက ပိုဆိုးနေသလိုပါပဲ။ ဒါကြောင့် ကျွန်တော် ကျောင်းမှာမပျော်တော့ပါ





မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ကျောင်းကို မုန်းလာပါတယ်။

ကျွန်တော်သာ ခြေထောက်ကောင်းရင် ဒီလိုဖြစ်မှာ မဟုတ်ပါဘူးဆိုတာ တွေးမိပြီး ကျွန်တော် သိပ်အားငယ်မိပါတယ်။ ငိုလဲငိုမိ ပြန်ပါရော။

ကျွန်တော်ငိုတဲ့အခါ ဆရာမက ချော့ပါတယ်။ ဒါပေမယ့် ဆရာမက ကျွန်တော့်ကိုကြည့်ပြီး စိတ်ပျက်နေသလိုပါပဲ။

ကျွန်တော်သာ ခြေထောက်မခွင်ရင် သူငယ်ချင်းတွေ အများကြီးရှိမှာဘဲ၊ သူငယ်ချင်းတွေ အများကြီးရှိရင် ပျော်စရာ အလွန် ကောင်းမှာပါပဲ။

ကျောင်းမှာ သူတို့ကစားသလို ကျွန်တော်လဲ အားရပါးရ ကစားချင်ပါတယ်။ ကျွန်တော်က ခြေခွင်နေလို့ သူတို့လို မကစားနိုင်ပေမယ့် သူတို့ကစားတာကို ထိုင်ကြည့်နေရရင်လဲ ကျွန်တော် ပျော်မှာပါပဲ။

ဒါပေမယ့် ကျွန်တော့်မှာ သူတို့ကစားတာကို ထိုင်ကြည့်ဖို့ သူတို့ကစားတာကို ရယ်မောဖို့ မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ကျွန်တော့်ကို မခေါ်ပါဘူး။ ကျွန်တော့်ကို ဘယ်သူမှ မသက်ဆံကြပါဘူး။

အဆိုးဆုံးကတော့ ကျွန်တော့်လို ခြေခွင်နေတဲ့လူနဲ့ အပေါင်းအသင်း လုပ်ရတာ သူတို့အဖို့ ဂုဏ်ငယ်တယ်ဆိုပြီး ကျွန်တော်နဲ့ ဘယ်သူမှ လက်တွဲပြီး မလျှောက်ချင်ပါဘူး။ ဘယ်သူမှ





ကျွန်တော်နဲ့ စကားမပြောချင်ကြပါဘူး။

ကျွန်တော်က သူတို့ကို ပြန်ခေါ်ဖို့ အကြိမ်ကြိမ် ကြိုးစားပါသေးတယ်။ ကျွန်တော်နဲ့ စကားပြောဖို့၊ စာအတူဖတ်ဖို့၊ ဂဏန်းအတူတွက်ဖို့ ကျွန်တော် ကြိုးစားပါတယ်။

ဒါပေမယ့် ကျွန်တော့်ကို ကျိုးခေါ်လို့ အရိုက်ခံရတဲ့ ကောင်လေးတွေက ကျွန်တော့်ကို မခေါ်ဖို့ သူတို့ကို တားဆီးကြပါတယ်။ သူတို့ ပြောတာက "ကျွန်တော့်ကို ဘယ်သူမှ ဆေးဖော်ကြောဖက် မလုပ်ရဘူးတဲ့။ သပိတ်မှောက်ရမယ်တဲ့။

ကျွန်တော် ငိုတာပေါ့။ ဝမ်းနည်းရဲတာပေါ့။

ဒါကြောင့် ကျွန်တော် ကျောင်းမနေချင်ဘူးလို့ မေမေ့ကို ပြောလိုက်တယ်။

မေမေက အံ့အားသင့်တဲ့ မျက်နှာကြီးနဲ့ ကျွန်တော့်ကို ကြည့်ပြီး . . .

"သား ကျောင်းမနေချင်ရင် စာမတတ် ပေမတတ် ဖြစ်မှာပေါ့" ဝမ်းနည်းတဲ့ လေသံနဲ့ ပြောတယ်။

"စာမတတ်ရင်လဲ နေပါစေတော့ မေမေရယ်၊ သားကို ကျိုးလို့ခေါ်ပြီး စကြလို့ နေ့တိုင်း ငိုရတာထက်စာရင် စာမတတ်တာကပဲ ကောင်းပါဦးမယ်"

လို့ ကျွန်တော်က မေမေ့ကို ပြန်ပြောလိုက်တယ်။

အဲဒီလို ကျွန်တော်ကပြောတော့ မေမေက ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖက်ပြီး ငိုတယ်။ ကျွန်တော်ကလဲ နဂိုက ငိုချင်နေတာဆိုတော့ မေမေနဲ့အတူ ပြိုင်တူငိုလိုက်ရတာပါပဲ။

ဒါနဲ့ မေမေက ကျွန်တော့်ကို ကျောင်းက နုတ်လိုက်ပါတယ်။ ပထမတော့ မေမေက ကျွန်တော့်ကို စာသင်ပေးပါတယ်။

မေမေနဲ့စာသင်ရတာ ကျွန်တော့်အဖို့ ပျော်စရာကောင်းပါတယ်။ မေမေက ကျွန်တော့်ကို တစ်ခါမှ မရိုက်ပါဘူး။ ပါးစပ်ကပဲ ဆူပါတယ်။

ဒါကြောင့် ကျွန်တော်လဲ ကျောင်းမှာတုန်းကလို စာသိပ်မကြိုးစားပါဘူး။ စာမရရင်လဲ အရိုက်ခံရမှာ မကြောက်ရတော့ စာလဲ သိပ်မကျက်ပါဘူး။

မေမေက စာသင်ဖို့ ခေါ်ပေမယ့် ကျွန်တော်က ပျင်းလို့ ဒီနေ့ စာမသင်ချင်ဘူး။ မနက်ဖြန်မှ စာသင်မယ်။ ရက်ရွှေ့ရင်လဲ မေမေက ပေတံပြပြီး ကျွန်တော့်ကို ရိုက်မယ်လို့ ဟန်ဆောင်ပါတယ်။

ဒါပေမယ့် ကျွန်တော် မကြောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မေမေ တကယ်မရိုက်မှန်း ကျွန်တော် သိနေတာကိုး။

မေမေက သဘောအလွန်ကောင်းပါတယ်။ စာလဲအသင်ကောင်းပါတယ်။ ကျွန်တော်ကသာ တစ်ခါတစ်လေ စာသင်ရင်းတန်းလန်းက ပျင်းလာရင် ခေါင်းစိုက်ဖွင့်ပြီး နားထောင်ချင် နားထောင်ပါတယ်။





နေမကောင်းဘူးလို့ ပြောရင်လဲ ပြောတယ်။ အီးအီးပါချင်တယ်လို့ပြောပြီး စာသင်ရတာပျင်းလို့ အိမ်သာထဲ သွားထိုင်ချင် ထိုင်နေတတ်ပါတယ်။

ကျွန်တော့်တို့အိမ်က တိုက်အိမ်ဆိုတော့ အိမ်သာက ကြွေရည်ခွက်နဲ့ဆိုတော့ မနံပါဘူး။ ကျွန်တော် ထိုင်ချင်သလောက် ထိုင်နေပါတယ်။ မေမေ လာခေါ်ရင် ကျွန်တော် အိမ်သာတံခါး ချက်ထိုးပြီး မကြားချင်ယောင်ဆောင်နေတယ်။

ကြာတော့ ကျွန်တော့်ကို စာသင်ရတာ မေမေ စိတ်ပျက်လာပုံရပါတယ်။ မေမေက ကျွန်တော့်ကို စာသင်ဖို့ ဆရာမတစ်ယောက် ငှားပါတယ်။

ကျွန်တော့်ဆရာမ နာမည်က တီချာအင်ဂျလာပါ။ တီချာအင်ဂျလာက သူ့ကို တီချာလို့ ခေါ်ရမယ်လို့ အမိန့်ပေးပါတယ်။

ဆရာမလို့ မခေါ်ရဘူးတဲ့။ ကျွန်တော်က ဆရာမပဲ ခေါ်ပါတယ်။ တီချာလို့ ဘယ်တော့မှ မခေါ်ပါဘူး။ တီချာအင်ဂျလာက ဘိုကပြားလို့ ပြောပါတယ်။ သူ့အဖေ က အင်္ဂလိပ်တဲ့။ အမေက မြန်မာတဲ့။

ဟုတ်ပါတယ်။ ဆရာမရုပ်က မေမေလိုရုပ်မျိုး မဟုတ်ပါဘူး။ ဆရာမရဲ့ နှာခေါင်းက အလွန်ရှည်ပါတယ်။ ဆရာမ နှာခေါင်းကိုကြည့်ပြီး ကွယ်ရာမှာ ကျွန်တော် ရယ်မိပါသေးတယ်။ ဆရာမကို နှာခေါင်းရှည်လူမျိုးလို့ ကျွန်တော် ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်မှ ကျွန်တော့်ခြေထောက်ခွင်နေလို့ ကောင်လေးတွေက ကျိုးလို့ စတာကို သွားသတိရပြီး ဆရာမ နှာခေါင်းရှည်တာကို ကျွန်တော် မရယ်ချင်တော့ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဆရာမကို ကျွန်တော် လှောင်ပြောင်သလို ဖြစ်သွားမှာ စိုးလို့ပါ။ ဝင့်လိုက်မှာ စိုးလို့ပါ မေမေက ဝင့်လိုက်တတ်တယ်လို့ သင်ပေးပါတယ်။

ပြီးတော့ ဆရာမရဲ့ မျက်လုံးတွေကလဲ မေမေရဲ့ မျက်လုံးလို နက်ပြီး အရောင်မလက်ပါဘူး။ ဆရာမရဲ့ မျက်လုံးက ချောကလက် ရာင်မျိုး။

ဒါပေမယ့် ဆရာမမျက်လုံးဟာ မေမေရဲ့ မျက်လုံးလိုပါပဲ၊ ကျွန်တော့်ကို ချစ်ခင်ကြင်နာမယ့်ပုံမျိုးတော့ ရှိပါတယ်။

ဒါပေမယ့် မေမေက ဆရာမ ကျွန်တော့်ကို မချစ်မှာစိုးလို့ ကျွန်တော့်ကို စာမသင်မီနေ့က ဆရာမကို သတိပေးတာ ကျွန်တော် ကြားရပါတယ်။

''ဆရာမရယ် ကျွန်မသားလေး စာတတ်ဖို့ထက် သူ့ကို ကြင်နာစွာ ဆက်ဆံဖို့က ပိုပြီးအရေးကြီးပါတယ်''လို့ ပြောပါတယ်။ ဘာကြောင့်လဲတော့ ကျွန်တော် မသိဘူး။

ဆရာမဟာ နှစ်မျိုးစလုံး တော်ပါတယ်။ စာအသင်လဲ ကောင်းပါတယ်။ ကျွန်တော် သဘောကျပါတယ်။ ပြီးတော့ ကျွန်တော့်ကိုလဲ ချစ်ခင်ကြင်နာပါတယ်။





ပထမတုန်းကတော့ ဆရာမနှင့် စာသင်ရတာ မေမေနဲ့ စာသင်ရသလို မပျော်ပါဘူး။ မေမေနဲ့ စာသင်တုန်းက ကျောင်းဆင်း ကျောင်းတက်ခေါင်းလောင်းကို ကျွန်တော် ထိုးရတာ။

ကျွန်တော် စာသင်ချင်စိတ်ပေါက်ရင် မေမေ စန္ဒရားတီးနေရာက လက်ဆွဲပြီး စာသင်ခိုင်းတာ။

မေမေက စန္ဒရား တီးကောင်းတုန်း မေမေ ဝယ်ထားတဲ့ ခေါင်းလောင်းကို ခေါက်ပြီး ကျောင်းတက်ပြီလို့ အော်ပြီး မေမေ့ကို စန္ဒရားခုံပေါ်က ဆွဲချခဲ့တာ။

ကျွန်တော် ပျင်းလာပြီဆိုရင်လဲ ခေါင်းလောင်းကို သွားကိုင်ပြီး ကျောင်းဆင်းပြီလို့ ကျွန်တော်က အော်တတ်တာ။

ဆရာမနဲ့ စာသင်မှ ကျွန်တော် ကျောင်းခေါင်းကလေးကို မကိုင်တော့ပါဘူး။ ဆရာမကသာ သူရောက်လာပြီဆိုရင် စာသင်ဖို့ အချက်ပေးတဲ့အနေနဲ့ ခေါင်းလောင်းကလေးကို တီးတတ်တယ်။

ကျွန်တော်က ထပင်းစားခန်းထဲမှာ ရှိသည်ဖြစ်စေ၊ အပေါ်ထပ်မှာ ဇယ်တောက်နေသည် ဖြစ်စေ၊ ဖေဖေရဲ့ ဘီလိယက်ခန်းထဲမှာ ရှိသည်ဖြစ်စေ ဆရာမရှိရာကို လာပြီး စာသင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဆရာမနဲ့ စာသင်ရတာလဲ မေမေနဲ့ စာသင်ရသလို ပျော်လို့ပါပဲ။ ဆရာမကလဲ ကျွန်တော့်အကြောင်းကို အလွန်သိပါတယ်။

ကျွန်တော် စာသင်ရတာ ပျင်းလာပြီဆိုရင် ပုံပြင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့တာပါပဲ။

ပထမတုန်းကတော့ ဆရာမက ကျွန်တော့်ကို ခြေခွင်နေတဲ့သူ၊ မျက်စိမမြင်တဲ့သူတွေ ကြိုးစားအားထုတ်လို့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေ ဖြစ်တဲ့အကြောင်း ပြောပါတယ်။ ကျွန်တော့်ကို အားပေးနှစ်သိမ့်တဲ့ အပြောမှန်း ကျွန်တော် သဘောပေါက်ပါတယ်။

ဒါပေမယ့် အဲဒီပုံပြင်မျိုး မပြောဖို့ ဆရာမကို ကျွန်တော် တားပါတယ်။ ခြေထောက်ခွင်တဲ့ ဇာတ်လိုက်မင်းသား၊ မျက်စိမမြင်တဲ့ ဇာတ်လိုက်မင်းသမီးအကြောင်း ကျွန်တော် လုံးဝမကြားချင်ပါဘူး။

ကျွန်တော် ကြားချင်တာကတော့ ကာယဗလ ထွားကျိုင်းပြီး ရဲစွမ်းသတ္တိရှိတဲ့ သူရဲကောင်း ပုံပြင်မျိုး၊ အလွန်လှပပြီး စိတ်နှလုံးကောင်းတဲ့ မင်းသမီးလေးတွေအကြောင်းသာ ကြားချင်ပါတယ်။

ကျွန်တော်က ခြေထောက်ခွင်နေပေမယ့် ကျွန်တော် အားကျတဲ့ ဇာတ်လိုက်မင်းသားကတော့ ကာယဗလလဲ ထွားကျိုင်းရပါ့မယ်။ ရုပ်ရည်လဲ ချောမောရပါမယ်။ ဒါကိုပဲ ကျွန်တော် ကြိုက်ပါတယ်။

ကျွန်တော့်အဖို့ စိတ်ညစ်စရာ ပုံပြင်တွေ ဆင်းရဲတဲ့အကြောင်းတွေ မပြောဖို့ ဆရာမကို တားပါတယ်။ ကျွန်တော်





ပျော်ချင်ပါတယ်။ ပျော်စရာကောင်းတဲ့ ပုံပြင်တွေကိုပဲ သဘောကျပါတယ်။ ဟာသ ပုံပြင်တွေပေါ့။

ဆရာမက ဟာသပုံပြင်တွေလဲ ရပါတယ်။ ပြောတတ်ပါတယ်။ ကျွန်တော် မှတ်မိနေတာကတော့ လူတစ်ယောက်နဲ့ အပ်ချုပ် သမားပုံပြင်ပါပဲ။

လူတစ်ယောက်က ဝတ်စုံတစ်စုံ ချုပ်ချင်လို့ ပိတ်စအရှည်ကြီး ဝယ်ပါတယ်။ သူ့ရဲ့ကိုယ်တိုင်းနဲ့ အများကြီး ပိုတဲ့ပိတ်စပါ။ ပြီးတော့ အဲဒီလူက စက်ချုပ်သမားဆီ သွားပါတယ်။

စက်ချုပ်ဆရာက ပိတ်စကို တိုင်းကြည့်ပြီး အဲဒီပိတ်စနဲ့ ဝတ်စုံချုပ်ဖို့ မလောက်ဘူးလို့ ပြောပါတယ်။

ဝတ်စုံချုပ်ချင်တဲ့လူက သူ့ရဲ့အတိုင်းထက် အများကြီး ပိုပြီး ပိတ်စကို ဝယ်ထားပါတယ်။ ချုပ်ကြည့်ပါဦးလို့ ပြောပါတယ်။

ဒါပေမယ့် စက်ချုပ်သမားက လက်မခံပါဘူး။ ဒီပိတ်စနဲ့ သူ အင်္ကျီနှင့် ဘောင်းဘီကို မချုပ်ပေးနိုင်ပါဘူးလို့ ငြင်းလိုက်ပါသတဲ့။

ဒါနဲ့ ဝတ်စုံချုပ်ချင်တဲ့လူက ဒုတိယ စက်ချုပ်သမားဆီကို သွားပါတယ်။ သူ့ရဲ့ ပိတ်စကို ပေးပြီး ဝတ်စုံချုပ်လိုတဲ့အကြောင်း ပြောပါတယ်။

ဒုတိယ စက်ချုပ်သမားကို ပိတ်စကို တိုင်းကြည့်ပြီး ဝတ်စုံချုပ်ပေးဖို့ လက်ခံလိုက်ပါတယ်။

ဝတ်စုံရဖို့ ချိန်းဆိုထားသည့် နေ့ရက်ကျတော့ ဝတ်စုံချုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုသူက သူ့ရဲ့ဝတ်စုံကို သွားရွေးပါတယ်။ အဲဒီအခါ ဝတ်စုံချုပ်တဲ့ လူ့ရဲ့ ခြောက်နှစ်အရွယ်ရှိတဲ့ သားကလေးဟာ အဲဒီဝတ်စုံချုပ် လုပ်သူရဲ့ ပိတ်စနှင့် တစ်ဆင်တည်း တစ်သွေးတည်းရှိတဲ့ ဝတ်စုံ တစ်စုံကို ဝတ်ထားတာ တွေ့ပါတယ်။

ဒါပေမယ့် ဝတ်စုံချုပ်ချင်သူက ဘာမှမပြောပါဘူး။ သူ့ ဝတ်စုံ ကို ဝမ်းသာအားရနှင့် စက်ချုပ်ခပေးပြီး ရွေးယူခဲ့ပါတယ်။

ဝတ်စုံချုပ်ချင်တဲ့သူက ပထမစက်ချုပ်သမားကို မခံ ချင်တာနဲ့ ပထမဆုံး ဒီဆိုင်မှ ချုပ်လို့ ပိတ်စမလောက်ဘူးလို့ ပြောတဲ့ဝတ်စုံကို အခုပိတ်စလောက်ပြီး ချုပ်ပြီးပြီ။ ဒါတင် မကသေးဘူး။ ပိတ်စပိုလို့ ဒုတိယစက်ချုပ်သမားရဲ့ ခြောက်နှစ် အရွယ် သားကလေးအတွက်တောင် ဝတ်စုံတစ်စုံ အပိုရတယ်လို့ ပြောလိုက်တယ်။

အဲဒီအခါမှာ ပထမစက်ချုပ်သမားက ကျုပ်ရဲ့သားက ဆယ့်ခြောက်နှစ်သားဆိုတော့ ခင်ဗျားပေးတဲ့ ပိတ်စနဲ့ ဘယ် လောက်မလဲဗျလို့ ပြန်ပြောသတဲ့။

ပထမတော့ ဆရာမပြောတဲ့ ပုံပြင်ဟာ မရယ်ရပါဘူး။ ကျွန်တော်မှ အဓိပ္ပာယ်နားမလည်ဘဲ။

ဒါပေမယ့် ဆရာမက ရှင်းပြပါတယ်။ အပ်ချုပ်သမားနှစ် ယောက်စလုံးက ဝတ်စုံချုပ်လိုသူရဲ့ ပိတ်စကိုခိုးပြီး သူတို့သားသမီး တွေကို ချုပ်ပေးလေ့ရှိတယ်တဲ့။





ပထမအပ်ချုပ်သမားအတွက် ဝတ်စုံချုပ်လိုသူပေးတဲ့ ပိတ်စက ဆယ့်ခြောက်နှစ်အရွယ် လူပျိုပေါက်စ သူ့သားအရွယ် ဝတ်စုံချုပ်ဖို့ မလောက်လို့ အဲဒီပိတ်စက ဝတ်စုံချုပ်လို့ မ လောက်ဘူးလို့ ငြင်းလိုက်တာတဲ့။

အဲဒီလိုရှင်းပြမှ ကျွန်တော်လဲ တစိမ့်စိမ့်ရယ်မိတော့တယ်။

အဲဒီပုံပြင်ကလေးနဲ့ ပတ်သက်ပြီး ဆရာမ သင်ခန်း စာထုတ်ပြတယ်။ လူတွေဟာ ဘယ်တော့မဆို ကိုယ့်အတွက် ကိုယ်အလျှင်ဆုံး တွေးတတ်တယ်တဲ့။ ဒါဟာ သာမန်လူတွေရဲ့ သဘာဝပဲ။ အဲဒီလူတွေဟာ ဘယ်လောက်ပဲ ပညာရှိ၊ ဘယ် လောက်ပဲ ပိုက်ဆံချမ်းသာ အလကားပဲတဲ့။

သူရဲကောင်းတွေ၊ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ကြီးကတော့ ကိုယ့်အတွက်ထက် ဆင်းရဲဒုက္ခရောက်နေတဲ့ လူတွေအတွက် အားငယ်တဲ့ လူတွေအတွက်ပဲ စဉ်းစားသတဲ့။

ကျွန်တော်က အဲဒီဟာသပုံပြင်လေးကို ဆက်ပြီး တွေး မိပြန်တယ်။

ဒါကြောင့် ဆရာမကို မေးမိတယ်။ ''ဆရာမရယ် တ ကယ်လို့ ဒုတိယစက်ချုပ်သမားရဲ့ သားကရော ဆယ့်ခြောက်နှစ် သားဆိုရင် ဒီလူ ဝတ်စုံမှ ရပါဦးမလားလို့'' လေ။

ဆရာမက ကျွန်တော့်ကို စဉ်းစားတွေးခေါ်ဉာဏ် ကောင်း တယ်ဆိုပြီး ချီးကျူးတယ်။ ဆရာမက ရှင်းပြတယ်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သားရယ် လောကကြီးမှာ လူရိုးလူကောင်းတွေ အများကြီး ရှိပါတယ်။ လိုသမျှပိတ်စကိုသာ ချုပ်ပေးပြီး ပိုသမျှပိတ်စကို ပြန်ပေးတဲ့ စက်ချုပ်သမားတွေလဲ ရှိပါသေးတယ်လို့ ပြောပါတယ်။

ပြီးတော့ လောကကြီးဟာ ဒီလောက်မဆိုးသေးပါဘူး သားရယ်လို့ ဆရာမ ပြောပါတယ်။

ဆရာမက ကျောင်းစာအပြင် ဗဟုသုတဖြစ်မယ့်အကြောင်းတွေ ပြောပါတယ်။ မေမေကလဲ ကျွန်တော့်ကို မြတ်စွာဘုရားရဲ့ ဇာတ်နိပါတ်ပုံပြင်တွေ ပြောပါတယ်။ ဆရာမနဲ့ စာသင်နေတယ်ဆိုပြီး မေမေဟာ ကျွန်တော့်ကို ပစ်မထားပါဘူး။ အချိန်အားတာနဲ့ လောကကြီးအကြောင်း၊ လူတွေအကြောင်း ပြောပြပါတယ်။

ကျွန်တော်က လောကကြီးအကြောင်း ဘာမှနားမလည်ပါဘူး။ လူတွေအကြောင်းတော့ ကျွန်တော် ရိပ်မိတယ်လို့ ထင်ပါတယ်။

ကျွန်တော် နားလည်တာကတော့ ကျွန်တော့်မေမေနဲ့ ဖေဖေ အကြောင်းပါ။ ကျွန်တော့်ဘဝအကြောင်းမှာ မေမေရယ်၊ ဖေဖေရယ်၊ ထမင်းချက် ဒေါ်ရွှေနီရယ်၊ သူ့ယောကျ်ား ဦးဖိုးထင်ရယ်၊ ဆရာမရယ်ပဲ ရှိပါတယ်။

ဘာကြောင့်မှန်းလဲ မသိဘူး။ ကျွန်တော်ဟာ ဖေဖေ့ကို မေမေ့လောက် မချစ်ဘူး။ ဖေဖေကလဲ ကျွန်တော့်ကို မချစ်ဘူး





ထင်တာပါပဲ။ ဖေဖေက မေမေ့ရှေ့မှာဆိုရင် ကျွန်တော့်ကို ချစ်ခင်ယုယ ကျီစယ်လေ့ရှိပါတယ်။ ဒါပေမယ့် မေမေကွယ်ရာကျရင် ဖေဖေက ကျွန်တော့်ကို ဆက်ဆံတာ ခပ်စိမ်းစိမ်းပဲ၊ လူကသာ စိမ်းနေရုံ မဟုတ်ပါဘူး။ မျက်လုံးတွေကပါ စိမ်းနေသလိုပါပဲ။

ဖေဖေက ကျွန်တော့်ကို မကြာခဏ မြှောက်ချီပြီး ထမ်းပိုးလေ့ရှိပါတယ်။ ကျွန်တော်တို့ ခြံကြီးထဲကို ကျွန်တော်ရဲ့ လက်တွန်းဘီးနဲ့ ဆင်းပြီးသွားလာတဲ့အခါမှ ဖေဖေဟာ ကျွန်တော့်ကို လက်တွန်းလှည်းပေါ်ကနေ အိမ်ထဲသို့ ချီသယ်တာတို့ လုပ်ပေးလေ့ရှိပါတယ်။

ဖေဖေ မရှိတဲ့အခါ ဦးဖိုးထင်နဲ့ မေမေက ပြုလုပ်ပေးပါတယ်။ ဖေဖေ ချီပိုးသယ်ဆောင်တဲ့အခါနဲ့ မေမေ ချီပိုးသယ်ဆောင်တဲ့အခါမှာ ညင်သာပုံချင်း၊ ယုယပုံချင်း မတူပါဘူး။ မေမေက ကျွန်တော့်အသားကို ထိကိုင်လိုက်တဲ့အခါမှာ စိတ်ထဲမှာ အလွန်နူးညံ့ သိမ်မွေ့ပါတယ်။ လက်ကလဲ ယုယနွေးထွေးနေတာပဲ။

ဖေဖေ ချီပိုးတဲ့အခါ လက်က အေးစက်မာကျောပြီး ညင်ညင်သာသာ မရှိလှဘူး။

ဖေဖေထက်စာရင် ဦးဖိုးထင် ချီပိုးတာကတောင် ညင်သာပျော့ပျောင်းနွေးထွေးပါတယ်။ ဦးဖိုးထင်က ဖေဖေ့ထက် ပိုပြီး ကြင်နာယုယပါတယ်။ ကျွန်တော် ပြောခဲ့သလိုပါပဲ။ ဖေဖေရဲ့ မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးများဟာလဲ မေမေ့ရဲ့မျက်လုံးများလို ကရုဏာရိပ် မရှိပါဘူး။

ဖေဖေနဲ့စာရင် ဆရာမရဲ့အကြည့်ကတောင် ကျွန်တော့်အပေါ်မှာ ပိုပြီးကရုဏာထားပုံ ပေါ်ပါတယ်။

ဟုတ်ပါတယ်။ ဆရာမက ကျွန်တော်နဲ့ ဘာမှမတော်ပေမယ့် ကျွန်တော့်အပေါ်မှာ သိပ်ပြီးယုယပါတယ်။ ဆရာမရဲ့ မျက်လုံးတွေကလည်း ကျွန်တော့်အပေါ်မှာ ကရုဏာသက်ပုံရပါတယ်။

အမှန်ဆိုရင် ဆရာမက ခရစ်ယာန်တစ်ယောက်ပါ။ ကျွန်တော်တို့က ဗုဒ္ဓဘာသာပဲ။ ဘာသာချင်းမတူပေမယ့် ဆရာမက ကျွန်တော့်အပေါ်ထားတဲ့ မေတ္တာကတော့ မခြားပါဘူး။

ကျွန်တော်ကလည်း ဆရာမကို သဘောကျပါတယ်။

ဖေဖေထက်စာရင် ဆရာမကို ကျွန်တော် သဘောကျပါသေးတယ်။ ဒီအိမ်မှာ ကျွန်တော် သဘောမကျတာ ဖေဖေရယ်၊ ထမင်းချက် ဒေါ်ရွှေနီရယ်ပါပဲ။

ဒေါ်ရွှေနီက ဘာလူမျိုးလဲတော့ မသိဘူး။ အသားနီစပ်စပ်နဲ့။ ကျွန်တော် ဒေါ်ရွှေနီကို ကြည့်ရတာ အလွန်ရွံပါတယ်။ ဒေါ်ရွှေနီက ထမင်းချက်ဟင်းချက် အလွန်ကောင်းပါတယ်ဆိုပြီး ဖေဖေကရော မေမေကရော ဒေါ်ရွှေနီကို သဘောကျကြပါတယ်။ ဒေါ်ရွှေနီက ဘိုအိမ်မှာနေဖူးခဲ့တော့ မြန်မာအစားအစာတင် မကဘူး။ ကုလားအစားအစာနဲ့ အနောက်တိုင်း အစားအစာကိုပါ





ချက်တတ်သတဲ့။ ဖေဖေနဲ့ မေမေကတော့ ဒေါ်ရွှေနီရဲ့ လက်ရာကို သိပ်ချီးကျူးပါတယ်။

ကျွန်တော်ကတော့ ဒေါ်ရွှေနီ နီစပ်စပ်အသားနဲ့ နားလေးနေတာကို မြင်ရ သိရပြီးတော့ ဒေါ်ရွှေနီ ချက်တာကို ကျွန်တော် ရွံပါတယ်။

ဒေါ်ရွှေနီ ချက်တာကို ကျွန်တော် မကြိုက်ပါဘူး။ မေမေက ကျွန်တော့်အတွက် သပ်သပ်ချက်ပေးရပါတယ်။ ဒါကိုလည်း ဖေဖေက သဘောမကျပါဘူး။ ဒေါ်ရွှေနီ ချက်ပေးတာကိုပဲ စားရမယ်လို့ ဆိုပါတယ်။

ကျွန်တော်က ဒေါ်ရွှေနီကို သဘောမကျပေမယ့် သူ့ယောကျ်ား ဦးဖိုးထင်ကိုတော့ သဘောကျတယ်။ ဦးဖိုးထင်က မျက်စိမှုန်နေပေမယ့် ကျွန်တော့်အသက်ကို ကယ်ခဲ့ဖူးတယ်။ ကျွန်တော့်ကိုလည်း ချစ်ပုံရတယ်။ ဒေါ်ရွှေနီကတော့ ကျွန်တော့်ကို မချစ်ဘူး။

ဦးဖိုးထင်နဲ့ ဒေါ်ရွှေနီတို့ လင်မယားက တစ်ယောက်က မျက်လုံးမှုန်ပြီး တစ်ယောက်က နားလေးနေပေမယ့် ဖေဖေနဲ့ မေမေကတော့ သဘောကျပါတယ်၊ သူတို့လင်မယားကို အားကိုးတယ်။

ဦးဖိုးထင်ကတော့ ကျွန်တော်တို့ခြံကြီးထဲမှာ သစ်ပင်ပန်းမာလ်တွေကို စိုက်ပျိုးရေလောင်းရတယ်။ ညရောက်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒါရဝမ်လုပ်ရပါတယ်။ ဦးဖိုးထင်က မာလီရော ဒါရဝမ်ရော လုပ်ရပါတယ်။

ဦးဖိုးထင် မျက်လုံးမှုန်နေလို့ မေမေက ဂေါ်ရခါးဒါရဝမ်တစ်ယောက် အသစ်ငှားချင်ပေမယ့် ဖေဖေက ပိုက်ဆံကုန်မှာစိုးလို့ဆိုပြီး ဂေါ်ရခါးဒါရဝမ် မငှားဘူး။ ဦးဖိုးထင်ကိုသာ ဒါရဝမ်အလုပ်ရော မာလီ အလုပ်ရော ခိုင်းပါတယ်။

မျက်စိမှုန်တဲ့ ဦးဖိုးထင်က ညဘက်မှာ ဒါရဝမ် မီးအိမ်တစ်လုံးနဲ့ ခြံထဲလျှောက်နေတာကို မေမေက စိတ်မချဘူး။ ပြီးတော့လည်း ဦးဖိုးထင်က မေမေတို့ ဘိုးဘွားလက်ထက်ထဲက လုပ်လာခဲ့ရုံ မကဘူး ကျွန်တော့်ရဲ့ အသက်သခင် ကျေးဇူးရှင်လို ဖြစ်နေတာ။ အဲဒီတော့ မေမေက ဦးဖိုးထင်ကို ကျေးဇူးရှင်လို သဘောထားနေတော့ ဦးဖိုးတင် ပင်ပန်းမှာကို အလွန်စိုးရိမ်ရှာတယ်။

မျက်စိမှုန်တဲ့ ဦးဖိုးတင်က ကျွန်တော့်အသက်ကို ကယ်ခဲ့တာကတော့ အလွန်အံ့သြစရာပါပဲ။

အဲဒီနေ့က ဖေဖေက ကျွန်တော့်ကို လက်တွန်းလှည်းပေါ်တင်ပေးပြီး သူ့မိတ်ဆွေ ပုလိပ်အရာရှိ တစ်ယောက်နဲ့အတူ ဘိလိယက်ခန်းထဲမှာ ဘိလိယက်ထိုးရင်း အရက်သောက်ဖို့ စီစဉ်ကြတယ်။

ကျွန်တော့် လက်တွန်းလှည်းက ဖေဖေတို့ ဘိလိယက်ထိုးတဲ့ ဘိလိယက်ခန်းနဲ့ နီးနီးကလေးပါ။ ဖေဖေကလည်း ကျွန်တော်ကို သူ ဘိလိယက်ထိုးရင် လှမ်းမြင်ရအောင်ဆိုပြီး ဘိလိယက်အခန်းအနီးမှာ ချထားတာပါ။

ကျွန်တော်က လက်တွန်းဘီးနဲ့ လှိမ့်ပြီး ခြံထဲလျှောက်သွားရင်း ရေကူးကန်အနီးကို ရောက်သွားတယ်။

အဲဒီ ရေကူးကန်အနီးက မြေကြီးက ရေကူးကန်ဖက်ကို ဆင်ခြေလျှော ဖြစ်နေတာကို ကျွန်တော်က သတိမထားမိဘဲ အဲဒီနေရာကို ရောက်သွားတယ်။

ကျွန်တော်ရဲ့ လက်တွန်းလှည်းဟာ အရှိန်နဲ့ ရေကူးကန်ထဲ ကို လှိမ့်ဆင်းသွားတော့တာပဲ။ ကျွန်တော်လည်း ကြောက်လန့်တကြားနဲ့ လက်တွန်းဘီးက ဘရိတ်ကို ဖမ်းတယ်။

ဒါပေမယ့် ဘရိတ်က ပြုတ်ထွက်သွားလို့ အရှိန်မရပ်ဘဲ ရေကန်ထဲကို ထိုးကျမလို ဖြစ်နေလို့ ကျွန်တော် အော်ငိုပါတော့တယ်။

အဲဒါကို ရေကူးကန်နဲ့ နီးနီးလေးနေတဲ့ ဖေဖေတို့ ဘိလိယက်ခန်းက မမြင်မကြားဘဲ ပန်းပင်စိုက်နေတဲ့ ဦးဖိုးထင်က မြင်ပြီး ကျွန်တော့်ဆီ ပြေးလာပြီး ကယ်တင်ပါတယ်။

တကယ်လို့ မျက်စိမှုန်နေတဲ့ ဦးဖိုးထင်ဟာ ကျွန်တော့်ကို မကယ်တင်ဘူးဆိုရင် ကျွန်တော် ရေကူးကန်ထဲကို ထိုးကျသွားမှာအဲ။ လူသိလို့ အချိန်မီ ဆယ်နိုင်ရင်တော့ ဘာမှမဖြစ်







www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါ့။ တကယ်လို့ လူမသိရင်တော့ ကျွန်တော် ရေနစ်အသေပဲ။

အဲဒီနေ့က ဦးဖိုးထင်က ကျွန်တော့်အသက်ကို ကယ်တင်ခဲ့ပေမယ့် ဖေဖေနဲ့ သူ့မိတ်ဆွေ ရဲ့အရာရှိကတော့ ဘာဖြစ်သွားမှန်းတောင် မသိဘူး။

ဦးဖိုးထင်ရဲ့ အော်သံကြောင့် မေမေ့ တိုက်ပေါ်က ပြေးဆင်းလာမှ ဖေဖေက ကျူတံကို လက်တစ်ဖက်က ကိုင်ပြီး ကျန်လက်တစ် ဖက်က အရက်ဖန်ခွက်ကို ကိုင်ပြီး ဘီလီယက်ခန်းထဲက ထွက်လာတယ်။

အဲဒီနေ့က ညှိသည်ပြန်သွားတော့ ဖေဖေနဲ့ မေမေ ရန်ဖြစ်ပါတယ်။ ကိုယ်ထိလက်ရောက် သတ်ပုတ်တာတော့ မဟုတ်ပါဘူး။ စကားများကြတာပါ။

ဒါပေမယ့် မေမေက ဖေဖေ့ကို ဘယ်တော့မှ စကားနိုင်လုလို့ မနိုင်ပါဘူး။ ဖေဖေက ဝတ်လုံတော်ရလို့ ပြောပါတယ်။ မေမေကတော့ ရှေ့နေမင်းလို့ စိတ်ဆိုးတဲ့အခါ ခေါ်ပါတယ်။

ဖေဖေက ဝတ်လုံတော်ရဖြစ်လို့ အမှုတွေလိုက်ရပါတယ်။

ဖေဖေ ရုံးသွားတဲ့အခါ အပေါ်ဖုံးအင်္ကျီအနက်၊ မောင့်ကျက်သရေခေါင်းပေါင်းပြီး ပုဆိုးအနီရောင်ကို ဝတ်ဆင်လေ့ရှိပါတယ်။

ဖေဖေရုံးသွားတဲ့အခါက ဖေဖေရဲ့ ရှေ့နေစာရေးကိုမြစောက လာကြိုပြီး ဖေဖေရဲ့ အမှုတွဲတွေ ထည့်တဲ့ခြင်းကို





ကားထဲကို သွားတည့်ပြီး ကားထဲက စောင့်နေပါတယ်။

အဲဒီအချိန်မှာ ဒရိုင်ဘာ ဦးနာရာယန်းက နောက်ခန်းတံခါးကို ဖွင့်ပြီး အိမ်ရှေ့ဆင်ဝင်အောက်မှာ စောင့်ကြိုနေရပါတယ်။ ဖေဖေ့ကား နောက်ခန်းထဲဝင်ပြီး ကားတံခါးပိတ်ပြီးမှ ဒရိုင်ဘာ ဦးနာရာယန်းက သူ့အခန်းထဲဝင်ပြီး ကားကို မောင်းထွက်သွားလေ့ရှိပါတယ်။

အဲဒီအချိန်မှာ ကားနောက်ခန်းက ခေါင်းပေါင်းစတလူလူနဲ့ ဖေဖေ ပါသွားပါတယ်။

ကျွန်တော်တို့အိမ်က နန်းရှေ့မှာပါ။ ဖေဖေ ရုံးတက်ရတဲ့နေရာက ဆေးရုံလမ်းက အရေးပိုင်ရုံးနဲ့ စက်ရှင်မင်းကြီးရုံးမှာပါ။ တကယ်တော့ ရုံးနဲ့ အိမ်နဲ့က နီးနီးလေးပါ။ အလွန်ဆုံးရှိရင် နှစ်ပြပေါ့။

ပြီးတော့ ဆေးရုံလမ်းမှာ တိုက်ခန်းတစ်ခန်းရှိပြီး ဖေဖေက သူ့ရဲ့ရုံးခန်းကို ဖွင့်လှစ်ထားပါတယ်။

ဖေဖေရဲ့ ရုံးခန်းရှေ့မှာ ဦးကျော်ဇော ဘီအေဘီအယ်လ် ဝတ်လုံတော်ရမင်းဆိုတဲ့ ကြေးဝါဆိုင်းဘုတ်ရှိပါတယ်။

ဖေဖေဟာ အမှုသည်တွေကို အဲဒီရုံးခန်းမှာ တွေ့ဆုံလေ့ရှိပါတယ်။ အိမ်ကို အမှုသည်တွေ လာတာကို ဖေဖေ မကြိုက်ပါဘူး။ ဆီပုံးတို့၊ ငှက်ပျောခိုင်တို့၊ ငါးခြောက်တို့၊ ချောသားခြောက်တို့ ယူလာတဲ့အမှုသည်ကိုတော့ ဖေဖေ စိတ်ဆိုးလေ့မရှိပါ။ ပြုံးပြုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြို့ဆိုလေ့ရှိပါတယ်။

ဘာမှမပါဘဲ လာတဲ့အမှုသည်တွေ အိမ်ကိုလာရင်း ဖေဖေက စိတ်ဆိုးတတ်ပါတယ်။ ဒါပေမယ့် ပါးစပ်ကတော့ ဘာမှမပြောပါဘူး။ အမှုသည်တွေ ပြန်သွားရင် မကျေမနပ်နဲ့ ဖေဖေ ပြောလေ့ ရှိပါတယ်။

တစ်ခါတစ်လေ ညနေခင်း ဖေဖေ ရုံးဆင်းချိန် ဒရိုင်ဘာ နာရာယန်း ဖေဖေ့ကို သွားကြိုတဲ့အခါ မေမေနဲ့ ကျွန်တော် ဖေဖေ့ ရုံးခန်းကို လိုက်သွားလေ့ရှိပါတယ်။

ဖေဖေ့ရုံးခန်းကို ရောက်ပေမယ့်လဲ ကျွန်တော့်ကို ကားပေါ်က ဆင်းခွင့်မပြုပါဘူး။ ယနေ့အထိ ဖေဖေ့ရုံးခန်းထဲမှာ ဘာတွေရှိသလဲ။ ဘယ်လိုပြင်ဆင်ထားသလဲ ကျွန်တော် မသိပါဘူး။

ဖေဖေ့ရုံးစာရေး ကိုမြစောက ကျွန်တော့်ကို ရေခဲပလုပ်တုတ် ဝယ်ကျွေးပါတယ်။ တစ်ခါတစ်လေကျရင် ဖေဖေက သူ ဂေါက်သီးရိုက်တဲ့ မန္တလေးတောင်ခြေက ဂေါက်ကွင်းကို ခေါ်သွားလေ့ရှိပါတယ်။

ကျွန်တော်က မန္တလေးတောင်ကြီးနဲ့ မြင်းပြိုင်ကွင်းကို သာ ကြည့်နေရတာပါ။ ကားပေါ်က ဆင်းခွင့် မရှိပါဘူး။

ဂေါက်ကွင်းက မြက်ခင်းတွေက စိမ်းနေတော့ အဲဒီ မြက်ခင်းပေါ်မှာ ကျွန်တော် ကစားချင်စိတ် သိပ်ပေါက်ပါတယ်။





မြက်ခင်းစိမ်း စိမ်းကလေးတွေပေါ်မှာ ခြေနင်းမပါဘဲ လျှောက် ပြေးချင်စိတ် ပေါက်နေမိပါတယ်။

ဒါပေမယ့် ကျွန်တော့်ဘယ်ဘက်ခြေထောက်က ခွင်နေတော့ ကျွန်တော်က လက်တွန်းလှည်းဘီးကို တွန်းပြီး သွားရင်သွား၊ ချိုင်းထောက်နဲ့ သွားရင်သွား ဒါပဲရတယ်။ ချိုင်း ထောက်နဲ့ သွားရတောင်မှ ညာဖက်ခြေထောက်ကိုပဲ ခြေနင်း စီးလို့ရတာ ဘယ်ဘက်ခြေထောက်က ခြေနင်းစီးလို့ ရတာမ ဟုတ်ပါဘူး။

ညနေခင်း ဂေါက်ကွင်းကနေ မန္တလေးတောင်ခြေနဲ့ နန်းတော်ကြီး၊ ကျုံးရေပြင်ကို လှမ်းကြည့်ရတာ အလွန်စိတ် ကြည်နူးစရာ ကောင်းပါတယ်။

တစ်ခါတစ်လေ ဒရိုင်ဘာနာရာယန်းက ကျွန်တော့်ကို တောင်ကုန်းပေါ်ပွေ့ချီပြီး တင်ပေးတဲ့အခါ မဏ္ဍလေးကို သွားတဲ့ လမ်းကို ကြည့်ရတာလဲ ပျော်ဖို့ကောင်းပါတယ်။

ဒါပေမယ့် များသောအားဖြင့် ကျွန်တော် ကားပေါ်က ဆင်းရလေ့မရှိပါဘူး။ ကြာတော့ ကျွန်တော် ပျင်းလာတာနဲ့ ဖေဖေ နဲ့အတူ ဂေါက်ကွင်းကို မလိုက်တော့ပါဘူး။

ကျွန်တော့်ကို မပျင်းအောင်တော့ မေမေက အမြဲစီစဉ်ပေး ပါတယ်။ ဖေဖေရဲ့ စာကြည့်ခန်းနဲ့ ကပ်လျက် အခန်းထဲမှာ ကျွန် တော့်အတွက် လုပ်ထားတဲ့မြင်းကစပြီး ခုတ်ခဲနဲ့သွားတဲ့ ရထား၊



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားရုပ်၊ လေယာဉ်ပျံရုပ်နဲ့ သံစုံတီးဝိုင်း ကလေးတောင် ရှိပါသေးတယ်။

ဒါပေမယ့် ဆရာမ စာသင်ပြီး ပြန်သွားတဲ့အခါ ဓာတ်စက် နားထောင်ရတာကို ကျွန်တော် သဘောကျပါတယ်။ မေမေက တစ်ခါ တစ်ခါကျရင် ကျွန်တော့်ကို စန္ဒရားတီးပြပါတယ်။ ကျွန်တော် မပျင်းအောင်လို့ စန္ဒရားတီးသင်ပေးမယ်လို့လဲ မေမေက စီစဉ်ပါတယ်။

ဆရာမနဲ့ ဒရိုင်ဘာ နာရာယန်းက အိမ်မှာ မအိပ်ပါဘူး။ ဆရာမက စာသင်ပြီးတဲ့အချိန် ပြန်ပါတယ်။ ဒရိုင်ဘာ နာရာယန်းက ညရှစ်နာရီဆိုရင် သူတို့အိမ် သူတို့ပြန်ပါတယ်။

တိုက်ကြီးပေါ်မှာ ဖေဖေနဲ့ မေမေ အိပ်ပါတယ်။ အောက်ထပ်မှာတော့ ကျွန်တော်နဲ့ ဒေါ်ရွှေနီတို့ လင်မယား အိပ်ပါတယ်။

ဒါကြောင့် ညရှစ်နာရီကျော်ရင် ကျွန်တော်တို့ခြံကြီးက တိတ်ဆိတ်ငြိမ်သက်သွားတော့တာပဲ။

ညရောက်ရင် နန်းရှေ့က ကားလမ်းပေါ် တခါတစ်ရံ ဖြတ်သန်းသွားတဲ့ ကားသံနဲ့ မြင်းလှည်းသံတွေကိုပဲ ကြားရတော့တယ်။ ကားဟွန်းသံက ဗွီဗွီမြည်သံထက် ပြေးနေတဲ့ မြင်းလှည်းဘီးထဲကို ကျာပွတ်ကြိမ်ရိုးထည့်ပြီး 'ဒက် ဒက် ဒက်' လို့ မြည်သံက ပိုပြီး နားထောင်လို့ ကောင်းပါတယ်။

ကျွန်တော်တို့ခြံရဲ့ ဘယ်ဘက်မှာတော့ မြန်မာဘုရင်





ခေတ်က မင်းသမီးဆိုတဲ့ မင်းမျိုးမင်းနွယ် အဘွားကြီးတစ်ယောက် နေပါတယ်။

ကျွန်တော်တို့ အရပ်ထဲက အဲဒီအဘွားကြီးကို မယ်မယ်ဖုရားလို့ ခေါ်ကြပါတယ်။ အဲဒီ မယ်မယ်ဖုရားရဲ့ ခြံထဲမှာလဲ စုစုပေါင်း အိမ်သားသုံးယောက်သာရှိလို့ လူနည်းတယ်လို့ ပြောရမှာဘဲ။

ကျွန်တော်တို့ခြံကြီးရဲ့ ညာဖက်မှာ ကပ်နေတဲ့ ခြံကတော့ အာမေနီယံလူမျိုး အဘိုးကြီးနဲ့ အဘွားကြီးတို့ နေပါတယ်။ အဲဒီ အဘိုးကြီးနဲ့ အဘွားကြီးက တိုက်ပုကလေးနဲ့ နေတာပါ။

အဘိုးကြီးက ဘဏ်တိုက်မှာလဲ လုပ်တယ်။ စနေ တနင်္ဂနွေဆိုရင် မြင်းပွဲမှာလဲ လုပ်သတဲ့။

သူတို့က ပိုတောင် လူနည်းပါသေးတယ်။ လင်မယားနှစ်ယောက်တည်း နေပါတယ်။ အစေခံတွေ ဘာတွေ မရှိပါဘူး။ တစ်ခါတစ်ရံ ပြင်ဦးလွင်တို့မှာ ကလောတို့မှာနေတဲ့ သူတို့အမျိုးတွေလာမှ သူတို့အိမ် လူစည်ကားတာပါ။

ဒီပြင်အချိန်တွေဆိုရင် သူတို့ခြံနဲ့ တိုက်ပုကလေးထဲမှာ လူရှိတယ်လို့တောင် မထင်ရဘူး။ နေခင်းဘက်ဆိုရင် အဘွားကြီးတစ်ယောက်တည်း ကျန်ရစ်ခဲ့တာပဲ မဟုတ်လား။

သူတို့ခြံက ခရစ်စမတ်ကျမှ အသက်ဝင်လာသလို ဖြစ်နေပြီး ကျန်တဲ့အချိန်တွေမှာ သေနေသလိုပါပဲ။

ခရစ်စမတ်ကျရတော့ မန္တလေး စိပ်ပီလိုင်းဘက်မှာ အနေ



www.burmeseclassic.com

www.burmeseclassic.com



များတဲ့ မန္တလေးမြို့က ဗိုလ်ကြက်ချေးတွေလဲ အဲဒီအာမေနီယံ လူမျိုး အဘိုးကြီး အဘွားကြီးရဲ့အိမ်ကို လာလေ့ရှိပါတယ်။

အဲဒီအိမ်ကို အထူးခြားဆုံးလာတဲ့ ဧည့်သည်ကတော့ မန္တလေး ဗောဓိကုန်းတို့ စကြာနွယ်စဉ်တို့မှာနေတဲ့ ဗေဒင်ဆရာ ပုဏ္ဏားတွေ လာတတ်ပါတယ်။

ဒါလဲ အတော်ကြာမှ တစ်ခါ လာတာပါ။ အဘိုးကြီး ဘက်တိုက်သွားနေတဲ့အချိန် လာတာပါ။

အံ့ဩဖို့ ကောင်းတယ်။ အဲဒီ အာမေယန်လူမျိုး အဘွား ကြီးက ဗေဒင်ယုံသတဲ့။ အဘိုးကြီးကတော့ ဗေဒင်မယုံဘူးတဲ့။ ဒါကြောင့် အဘွားကြီးက အဘိုးကြီး မရှိတုန်း ဗေဒင်ဆရာကို သူ့အိမ်ခေါ်ပြီး ဗေဒင်မေးလေ့ရှိတာပါ။

မင်းသမီးကြီး မယ်မယ်ဖုရားရဲ့ အိမ်ကလဲ လူအဝင်အ ထွက် သိပ်နည်းပါတယ်။ မယ်မယ်ဖုရားရဲ့ အမျိုးတွေက ရန်ကုန် မှာ များသတဲ့။ မန္တလေးမှာ ဆွေမျိုးဆိုလို့ တစ်ဦးတစ်လေပဲ ရှိသ တဲ့။ အဲဒီဆွေမျိုးကလဲ မယ်မယ်ဖုရားနဲ့ အဆင်မပြေလို့ လာလေ့ လာထမရှိဘူး။

မယ်မယ်ဖုရားဆီလာတဲ့ ဧည့်သည်ကတော့ ပန်ချာ ပီလူမျိုး ဆရာဝန်ကြီး ဒေါက်တာဆင်းတစ်ယောက်ပါပဲ။

ဒေါက်တာဆင်းမှာ ကားရှိပေမယ့် ခုတ်ဆီခ ကုန်မှာစိုး လို့လား မသိဘူး။ ကားနဲ့ လူနာအိမ် လိုက်လေ့မရှိဘူး။ လူနာလာ





ပင့်တဲ့ မြင်းလှည်းနဲ့ပဲ ဒေါက်တာဆင်း လာလေ့ရှိတယ်။

အဲဒီလို ကျွန်တော်တို့ ကပ်ရပ်အိမ် သုံးအိမ်ဟာ လူအဝင် အထွက်နည်းတဲ့ အိမ်တွေချည်း ဖြစ်နေပါတယ်။

တစ်နေ့မှာ မေမေက ကျွန်တော့်အတွက် စန္ဒရားဆရာ တစ်ယောက်ငှားပြီး စန္ဒရားသင်ပေးမယ်လို့ ပြောပါတယ်။

ကျွန်တော်လဲ မေမေ့ရဲ့ စေတနာကို သိရပြီး အလွန် ဝမ်းသာသွားပါတယ်။

ကျွန်တော့်ဘဝဟာ ခြေခွင်နေလို့ တစ်သက်လုံး လူ တောတိုးမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဂီတနဲ့ ဘဝကို မြုပ်နှံဖို့ အချိန်ကုန်ဖို့ မေမေ စီစဉ်ပေးမှန်း ကျွန်တော် သိပါတယ်။ ဂီတထဲ မှာ စိတ်ဝင်စားနေရင် ကျွန်တော် ခြေခွင်နေတာကိုလဲ မေ့သွား အောင်လို့ ဓမ္မမေ စိတ်ကူးထားဟန် တူပါတယ်။

ဟုတ်ပါတယ် ကျွန်တော် ခြေခွင်နေတာကို သတိမရ အောင် မေမေ ထားချင်ပါတယ်။

ကျွန်တော့် ဘဝဟာ တကယ်တော့ စာတတ်လို့လဲ အပို ပါပဲ။ ကျွန်တော် ပညာတတ်တော့ ဘယ်အစိုးရ အလုပ်က ခန့်မှာ လဲ။

ပြီးတော့ ဖေဖေ့လို ဝတ်လုံတော်ရကြီး လုပ်ရင်တော့ ခြေ ခွင်နေတဲ့ ရှေ့နေကို ဘယ်အမှုသည်က အမှုအပ်မှာလဲ။ အ[illegible]အပ် တဲ့ အမှုသည်အဖို့ တစ်ပန်းရှုံးနေမယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် စာကိုတော့ ကျွန်တော် တတ်အောင်သင်ပါ့မယ်။ မေမေ ပြောပြတဲ့ ကုဋေရှစ်ဆယ် သူဌေးသားလိုတော့ ကျွန်တော် အဖြစ်မခံနိုင်ပါဘူး။

ကျွန်တော် အစိုးရအလုပ် ဝင်မလုပ်ပေမယ့် ဖေဖေ့လို ပညာတတ် ဖြစ်အောင်တော့ လုပ်မှာပါ။

ပြီးတော့လဲ ကျွန်တော့်ဘဝကို ခေတ္တခဏ မေ့ထားလို့ရတဲ့ ဂီတကိုလဲ ကျွန်တော် ကြိုးစားပြီး သင်ယူပါ့မယ်။

မေမေလို စန္ဒရား ကောင်းကောင်းတီးတတ်အောင် ကျွန်တော် သင်ရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ မေမေ့ကို သနားလို့ပါ။ ဘာဖြစ်လို့ မေမေ့ကို သနားသလဲဆိုတာ မေမေဟာ ကျွန်တော်ပျင်းလို့ စန္ဒရားတီးတာ ဖြစ်ပေမယ့် စန္ဒရားကို ကြည့်ချင်ပုံ တောင် မရပါဘူး။

ပြီးတော့ မေမေ စန္ဒရားတီးတိုင်း မေရှင်ရဲ့ 'ဖူးစာပိုင်' သီချင်းကို တီးလေ့ရှိပါတယ်။ အဲဒီသီချင်းကို တီးပြီးတိုင်း မေမေဟာ ငိုင်ငိုင် သွားပါတယ်။

မေမေ စန္ဒရားတီးတာ ကြည့်ပြီး ဆရာမကတောင် ကျွန်တော့်ကို မေမေ့ကို သနားပါတယ် စန္ဒရား မတီးခိုင်းပါနဲ့ တိုးတိုးပြောပါတယ်။ ဘာဖြစ်လို့လဲလို့ ကျွန်တော်က ဆရာမကို ပြန်မေးမိတယ်။

ဆရာမက . . .





''မောင်သီဟရဲ့ မေမေဟာ မောင်သီဟ ပျင်းမှာစိုးလို့ စန္ဒရားတီးပြရပေမယ့်လို့ သူ့မှာ စန္ဒရားနှင့် ပတ်သက်ပြီး ဝေဒနာတစ်ခုရှိပုံရတယ်၊ မောင်သီဟ ပျင်းမှာစိုးလို့ ဒေါ်သူဇာဟာ စန္ဒရားတီးရပေမယ့် စန္ဒရားတီးရင် သူစိတ်ထိခိုက်ပုံရတယ်။ မောင်သီဟရယ် မင်း မေမေကို သနားရင် စန္ဒရား မတီးခိုင်းပါနဲ့လို့''

ဆရာမက ကျွန်တော့်ကို တိုးတိုးမှာဖူးပါတယ်။

နောက်ဆို မေမေ့ကို စန္ဒရားတီးပြစရာမလိုအောင် ကျွန်တော် စန္ဒရားတီးသင်တော့မှာပါလို့ ကျွန်တော်က ဆရာမကို ပြန်ပြောပါတယ်။

နွေဦးရာသီရောက်တော့ မေမေနဲ့ ကျွန်တော် ရှမ်းပြည်နယ်ကို သွားလည်ကြတယ်။ မော်တော်ကားနဲ့ သွားတာပါ။ ပထမည ကလောမှာ အိပ်တယ်။

နောက်ညကျတော့ ကလောမှာ အိပ်တယ်။ ပြီးတော့ သာမိုင်ခန်းကို သွားကြတယ်။

သာမိုင်းခန်းမှာ မေမေနဲ့ ရုပ်ချင်း အလွန်ဆင်တူတဲ့ မိန်းမကြီးတစ်ယောက်ကို တွေ့ရပါတယ်။ အဲဒီမိန်းမကြီးက မေမေ့ရဲ့ ညီမ ဝမ်းကွဲ ဒေါ်လေးဖြူပြာလို့ မေမေက ကျွန်တော့်ကို မိတ်ဆက်ပေးပါတယ်။

ဒေါ်လေးဖြူပြာက ကျွန်တော့်ကို ချစ်ခင်ပုံရပါတယ်။ ဒါကြောင့် ဒေါ်လေးဖြူပြာကို ကျွန်တော်ကလည်း သဘောကျပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒေါ်လေးဖြူပြာနဲ့မေမေ ဝမ်းကွဲပေမယ့် တို့မှာ ညီအစ်မ နှစ်ယောက်တည်းရှိလို့ သိပ်ပြီးချစ်ခဲ့ကြသတဲ့။

ဒါပေမယ့် ဒေါ်လေးဖြူပြာက အင်္ဂလိပ်လူမျိုးဆရာဝန် တစ်ယောက်နဲ့ ယူသွားလို့ မေမေရဲ့ မိဘနှစ်ပါးက သိပ်စိတ်ဆိုးတာပဲတဲ့။ ဘာဖြစ်လို့လဲဆိုတော့ မေမေ့ရဲ့ ဖေဖေဟာ မျိုးချစ်စိတ်အလွန်ရှိတဲ့ ဝံသာနုနိုင်ငံရေးသမားကြီးတဲ့။

ဒေါ်လေးဖြူပြာကို အင်္ဂလိပ်နဲ့ ယူရမလားဆိုပြီး ဘိုးဘိုးနဲ့ ဘွားဘွားတို့က သိပ်စိတ်ဆိုးခဲ့တာပဲတဲ့။

အခု ဒေါ်လေးဖြူပြာ ရှမ်းပြည်နယ် သာမိုင်းခန်းမှာ နေတယ်တဲ့။ ဒေါ်လေးဖြူပြာက ကျွန်တော့်ကို သာမိုင်းခန်း ပတ်ဝန်းကျင်ကို လိုက်ပြပါတယ်။

ရှုခင်းတွေက သိပ်လှပါတယ်။ ကျွန်တော်ကလည်း သဘော မနောကောင်းရှာတဲ့ ဒေါ်ဖြူပြာနဲ့ သာမိုင်းခန်းမှာ နေရတာ ပျော်ပါတယ်။

ဒေါ်လေးဖြူပြာနဲ့ မေမေ စကားပြောတဲ့ကြားမှာ တစ်ခါတစ်လေ ကိုသူရဆိုတဲ့ နာမည်တစ်လုံးကိုတော့ ကျွန်တော် နားစွန်နားဖျား ကြားမိပါတယ်။ ကျွန်တော့်ဘဝမှာ ကိုသူရဆိုတဲ့ နာမည်ကို ပထမဦးဆုံးအကြိမ် ကြားဖူးပေမယ့် ဘာဖြစ်လို့လဲ မသိဘူး။ အဲဒီနာ မည်ကို သိပ်သဘောကျသလိုပဲ။

လူကို မမြင်ရဘဲ နာမည်ကို ကြားရုံနဲ့ သဘောကျတာ





ကျွန်တော့်ဘဝကို ဒီတစ်ခါ ပထမဆုံးအကြိမ်ပါပဲ။

ကိုသူရဆိုတဲ့ နာမည်ဟာ ကျွန်တော့်ရဲ့သီဟဆိုတဲ့ နာမည်နဲ့ ဆင်တူသလိုလိုပါပဲ။ မေမေ့နာမည်က ဒေါ်သူဇာဖြစ်ပြီး ဒေါ်လေး နာမည်က ဒေါ်ဖြူပြာ ဖြစ်သလိုပေါ့။

ပထမတော့ ကိုသူရဆိုတာ ဒေါ်လေးဖြူပြာရဲ့ ယောကျ်ားလို့ ကျွန်တော် ထင်မိတယ်။ ဒါပေမယ့် ဒေါ်လေးဖြူပြာကို မေးကြည့်တော့ ဒေါ်လေးဖြူပြာရဲ့ ယောကျ်ားနာမည်က မစ္စတာနော်မန်လို့ သိရတယ်။

ဒါနဲ့ ကျွန်တော်က ကိုသူရဆိုတာ ဘယ်သူလဲလို့ မေးပါတယ်။ ဒါပေမယ့် ဒေါ်လေးဖြူပြာက ကိုသူရဆိုတာ ဒေါ်လေးနဲ့ မေမေတို့ရဲ့ မိတ်ဆွေတစ်ယောက်ပါတဲ့။

ဒေါ်လေးဖြူပြာတို့ သာမိုင်းခန်းက ပြန်လာတော့ ကျွန်တော် သာမိုင်းခန်းကို လွမ်းမိပါရဲ့။

ဒေါ်လေးဖြူပြာတို့ဆီက ပြန်လာပြီး မကြာမီမှာဘဲ မေမေက ကျွန်တော့်ကို စန္ဒရားသင်ပေးဖို့ စီစဉ်ပါတော့တယ်။

မေမေက စန္ဒရားဆရာ ကိုမင်းဝေနှင့် ကျွန်တော့်ကို စန္ဒရား သင်ပေးမယ်တဲ့။ ဒီရက်ပိုင်းအတွင်း ဆရာကိုမင်းဝေ လာလိမ့်မယ်လို့ မေမေက ပြောပါတယ်။

ဒါနှင့် ကျွန်တော်လည်း စန္ဒရားဆရာကိုမင်းဝေကို မျှော်နေမိပါတယ်။ တစ်နေ့ မွန်းလွဲနှစ်နာရီခန့်မှာ ဆရာမက စာသင်ပြီးလို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားတော့ ကျွန်တော်တစ်ယောက်တည်း စာကြည့်ခန်းထဲမှာ ရှိနေပါတယ်။ အဲဒီအချိန်မှာ အိမ်ရှေ့ကို လူတစ်ယောက် ရောက်လာပါတယ်။ အဲဒီလူက ထောင်ထောင်မောင်းမောင်း ဗလကောင်းနှင့်ပါ။ ဒါပေမယ့် အဲဒီလူကြည့်ရတာ သိပ်ပြီး ပင်ပန်း နွမ်းနယ်နေပုံရပါတယ်။

အဲဒီလူက ဘောင်းဘီနှင့် ဘလေဇာအင်္ကျီကို ဝတ်ထားပေမယ့် အိမ်ဘေးက ဘဏ်အရာရှိကြီး ဝတ်သလို စမတ်ကျကျ မဟုတ်ပါဘူး။ ဖိနပ်ဖားယားနှင့် ဘောင်းဘီနှင့် အင်္ကျီတွေကလည်း ဟောင်းနွမ်းနေပုံပါ။ မစုတ်ပြတ်ရုံတမည်ပါပဲ။

ကျွန်တော်က စန္ဒရားဆရာ ကိုမင်းဝေလို့ ထင်မိပါတယ်။

အဲဒီလူကြီးက မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ထူလပျစ်နှင့် လူဆိုးရုပ်ပေါက်ပေမယ့် ကျွန်တော် မကြောက်ပါဘူး။ သူ့ကို ကျွန်တော် တံခါးဖွင့်ပေးလိုက်ပြီး ဧည့်ခန်းထဲကို ခေါ်သွင်းခဲ့ပါတယ်။

အဲဒီလူကြီးက ကျွန်တော့်ကို ငေးစိုက်ကြည့်ပါတယ်။

ကျွန်တော်က အဲဒီလူကြီးကို စန္ဒရားဆရာ ကိုမင်းဝေလား လို့ မေးလိုက်ပါတယ်။

အဲဒီလူကြီးက ငါက စန္ဒရားဆရာ မဟုတ်ပါဘူးကွာ။ ဒါပေမယ့် မင်းကို စန္ဒရားတော့ တီးပြနိုင်ပါတယ်ဆိုပြီး စန္ဒရားရှိရာကို ပိုင်စိုးပိုင်နင်းနှင့် လျှောက်သွားပါတယ်။





ကျွန်တော်က စန္ဒရားဆရာ မဟုတ်ရင် ဘယ်သူ့ကို တွေ့ချင်လို့လဲ။ ဖေဖေ့ကို တွေ့ချင်ရင် သူ့ရုံးခန်းကို သွားပါ။ မေမေ့ကို တွေ့ချင်ရင် ကျွန်တော် ခေါ်ပေးပါ့မယ်လို့ ပြောလိုက်တယ်။

အဲဒီလူကြီးက . . .

''မင်းမေမေကို ငါ ခေါ်ပြပါ့မယ်ကွာ''

လို့ပြောပြီး စန္ဒရားခုံမှာ ဝင်ထိုင်တော့တာပဲ။

အဲဒီလူကြီးက စန္ဒရားတီးတော့တာပါပဲ။ ဘာသီချင်းတီးတယ် ထင်သလဲ။ မေမေ တီးနေကျ မေရှင်ရဲ့ ဖူးစာပိုင်သီချင်းပါပဲ။ အဲဒီလူကြီး စန္ဒရားတီးတာဟာ မေမေ့လောက် နားထောင်မကောင်းပေမယ့် အဲဒီလူကြီးဟာ စန္ဒရားကို တီးတတ်တယ်လို့တော့ ကျွန်တော် ထင်ပါတယ်။

အဲဒီလူကြီးဟာ ဖူးစာပိုင်သီချင်းကို မဆိုဘဲ စန္ဒရားပဲ တီးနေပါတယ်။ အဲဒီအချိန်မှာ အပေါ်ထပ်မှာ ကျွန်တော့်အတွက် ဆွယ်တာထိုးနေတဲ့ မေမေဟာ အပေါ်ထပ်ကနေ ဆင်းလာခဲ့ပါတယ်။

မေမေက စန္ဒရားတီးနေတဲ့ အဲဒီလူကြီးကို တွေ့တဲ့အခါမှာ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်သွားပြီး အဲဒီလူကြီးကို ငေးကြည့်နေတာကို တွေ့ရပါတယ်။

နောက်မှ မေမေက အိမ်ပေါ်ထပ်က ကျွန်းလုံးလှေခါးပြေး ပေါ်က ပြေးဆင်းလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရဲ့ခြေသံကြောင့် အဲဒီလူကြီးလည်း စန္ဒရားခုံက ထလိုက်ပါတယ်။ အောက်ထပ်ကြမ်းပြင်ကို ရောက်လာတဲ့ မေမေနဲ့ အဲဒီလူကြီးက စကားတစ်ခွန်းမှ မပြောဘဲ တစ်ယောက်ကို တစ်ယောက် ငါးမိနစ်လောက် စိုက်ကြည့်နေကြပါတယ်။

နောက်မှ မေမေနဲ့ အဲဒီလူကြီးက ဝမ်းသာအားရနဲ့ ပြေးဖက်မလို လုပ်ကြပါတယ်။

ဒါပေမယ့် မေမေနဲ့ အဲဒီလူကြီးရဲ့ ကြားမှာ ကျွန်တော်က ဘီးတပ်ကုလားထိုင်နဲ့ ရောက်နေတော့ သူတို့နှစ်ယောက် ကိုယ်ရှိန် သတ်သွားကြပါတယ်။

မေမေကစပြီး အဲဒီလူကြီးကို ကိုသူရလို့ ခေါ်လိုက်ပါတယ်။ ဒေါ်လေးဖြူပြာနဲ့ တွေ့တုန်းက ကျွန်တော် ပထမဆုံး ကြားရတဲ့ နာမည်ပါပဲ။

နောက်တော့ မေမေ့ကို အဲဒီလူကြီးက သစ္စာရှင်ကြီးလို့ ခေါ်ပါတယ်။ မေမေက ရှင်းပြပါရစေဦးလို့ ပြောပြီး မျက်လုံးအိမ်က မျက်ရည်တွေ ကျလာပါတယ်။

နောက်တော့ မေမေက ကျွန်တော့်ကို တွေ့သွားပြီး . . .

''နေပါဦး ကိုသူရ''

လို့ဆိုပြီး ကျွန်တော့်ကို ထမင်းစားခန်းထဲကို လက်တွန်းလှည်းတွန်းပြီး ပို့ပေးပါတယ်။ ဒီအချိန်ဟာ ကျွန်တော် နေ့လယ် လက်ဖက်ရည်သောက်တဲ့အချိန်ပါပဲ။





မေမေက ကျွန်တော့်ကို ဒေါ်ရွှေနီရဲ့ လက်ထဲကို အပ်ပြီး အပြင်ကို ပြန်ထွက်သွားပါတယ်။

ကျွန်တော်လဲ ဒေါ်ရွှေနီ ချပေးတဲ့ ပေါင်မုန့်ထောပတ်သုတ်ကို ချေမွပြီး ပြတင်းပေါက်က လွှင့်ပစ်လိုက်ပြီး ကော်ဖီပန်းကန်ကို သွန်ပစ်လိုက်ပါတယ်။ ကျွန်တော် စားသောက်ပြီးသွားတဲ့ဟန်ဆောင်တာပါ။

ပြီးတော့ ကျွန်တော် လက်တွန်းလှည်းဘီးကို အသံမကြားအောင်ရွှေ့ပြီး ထမင်းစားခန်းနဲ့ ဧည့်ခန်းကို ခြားထားတဲ့ တံခါးကြားက မေမေနဲ့ အဲဒီလူကြီးကို ချောင်းကြည့်နေပါတယ်။

တံခါးရဲ့ရှေ့မှာ ဘရိုကိတ်လိုက်ကာကြီးရှိနေတော့ မေမေက ကျွန်တော့်ကို မမြင်နိုင်ပါဘူး။

ဒေါ်ရွှေနီကသာ ကျွန်တော့်ကို မြင်နိုင်ပေမယ့် ဒေါ်ရွှေနီက ကျွန်တော့်ကို ဘာမှပြောမှာ မဟုတ်ပါဘူး။

မေမေနဲ့ အဲဒီကိုသူရဆိုတဲ့ လူကြီးတို့ဟာ ဧည့်ခန်းက ဆိုဖာမှာ ထိုင်နေကြပြီး စကားပြောနေကြတယ်။ မေမေက ငိုနေတယ်။

ကိုသူရဆိုတဲ့လူကြီး မေမေ့ကို မကျေနပ်သလို ဒေါသထွက်သလိုနဲ့ စကားကို အော်ကြီးဟစ်ကျယ် ပြောနေပါတယ်။

အဲဒီလူကြီး ပြောတာက မေမေဟာ သစ္စာမရှိဘူးဆိုတဲ့ စကားလုံးတွေပါပဲ။ ပထမတော့ ကျွန်တော်ချစ်တဲ့ မေမေကို



www.burmeseclassic.com

ဒီလိုပြောရမလားဆိုပြီး ကျွန်တော် ဒေါသဖြစ်မိတယ်။ ထမင်းစားပွဲပေါ်က ပေါင်မုန့်လှီးတဲ့ဓားနဲ့ သွားထိုးချင်စိတ်တောင် ပေါက်လာမိပါတယ်။

ဒါပေမယ့် ဘာဖြစ်လို့လဲမသိဘူး။ အဲဒီ ကိုသူရဆိုတဲ့ လူကြီးကို ကျွန်တော် ဓားနဲ့ထိုးရမယ့်အစား သနားနေမိတယ်။ ကိုသူရဆိုတဲ့ လူကြီးကို ကြည့်ရတာ ပင်ပန်းနွမ်းနယ်နေပုံပဲ။

အဲဒီလူကြီးနဲ့ မေမေ နာရီဝက်လောက်နီးပါးလောက် စကားပြောပြီး အဲဒီလူကြီးက ပြန်ဖို့ထပါတယ်။

မေမေက ကျွန်တော့်ကို လှမ်းခေါ်လို့ ကျွန်တော် အပြင်ဖက်ကို လက်တွန်းလှည်းဘီးကို လှည့်ပြီး ထွက်ခဲ့ပါတယ်။

အဲဒီ ကိုသူရဆိုတဲ့ လူကြီးက ကျွန်တော်ရဲ့ လက်တွန်းလှည်းရှေ့မှာ ဒူးထောက်ထိုင်ချပြီး ကျွန်တော့်ပါးကို မွှေးမွှေးပေးပါတယ်။

နောက်တော့ အဲဒီလူကြီးက ကျွန်တော့်ကို မချိတင်ကဲ အမူ အရာနဲ့ကြည့်ပါတယ်။ ဘာမှတော့ မပြောဘူး။ အဲဒီလူကြီးကို ကျွန်တော် သေသေချာချာ မော့ကြည့်လိုက်တဲ့အခါ အဲဒီလူကြီးရဲ့မျက်လုံးမှာ မျက်ရည်စကို ကျွန်တော် တွေ့ရပါတယ်။

နောက်တော့ အဲဒီလူကြီးက ချာခနဲလှည့်ပြီး ကျွန်တော်တို့အိမ်က ပြန်ထွက်သွားတယ်။

မေမေကလဲ ငိုပြီးကျန်ခဲ့တယ်။





ကျွန်တော်က မေမေ့ကို ဘာဖြစ်တာလဲမေးတော့ မေမေက သားရယ် မသိချင်ပါနဲ့ဦး။ နောက်တော့ တစ်လုံးမကျန် မေမေ ပြောပြပါမယ်လို့ ပြောတယ်။

အဲဒီလူကြီး ထွက်သွားပြီးမကြာမီမှာဘဲ မေမေက ဖေဖေ့ဆီကို တယ်လီဖုန်းဆက်တယ်။

အဲဒီနေ့က ဖေဖေ အိမ်ပြန်ရောက်တော့ မိုးချုပ်တယ်။ ပြီးတော့ အရက်တွေလဲ မူးလာတယ်။

ပြီးတော့ ဖေဖေနဲ့ မေမေ ရန်ဖြစ်ကြတယ်။

ဖေဖေက အဲဒီလူကြီးနဲ့ မေမေ့ကို ပေးစားပြီး ဆဲတယ်။ မေမေ ကတော့ ငိုနေတာပဲ။ မေမေက ဖေဖေကို ကွာပေးဖို့ ပြောတယ်ထင်တယ်။ ဖေဖေက မကွာပေးနိုင်ဘူးလို့ ပြန်အော်တယ်။

နောက်တစ်နေ့ကျတော့ အဲဒီလူကြီးက လူကြီး သုံးလေးယောက်နဲ့အတူ ပြန်လာတယ်။

ဖေဖေက ရုံးကို မသွားဘဲ အသင့်စောင့်နေပုံ ရပါတယ်။

ဖေဖေနဲ့ ဘိလိယက်ထိုးနေတဲ့ ပုလိပ်အရာရှိကြီးကို ခေါ်ထား ပြီး စကားပြောကြပါတယ်။

ဘာတွေပြောနေမှန်းတော့ ကျွန်တော် မသိရပါဘူး။ ကြားလည်း မကြားရဘူး။

ကျွန်တော် မကြားစေချင်မှန်း သိပါတယ်။ အဲဒီလူကြီးတွေ မလာမီကတည်းက ဦးဖိုးတင်က ကျွန်တော့်ကို အပေါ်ထပ်ကို

www.burmeseclassic.com



ပွေ့ခေါ်သွားပါတယ်။

ကျွန်တော်က ဦးဖိုးတင်ကို ဘာဖြစ်တာလဲမေးတော့ ဦးဖိုးတင်က သူလဲ မသိဘူးလို့ ပြောပါတယ်။

ဒါပေမယ့် ဦးဖိုးတင် သိနေပုံပါပဲ၊ ဦးဖိုးတင်ရဲ့ မျက်နှာ သိပ်မကောင်းဘူး။

ဘာတွေဖြစ်နေသလဲဆိုတာတော့ ကျွန်တော် မသိပါဘူး။ ဒါပေမယ့် ဖေဖေရော မေမေရော မျက်နှာမကောင်းကြဘူး။

နောက်တစ်နေ့ နေဝင်ရီတရောအချိန်ရောက်တော့ ဖေဖေဟာ အပေါ်ထပ်ကနေ ဆင်းလာပြီး ကျွန်တော့်ကို ကားထဲကို ပွေ့ခေါ်တင်ပါတယ်။

ပြီးတော့ ဖေဖေက ကားကို ကိုယ်တိုင်မောင်းပြီး စီဗီလိုင်းက သူ့မိတ်ဆွေ အရာရှိတစ်ယောက်အိမ်ကို သွားလည်ပါတယ်။ အဲဒီ အိမ်ရှင်က တရားသူကြီးလို့ ပြောပါတယ်။

နောက်တော့ ဖေဖေက သံတဲဂါတ်တဲဆိုတာကို သွားပြီး ဖေဖေရဲ့ ဘိလိယက်ထိုးနေကျ ပုလိပ်အရာရှိဆီကို သွားပါတယ်။

ပြီးတော့ ဖေဖေက ကျွန်တော့်ကို ဈေးချိုဘေးက အအေးဆိုင်ကို ခေါ်သွားပြီး ဒူးမလိုင်တိုက်ပါတယ်။

ဒီတစ်ခါတော့ ခါတိုင်းလို ကားထဲမှာ ကျွန်တော့်ကို မထားခဲ့တော့ပါဘူး။ ဖေဖေကိုယ်တိုင် အအေးဆိုင်ထဲကို ကျွန်တော့်ကို ပွေ့ချီပါတယ်။ သံကုလားထိုင်မှာ ထိုင်ခိုင်းပါတယ်။





အဲဒီအအေးဆိုင်ထဲမှာ ကျွန်တော်တို့လိုပဲ ဒူးမလိုင်လာသောက်နေတဲ့ ဖေဖေ့မိတ်ဆွေတွေကို တွေ့ပါတယ်။

ဖေဖေက အဲဒီလူတွေသောက်တဲ့ ဒူးမလိုင်ဖိုးကိုပါ ငွေရှင်းပေးပါတယ်။ ဒါနဲ့ ညရှစ်နာရီနီးပါးရောက်တော့ ကျွန်တော်တို့ နန်းရှေ့ကို ပြန်လာခဲ့ကြပါတယ်။

မန္တလေးနန်းတော်ရှေ့ ကျုံးရေပြင်ကို ဖြတ်သန်းလာတဲ့ လေက သိပ်အေးလို့ ကြည်နူးစရာ သိပ်ကောင်းပါတယ်။ ကျုံးရှေ့လမ်းက ကားမောင်းသွားတိုင်း ကျွန်တော် စိတ်ပျော်ရွှင်ပါတယ်။

ဒါပေမယ့် အဲဒီနေ့ကတော့ ကျွန်တော် မပျော်ပါဘူး။ ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရပါတယ်။ ရင်ထဲမှာ လေးနေသလိုပါပဲ။

ကျွန်တော်တို့အိမ်နားရောက်တော့ ဖေဖေက . .

''ဟိုမှာ . . ဟိုမှာ''

လို့ လက်ညှိုးထိုးပြလို့ ကြည့်လိုက်တော့ ကိုသူရဆိုတဲ့ လူကြီး ကျွန်တော်တို့ခြံထဲက ထွက်လာတာ တွေ့ရပါတယ်။

ကိုသူရဆိုတဲ့လူကြီးက မန္တလေးနန်းတော်ကြီးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ခေါင်းကြီးငုံ့ပြီး လျှောက်သွားပါတယ်။

ကျွန်တော်နဲ့ ဖေဖေတို့ကို စီးလာတဲ့ကား ဝင်သွားတော့ ဦးဖိုးတင်ကို အိမ်ရှေ့ဆင်ဝင်အောက်မှာ တွေ့ပါတယ်။ ဦးဖိုးတင်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ ယောင်ယမ်းနေပြီး နှုတ်ခမ်းမှာလဲ သွေးစတွေ တွေ့ရတယ်။

ဖေဖေက ညစာစားမယ်ဆိုပြီး အိမ်ပေါ်ထပ်မှာ ကျန်ခဲ့တဲ့ မေမေ့ကို သွားခေါ်ခိုင်းခဲ့ပါတယ်။

ကျွန်တော်လဲ အောက်ထပ်မှာရှိတဲ့ ကျွန်တော့်အခန်း ထဲဝင်ပြီး အဝတ်အစားလဲပါတယ်။

ခဏကြာတော့ ဦးဖိုးတင် အိမ်ပေါ်ထပ်က ဆင်းလာပြီး မေမေ့ကို ခေါ်လို့မရဘူးလို့ ပြောပါတယ်။

ဒါနဲ့ ဖေဖေ အိမ်ပေါ်တက်သွားပြီး မေမေ့ကို ခေါ်ပါတယ်။ ဖေဖေ အခန်းထဲဝင်သွားတော့ မေမေ သေနေပြီတဲ့။

အဲဒီမှာတင် ကျွန်တော်ရဲ့မေမေ လူသတ်ခံလိုက်ရတယ် ဆိုတာ ကျွန်တော် သိတာပါပဲ။ လူသတ်သမားက မေမေရဲ့ လည် ပင်းကို ညှစ်သတ်သွားတယ်တဲ့။

ကျွန်တော် အဲဒီစကားသံကို ကြားတာနဲ့ ကိုယ့်ကိုကိုယ် ခြေထောက်ခွင်ပြီး လမ်းကောင်းကောင်း မလျှောက်နိုင်တာကို သတိမရဘဲ ခုန်တက်သွားမိတယ်။

နောက်မှ ဦးဖိုးတင်က လိုက်လာပြီး ကျွန်တော့်ကို မွေ့တင် သွားတယ်။ မေမေဟာ သူ့ရဲ့ခုတင်ပေါ်မှာ ရုပ်ပျက်ဆင်း ပျက် သေနေပါပြီ။

ကျွန်တော်က မေမေ့ကို ဖက်ပြီး ငိုနေမိတယ်။ ဘယ် လောက် ကြာသလဲ မသိဘူး။ ဖေဖေ တယ်လီဖုန်းဆက်ခေါ်လို့





ပုလိပ်တွေ ရောက်လာမှဘဲ မေမေ့ကို ဖက်ထားတဲ့ ကျွန်တော့်ရဲ့ လက်တွေကို မနည်းဆွဲခွာရတယ်။

မေမေ့ကို ဘယ်သူသတ်သွားသလဲဆိုတာတော့ ကျွန် တော် မသိပါဘူး။

ဒါပေမယ့် ကိုသူရဆိုတဲ့လူကြီး ကျွန်တော်တို့အိမ်ထဲက ည မှောင်စပျိုးချိန်မှာ ထွက်လာတာတို့ ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်တွေ့ရပါတယ်။

ကျွန်တော်ရဲ့ မျက်လုံးကောင်းပါတယ်။ ဦးဖိုးတင်လို ကျွန် တော့်မျက်စိ မမှုန်ပါဘူး။ ကိုသူရဆိုတဲ့ လူကြီးကို ကျွန်တော် သေသေချာချာ တွေ့လိုက်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com

[၂]

## ကိုသူရ၏ ထွက်ဆိုချက်

ကျွန်တော်ဟာ မိုးကုတ်မြို့သားပါ။ ကျွန်တော့်မိဘတွေက ကျောက်တွင်းတူးတဲ့ အလုပ် လုပ်ပါတယ်။ မကြာခဏ ကျောက်အောင်လို့ ချမ်းသာပါတယ်။

ကျွန်တော် လူမှန်းသိတော့ ဖေဖေနဲ့ မေမေတို့မှ မန္တလေးမှာ တိုက်တစ်လုံး၊ ရန်ကုန်မှာ တိုက်တစ်လုံးတောင် ပိုင်နေပါပြီ။

အိုဗာလင် ကားကြီးကိုတောင် မိုးကုတ်အိမ်က ကားဂိုဒေါင်ထဲမှာ ထည့်ထားပါတယ်။ အဲဒီကားကတော့ ပြတိုက်ထဲမှာ ပြထားတဲ့ ကားလိုပါပဲ။ မိုးကုတ်မြို့ထဲမှာ စီးစရာကလဲ သိပ်မရှိပါဘူး။





ကျွန်တော့်ဖေဖေ ဦးဝဏ္ဏက သူ့ကျောက်တွင်းကိုသွားရင် စက်ဘီးနဲ့ပဲ သွားပါတယ်။ ကျွန်တော်တို့လဲ စက်ဘီးနဲ့ပဲ သွားရပါတယ်။

ဖေဖေက ဂိုဒေါင်ထဲက ကားကို နေ့တိုင်းစက်နှိုးပြီး ဆီနဲ့ရေဖြည့်တယ်၊ ပြီးရင် ဖုန်သုတ်တယ်၊ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဖေဖေ ထလုပ်တာပါ။ ကားနဲ့ ဘယ်မှမသွားပေမယ့် နေ့တိုင်းဖုန်သုတ်နေတော့ ဖေဖေ့ကို လူတွေက ဝိုင်းရယ်ကြပါတယ်။ ဖေဖေတစ်ခါတစ်ခါကျရင် ဘယ်မှမသွားတဲ့ ကားကို ပေါလစ်သုတ်ချင်သုတ်ပါသေးတယ်။

အဲဒီလို ကားစက်နှိုး၊ အရောင်တင်ဆီ သုတ်ပြီးမှ ဖေဖေနံနက်စာ စားပါတယ်။ ဖေဖေက တောသားပီပီ ကာဖီနဲ့ ပေါင်မုန့်ကို မကြိုက်ပါဘူး။ ထမင်းကြော် ကောက်ညှင်းပေါင်း၊ ပဲခြောက်ဖုတ်နဲ့ ရေနွေးကြမ်းဖြစ်ဖြစ်၊ မိုးကုတ်ဈေးထဲက ရှမ်းခေါက်ဆွဲဖြစ်ဖြစ် စားလေ့ ရှိပါတယ်။

ကျွန်တော်ကတော့ ရန်ကုန်သူဖြစ်တဲ့ မေမေရဲ့ ဝါသနာအတိုင်း မနက်မိုးလင်းရင် ကာဖီနှင့် ပေါင်မုန့်ထောပတ်သုတ်၊ ကြက်ဥကြော်၊ ဘီစကွတ်တို့ကိုပဲ ကြိုက်ပါတယ်။ မိုးလင်းလင်းချင်း ထမင်းကြော်ပဲဖြစ်ဖြစ် ထမင်းပဲဖြစ်ဖြစ် စားလို့မရပါဘူး။

ကျွန်တော် ကျောင်းနေရမယ့်အရွယ်ရောက်တော့ မေမေက ကျွန်တော့်ကို ရန်ကုန်စိန်ပေါလ်ကျောင်းမှာ ဘော်ဒါထားချင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဖေဖေကတော့ မန္တလေး ဖားသားလဖုန်းကျောင်းမှာဘဲ ထားချင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ မန္တလေးမှာ ဆွေမျိုးတွေရှိတော့ ကျွန်တော့်ကို စောင့်ရှောက်နိုင်တယ်။ ပြီးတော့ မန္တလေးနဲ့ မိုးကုတ်က နီးတော့ ဖေဖေနဲ့မေမေ မကြာခဏ လာကြည့်နိုင်တယ်လို့ ဆိုတယ်။

ဒါနဲ့ ဖေဖေအနိုင်ရပြီး ကျွန်တော့်ကို မန္တလေးက ဖားသားလဖုန်းကျောင်းမှာ လာထားတယ်။ ဒါပေမယ့် ဘော်ဒါ မနေရပါဘူး။

အခု အချင်းဖြစ်ပွားတဲ့ နန်းရှေ့က ကျွန်တော်တို့ မိုးကုတ်အိမ်ကြီးမှာ လာနေရပါတယ်။ ကျွန်တော့်ကို စောင့်ရှောက်ဖို့ ဦးနန္ဒိယဆိုတဲ့ လူကြီးကိုပါ ဖေဖေက ထည့်လိုက်ပါတယ်။ ဦးနန္ဒိယဆိုတာ ဘုန်းကြီးမဟုတ်ပါဘူး။ ရှမ်းလူမျိုးတစ်ယောက်ပါ။

ရှမ်းလူမျိုးတို့ရဲ့ ဓလေ့ထုံးစံအတိုင်း ဘုန်းကြီးဝတ်တုန်းက ဘွဲ့ကို လူထွက်တာနဲ့ လူနာမည်အဖြစ် ခေါ်တာပါ။ ဥပမာ ဦးသုန္ဒာတို့ ဦးဉာဏတို့လို နာမည်မျိုးပေါ့။

ဦးနန္ဒိယကတော့ ဘုန်းကြီးဝတ်နဲ့ ရှစ်ဝါရခဲ့တော့ ဗုဒ္ဓစာပေမှာလဲ တော်တော်ပဲ နှံ့စပ်တယ်လို့ ပြောတာပဲ။ ပြီးတော့ ဦးနန္ဒိယက သိုင်းပညာမှာ ရှမ်းကြီးသိုင်းကုန်လို့ သိုင်းဆရာတော် ဖြစ်ခဲ့သတဲ့။





ဖေဖေက ကျွန်တော့်ကို ဦးနန္ဒိယနဲ့ လက်ထဲအပ်ထားတာ။ မြန်မာဘုရင်ခေတ်ကလို မင်းညီမင်းသားတွေကို ဆုံးမဖို့ အကြီးတော်ခန့်သလို ခန့်တာလို့ နှုတ်ခမ်းမွေးစစနဲ့ ဦးနန္ဒိကက ပြောလေ့ရှိပါတယ်။

တကယ်တော့ ဦးနန္ဒိယဟာ ကျွန်တော်ရဲ့ ကိုယ်ရံတော်လဲ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ခရစ်ယာန်ကျောင်းမှာနေတဲ့ ကျွန်တော့်ကို ခရစ်ယာန်ဖြစ်သွားမှာ ဖေဖေက သိပ်စိုးရိမ်ပါတယ်။ ဒါကြောင့် အားတဲ့အချိန်တွေမှာ ဦးနန္ဒိယက ကျွန်တော့်ကို ဗုဒ္ဓစာပေကို သင်ကြားပေးပါတယ်။

လိမ္မာယဉ်ကျေးအောင်လို့ပေါ့။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို ကျွန်တော် ငယ်ငယ်ကတည်းက သိပါတယ်။ ဦးနန္ဒိယရဲ့ ကျေးဇူးကြောင့်ပါ။

ကလေးများကို ဗုဒ္ဓစာပေသင်ကြားပေးခြင်းအားဖြင့် ကိုယ်နှုတ်နှလုံး ယဉ်ကျေးလာအောင် ဖေဖေက စီစဉ်ခြင်း ဖြစ်ပါတယ်။ ကိုယ်နှုတ်ယဉ်ကျေးပေမယ့် ကျွန်တော်ရဲ့လက်က မယဉ်ကျေးပါဘူး။

ကျွန်တော် မန္တလေးမှာ ကျောင်းနေတဲ့အတွက် ဖေဖေက ဦးနန္ဒိယတို့ လင်မယားကိုလဲ လခပေးရတယ်။ ပြီးတော့ ဒရိုင်ဘာ တစ်ယောက်ကို ငှားရတယ်။ ဒရိုင်ဘာက အခု နန်းရှေ့အိမ်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိကားမောင်းနေတဲ့ နာရယန်းရဲ့အဖေ စွန်းဒရမ်းဆိုတဲ့ ကုလားကြီးပါ။

အခုတော့ ဦးနန္ဒိယရော စွန်းဒရမ်းကော မရှိကြတော့ပါဘူး။ နာနာဘာဝေါနဲ့ ကိစ္စချောသွားကြပါပြီ။

အဲ ဖေဖေရဲ့ ပြတိုက်ထဲမှာ အလှကြည့်ထားတဲ့ အိုဗာလင်ကားကြီးလဲ မိဘတို့ရဲ့ ကြီးမားတဲ့မေတ္တာကြောင့် မိုးကုတ်အိမ်ဂိုဒေါင် ကြီးထဲကနေ နန်းရှေ့အိမ်ကြီးကို ရောက်လာပါတယ်။ ကျွန်တော် ကျောင်းသွားကျောင်းပြန် စီးဖို့ပါ။

ဒါပေမယ့် နောက်တစ်လလောက်ကြာတော့ မေမေ မန္တလေးကို ဆင်းလာပြီး မန္တလေးရိုးကုမ္ပဏီက အော်စတင် ကားကလေးတစ်စီး ဝယ်ပေးတယ်။ အိုဗာလင်ကားကြီးကိုတော့ မိုးကုတ်ကို ပြန်ယူသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေဟာ မနက်မိုးလင်းလို့ ကားဂိုဒေါင်ထဲသွားပြီး သူ့ကားကို မတွေ့တာနဲ့ တမှိုင်မှိုင်နဲ့ဖြစ်ပြီး ဖျားသတဲ့။

ဖေဖေက အိုဗာလင်ကားကြီးပေါ်မှာ သံယောဇဉ်ဖြစ်နေတာ ထင်ပါရဲ့။ မေမေကတော့ ဖေဖေဟာ အိုဗာလင်ကားကြီးပေါ်မှာ စွဲလန်းကြီးလွန်းနေတာတဲ့။ နေ့တိုင်း ကားစက်နှိုးပြီးမှ နံနက်စာစားတဲ့ ဖေဖေဟာ ကားမရှိတော့ နံနက်စာ မစားတော့ဘူးတဲ့။ ကလေးများ ခမဲလိုနေသလိုပေါ့တဲ့။

ဒါနဲ့ မေမေက ဖေဖေကား တစ္ဆေဖြစ်မှာစိုးလို့ အော်စတင်





ကားလေးနဲ့ အိုဗာလင်ကားကိုလဲပြီး ပြန်ယူသွားတာ။ ကျွန်တော် ကား အော်စတင်ကားလေးနဲ့ ကျောင်းတက်ရတာ ပိုတောင် သဘောကျပါသေးတယ်။

ဖေဖေကလဲ သူ့ကားကြီး အိုဗာလင် ပြန်ရောက်သွားတာနဲ့ ကျန်းမာဝဖြိုး အလှတွေတိုးနေသတဲ့။ ဒါပေမယ့် ခါတိုင်းလိုပါပဲ။ မိုးကုတ်မြို့ထဲမှာ ကားကိုမစီးပါဘူး။ အလှကြည့်ရုံ သက်သက်နဲ့ စက်နှိုးပြီး ဖုန်သုတ်ရုံသက်သက်ပါပဲ။

ကျွန်တော်တို့ နန်းရှေ့အိမ်ကြီးမှာ ဦးနန္ဒိယတို့လင်မယား နေတယ်။ ခြံစောင့် ဦးဖိုးတင်ကတော့ ခြံနောက်ဖေးက အစေခံတန်းလျားမှာ နေတယ်။ အဲဒီတုန်းက ဦးဖိုးတင်က လူပျိုပါ။ ဒေါ်ရွှေနီနဲ့ မရသေးပါဘူး။

ဦးဖိုးတင်မိန်းမ ဒေါ်ရွှေနီက စိပ်လိုင်းမှ နေတဲ့ ဘိုအိမ်က ထမင်းချက်ပါ။

ဦးဖိုးထင် မိန်းမယူတုန်းက ဖေဖေက ဦးဖိုးတင်ကို ချီးကျူးပါတယ်။ ဖိုးတင်တို့များ ဘယ်လောက်အလိုက်သိသလဲ သူ့အိမ်ရှင်တွေကို ထမင်းချက်ကျွေးဖို့ ဘိုအိမ်က ထမင်းချက်ကို ယူခဲ့တယ်လို့ ပြောပါသတဲ့။

ဟုတ်ပါတယ်။ ဒေါ်ရွှေနီက ဘိုဇာ၊ ကုလားစာ၊ တရုတ်စာ ဗမာကုန် အချက်အပြုတ် ကောင်းပါတယ်။

ဦးနန္ဒိယမိန်းမ ဒေါ်နန်းယုကတော့ အချက်အပြုတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သာမန်ပါပဲ။ သူ့ရိုးရာ အစားအသောက်ကိုသာ ကြိုက်လို့ ကျွန်တော့်အတွက် ထည့်ပြီးစဉ်းစားဖို့ ဦးနန္ဒိယက မကြာခဏ သတိပေးရတယ်။

အဲဒီအချိန်တုန်းက အော်စတင်ကားမောင်းဖို့ ဒရိုင်ဘာအသစ်ခန့်ထားတဲ့ ဇွန်ဒရမ်းလဲ အစေခံတန်းလျားမှာ လာနေပါတယ်။

ကျွန်တော် ငါးတန်းရောက်တော့ ဦးနန္ဒိယဆီမှာ သိုင်းစသင်ရပါတယ်။ ညနေကျောင်းကဆင်းတိုင်း ခြံကြီးထဲမှာ သိုင်းသင်ရပါတယ်။

ရှင်းရှင်းပြောရရင် ကျွန်တော်တို့ဖေဖေက သင်ခိုင်းလို့သာ ကျွန်တော် သိုင်းသင်ရတာပါ။ ကျွန်တော် မသင်ချင်ပါဘူး။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ ဖားသားလဖုန်းကျောင်းမှာ အနောက်တိုင်း လက်ဝှေ့ကလပ်က သိပ်ခေတ်စားနေပါတယ်။

လက်ဝှေ့ပွဲတိုင်းလိုလိုမှာ ဖားသားလဖုန်းကျောင်းက ချည့်ပဲနိုင်လို့ မန္တလေးမြို့မှာ သိပ်နာမည်ကြီးနေတဲ့အချိန်ပေါ့။

ကျွန်တော်က အနောက်တိုင်းလက်ဝှေ့ကိုပဲ သဘောကျပါတယ်။

ဒါပေမယ့် အနောက်တိုင်းလက်ဝှေ့က လက်သီးချင်းလာတဲ့ လူကိုသာ ယှဉ်လို့ရပြီး သိုင်းကတော့ လက်နက်နဲ့လာတဲ့ လာသူကိုပါ နိုင်အောင်တိုက်နိုင်တယ်လို့ ဦးနန္ဒိယက ရှင်းပြပါတယ်။





အမှန်တော့ ကျွန်တော်လို မဟုတ်မခံစိတ်ရှိတဲ့ လူတစ်ယောက်အဖွက် သိုင်းပညာသင်ပေးတာ ဒဿဂီရိလက်ထဲ စက်သေနတ်အပ်သလိုပါပဲ။

အမှန်တော့ သားယောကျ်ားလေးဖြစ်တဲ့ ကျွန်တော့်ကို ယောကျ်ားပီသအောင်ဆိုပြီး ကိုယ်ခံပညာသင်ပေးတဲ့ ဖေဖေရဲ့ စေတနာကို ကျွန်တော် နားလည်ပါတယ်။ ကျေးဇူးလဲတင်ပါတယ်။ ဒါပေမယ့် ကျွန်တော် သိုင်းပညာ မသင်ခဲ့ရင် ကောင်းမှာပါ။

တကယ်လို့ သိုင်းပညာသာ မတတ်ဘူး ကျွန်တော်ကိုယ်တိုင်ကလည်း သည်းခံစိတ်ရှည်တတ်မယ်ဆိုရင် ကျွန်တော်ဟာ အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်ကို ရောက်ပြီး ဘူမိဗေဒပညာရှင်တစ်ယောက် ဖြစ်ရမှာပါ။

ဒါပေမယ့် ကျွန်တော့်ရဲ့ မဟုတ်မခံစိတ်က ကျွန်တော့်ဘဝလမ်းကြောင်းကို ဖျက်ဆီးပစ်လိုက်တာပါပဲ။

ကျွန်တော် ခုနစ်တန်းရောက်တဲ့နှစ်မှာ ဓားထိုးမှု စဖြစ်တာပဲ။ အဲဒီတုန်းက ကျွန်တော့်အသက်ဟာ ဘာရှိဦးမလဲ။ ဆယ့်ငါးနှစ်ပေါ့။

ဖြစ်ပုံက ဒီလိုပါ။ ကျွန်တော်တို့ကျောင်းမှာ လက်ဝှေ့ကလပ်ရှိတယ်။ အဲဒီမှာ မြန်မာကျောင်းသားတစ်ယောက်နဲ့ ကပြားတစ်ယောက် လက်ဝှေ့ထိုးကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်က အဲဒီပွဲက လုံးဝကြည့်မကောင်းတဲ့ပွဲပဲ။ လက်ဝှေ့ဆရာ ဘိုကြက်ချေးက တရားမျှတမှုမရှိဘဲ စီစဉ်ပေးလိုက်တဲ့ အတွဲပဲ။ ကိုယ်အလေးချိန်ချင်း မတူဘူး။ မြန်မာကျောင်းသားက ကိုယ်အလေးချိန် လျော့တယ်။ ဘိုကပြားကျောင်းသားက ကိုယ်အလေးချိန် များတယ်။

ဒါတင်မကသေးဘူး။ မြန်မာကျောင်းသားက အခုမှ လက်ဝှေ့ထိုးတက်ခါစ ရှိသေးတယ်။ ဘိုကပြား ကျောင်းသားက ကျောင်းပေါင်းစုံလက်ဝှေ့ပွဲမှာ ချန်ပီယံမဟုတ်ပေမယ့် တံဆိပ်တွေ ဘာတွေ ရဖူးတယ်။ အတွေ့အကြုံများတယ်။ ထိုးလုံးသတ်လုံးကောင်းတယ်။ အဝင်အထွက်ရဲတယ်။ အမောလုံတယ်။

ပွဲစတယ်ဆိုကတည်းက မြန်မာကျောင်းသား ခံနေရတာပဲ။ ဒါပေမယ့် မြန်မာကျောင်းသားက သတ္တိတော့ရှိတယ်။ ခံနိုင်ရည်ရှိတယ်။ သတ္တိနဲ့ယှဉ်ရင်တော့ မြန်မာကျောင်းသားက နိုင်နိုင်တယ်။ ဒါပေမယ့် ပညာနဲ့ယှဉ်ရင်တော့ မရှုမလှခံရမှာဘဲ။

ကျွန်တော်တို့က နည်းပြဆရာ ဘိုကြက်ချေးကို ဒီပွဲဟာ မမျှတပါဘူး။ ပွဲရပ်ပေးပါလို့ သွားပြောတယ်။ ဒါပေမယ့် ဒီပွဲက မြန်မာကျောင်းသားက စုပြီး စိန်ခေါ်တဲ့ပွဲလို့ ပြောတယ်။

အမှန်တော့ ဒီလိုစိန်ခေါ်ပွဲဖြစ်အောင်ပဲ အဲဒီဆရာက သူ့လူ ကိုယ့်ဖက်သားလုပ်ပြီး မြှောက်ပေးတာ။ မြန်မာကျောင်းသားက မသိဘဲ ထောင်ချောက်ထဲ ဝင်သွားတာ။





အဲဒီမြန်မာကျောင်းသားက သတ္တိလည်း ရှိတယ်။ ဟုတ်မခံစိတ်လည်း ရှိတော့ ဘိုကပြားကျောင်းသားတွေနဲ့ ကြည့်ဘူး။ သူ့ကို မုန်းနေကြတာ။ ဒါကြောင့် လက်ဝှေ့နည်းပြဆရာနဲ့ပေါင်းပြီး လက်ဝှေ့စင်မြင့်ပေါ်မှာ မရှုမလှ လုပ်ကြမှာ။

ကိုယ့်လူက သတ္တိရှိပြီး မခံချင်စိတ်သာ ရှိတာ။ လက်ဝှေ့ပညာ ဘာမှမသိရှာဘူး။ မိုက်ဂုဏ်သက်သက်ပဲ ရှိတာ။ ဟို ဘိုကပြားကျောင်းသားက လက်ဝှေ့ပညာကောင်းတယ်။ သွေးအေးအေး အမောလုံလုံနဲ့ကို စနစ်တကျ လက်ဝှေ့ထိုးတတ်တာ။

အဲဒီတော့ ကိုယ့်လူကို လက်ဝှေ့စင်မြင့်ပေါ်မှာ ဦးကျိုးအောင် ဆော်မလို့။

ဒါနဲ့ သုံးချီထိုးပြီး ပွဲနားတော့ ကိုယ့်လူလည်း မျက်နှာမှာ ဖြဲဖာသီးတင်ထားသလို ဖြစ်နေပြီ။ မျက်ကွင်းလည်း ညိုနေပြီ။ ကျွန်တော်လည်း မနေနိုင်တာနဲ့ ကြိုးဝိုင်းထောင့်ကို သွားပြီး ထောင်ချောက်ဆင်ထားတဲ့ အကြောင်း၊ အရှုံးပေးပြီး ပွဲကို ရပ်လိုက်ဖို့အကြောင်းကို ကျွန်တော်က သွားပြောလိုက်တယ်။

အဲဒီတော့မှ ကိုယ့်လူ သဘောပေါက်ပြီး နားဝင်သွားတယ်။ အရှုံးပေးလိုက်တယ်။

ဘိုကပြားကျောင်းသားတွေက သူတို့လူကို ကောင်းချီးပေးပြီး ဝိုင်းအော်ကြတယ်။ ပြီးတော့ မြန်မာကျောင်းသားကို ပွဲကြောက်လို့ဆိုပြီး ဝိုင်းလှောင်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သည်းခံဖို့ ကျွန်တော် ဖျောင်းဖျတယ်။ သူ့ကိုသာ ဖျောင်းဖျ ရပေမယ့် ကျွန်တော်ကတော့ တော်တော်စိတ်တိုနေပြီ။

ဘိုကပြားတွေက လွန်လာတယ်။ လက်ဝှေ့စင်မြင့်ပေါ်မှာ အနိုင်မယူရတော့ လက်ဝှေ့စင်မြင့်ပေါ်က ဆင်းလာတဲ့ မြန်မာ ကျောင်းသားကို ဘောချင်းဝင်တိုက်၊ ပြောင်းဖူးရိုးနဲ့ပစ်လုပ်ကြတယ်။

အဲဒီမှာတင် ကျွန်တော် ဒေါသပေါက်ကွဲပြီး ဘိုကပြား အုပ်ထဲ ကတွေ့သမျှလူကို လက်သီးနှင့်ထိုး၊ ခြေထောက်နှင့် ကန်၊ ကိုင်ပေါက်နဲ့ လုပ်ပစ်လိုက်တယ်။

ပထမတော့ သူတို့လည်း ကြောင်ပြီး ခံနေကြတယ်။

နောက်တော့ အဲဒီဘိုကပြားအုပ်က လူစုပြီး ကျွန်တော့်ကို ဝိုင်းပြီး အမဲဖျက်ကြတယ်။ သူတို့က လက်သီးနှင့် ထိုးတဲ့အချိန်မှာ ကျွန်တော်က တတ်ထားတဲ့ သိုင်းပညာနဲ့ ပြန်ခုခံတယ်။ သူတို့ အားလုံး မရှုမလှ ခံရပါတယ်။ ကျွန်တော်ကတော့ မျက်နှာယောင် ကိုင်းရုံလောက်ပဲ အထိုးခံရတယ်။

နောက်တော့ ငတိတွေ တုတ်တွေ၊ ကုလားထိုင်တွေနဲ့ ရရာ လက်နက်စွဲကိုင်ပြီး ကျွန်တော့်ကို အသေသတ်မလို့ လုပ်ကြ တယ်။

အဲဒီမှာတင် ကျွန်တော်လဲ ကိုယ့်အသက်ကို ရန်ရှာ လာတဲ့ ငနဲတွေကို ဓားနဲ့ လိုက်ထိုးတော့တာပါပဲ။

ဘိုကပြားသုံးကောင် ဓားနှင့်တွတ်မိပြီး သွေးချင်းချင်းနီ





ပြားတာနှင့် ဘိုကပြားအုပ်ဟာ ကျားနဲ့ကိုရတဲ့ နွားတွေလို ဝရုန်း သုန်းကား ထွက်ပြေးတော့တာပါပဲ။

ကျွန်တော် ဆယ်ငါးနှစ်အရွယ်မှ စပြီး ဓားထိုးမှုဖြစ်တာ ပါ။ ကျွန်တော့်မှာ သူများအတွက် မခံချင်စိတ်နှင့် ဖြစ်ရတာပါ။ ကျွန်တော့်တစ်သက်မှာ ဒီလိုပါပဲ။ ကိုယ့်အတွက် ဖြစ်ရတာနည်းပြီး သူများအတွက် ဖြစ်ရတာချည့် များပါတယ်။

အဲဒီလို ဓားထိုးတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဘိုကပြားတွေက မှုဖွင့်လို့ ကျွန်တော့်ကို ပုလိပ်က ဖမ်းပါတယ်။ ဒါပေမယ့် ကျွန်တော့်ကို အသက်ဆယ့်ငါးနှစ်အရွယ်ပဲ ရှိသေးတော့ လက် ထိပ်မခတ်ပါဘူး။ အချုပ်ခန်းထဲ မဝင်ရပါဘူး။ ဂါတ်တဲဝင်းထဲမှာဘဲ နေရပါတယ်။ သက်သက်ညှာညှာလည်း ဆက်ဆံပါတယ်။

ဖေဖေနှင့် မေမေလည်း မိုးကုတ်ကနေ မန္တလေးကို ကဆုန် ပေါက် ရောက်လာတော့တာပဲ။ မေမေကတော့ ကျွန်တော့်ကို တွေ့တာနှင့် ဖက်ပြီး ငိုတာပါပဲ။

အမှုကသာ ဓားထိုးမှုဖြစ်ပြီး ကြီးကျယ်သွားပေမယ့် ဒဏ်ရာကတော့ သိပ်မပြင်းခဲ့ပါဘူး။ ဘိုကပြားနှစ်ယောက်က လက်မောင်းနှင့် လက်ဖျံမှာ ရှပ်ထိသွားတာပါ။ အဲဒီတုန်းကလည်း ကျွန်တော်က အသေထိုးဖို့ မရည်ရွယ်ခဲ့လို့ပါ။

ကျွန်တော် ဓားထိုးမှုဖြစ်တဲ့ကိစ္စဟာ မန္တလေးတစ်မြို့လုံး မှာ အုတ်အော်သောင်းနင်း ဖြစ်သွားတာပေါ့။ ဈေးချိုက



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီး ကျောင်းစာသင်တိုက်တွေအဆုံး ပြောလို့မဆုံးတဲ့ အ

တစ်မှုပေါ့။ ကျွန်တော် ဖြစ်ရတဲ့ကိစ္စကလည်း ဘိုကပြားတွေ

ဖြစ်ပဲဘာဆိုတော့ မြို့လူထုက ပိုပြီး စိတ်ဝင်စားကြပါတယ်။

ပထမဆုံးအကြိမ် ကျွန်တော်ရဲ့ ခေါင်းထိုးမှုက ဘာမှမဖြစ်

ပြီးဆုံးသွားခဲ့ပါတယ်။

ဖားသားလဖုန်းကျောင်းက ကျွန်တော့်ကို ပြန်ပြီး လက်

ခံ့ပေမယ့် ဖေဖေက ရန်များမယ်ဆိုပြီး အဲဒီကျောင်းက နုတ်

နေရှင်နယ်ကျောင်းမှာ ပြောင်းထားပါတယ်။

အဲဒီကျောင်းမှာ သူဇာနှင့် စတွေ့တာပါပဲ။

သူဇာတို့က မန္တလေးသူဖြစ်ပြီး သူ့အဖေ ပွဲစားကြီး

ထွန်းရုံက မျိုးချစ်နိုင်ငံရေးသမားဆိုတော့ သူငယ်တန်းကစ

နေရှင်နယ်ကျောင်းမှာ နေခဲ့တာ။ အခု သူဇာ ခုနစ်တန်းရော

တဲ့အထိ ဆိုပါတော့။

ကျွန်တော်က ခရစ်ယာန်ကျောင်းက လာတာဆိုတော့

ရောက်ခါစမှာ နေရှင်နယ်ကျောင်းနှင့် အံမဝင်လှဘူး။ စာ

တာကအစ မတူတော့ ကျွန်တော့်အတွက် အခက်အခဲလေး

ရှိတယ်။

ကျွန်တော့်ကို သူဇာက ကူညီရင်း ရင်းနှီးကျွမ်းဝင်သွား

ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဖားသားလဖုန်းကျောင်း

ယောကျ်ားလေးတွေချည်း နေရတဲ့ကျောင်း၊ ခုနစ်တန်းကို ရော





တဲ့အထိ မိန်းကလေးတွေနှင့် ဆက်ဆံဖူးတာ မဟုတ်ဘူး။

အခုလို ယောကျ်ားလေးနှင့် မိန်းကလေး ရောနေတဲ့ နေရှင်နယ်ကျောင်းကို ကျွန်တော် ရောက်သွားတော့ နေထိုင်ရတာ အထာ မကျလှဘူး။ ဒါပေမယ့် ကျောင်းသားနှင့် ကျောင်းသူတွေ မောင်ရင်း နှမလို နေရတာ ဘိုကြက်ချေးတွေနှင့် နေရတာထက် ပျော်ပါတယ်။

နေရှင်နယ်ကျောင်းသားချင်း ကူညီတဲ့စိတ်၊ ရိုင်းပင်းတဲ့ အသိနှင့် အပေးအယူ ဖေးကူကြတာကိုလည်း သဘောကျမိပါတယ်။ နေရှင်နယ်ရောက်တော့ ကျွန်တော်ရဲ့စိတ်တွေ အကြီးအကျယ် ပြောင်းလဲသွားပါတယ်။

ဖားသားလဖုန်းကျောင်းနေတုန်းက ကိုယ့်ကိုယ်ကို မိုးကုတ်သူဌေးသားဆိုပြီး စိတ်ကြီးဝင် ပလွှားတဲ့စိတ်တွေ ပျောက်ကုန်ပါတယ်။ ဒီကျောင်းမှာက ကျောင်းသားချင်း ဂုဏ်တုဂုဏ်ပြိုင်လုပ်တဲ့ စိတ်ထက် မျိုးချစ်စိတ်က ပိုပြီး ကြီးကျယ်နေပါတယ်။

လဖုန်းကျောင်းတုန်းက ကားပျက်နေလို့ ကျောင်းကို ကားနှင့်လိုက်မပို့နိုင်ရင် ကျောင်းတက်ရမှာ ရှက်တဲ့ကျွန်တော်ဟာ ဒီကျောင်းရောက်တော့ စက်ဘီးနှင့် ကျောင်းတက်တတ်နေပါပြီ။

မိုးတွေရွာတဲ့အခါမျိုး နှင်းတွေကျပြီး အေးတဲ့အခါမျိုးမှ သာ ကားနဲ့ ကျောင်းတက်တော့တယ်။

အဲဒီလို နေကြရင်းနဲ့ ဆယ်တန်းရောက်တဲ့နှစ်မှာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ဓားထိုးမှုတစ်ခု ထပ်ဖြစ်ပါတယ်။

အဲဒါကလည်း ကျွန်တော့်အတွက်ကြောင့် ဖြစ်ရတာ မဟုတ်ပါဘူး။ သူဇာရဲ့ သူငယ်ချင်း မြင့်မြင့်မေကြောင့် ဖြစ်ရတဲ့ ကိစ္စပါ။ မြင့်မြင့်မေမှာ ရည်းစားရှိပါတယ်။ မိဘချင်းကလည်း သဘောတူထားလို့ ဆယ်တန်းအောင်ပြီးရင် သူတို့ယူကြမှာပါပဲ။

တစ်နေ့တော့ ကျောင်းဆင်းချိန်မှာ အရပ်သားလူငယ် တစ်စု က မြင့်မြင့်မေကို မြင်းလှည်းတင်ပြေးဖို့ ကြိုးစားနေတာကို ကျွန်တော်နဲ့ ပက်ပင်းတိုးပါလေရော။

"ကိုသူရ . . ကိုသူရ၊ ကယ်ပါဦး"

လို့ မြင့်မြင့်မေက ကျွန်တော့်ကို အားကိုးတကြီးနဲ့ လှမ်း အော်တယ်။

ကျွန်တော်လဲ ဘယ်နေနိုင်တော့မလဲ။ မြင့်မြင့်မေက အတင်း ရုန်းကန်နေလို့ မြင်းလှည်းပေါ်မရောက်မီ ကျွန်တော် အကြံပိုင်ပိုင်နဲ့ မြင်းလှည်းပေါ် အလျင်ခုန်တက်လိုက်တယ်။

ပြီးတော့ ကျွန်တော်က မြင့်မြင့်မေကို မြင်းလှည်းပေါ်တင် ဖို့ ကြိုးစားနေတဲ့ လူငယ်သုံးယောက်ကို မြင့်မြင့်မေမှာ ရည်းစား ရှိတဲ့အကြောင်း၊ မိဘချင်း သဘောတူပြီး မကြာမီ ပေးစားတော့ မည့်အကြောင်း ရှင်းပြတယ်။

မြင့်မြင့်မေကို ကြိုက်နေဟန်တူတဲ့ ကျောက်ပေါက်မသဲ့သဲ့ နှင့်လူက ဒါတွေ သူသိကြောင်း၊ ယခုလို ပေးစားလိမ့်မည်စီစဉ်လို့





မြင့်မြင့်မေကို ခိုးပြေးဖို့စီစဉ်ရကြောင်း၊ မဆိုင်လျှင် ဝင်မရှုပ်နဲ့ဆိုပြီး ကျွန်တော့်ကို မြင်းလှည်းပေါ်က ဆွဲချပါတယ်။

မြင့်မြင့်မေကို မြင်းလှည်းပေါ်ဆွဲတင်မည့် ကိစ္စကို ကျွန် တော်က မြင်းလှည်းပေါ်ရောက်နေတော့ သူတို့ အတော်ပဲ အကြံရကြပ် သွားဟန်တူပါတယ်။

အဲဒီမှာတင် လူမိုက်နှင့် တူသည့်လူက သံတုတ်ထုတ်ပြီး ကျွန်တော့်ကို ရိုက်ချဖို့ ကြိုးစားတော့တာပါပဲ။

အဖော်ပါလာတဲ့ အခြားသူတစ်ယောက်ကပဲ ခါးပုံစထဲ ဝှက်ယူလာတဲ့ ဓားမြှောင်ကို ဆွဲထုတ်ဖို့ ကြိုးစားနေတယ်။ အဲဒီ မှာတင် ကျွန်တော်လဲ မြင်းလှည်းပေါ်က လွှားခနဲ ခုန်ဆင်းပြီး ကျောက်ပေါက်မသဲ့သဲ့နှင့်လူရဲ့ ဝမ်းဗိုက်ထဲကို ဓားမြှောင်နှင့် ထိုး သွင်းလိုက်တယ်။

သံတုတ်နှင့်လူ ရိုက်တာကို ညာခြေနောက်ဆုတ် ဘေးကို စိုက်ပြီး အသာငုံ့ရှောင်လိုက်တယ်။

ခါးပုံစထဲက ဓားမြှောင်ဆွဲထုတ်တဲ့သူကို ခြေဖျားနဲ့ ခတ် လိုက်တာ သူ့ဓား သူ့ဗိုက်ထဲပြန်ဝင်ပြီး လဲကျသွားတာပါ။

သူ့လူနှစ်ယောက် ဓားတန်းလန်း ဖြစ်သွားတာနဲ့ သံ တုတ်ဆရာလဲ သွေးလန့်သွားပုံရတယ်။

လှည့်ပြေးမယ် အလုပ်မှာ ခြေထိုးခံလိုက်တယ်။ သူ လဲ ကျမှာ သံတုတ် ကျွန်တော့်လက်ထဲ ရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခဏအတွင်းမှာ သံတုတ်သမားရဲ့ ခေါင်းဟာ သွေးချင်းချင်း နီပြီး မဏိကွမ်းစား ဖြစ်သွားတာပါပဲ။

တိုတိုပြောရရင် မြင့်မြင့်မေကို မြင်းလှည်းပေါ်တင်ပြေးမယ့် ဘေးက ကျွန်တော် ကယ်တင်လိုက်နိုင်ပါတယ်။

ဒါပေမယ့် ကျွန်တော့်ကိုတော့ ဓားထိုးမှုနဲ့ အဖမ်းမခံရအောင်တော့ မြင့်မြင့်မေက မကယ်တင်နိုင်ပါဘူး။

ဒီတစ်ခါတော့ အသက်ကလဲ ဆယ့်ရှစ်နှစ်ပြည့်ပြီဆိုတော့ လက်ထိပ်လဲ အခတ်ခံရတယ်။ အချုပ်ထဲမှာလဲ စံမြန်းရပါတယ်။

ဒါပေမယ့် ကျွန်တော် ကံကောင်းတာက ကျွန်တော် ဓားနှင့်ထိုး သံတုတ်နှင့် ရိုက်တဲ့လူ တစ်ယောက်မှ မသေပါဘူး။

ထုံးစံအတိုင်းပဲ မေမေနှင့်ဖေဖေ မိုးကုတ်ကနေ မန္တလေးကို ဒုန်းစိုင်းပြီး ရောက်လာပါတယ်။ မေမေနဲ့ ဖေဖေက ငွေကိုပုံပြီး အမှုမဖြစ်အောင် ကြိုးစားတယ်။ ဒါပေမယ့် မရဘူး။

ဒါကြောင့် မေမေနှင့် ဖေဖေတို့က မန္တလေးမြို့မှာ နာမည်အကြီးဆုံးရှေ့နေ ဦးချစ်မောင်ကို ငှားပါတယ်။

တကယ်တော့ ကျွန်တော်က ကျောင်းသားလဲ ဖြစ်ပြန်။ မတရားတာကို ဝင်ရောက်တားဆီးတာဖြစ်ပြီး သုံးယောက်နှင့် တစ် ယောက်ဖြစ်လို့ ကျွန်တော့်ဖက်က သာပါတယ်။

ကာကွယ်ခုခံပိုင်ခွင့်အရ ဓားနှင့်ထိုးရတာကို ဥပဒေက ခွင့်ပြုထားတာကလည်း ရှိနေပါတယ်။





အမှုမှာပါဝင်တဲ့ သက်သေတွေ အားလုံးကလည်း ကျွန်တော့်ဖက်ကပါပဲ။ ဓားထိုးခံရတဲ့ တရားလိုပြသက်သေတွေတောင် သံတုတ်နဲ့ရိုက်မယ်လုပ်လို့ ကျွန်တော်က ဓားနဲ့ထိုးရကြောင်း ဆိုပါတယ်။

ကျွန်တော် ဓားထိုးမှုနဲ့ တရားခံဖြစ်နေချိန်မှာ ဓားထိုးခံရတဲ့လူနှစ်ယောက်နှင့် သံတုတ်နှင့် ရိုက်ခံရတဲ့လူလဲ မြင့်မြင့်မေကို အတင်းအဓမ္မ ဆွဲခေါ်မှုနှင့် တရားခံဖြစ်နေကြပါတယ်။

နှစ်ဖက် အပြန်အလှန် တိုင်ထားတဲ့အမှုပါ။

မြင့်မြင့်မေ မိဘတွေက တော်ပါတယ်။ ကျွန်တော့်ကို ဓားထိုးမှုက ကျေအေးပေးရင် သူတို့သမီးကို အတင်းအဓမ္မ ဆွဲခေါ်မှုကို ရုတ်သိမ်းပေးမယ်လို့ တစ်ဖက်ကလူတွေကို ကမ်းလှမ်းပါတယ်။

တစ်ဖက်ကလူတွေကလဲ အဲဒီလို လုပ်ချင်ပါတယ်။ ကျွန်တော့်မိဘနစ်ပါးရဲ့ နေအင်အားကို ကြည့်ပြီး သူတို့သွေးလန့်လာပုံရတယ်။ ပြီးတော့လဲ တရားခွင်မှာဆိုရင် မိုက်ကြည့်ချည်းပဲ ကြည့်နေတဲ့ ကျွန်တော့်ကိုလဲ သူတို့ကြောက်ပုံရပါတယ်။

နောက်ပိုင်း သိရတာက အဲဒီကျောက်ပေါက်မာနှင့်လူက မြင့်မြင့်မေကို အပျိုဖော်ဝင်ကတည်းက ကြိုက်နေခဲ့တာတဲ့။

တစ်ဖက်လူက ကျေအေးဖို့ သဘောတူနိုင်ပေမယ့် ကျွန်တော်က သဘောမတူပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခားထိုးမှုနှင့် အပြစ်ရမှာကြောက်လို့ သူတို့ မြင်းလှည်းတင်ဖို့ ကြိုးစားတဲ့လူတွေကို အလျော့ပေးရတာ မျိုးကိုတော့ ကျွန်တော် အပြစ်မခံနိုင်ဘူး။

ကျွန်တော့်ကို မိဘတွေက ဝိုင်းဆူကြပေမယ့် ကျွန်တော် ခေါင်းမာနေပါတယ်။

မြင့်မြင့်မေကိုလဲ တကယ်လို့ နှစ်ဦးနှစ်ဖက် ကျေအေး တယ်ဆိုရင် ကျွန်တော် တစ်သက်လုံး ခွင့်လွှတ်လိမ့်မယ် မဟုတ် ဘူးလို့ သူဇာက တစ်ဆင့် ပြောလိုက်တယ်။

တိုတိုပြောရရင် အမှုပြီးတော့ ကာကွယ်ပိုင်ခွင့်အရ ကျွန် တော် ခားထိုးမှုက ကွင်းလုံးကျွတ်လွတ်တယ်။

မြင့်မြင့်မေကို မြင်းလှည်းပေါ်တင်ဖို့ ကြိုးစားတဲ့လူတွေ ထောင်သုံးနှစ်ကျသွားတယ်။

အဲဒီတုန်းက ထောင်ကျတဲ့လူတွေရဲ့ အသိုင်းအဝိုင်းက ပြောကြတယ်။ ငွေများကရားနိုင်သတဲ့။

မှန်တာကိုပြောရရင် အဲဒီတုန်းက ကျွန်တော့်မိဘတွေက ကျွန်တော့်အမှုအတွက် ဘာမှမည်မည်ရရတောင် မကုန်ဘူး။

ရှေ့နေငှားခပဲ ကုန်တယ်။ ဒါတောင် မြင့်မြင့်မေ မိဘ တွေက သူတို့သမီးကြောင့် ကျွန်တော် ဒီလိုဖြစ်ရတာပါဆိုပြီး ရှေ့နေခကို အတင်းပေးသေးတယ်။

ကျွန်တော့်မိဘတွေက ရှေ့နေခကို သူတို့သားအတွက်





သူတို့က မကုန်ကျဘူးဆိုရင် သားက စိတ်ဆိုးမှာစိုးလို့ဆိုပြီး ရှေ့ နေခကို လက်မခံပါဘူး။

တစ်ခုတော့ ရှိပါတယ်။ ကျွန်တော် အချုပ်ထဲမှာ နေရစဉ် အတွင်း ကျွန်တော့်ကို ဦးဖိုးတင်က စက်ဘီးတစ်စီးနှင့် ဂါတ်တဲဝိုင်း ထဲမှာ နေ့တိုင်း လာစောင့်နေရတယ်။

ကျွန်တော် လက်ဖက်ရည် သောက်ချင်တယ်။ ဒူးမလိုင် သောက်ချင်တယ်။ ခေါက်ဆွဲစားချင်တယ်။ ဒံပေါက် စားချင်တယ်။ မုန့်တီစားချင်တယ်။ ပလာတာနှင့် ကြက်သား စားချင်တယ်။ ခါးပတ် စားချင်တယ်။ ချစ်တီးထမင်း စားချင်တယ်။ တရုတ် ဟိုတယ်က အစားအစာတွေ စားချင်တယ်ဆိုရင် ဦးဖိုးတင်က ချက်ချင်း ဝယ်ပေးရတယ်။

အဲဒီအခါမှာ အချုပ်ထဲမှာရှိတဲ့ ကျွန်တော်နှင့် မျက်နှာ ကျောမတည့်တဲ့လူတွေ၊ စန္ဒရီစောင့်နေတဲ့ ပုလိပ်တွေကို ကျွန် တော် ဝယ်ကျွေးလို့ အဲဒီစားစရိတ်ကတော့ ကုန်ပါတယ်။ တခြား ဘာစရိတ်မှ မကုန်ပါဘူး။

အချုပ်ထဲမှာ နေရတာ ကျွန်တော် အစားဆင်းရဲတယ်ဆို ပြီး ဖေဖေတို့ မုံရွာက ဝက်အူချောင်း ညောင်ပဝန်းက နွားနို့ကြော်၊ ရမည်းသင်းက ဆိတ်သားခြောက်၊ ပျော်ဘွယ်ကမုန့်ကြွပ်၊ ရှမ်းပြည်ထဲ က တို့ဟူးကြော်၊ ပရစ်ကြော်တို့လည်း မုန့်သေတ္တာပုံးနဲ့အမြည်း ထည့်ပေးထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ဓားထိုးမှု ဖြစ်ရင်းတန်းလန်းမှာဘဲ ကျွန်တော်နဲ့ သူဇာတို့ မေတ္တာမျှကြပါတယ်။

သူဇာက ကျွန်တော်ရှိရာ အချုပ်ခန်းကို မကြာခဏ လာပါတယ်။ လာရင်လဲ လက်ချည်းမလာပါဘူး။

ပထမတော့ သူဇာတစ်ယောက်တည်း မလာဝံ့ပါဘူး။

မြင့်မြင့်မေနဲ့ သူ့မိဘတွေ ကျွန်တော့်ကို လာတွေ့တိုင်း သူဇာ လိုက်လာတာပါ။

သူဇာက ကျွန်တော်အတွက် ဈေးချိုကမြီးရှည်၊ ရုံတော်ကြီးက ဆန်ခေါက်ဆွဲတို့ကို ဝယ်လာလေ့ရှိပါတယ်။ အဲဒါတွေက ကျောင်းအဆောင်းမှာ ကျွန်တော်နဲ့သူနဲ့ ဝင်စားလေ့ရှိတဲ့ အစားအစာတွေပဲလေ။

ကျောင်းသားသူငယ်ချင်းတွေကို သူဇာခေါ်ခဲ့လို့ ကျောင်းသားတစ်အုပ်ကြီး ကျွန်တော့်ကို လာကြည့်ကြတာ ဂိတ်တဲကို ဝိုင်းမယ်ထင်ပြီး ဌာနအုပ်နဲ့ပုလိပ်တွေ တော်တော်ပျာဒ်မျက်လုံးပြူးသွားကြတာပေါ့။

သူငယ်ချင်းတွေက ပြောတယ်။ ကျောင်းမှာ ကျွန်တော် ဟီးရိုးဖြစ်နေသတဲ့။ သုံးယောက်နဲ့ တစ်ယောက် ဝိုင်းချကြတာကို ကျွန်တော်က သိုင်းကွက်နင်းပြီး ပြန်ချတာကို ကျောင်းသားတွေရဲ့ ပါးစပ်ဖျားမှာ ပြောနေကြသတဲ့။

မန္တလေးမြို့သူမြို့သားတွေကလည်း ကျွန်တော့်ကို သတ္တိခဲ





ကလေးလို့ ပြောကြပါတယ်။ အမှုဖြစ်စတုန်းကဆိုရင် သတင်းစာတွေက ကျွန်တော့်ကို ချီးကျူးရေးကြပါသေးတယ်။

ကျွန်တော် သူဇာကို အရင်ကတည်းက သဘောကျပေမယ့် ချစ်ရေးဆိုဖို့ စိတ်မကူးသေးပါဘူး။ ကျွန်တော် ပညာရှာချင်ပါသေးတယ်။

အချုပ်ခန်းထဲရောက်ပြီး အားငယ်နေတုန်း သူဇာက မကြာခဏလာပြီး အားပေးသလို လုပ်နေတော့ သူဇာ့အပေါ် သံယောဇဉ်တွယ်သွားတာပါ။

တကယ်တော့လဲ ကျွန်တော်လို မိုးကုတ် သူဌေးသားတစ်ယောက်အဖို့ မိန်းမပွေမယ်ဆိုရင် အထည်လဲသလို ရနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော် ဝါသနာမပါပါဘူး။

သူဌေးသားဖြစ်လို့ ကြိုက်တဲ့မိန်းမတွေကို ခေါင်းခေါက်ယူနိုင်ပြီး သိပ်ကံကောင်းမှာဘဲလို့ ဘေးကလူတွေက ကျွန်တော့်ကို အထင်ကြီးပါတယ်။

ဒါပေမယ့် သူဌေးသားဖြစ်ရတာ တခြားနေရာတွေမှာ ကောင်းပေမယ့် အချစ်ရေး အချစ်ရာမှာတော့ သာမန်လူတွေလောက် မကောင်းပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ မိုးကုတ်သူဌေးသားမှန်း သိသာနဲ့ ချစ်ကြိုက်ချင်သူတွေ ပေါပါတယ်။ ဒီလိုပြောလို့ မိန်းမလောကကို စော်ကားတာမဟုတ်ပါဘူး။ ကျွန်တော့်အတွေ့အကြုံအရ



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် တချို့ ငွေမက်တဲ့ မိန်းကလေးတွေဟာ ရေလာမြှောင်းပေးတောင် လုပ်တတ်ပါတယ်။ မကြာခဏ ကြုံရတာပါ။

တချို့မိန်းကလေးတွေကျတော့ သိပ်ပြီး လေးစားစရာကောင်းပါတယ်။ ပိုက်ဆံရှိတဲ့လူကို ချစ်ရမှာကြောက်ပြီး ကျွန်တော့်ကိုလဲ သစ္စာရှိမယ်မထင်ဘဲ ရှောင်ကြပါတယ်။ ဒီလိုမိန်းကလေးမျိုးရှိသလို သူဌေးသားကို ချစ်ချင်တဲ့ မိန်းကလေးတွေကပေါ့တော့ ကျွန်တော့်ကိုသာ တကယ်ချစ်တာ ဟုတ်ရဲ့လား၊ ငွေမက်လို့ ချစ်တာလားဆိုတာ ကျွန်တော့်မှာ စဉ်းစားရ အတော်ကြပ်ပါတယ်။

ငွေတွေသုံးမကုန်အောင် ပေါများပေမယ့် သူဌေးသားဟာလဲ ငွေမက်တဲ့မိန်းမကို မုန်းပါတယ်။ ဒါကြောင့် ကျွန်တော်က ဖာတစ်လုံး ခေါင်းကျားလို အရှုးယောင်ဆောင်ပြီး ချစ်သူရှာရမလို ဖြစ်နေတယ်။

ဘာဖြစ်လို့လဲဆိုတော့ အချစ်စစ် အချစ်မှန်ကို ကျွန်တော်လိုချင်လို့ပါပဲ။ မိန်းမပေါပြီး မယားရှားတယ်ဆိုတာလိုပါပဲ။ ချစ်တာကများပြီး စစ်တာက ရှားတယ်လို့ ပြောရမလိုပါပဲ။

ကိုယ်ကသာ သူများကို အချစ်စစ်အချစ်မှန်နဲ့ ချစ်ချင်မှ ချစ်မယ်။ ကိုယ့်ကိုတော့ သူတစ်ပါးက အချစ်စစ်အချစ်မှန်နဲ့ ချစ်စေချင်တာက လူတိုင်းရဲ့ သဘောထားပါပဲ။

အထူးသဖြင့် ကျွန်တော့်တို့လို သူဌေးသားတွေအဖို့





အချစ်စစ် အချစ်မှန်နဲ့ တွေ့ရခဲလို့ ကျွန်တော်က စိုးရိမ်တာပါ။

ခက်တာက ငွေမမက်ဘဲ လူ့အရည်အချင်းကသာ တန်ဖိုးထားတဲ့ မိန်းကလေးတွေကျတော့လဲ သူဌေးသားကို အရေးထားတာ မဟုတ်ဘူး။

အဲဒီ ငွေမမက်တဲ့ မိန်းကလေးတွေကို ကျွန်တော်တို့က သဘောကျမိလို့ ကြိုးစားရင်လဲ ကြောရရုံကြံတာပါလို့ စွပ်စွဲပြီး ရှောင်တိမ်းနေကြပါလေရော။

ကျွန်တော့်မှာ တကယ်ခက်တာပါ။

ကျွန်တော်တို့က ငွေမမက်တဲ့ မိန်းကလေးကို သဘောကျတယ်။ ငွေမမက်တဲ့ မိန်းကလေးတွေက ကျွန်တော်တို့ကို သဘောမကျဘူး။ ကျွန်တော်တို့ကို သစ္စာရှိလိမ့်မယ်လို့လဲ ဘယ်တုန်းကမှ အထင်မကြီးကြဘူး။

တချို့ကလဲ ဝါးလုံးရှည်နဲ့ ရမ်းတော့တာပဲ။

သူဌေးသားဆိုတာနဲ့ ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ ဟော့ဟော့ ရမ်းရမ်းပဲ ထင်တာပဲ။ မိန်းမလိုချင်တာကို ကြောရရုံကြံဖို့ ကြိုးစားတာပါပဲ ထင်ပါရော။

တချို့ သူဌေးသားတွေထဲမှာလဲ မိဘရဲ့ မနေဂုဏ်အားလုံးနဲ့ မိန်းကလေးတွေကို နှမချင်းမစာနာဘဲ အနိုင်ကျင့်တာမျိုး ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် များချင်လဲ များမှာပေါ့။

ဒါပေမယ့် သူဌေးသားတိုင်း ဒီလိုမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးကို လေးလေးနက်နက် စဉ်းစားပြီး လဲနေသူကို ထူပေးဖို့ စဉ်းစားနေတဲ့လူတွေ၊ ကြံဆတွေးတောနေတဲ့ လူတွေလဲ ရှိပါတယ်။

သူဌေးသားလဲ နလုံးသားနဲ့ပါ။ အချစ်စစ် အချစ်မှန်ကို မြတ်နိုးတဲ့လူလဲ ရှိပါတယ်။ သစ္စာတရားဟု ကိုးကွယ်အားထားတဲ့လူလဲ ရှိပါတယ်။

ကျွန်တော် ဒီလိုပါပဲ။ ချစ်သူနဲ့ လက်ထပ်ယူတာဟာ တစ်ဦးတည်း ဖြစ်ချင်ပါတယ်။ ဟိုတယ်တက်ပြီး ပျော်တော်ဆက်တွေနဲ့ တွဲတာက တစ်ကဏ္ဍပါ။

ချစ်ရေးချစ်ရာမှာတော့ အောက်တန်းကျတဲ့ အလုပ်မျိုး မလုပ်ချင်ပါဘူး။ ယုတ်ညံ့တဲ့ အပြုအမူမျိုးကိုလဲ မစဉ်းစားချင်ဘူး။

ကိုယ်ချစ်တဲ့သူကို တန်ဖိုးထားချင်တယ်။ ကြည်ညိုချင်ပါတယ်။ အချစ်နဲ့ အမုန်းဟာ ဒင်္ဂါးတစ်ပြားထဲ ရင်နှင့် ကျောနှင့် ကပ်နေတာတဲ့။ ကျွန်တော်ကတော့ အချစ်နှင့် အမုန်းကို ဝေးကမ္ဘာခြားစေချင်ပါတယ်။

အချစ်ရှိရင် အမုန်းမရှိရဘူးပေါ့။ အမုန်းကို ခေတ္တခဏအဖြစ် အိမ်လည်ခွင့်မပေးနိုင်ပါဘူး။ ခဏတဖြုတ် အပန်းဖြေတာမျိုးကိုတောင် ခွင့်မပြုနိုင်ပါဘူး။

တချို့က ထင်ပါတယ်။ သူဌေးသား ရည်းစားခပ်များများလို့ ထင်ပါတယ်။ ဒါပေမယ့် ကိုယ့်ဝမ်းနာ ကိုယ်သာ သိပါ





တယ်။ တချို့ ရှစ်တန်းလောက်ကတည်းက ရည်းစားထားကြပေမယ့် ကျွန်တော်ကတော့ ဆယ်တန်းရောက်တဲ့အထိ ရည်းစားမပြောနဲ့ ဆီးပြားတောင် မရှိခဲ့ပါဘူး။

ပြောကြမယ်ဆိုရင် ဖားသားလုဖုန်းလို ယောကျ်ားလေးတွေချည့်ပဲ နေတဲ့ ကျောင်းက ကျောင်းသားမို့ မိန်းမနဲ့ ကင်းတာလို့ ပြောကြလိမ့်မယ်။

လဖုန်းကျောင်းသားတွေ အရပ်ထဲမှာ ရည်းစားထားကြတာ ဒုနဲ့ဒေးပါ။ ကျွန်တော်ကသာ အချစ်ကို တန်ဖိုးထားသူမို့ ပေါက်ပန်းသေး မလုပ်တာပါ။

သူဇာ့ကိုတော့ ကျွန်တော် တန်ဖိုးထားပြီး ချစ်တာပါ။

ကျွန်တော် သူဇာ့ကို ချစ်ရေးဆိုတဲ့ အချိန်တုန်းက တရားမျှတပါတယ်။ ကျွန်တော်ဟာ မိုးကုတ်သူဌေးသား ဖြစ်ပေမယ့် ထောင်နုတ်ခမ်းပေါ်မှာ လျှောက်နေတဲ့လူပါ။

အဲဒီအချိန်တုန်းက ထောင်ကျချင် ကျသွားနိုင်ပါတယ်။ ကာကွယ်ခုခံပိုင်ခွင့်အရ လွတ်မယ်ဆိုတဲ့ မျှော်လင့်ချက် ရောင်ခြည်ကလေးတောင် မသမ်းသေးတဲ့ အချိန်ပါ။

သူဇာ့အချစ်က ဘယ်လိုလဲ။ ထောင်ကျဆဲဆဲ လူတစ်ယောက်ကို ချစ်နိုင်ရဲ့လား။ အနာဂတ်အတွက် မျှော်လင့်ချက်မရှိတဲ့ လူတစ်ယောက်ကို ချစ်နိုင်ရဲ့လား။

အနာဂတ်အတွက် မျှော်လင့်ချက်မရှိတဲ့ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အပေါ် သူ့အချစ်ကို ပုံပေးရဲရဲ့လား။ သူ့ဘဝကို စွန့်လွှတ်ရဲရဲ့လားလို့ ကျွန်တော် သိချင်ပါတယ်။

ကျွန်တော့်ချစ်သူဟာ ကျွန်တော့်အတွက် စွန့်လွှတ်စွန့်ရဲ စွန့်စားရဲတဲ့ သတ္တိတော့ ရှိဖို့လိုမယ်လို့ ကျွန်တော် ထင်တယ်။ ဒါကြောင့် ကျွန်တော် ထောင်ကျနိုင်တယ်ဆိုတာ အသိပေးပြီး သူဇာ့ကို ချစ်ရေးဆိုခဲ့တယ်။

အချုပ်ခန်းထဲကနေ ချစ်ရေးဆိုတာပါ။

သူဇာရဲ့ မေတ္တာတုန့်ပြန်မှုကို ရတယ်။ ဟော .. မမျှော်လင့်ဘဲ ကျွန်တော် အမှုကလဲလွတ်ရော သူဇာနဲ့ ကျွန်တော် ချစ်သူဘဝကို ရောက်ရော။

သူဇာနဲ့ ချစ်ရတာ ပျော်စရာ ကောင်းပါတယ်။

ကျွန်တော်တို့ ချစ်သူဘဝမှာ ကြာရှည်မနေလိုက်ရပါဘူး။ အိမ်ထောင်သည်ဘဝကို မကြာခင်ဘဲ ကူးပြောင်းရတော့တယ်။

ဖြစ်ပုံက ဒီလိုပါ။

ကျွန်တော့်ဘဝမှာ အသက်နှစ်ဆယ် မပြည့်သေးဘူး၊ ဓားထိုးမှုက နှစ်ကြိမ် ဖြစ်နေပြီ။

ဖြစ်ရတာတွေ အားလုံးကို ကြည့်ရင် အားငယ်သူကို ဖေးကူစေချင်တဲ့စိတ်ကြောင့်ပဲ ဖြစ်ဖြစ်၊ ကျွန်တော်ရဲ့ ပင်ကိုယ် မဟုတ်မခံချင်တဲ့စိတ်ကြောင့်ပဲဖြစ်ဖြစ် ထောင်နှုတ်ခမ်းပေါ် ရောက်ရတာက အမှန်ပါပဲ။





ပထမအကြိမ်တုန်းက အသက်ငယ်ပြီး ဓားထိုးခံရတဲ့လူတွေမှာ ဘာမှမဖြစ်လောက်လို့ လွတ်တယ်။ ဒုတိယအကြိမ်မှာ ကာကွယ် ခုခံပိုင်ခွင့်ကြောင့် လွတ်တယ်။

တချို့ကတော့ ငွေများလို့ တရားနိုင်တယ်လို့ ထင်ကြမယ်။ ကျွန်တော့်အဖေက မိုးကုတ်သူဌေးကိုး။ ဒါပေမယ့် ငွေများလို့ တရားနိုင်တာ မဟုတ်ပါဘူး။

ကျွန်တော် အမှန်တရားဖက်က ရပ်လို့ ဥပဒေက အမှတ်များများပေးပြီး အောင်ပေးလိုက်တာပါ။

ဖေဖေက ဝမ်းမသာပါဘူး။ ဒီလိုသာ မဟုတ်မခံစိတ်နှင့် မြန်မြန်လက်မြန် လုပ်နေရင် ရှေ့လျှောက် ကျွန်တော့်ဘဝ ဒုက္ခရောက် နိုင်တယ်။ အခုလို အမြဲတမ်းချည်း အနိုင်ရမှာမဟုတ်ဘူး။ ရှုံးတဲ့အခါလဲ မရှုမလှ ရှုံးနိုင်တယ်။

ကိုယ်က လုပ်လိုက်ရရင် ထောင်ကျရုံမို့ မထောင်းသာပါဘူး။ ကိုယ်ခံရမယ့် အလှည့်ဆိုရင် အသက်ပါပေးရင် ပေးရနိုင်တယ်။

နောင်ကို ကျွန်တော့်လို လက်ယဉ်တဲ့ လူမျိုးနဲ့ ယှဉ်ဖို့ဆိုရင် လက်ဦးမှု ယူရမယ်ဆိုတာ ကျွန်တော်နဲ့ ယှဉ်မယ့်လူတိုင်း သိထားကြမှာပါ။ ကျွန်တော်ရဲ့ အလစ်မှာ လက်ဦးမှုကို ခံရမယ် ဆိုရင် ကျွန်တော် ခံရမှာဘဲ။

ကျွန်တော့် စိတ်ထဲမှာတော့ မဟုတ်မခံ စိတ်ကြောင့်သာ



www.burmeseclassic.com

www.burmeseclassic.com



တွယ်လိုက်တာ ဖြစ်ပေမယ့် ရပ်ထဲရွာထဲမှာတော့ ကျွန်တော်က လူမိုက်အဖြစ် သတင်းကြီးနေပြီ။ တချို့ကများဆိုရင် ကျွန်တော့်ကို ဓားသူရလို့တောင် ခေါ်ကြသတဲ့။

အရက်သောက်၊ ဖဲရိုက်၊ မိန်းမပွေနဲ့ ခြေဂနာမငြိမ်တဲ့ လူတွေကို ခြေငြိမ်အောင်ဆိုပြီး မိဘတွေက မိန်းမပေးစားသလိုပါပဲ။

ဓားအလွန် သရမ်းတဲ့ ကျွန်တော့်ကိုလဲ လက်ငြိမ်အောင် ဆိုပြီး မိန်းမ ပေးစားချင်ကြတာပါ။

ဒါနဲ့ ကျွန်တော့်မိဘတွေက ဝါးတန်းမှာနေတဲ့ သူဇာ့မိဘတွေဆီမှာ တောင်းရမ်းပြီး လက်ထပ်ပေးခဲ့တယ်။

သူဇာရဲ့အဖေ နိုင်ငံရေးသမားကြီး ဦးထွန်းရုံက ကျွန်တော့်ကို . . .

''မောင်သူရရေ သတ္တိကို အလွဲသုံးစား မလုပ်နဲ့ပေါ့၊ မင်းရဲ့ သတ္တိကို တိုင်းပြည်နဲ့ လူမျိုးအတွက် အသုံးချ'' လို့ ဆုံးမပါတယ်။

လူတွေက ကျွန်တော့်ကို သတ္တိရှိတယ်လို့ ထင်နေကြတာကိုး။ တကယ်တော့ တစ်ခါဖူးမျှ ကျွန်တော့်ကိုယ်ကျွန်တော် သတ္တိရှိတယ်လို့လဲ မထင်ပါဘူး။

ကျွန်တော့်ရဲ့ မျက်စိထဲမှာ မတရားဘူးလို့ ထင်ရင် ကိုယ်နဲ့ ဆိုင်ဆိုင် မဆိုင်ဆိုင် ပါဝင်ချင်တဲ့စိတ်နဲ့ အန္တရာယ်ကြုံလာရင် ခေါင်းပုံခံမယ့်အစား ပြန်ပြီး တုန့်ပြန်ချင်တဲ့စိတ်သာ ကျွန်တော့်မှာ ရှိပါ





တယ်။ ဒါကလွဲပြီး ဘာမှ မရှိပါဘူး။

တစ်ခုတော့ ရှိပါတယ်။ အဲဒီလို တုန့်ပြန်ချင်စိတ် ပေါ်လာပြီဆိုရင်တော့ ကိုယ့်ကို လူဆယ်ယောက်ကပဲ ဝိုင်းပြီး အန္တရာယ်ပြုချင်ပြု လူတစ်ရာကပဲ ဝိုင်းပြီး အန္တရာယ်ပြုချင်ပြု မကြောက်တော့ဘူး။ မမှုတော့ဘူး။

နတ်ဝင်သည်များ နတ်ဝင်သွားသလိုပါပဲ။ ဘာကိုမှ မသိတော့ဘူး။ ကြောက်ရမှန်းလဲ မသိတော့ဘူး။ လန့်ရမှန်းလဲ မသိတော့ ဘူး။

နေရာမှာ သေချင်သေသွားပါစေ ပြေးဖို့ဆိုတာ လုံးဝစိတ်မကူးမိတော့ဘူး။ ဒါကို သရဲမရဲ စီးတယ်လို့ ခေါ်မလား။

မျက်လုံးထဲမှာ ဘာကိုမှ မမြင်ရသလို ဦးနှောက်ထဲမှာလဲ ဆင်ခြင်တုံတရား မရှိတော့ဘဲ ဟာလာဟင်းလင်း ဖြစ်သွားတယ်။ အဲဒီအချိန်မှာ သွေးတွေကလဲ အမြုပ်ထမတတ် ဆူလာသလိုပဲ။

အဲဒါကို သတ္တိလို့ ခေါ်ရင်တော့ ကျွန်တော် သတ္တိရှိပါတယ်။ အဲဒါကို သတ္တိလို့မခေါ်ဘူး ဆိုရင်တော့ ကျွန်တော် သတ္တိမရှိပါဘူး။

သူဇာ့ဖေဖေ ဦးထွန်းရုံက ကျွန်တော့်ကို လူမိုက်လို့ ထင်နေပြီး သူ့သမီးကို စိတ်မချလို့လား၊ တကယ်ပဲ ကျွန်တော့်ကို သတ္တိရှိတယ်လို့ အသိအမှတ် ပြုထားလားလို့ ကျွန်တော် မသိနိုင်ပါဘူး။

ကျွန်တော်နဲ့ သူဇာနဲ့ အိမ်ထောင်ကျတာ အသက်ခြောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုးနှစ်ပဲ ရှိပါသေးတယ်။ ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နဲ့ အရွယ် အိမ်ထောင်ကျတာနဲ့ စာရင်တော့ လူလားမြောက်ပြီလို့ ဆိုရပေမယ့် ကလေးစိတ်တွေက မပျောက်ကြသေးတဲ့ အရွယ်ပါပဲ။

သူဇာနဲ့ အိမ်ထောင်ကျလို့ ဘာမှအခက်အခဲ မရှိပါဘူး။ နန်းရှေ့က အိမ်ကြီးမှာ သူဇာ လိုက်နေရုံပါပဲ။ ဦးနန္ဒိယတို့ လင်မယားက ဆက်ပြီး အိမ်ကြီးကို စောင့်ရှောက်ရုံ၊ ဦးဖိုးတင်က ခြံကို စောင့်ရှောက်ရုံ ဒရိုင်ဘာ စွန်ဒရမ်းက ကားမောင်းရုံပါပဲ။ ဘာမှ အကြီးအကျယ် ပြောင်းအလဲရယ်လို့ မရှိပါဘူး။

အဲ အပြောင်းအလဲဖြစ်တာကတော့ ကျွန်တော် ဆယ်တန်း အောင်သွားတာပါပဲ။

ကျွန်တော် ဆယ်တန်းအောင်တော့ အိန္ဒိယနိုင်ငံ ကာလကတ္တား တက္ကသိုလ်သွားတက်ပြီး ဘူမိဗေဒပညာသင်ဖို့ နဂိုစိတ်ကူး ပြန်ပေါ်လာတယ်။ ဒါပေမယ့် မိန်းမကရသွားပြီဆိုတော့ ကျွန်တော့် စိတ်ကူးနဲ့ အကြံအစည်ကို လက်လွှတ်ဆုံးရှုံးရတော့တာပဲ။

မိန်းမရတာ ပျော်စရာလို့ ထင်ခဲ့ပေမယ့် ဒီလိုဆုံးရှုံးမှုမျိုးနဲ့ ကြုံတော့မှ ငါမိန်းမရတာ စောလှချည့်လားဆိုပြီး ပထမဆုံး အကြိမ် နောင်တရမိပါတယ်။

ကျွန်တော်လို မိဘကချမ်းသာပြီး ကျောထောက်နောက်ခံ ရှိတဲ့လူအဖို့ ဘဝရည်မှန်းချက်ပျက်ရတာ ကိုယ့်အကြံအစည် လက်လွှတ်ဆုံးရှုံးရတာ မထောင်းတာလှပေမယ့် သာမန်





လူတွေအဖို့ အရွယ်မတိုင်မီမှာ အိမ်ထောင်ပြုတာဟာ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သလိုပါပဲ။

ကျွန်တော့်အသက်က နှစ်ဆယ်မပြည့်သေးလို့ ဖေဖေက ကျွန်တော့်ကို သူ့လုပ်ငန်းခွင် မဝင်စေချင်သေးဘူး။ ပြီးတော့ အစိုးရအမှုထမ်းလုပ်ဖို့လည်း စိတ်ကူးမရှိတာမို့ ကျွန်တော့်မှာ အားလပ်နေသလို ဖြစ်နေတယ်။

ဒီအတိုင်း ထိုင်နေပယ့်အတူတူ ကျွန်တော် တက္ကသိုလ်ပညာဆက်သင်ချင်ပါတယ်။ ဒါကြောင့် ကျွန်တော် ရန်ကုန်တက္ကသိုလ် တက်ဖို့ စီစဉ်ရတာ။

ဒါနဲ့ မိဘတွေလဲ ရန်ကုန် သော်မဆင်ဘက်မှာရှိတဲ့ ကျွန်တော်တို့ တိုက်ခန်းကို ကျွန်တော်တို့လင်မယားနေဖို့ ပြုပြင်ရတော့တာပါပဲ။ ကျွန်တော်တို့လဲ ပြောင်းရွှေ့ဖို့ စီစဉ်ရတာပါပဲ။

ရန်ကုန်ကိုတော့ ကျွန်တော်တို့လင်မယားကို စောင့်ရှောက် ဖို့ ဦးနန္ဒိယတို့လင်မယားပါ လိုက်ဖို့စီစဉ်တယ်။

အဲဒီအချိန်မှာ ဒေါ်ရွှေနဲ့ ညားနေပြီဖြစ်တဲ့ ဦးဖိုးတင်ကို မလေးနန်းရှေ့က အိမ်ကို စောင့်ရှောက်ဖို့ ထားခဲ့ရမယ်။

ဒရိုင်ဘာ စွန်ဒရမ်းက အသက်ကြီးပြီဖြစ်လို့ ကျွန်တော်တို့နဲ့အတူ ရန်ကုန်ကို မလိုက်နိုင်ဘူး။ သူ့သား နာရာယန်းကို ကျွန်တော်တို့နဲ့ ထည့်ပေးဖို့ စီစဉ်တယ်။

နာရာယန်းဟာ ကျွန်တော်တို့နဲ့ သက်တူ ရွယ်တူလောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သေးပြီး ရန်ကုန်က ကားရှုပ်တော့ ကျွန်တော်တို့ကားကို မောင်းပေးဖို့ ဖြစ်ပါ့မလားလို့ ဖေဖေက စိတ်ပူတယ်။ ဒါပေမယ့် နာရယန်းကားမောင်းတာကို ကျွန်တော် တွေ့ဖူးပါတယ်။

နာရယန်းဟာ ဒရိုင်ဘာကောင်းတစ်ယောက်ဖြစ်ဖို့ အများကြီး အလားအလာရှိပါတယ်။

နာရယန်းက အသက်ငယ်သေးပေမယ့် ဘယ်တော့မှ ဟော့ ဟော့ရမ်းရမ်း အရှိန်ပြင်းပြင်းမောင်းလေ့ မရှိပါဘူး။ ကားကို သူ ထိန်းသိမ်းနိုင်ရုံလောက် အမြန်နှုန်းနဲ့ မောင်းတယ်။ တစ်ခါတစ်လေ ကျွန်တော်က စိတ်မရှည်ဘဲ မြန်မြန်မောင်းနိုင်းရင် ဆပ်ကို မြန်မြန် မောင်းပို့တာထက် ကြာကြာအသက်ရှည်အောင် မောင်းပို့တာ ကျွန်တော်အဖို့ ပိုပြီးတာဝန်ကျေပါလိမ့်မယ်ဆိုပြီး အချက်ကျကျ ပြန်ပြောလေ့ရှိတယ်။

နရယန်းဟာ အသက်အန္တရာယ်နဲ့ ကစားတာမျိုး စတန့်ထွင်ပြီး အမြန်မောင်းတာမျိုး ဘယ်တော့မှ မလုပ်ဘူး။ သူ့အသက်က ငယ်ပေမယ့် သူကားမောင်းရင် တကယ့်အသက်လေးဆယ်ကျော်လူကြီးလို ဣန္ဒြေရသွားတယ်။

ပြီးတော့ နာရယန်း ကားမောင်းတဲ့အခါ သူ့စိတ်ထဲမှာ ဖြစ်နေတဲ့ ဒေါသစိတ်တွေ ခံပြင်းစိတ်တွေကို မောင်းထုတ်ပစ်လိုက်တယ်။ အမြဲပျော်ရွှင်နေပြီး လေကလေးတစ်ချွန်ချွန် သီချင်းကလေး တညည်းညည်းနဲ့ ကားမောင်းတယ်။ နာရယန်း





ကားမောင်းတာကို ကြည့်ပြီး စီးရတဲ့လူအဖို့ သူ့ရဲ့ပျော်ရွှင်မှုတွေ ကူးစက်ခံစားရစေတယ်။

နာရယန်းက သီချင်းမဆိုချင်ဘူးဆိုရင် သကြားလုံးကလေး ချော့ကလက်ကလေးကို မြုံ့ပြီး ကားမောင်းလေ့ရှိတယ်။ သကြားနဲ့ အချိုဓာတ်ဟာ ဒေါသကို ပြေပျောက်စေလို့ ကားမောင်းတဲ့လူတိုင်း သကြားလုံးကို နည်းနည်းပါးပါးစားရင်း ကားမောင်းသင့်တယ်။

နာရယန်း ကားမောင်းနေရင် ဘယ်တော့မှ ဆေးလိပ်မသောက်ဘူး။ ကွမ်းမစားဘူး။ ဆေးလိပ်မီးပွားလောင်လို့ စတီယာရင်ကို ယောင်ရမ်းပြီး လှည့်လိုက်ရာက ကားကို ချောက်ထဲဆွဲချသွားတာမျိုး ကွမ်းတံတွေး လှမ်းထွေးချိန်မှာ ကားရှေ့က ကလေးတစ်ယောက် ဖြတ်လာတာကို မမြင်ရဘဲ ဝင်တိုက်မိတာမျိုး နာရယန်း ဘယ်တော့မှ ကျူးလွန်မှာ မဟုတ်ဘူး။

ပြီးတော့ နာရယန်း ကားမောင်းရင် လူကြီးလူ ကောင်းဆန်တယ်။ ကိုယ်က ကားပေါ်မှာရှိနေတာပဲ လမ်းဘေးက လူတွေ ဘာပဲ ဖြစ်ဖြစ်ဆိုပြီး ရေမြောင်းတို့ ဗွက်အိုင်တို့အနီးမှာ လူရှိနေမယ်ဆိုရင် ရေစင်အောင် ဗွက်စင်အောင် နာရယန်း မမောင်းဘူး။

အရှိန်ကို လျှော့ပေးလို့ဖြစ်စေ၊ ရေအိုင်တို့ ဗွက်အိုင်တို့ကို ရှောင်ကွင်းလို့ ဖြစ်စေ၊ နာရယန်း မောင်းလေ့ရှိတယ်။ လမ်းဘေးက လူကို ဣန္ဒြေပျက်အောင် နာရယန်း မလုပ်ဘူး။ နာရယန်းဟာ



www.burmeseclassic.com

www.burmeseclassic.com



အောက်တန်းနောက်တန်းကျတဲ့ စိတ်မျိုး ဘယ်တော့မှ မရှိဘူး။

ရှေ့ကကားကို မခံချင်လို့ အတင်းလိုက်ပြီး ကျော်တက်တာမျိုး၊ ဂုဒ်ယ့်ကားကို ကျော်တက်ချင်လဲ နောက်ကားကို တက်လမ်းမပေးဘဲ ဖင်ရမ်းပြီး ပိတ်ဆို့တာမျိုး ဘယ်တော့မှ မလုပ်ဘူး။

ပြီးတော့ လမ်းပြပုလိပ်အချက်ပြတဲ့ အမိန့်ကိုလဲ နာရယန်း တစ်သဝေမတိမ်း လိုက်နာတယ်။ သူကားကွေ့မယ့်အခါ ဖြစ်စေ၊ ရပ်နားမယ့်အခါဖြစ်စေ နောက်ကားက ကျော်တက်ဖို့ လမ်းတောင်းတဲ့ အခါဖြစ်စေ၊ တလေးတစား လက်နဲ့အချက်ပြ လေ့ရှိတယ်။ သူများမှာ ရင်လဲ ခွင့်လွှတ်တတ်တယ်။

တစ်ခါတုန်းက ကျွန်တော့်ကြောင့် နာရီစင်မှာ ရှေ့ကကားတစ်စီးရဲ့ ဖင်ကို ဝင်ဆောင့်မိတယ်။ လမ်းပြပုလိပ်က လိုင်စင်လာတောင်းတော့ နာရယန်း တစ်ခွန်းမှ မတောင်းပန်ဘူး။ သူ့လိုင်စင် စာအုပ်ကို ပေးလိုက်တာပဲ။

ကားဆိုတာကလဲ ကိုယ်က လမ်းစည်းကမ်း၊ ကားစည်းကမ်းအတိုင်း မောင်းနေပေမယ့် မိုက်ရိုင်းစော်ကား အောက်တန်းနောက်တန်းကျတဲ့ ကားမောင်းသူကြောင့် ကားတိုက်မှု ဖြစ်တတ်တာပါပဲ။





သူများက လမ်းမှားပြီး သေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ပြီး မောင်းရတာမျိုးဆိုရင်လဲ နာရယန်းဟာ သွေးအေးအေးနဲ့ ဖြေရှင်းတာပါ။ ကြောက်လန့်တုန်လှုပ်ပြီး ပျာယာခပ်သွားတာမျိုး၊ ကယောင်ချောက်ချား ဖြစ်သွားတာမျိုး၊ နာရယန်း ဘယ်တော့မှ မဖြစ်ပါဘူး။

သူ့ရှေ့က ကားကြီးတစ်စီး အတင်းတည့်တည့် မောင်းဝင်လာတာတောင်မှ တည်တည်ငြိမ်ငြိမ်နှင့် ဖြေရှင်းတယ်။

ထိတ်ထိတ်ပျာပျာ မဖြစ်ဘူး။

သူများကားကြောင့်သာ ကားတိုက်မှုဖြစ်ရမယ်။ နာရယန်း မောင်းတဲ့ ကားကြောင့်တော့ ကားတိုက်မှု မဖြစ်စေရဘူး။ ဒီလောက် နာရယန်းက စိတ်ချရတယ်။ နာရယန်းက ခွေးတောင် တိုက်မသတ်ဘူး။

အဲဒီအရည်အချင်းတွေကြောင့် နာရယန်း ကားမောင်းတာကို စီးဖို့ ကားပေါ်တက်ထိုင်လိုက်တာနဲ့ အခုသွားမယ့် ခရီးဟာ ဘေးကင်းရန်ကင်းရမယ့် ခရီးမှန်း စိတ်ချသလို ဖြစ်သွားတာပဲ။

နာရယန်းအပေါ် အပြည့်အဝ ယုံကြည်သွားတယ်။

နာရယန်းဟာ ရန်ကုန်မှာ မမောင်းဘူးပေမယ့် ရန်ကုန်မှာ မောင်းနိုင်လိမ့်မယ်လို့ ကျွန်တော် ပြောလိုက်တယ်။

ရန်ကုန်ရောက်ပြီး တစ်နှစ်အကြာမှာ ကျွန်တော် အိုင်အေစီနီယာတန်းကို ရောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ ကောလိပ်ကျောင်းသား ဖြစ်ပေမယ့် ကိုယ်က သားနဲ့မယားနဲ့ဆိုတော့ ဘယ်မှာ ပျော်နိုင်မှာလဲ။

သော်မဆင်လမ်း အိမ်ကနေ တက်တော့ နေ့ကျောင်းသားပေါ့။ ကောလိပ်ကျောင်းသားတို့ရဲ့ သဘာဝက အဆောင်မှာနေပြီး ကျောင်းတက်မှ ကောလိပ်ကျောင်းသား အရသာ ပိုပြည့်စုံတာ။

ကိုယ်တက်ရမယ့် သင်တန်းပြီးတာနဲ့ သူငယ်ချင်းတွေနဲ့ လျှောက်လည်ရမည့်အစား အိမ်က မျှော်နေတဲ့ ကိုယ့်မိန်းမကလေး မျှော်နေမှာကို သနားတော့ အိမ်ကို ပြန်ပြေးရရော။

မယားနဲ့ ကျောင်းသားဘဝက ဟန်မကျလှပါဘူး။ အဲဒီတော့ အချိန်မကျမီ အိမ်ထောင်ကျတာရဲ့ ဒုက္ခကို ကျွန်တော် မြင်လာတယ်။

ပျော်စရာကောင်းတဲ့ ကောလိပ်ကျောင်းသားဘဝကို ကျွန်တော် ရခဲ့ပေမယ့် မယားက တွဲလောင်းဆိုသော့ ဘယ်မှာ တင်းပြည့် ကျပ်ပြည့် ပျော်နိုင်တော့မလဲ။

ကောလိပ်ကျောင်းသား ဘဝကရတဲ့ ပျော်ရွှင်မှုတွေကို ကျွန်တော့်မိန်းမ မသူဇာက ခိုးယူသွားတာကိုး။

မယားတပ်ဖက်နှင့် ကျောင်းနေရတာလဲ စီးပွားရေးပြည့်စုံပေမယ့် သိပ်တော့ အဆင်မပြေလှပါဘူး။

ဥပမာ.. ကျွန်တော်က ညဖက်စာကျက်တော့ ကျောင်း





သင်ခန်းစာလုပ်ရင် မီးတွေလင်းနေလို့ဆိုပြီး မသူဇာက အိပ်မပျော်ဘူး။

မသူဇာ အိပ်ပျော်အောင် တခြားအခန်းမှာ စာသွားကျက်ရင်လဲ မသူဇာက ကြောက်ပြန်ရော။ အဲဒီတော့ ကျွန်တော် စာကြည့်တဲ့အခန်းမှာ သူက ငုတ်တုတ်လာထိုင်နေရော။

သူ့ကို သနားတာနဲ့ ကျွန်တော်လဲ စာမကြည့်နိုင်တော့ဘူး။ မသူဇာကလဲ အိပ်ရေးပျက်ရင် မျက်လုံးလေးဟောက်ပက် ချက်ချင်း ဖြစ်သွားတာ။

ဒါနဲ့ ကျွန်တော်တို့ အိပ်ခန်းထဲမှာဘဲ ခုတင်ဆီကို မီးအလင်းရောင် မရအောင် ကန့်လန့်ကာနှင့်ကာပြီး သူကအိပ်။ ကျွန်တော်က စာကျက်ရတယ်။

မသူဇာနှင့် ကျွန်တော် ညားတာ သားသမီး မပွားစီးသေးလို့သာ တော်သေးတာပေါ့။ မယားတွဲလောင်းကနေ သားတွဲလောင်းဖြစ်ရင် ကျွန်တော် ဘယ်လိုလုပ် စာကြည့်ရမှာလဲ။

ကလေးငိုနေရင် စာကြည့်လို့ ရပ့ါမလားလို့ ကျွန်တော် တွေး ပူမိတယ်။

အဲဒီလို မယားနှင့် ကျောင်းသားဘဝကို စိတ်ပျက်စွာနှင့် ကျွန်တော် ဖြတ်သန်းခဲ့တာ နှစ်နှစ်ကြာတော့ ကျွန်တော် အိုင်အေစီနီယာတန်းကို အောင်ပြီး ဘီအေအောက်တန်း ရောက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနှစ်မှာဘဲ နေ့ကျောင်းသားတွေနှင့် အဆောင်နေ သူငယ်ချင်းတွေက ကျွန်တော် စာမေးပွဲအောင်တာကို ဟိုတယ်မှာ ကျွေးဖို့ ဝိုင်းပြီး တောင်းဆိုကြတယ်။

မကျွေးလို့လဲ မဖြစ်ဘူး။ ကိုယ်ကလဲ ဘီအေအောက် တန်းရောက်တဲ့အထိ မယားတစ်ဖက်နှင့် စာသင်ရတာတောင် တစ်နှစ်မှ မကျတော့ ကိုယ့်ရဲ့အောင်မြင်မှုကိုလဲ သူငယ်ချင်းတွေ အသိအမှတ် ပြုစေချင်တယ်။

အဲဒီတော့ ကိုယ်က ကျွေးပါ့မယ် ကတိပေးရတာပေါ့။

မကျွေးလို့မဖြစ်တဲ့ အခြားအကြောင်းပြချက် တစ်ခုမှာ မယားရပြီးမှ ကျွန်တော်လဲ တော်တော် ကပ်စေးနဲလာတယ်။ ဒါကလဲ မယားရတာတောင် ကျောင်းထားပေးတဲ့ ဖေဖေနှင့်မေ မေ့ကို အားနာလို့ အသုံးချွေတာတာပါ။

မကုန်သင့်တာ မကုန်ရအောင် ကျွန်တော် အပိုလုပ်ပြီး မသုံးဖြုံဘူး။

အဲဒီတော့ သူငယ်ချင်းတွေက ကျွန်တော့်ရှေ့မှာရော နောက်ကွယ်မှာရော ကျွန်တော့်ကို မိုးကုတ်သား ချစ်တီးလို့ ခေါ်ကြတယ်။

သူတို့ တွေ့ဖူးတဲ့ မိုးကုတ်သားတွေက ဖောဖောသီသီနှင့် အလျှံအပယ်သုံးစွဲပြီး ကျွန်တော်ကတော့ စစ်စစ်စီစီနှင့် ငွေ အသုံးအစွဲ ကျစ်လျစ်တော့ ကျွန်တော့်ကို မိုးကုတ်သား ချစ်တီးလို့





ခေါ်ကြတယ်လေ။ သဘောကတော့ ကျွန်တော်ဟာ မိုးကုတ် သားဖြစ်ပေမယ့် ချစ်တီးလို ကပ်စေးနဲတယ်လို့ ဆိုလိုတာပေါ့။

ကျွန်တော်လဲ မိုးကုတ်သား ချစ်တီး မဟုတ်ကြောင်းပြတဲ့ အနေနှင့်ရော၊ စာမေးပွဲအောင်သည့် အထိန်းအမှတ်နှင့်ရော အွန် လောက်ဟိုတယ်မှာ ကျွေးမွေးဖို့ ကျွန်တော် ချိန်းလိုက်တယ်။

အွန်လောက်ဟိုတယ်က အမှတ်(၆၁၆) ဒါလဟိုဇီလမ်း မှာ ပါ။ သွားရေးလာရေးလဲ အဆင်ပြေတဲ့ လူစည်ကားတဲ့ နေရာပါ။

ဒါနဲ့ ကျွန်တော်တို့ ကောလိပ်ကျောင်းသားတစ်စု ညနေ ခြောက်နာရီလောက်မှာ သောက်ကြစားကြတာ ညခုနှစ်နာရီ ထိုး ပြီးတော့ တော်တော်လေး ထွေနေပြီ။

ကျွန်တော်တို့ အခန်းထဲမှာ စားပွဲထိုးရတဲ့ ဟိုတယ်မယ်က တော့ သူ့ကိုယ်သူ 'မလွမ်း' လို့ခေါ်တဲ့ ဟိုတယ်မယ်လေးပါ။ သူ့နာ မည်အရင်းက ဘယ်သူလဲ ဘယ်ဝါလဲ ကျွန်တော်တို့ စိတ်မဝင်စားပါ ဘူး။ မလွမ်းဆိုတာလဲ ဟုတ်ချင်မှ ဟုတ်မှာပါ။

မလွမ်းကိုလဲ သောက်စားမူးယစ်နေသူပီပီ ပါးစပ်နှင့် ပြောင်လှောင်ကျီစယ်ရုံပါပဲ။ ဘယ်သူမှ ကိုယ်ထိလက်ရောက် အရ သာခံပြီး ဟော့ဟော့ရမ်းရမ်း မလုပ်ပါဘူး။

ကျွန်တော်တို့ဟာ ကောလိပ်ကျောင်းသားတွေပီပီ အရက်ကလေးသာ ထွေနေပေမယ့် ကိုယ့်ဂုဏ်သိက္ခာနှင့်ကိုယ် နေကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကြောင့် ကောလိပ်ကျောင်းသားတွေ မျက်နှာမပျက်စေရအောင် ထိန်းသိမ်းပါတယ်။

မလွှမ်းကလဲ ကျွန်တော့်တို့လို ကောလိပ်ကျောင်းသားလူ ငယ်တွေက မူးယစ်တာကို အခွင့်အရေးယူပြီး လက်ဆော့ ခြေ ဆော့ မလုပ်တာကို သဘောကျပုံရပါတယ်။

ကျွန်တော်တို့ လူငယ်ကလေးတွေကို ညှော်ခံဖျော် ဖြေရတာကိုလဲ မလွှမ်း ပျော်ပုံရပါတယ်။ ကျွန်တော်တို့ကလဲ မလွှမ်းကို ဟိုတယ်မယ်ဆိုပြီး အပေါစားပဲ ဘာပဲ သဘောမထား ဘူး။ အားလုံးကလဲ မမလို့ပဲ လေးလေးစားစားခေါ်ပြီး ဆက်ဆံ ကြပါတယ်။

ကျွန်တော်တို့အထဲမှာ ရှမ်းလူမျိုး ကျောင်းသား သူငယ် ချင်းတစ်ယောက် ပါတယ်။ သူ့ကို ကျွန်တော်တို့က ဘော်ခန်းစော် ဘွားကြီးလို့ ခေါ်ပါတယ်။

အဲဒီသူငယ်ချင်းက ကျွန်တော့်လိုပဲ ငွေရေးကြေးရေးကို စစ်စစ်စီစီသုံးပြီး အမြဲတမ်း ငွေမရှိဘူးလို့ ညည်းနေတတ်သူဖြစ် လို့ သူ့ကို ပိုက်ဆံမရှိတဲ့ စော်ဘွားကြီး ဘော်ခန်း စော်ဘွားကြီးလို့ နောက်ပြောင် ပြီး ခေါ်ဝေါ်ကြတာ။ ပိုက်ဆံကို တချို့နေရာတွေမှာ ဘော်လို့ခေါ်တာ မဟုတ်လား။ ဘော်ခန်းတယ်ဆိုတော့ ပိုက်ဆံခန်း တယ်ပေါ့။ ပိုက်ဆံ မရှိဘူးပေါ့။

အဲဒီဘော်ခန်းစော်ဘွားကြီးက သိပ်ပြီး ရှက်တတ်ပါတယ်။





ပြီးတော့လဲ မိန်းမတွေကို သိပ်ကြောက်တတ်ပါတယ်။

အဲဒါကို ကျွန်တော်တို့က မလွှမ်းကို မျက်စပစ်ပြီး ဘော်ခန်း စော်ဘွားကြီးကို စဖို့ ပြောင်ဖို့ ပြောပါတယ်။

မလွှမ်းကလဲ ကျွန်တော်တို့က ဘော်ခန်းစော်ဘွားလို့ နောက်ပြောင်ခေါ်တာကို မသိရှာဘူး။ တကယ့်စော်ဘွား ထင် နေတာ။ မလွှမ်းက သူငယ်ငယ်တုန်းက ရှမ်းပြည်နယ်မှာ နေဖူးတာ ဆိုတော့ စော်ဘွားတွေကို သိပ်လေးစားရတော့ ဘော်ခန်းစော် ဘွားကြီးကို သိပ်လေးစားပြီး စကားပြောရင် ကြမ်းပြင်ပေါ်မှာ ဒူးထောက်ပြီး စကား ပြောတာ။ သိပ်လေးစားတာ။

အဲဒီ မလွှမ်းနဲ့ ဘော်ခန်းစော်ဘွားကြီး အဖြစ်ကို ကြည့်ပြီး ကျွန်တော်တို့ ကောလိပ်ကျောင်းသားတစ်သိုက် ပွဲကျရတာပါပဲ။

အမှန်ကတော့ ကျွန်တော်တို့က ဘော်ခန်းစော်ဘွားကြီး ကို မလွှမ်းက နောက်ပြောင်စေချင်တာပါ။ အခုတော့ မလွှမ်းက ဘော်ခန်း စော်ဘွားကြီးကို 'တော်ကြီးဘုရား . . ရှမ်းပြည်နယ် ဘယ်တုန်းက ထွက်တော်မူတာပါလဲ ဘုရား၊ ဘော်ခန်းဆိုတာ ဘယ်နားမှာလဲ၊ လဲချားနဲ့ နီးသလား ဘာလား ဖြစ်နေတယ်လေ၊ ကျွန်တော်တို့ ပွဲကျရလေပါပဲ။

ဘော်ခန်းစော်ဘွားကြီးနဲ့ မလွှမ်းတို့အဖြစ်ကို ကြည့်ပြီး ကျွန်တော်တို့ထဲက ကုလားကပြားတစ်ယောက်က သူလဲ မဟာ ရာဂျာစော်ဘွားလို့ ထလုပ်ပါရော။ ဘယ်နယ်က မဟာရာဂျာ



www.burmeseclassic.com

www.burmeseclassic.com



လဲမေးတော့ မုဆိုးမနယ်ကတဲ့။ အိန္ဒိယမှ မိုက်ဆိုးနယ်ဆိုတာရှိလို့ သူကလဲ မုဆိုးမနယ် ထလုပ်တာပေါ့။

ကျွန်တော်တို့ ကောလိပ်ကျောင်းသား သူငယ်ချင်းတစ်သိုက် အဲဒီလို ပျော်ပျော်ပါးပါးနေတုန်းမှာ ဗြိုဟ်ဆိုးက ဝင်လာတာပါပဲ။

အွန်လောက်ဟိုတယ်ထဲကို လမ်းမတော်ဘိုးတုတ်ရဲ့တပည့် အောင်ဘနဲ့ အော်ကုလားဆိုတဲ့ လူမိုက်နှစ်ယောက်ရောက်လာတယ်။

အွန်လောက် ဟိုတယ်ထဲရောက်တာနဲ့ 'မလွှမ်း . . မလွှမ်း'လို့ လျှာလေးအာလေးကြီးနဲ့ လှမ်းခေါ်တာပါပဲ။

မလွှမ်းက ကြောက်ပြီး ကျွန်တော်တို့အခန်းထဲမှာ ပုန်းနေတယ်။ မလွှမ်းက အောင်ဘတို့၊ အော်ကုလားတို့နဲ့ ဆက်ဆံလိုဟန် မရှိပါဘူး။ သူတို့က လူမိုက်ဆိုတဲ့ဂုဏ်နဲ့ လာပြီး ဟိုတယ်တွေမှာ ဗိုလ်ကျစားသောက်နေတာပါ။

''မလွှမ်း . . မလွှမ်း''

လို့ အသံပြဲကြီးနှင့် ခေါ်နေပေမယ့် မလွှမ်းကတော့ ကျွန်တော်တို့ အခန်းထဲမှာ ပေကပ်နေတယ်။

အဲဒီအချိန်မှာ အော်ကုလားဆိုတဲ့ လူမိုက်က ကျွန်တော်တို့ အခန်းထဲကို ပိုင်စိုးပိုင်နင်းနဲ့ ဝင်လာပြီး မလွှမ်းကို အတင်းအဓမ္မ ဆွဲခေါ်ပါတယ်။ မလွှမ်းကလဲ ကျွန်တော်တို့စားပွဲကို





လှည့်ပတ်ပြေးတော့ အခန်းထဲမှာ လိုက်တမ်းပြေးတမ်း ကစားသလို ဖြစ်နေတယ်။

ဒီအထိ ကျွန်တော်တို့ ဘာမှမပြောဘူး။ သည်းခံနေပါတယ်။ ကျွန်တော်တို့က ကောလိပ်ကျောင်းသားတွေပဲ။ ဘာဖြစ်လို့ လူမိုက်နဲ့ ပြိုင်ပြီး မိုက်မလဲ။

ရန်ဖြစ်တယ်ဆိုတာလဲ အလွန်မကောင်းတဲ့အလုပ်မဟုတ်လား။ ကျွန်တော်တို့ထဲက ဘော်ခန်းစော်ဘွားကြီးကလား၊ မဟာရာဂျာကလား မသိဘူး။ မလွှမ်းကို လိုက်သွားဖို့တောင် တိုက်တွန်း နေပါသေးတယ်။

ကျွန်တော်တို့နဲ့ မလွှမ်းနဲ့ ဘာဆိုင်တာ မဟုတ်လို့၊ ဟိုတယ် မယ်ဆိုတာလဲ ဘုံဆိုင်ပစ္စည်းပဲဟာ။ ဒီနေ့ ကျွန်တော်တို့နဲ့ ပျော်တယ် ပြောပေမယ့် နောက်တစ်နေ့ တခြားဝါးလားသူဌေးကွန့်င့် ပျော်မှာဘဲ မဟုတ်လား။

ဒါကို ကျွန်တော်တို့ ကောလိပ်ကျောင်းသားတိုင်း သိလို့ မလွှမ်းကို လာခေါ်တာ မနာလိုတိုရှည် မဖြစ်ပါဘူး။

မလွှမ်း သွားရင် ရှေကြည်လာမှာပါ။ ဒါဟာ မဆန်းပါဘူး။

အော်ကုလားဆိုတဲ့ လူမိုက်က မလွှမ်းကို ခေါ်မရတာနှင့် ကျွန်တော်တို့ဖက်ကို လှည့်လာတယ်။

''ဟော့ . . မင်းတို့ ဘယ်ကလဲ''

လို့ ကျွန်တော်တို့ကို မျက်ထောက်နီကြီးနှင့် ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ငှက်ဆိုးထိုးတဲ့ အသံကြီးနှင့် မေးလိုက်တယ်။

ကျွန်တော်က ရှိသေကိုင်းရှိုင်းမှု မပါသော်လည်း ရိုင်းစိုင်းမှုမရှိတဲ့ လေသံမှန်နှင့် ကျွန်တော်တို့ ကောလိပ်ကျောင်းသားတွေဖြစ်ကြောင်း ပြန်ပြောလိုက်ပါတယ်။

အဲဒီ အော်ကုလားက မင်းတို့ ကျောင်းပြေးလာတာပါလို့ ခပ်နိမ်နိမ်ပြောတယ်။ ကျွန်တော်တို့က ကောလိပ်သည် ညနေသုံးနာရီ ပိတ်သဖြင့် ကျောင်းပိတ်ပြီးလျှင် ဘယ်ကိုမဆို သွားနိုင်ကြောင်း၊ ကျောင်းပြေးတာ မဟုတ်ကြောင်း ရှင်းပြပါတယ်။

မင်းတို့က နို့နံ့တောင် စင်သေးတဲ့အရွယ် မဟုတ်ဘူး။ အရက်တွေ ဘာတွေ သောက်လို့ပါလားဆိုပြီး ဗိုလ်ကျစကားပြောတယ်။

ကျွန်တော်က ကောလိပ်ကျောင်းသားဆိုတာ လူသာငယ်ပေမယ့် ပညာမငယ်လို့ နောက်တစ်နှစ် နှစ်နှစ်အတွင်းမှာ ရာထူးကြီးများ ရနိုင်တဲ့လူတွေမို့ နို့နံ့မစင်တာ မဟုတ်ဘူး။ ရာထူးနံ့ ပင်နေတာ။ ကျွန်တော် ဘွဲ့ရပြီးလျှင် ပုလိပ်ဖက်နှင့် ရာဇဝတ်ဝန်လေး လုပ်မယ်လို့ ခပ်တည်တည် ပြန်ပြောလိုက်တယ်။

လူဆိုးတွေ ကြောက်ရတဲ့ ပုလိပ်ရာဇဝတ်ဝန်ကလေး လုပ်မယ်ဆိုတာနှင့် အော်ကုလားလဲ ကျွန်တော်တို့ဘက် လှည့်ရာကနေ မလွှမ်းဘက် မဲသွားပြန်ရော။

မလွှမ်း မလိုက်တော့ အော်ကုလားထံ ကျွန်တော်တို့ကို





ပါပြန်ရော။ သူ့စိတ်ထဲမှာ ကျွန်တော်တို့ ရှိနေလို့သာ မလွှမ်း သူတို့နောက် မလိုက်တာလို့ ထင်နေပုံရတယ်။

''ကဲ . . ပြန်ကြ၊ မင်းတို့ ပြန်ကြ၊ ဒီဟိုတယ်ကို ငါတို့ချုပ်လိုက်ပြီ မင်းတို့ကို ဘာမှရောင်းမှာ မဟုတ်တော့ဘူး''

ဒီလိုဗိုလ်ကျအနိုင်ကျင့်ပေမယ့် ကျွန်တော်တို့ လူဆိုးနဲ့ ယှဉ်ပြီး မမိုက်ချင်လို့ လက်ခံလိုက်တယ်။

တကယ်တော့ ကျွန်တော်တို့ စားကြသောက်ကြလို့လဲ ပြီးပါပြီ။ ပြန်မယ်ဆိုရင်လဲ ဖြစ်ပါတယ်။ ဒါကြောင့် စကားနည်းရန်စဲ သဘောမျိုးနဲ့ . . .

''ကောင်းပြီ . . ပြန်မယ်''

လို့ ကျွန်တော် သဘောတူလိုက်တယ်။

အခုလို ပြန်မယ်လို့ ဝန်ခံတာ လူဆိုးတွေကို ကြောက်ရာရောက်ပါတယ်။ အလျှော့ပေးရာ ရောက်ပါတယ်။ ကျွန်တော်တို့ကို လူရဲဘောကြောင်တယ်လို့ ထင်စရာဖြစ်ပါတယ်။

ဒါပေမယ့် ဘယ်လိုပဲထင်ထင် ကျွန်တော် ကောလိပ်ကျောင်းသားဂုဏ်ကို ထမ်းတဲ့အနေနဲ့ လူမိုက်တွေကို ရှောင်ခွာပြီးလို့ ကင်းအောင်နေဖို့ ကျွန်တော် ကြိုးစားပါတယ်။

ကျွန်တော်ပွဲကို လက်စသိမ်းပြီး အခန်းထဲက ထွက်ကြပါတယ်။ သူငယ်ချင်းတွေကို မကျေနပ်သေးရင် ဘီအေစီဖြစ်ဖြစ်၊ ဘာသာကလပ်ကိုဖြစ်ဖြစ် ကျွန်တော် ခေါ်သွားရုံပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အော်ကုလားက မလွမ်းရဲ့လက်ကိုဆွဲပြီး အခန်းထဲက ဒရွတ်တိုက် ဆွဲခေါ်ပါတယ်။ ပါးစပ်ကလဲ အောက်တန်း နောက်တန်းကျတဲ့ စကားလုံးတွေနဲ့ ဆဲရေးပါတယ်။ ××× မ ဘာညာစသည်ဖြင့် မကြားဝံ့ မနာသာ စကားလုံးတွေနဲ့ပါ။

မလွမ်းလဲ အားမတန်မာန်လျှော့ပြီး လိုက်သွားရှာပါတယ်။ ကျွန်တော်တို့ အခန်းထဲက အထွက်မှာ အခန်းအပြင်ကနေ အောင်ဘဆိုတဲ့ လူဆိုးက ခါးထောက်ပြီး မိုက်ကြည့်ကြည့်နေပါတယ်။

ကျွန်တော်တို့ အဲဒီအောင်ဘကို ကြောက်ချင်ယောင်ဆောင် ပြီး ခပ်ရှိရှိထွက်ပါတယ်။

အဲဒီလောက်ကို ကျွန်တော်တို့ အလျှော့ပေးပါတယ်။ မာနကို ချပါတယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ မကောင်းလှတော့ဘူး။ ဒီနေရာက အမြန်ဆုံးထွက်သွားမှ ဖြစ်တော့မယ်ဆိုတာကို ကျွန်တော် နားလည်လိုက်ပြီ။ ကျွန်တော် နတ်ပူးချင်သလိုလို ရူးချင်သလိုလိုဖြစ်လာပြီး ဒါဆိုရင် ကျွန်တော် တစ်ခုခု လုပ်မိတော့မယ်။

ကျွန်တော့်စိတ်တွေဟာ မြွေဟောက်ပါးပြင်းထသလို ဟုန်းဟုန်းထလာပြီ။ ဒါကြောင့် ကျွန်တော် ကောင်တာကို သွားပြီး ငွေရှင်းပေးလိုက်တယ်။

အဲဒီမှာတင် အောင်ဘက . .





''× × × မ၊ နင်က နင့်လင်တွေ အားကိုးနဲ့ ငါတို့ကို အာခံတယ်ပေါ့လေ''

ဆိုပြီး မလွမ်းရဲ့ပါးကို ဖျန်းဖျန်းနဲ့ ရိုက်တော့တာပဲ။

ဒီအထိ ကျွန်တော်တို့ သည်းခံပါတယ်။

လူဆိုးက ဟိုဖက်မယ်ကို ရိုက်တာပဲ။ သူ့အကြောင်းနဲ့သူ ရှိမှာပေါ့လို့ စိတ်ကို ချုပ်တီးထားတယ်။

''ဟောဒီမှာကြည့် နင် အားကိုးတဲ့ နင့်လင်တွေကို ငါဘယ်လိုလုပ်ပြမလဲဆိုတာ''

ဟု အောင်ဘက ပြောပြီး ကျွန်တော့်သူငယ်ချင်းတွေကို ခြေထောက်နဲ့ လိုက်ကန်ပါတယ်။

ကျွန်တော့်သူငယ်ချင်းတွေလဲ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ အွန်လောက်ဟိုတယ်အောက်ကို ပြေးဆင်းသွားကြပါတယ်။ ရှောင်လိုက်တာပါ။

အရက်နည်းနည်းထွေနေတဲ့ ဘိုနီတစ်ယောက် လိမ့်ပြီး အကန်ခံရတာ ကြမ်းပြင်ပေါ် လဲကျသွားတယ်။

ကျွန်တော့်မျက်လုံးထဲ ပြာခနဲ ဖြစ်သွားတယ်။ အဲဒီပြာခနဲဖြစ်သွားတာက ကျွန်တော်တို့ သည်းခံရမယ့် အမှတ်ကျော်သွားပြီဆိုတာ ကျွန်တော် သဘောပေါက်လိုက်ပြီ။

အဲဒီမျက်စိထဲ ပြာသွားတာက ချတော့ဟေ့လို့ မီးစိမ်းပြလိုက်သလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လဲ ငွေရှင်းကောင်တာပေါ်မှာ အလွယ်တကူ တွေ့တဲ့ အရက်ပုလင်းနှစ်ခုကို လက်နှစ်ဖက်နဲ့ စုံကိုင်လိုက်တယ်။

ပြီးတော့ အောင်ဘရဲ့ မျက်နှာကို အရက်ပုလင်းနဲ့ ဖြတ်ရိုက်လိုက်တယ်။ ကျန်တဲ့ပုလင်းနဲ့ မလွှမ်းကိုမဲပြီး ကျွန်တော့်ကို ကျောခိုင်းနေတဲ့ အော်ကုလားရဲ့ နောက်စေ့ကို ဝွမ်းခနဲနေအောင် ရိုက်ချတယ်။

အရက်ပုလင်း နှစ်ပုလင်းစလုံး ကွဲသွားပြီး ပုလင်းအချွန်နဲ့ အော်ကကုလားရဲ့ နောက်ကျောကို ဆောင့်ထိုးလိုက်တယ်။ အော်ကုလားက ကြောက်လန့်တကြား အားခနဲ အော်လိုက်တယ်။ ပြီးတော့ ကုလားထိုင်တစ်လုံးကို ဆတ်ခနဲ ဆွဲယူပြီး မျက်နှာမှာ သွေးတွေ ချင်းချင်းနီပြီး ယိမ်းထိုးနေတဲ့ အောင်ဘရဲ့ခေါင်းကို ဆင်ရိုက်တော့တာပဲ။ သူငယ်ချင်းဘိုနီက . .

''ဟေ့ကောင် မိုးကုတ်ချစ်တီး၊ အဲလေ . . သူ့ရ လွှန်မယ်။ လွှန်မယ်''

လို့ ပြောနေတာကိုတောင် ကျွန်တော် မကြားနိုင်လောက်အောင် သရဲမရဲစီးနေတာပဲ။

ကျွန်တော် သတိရလို့ ကြည့်လိုက်တော့ အောင်ဘ ရာ အော်ကုလားရော ကြမ်းပြင်ပေါ်က သွေးအိုင်ထဲ လဲနေတော့တာပဲ။ အဲဒီအချိန်မှာ ဟိုတယ်မန်နေဂျာ တရုတ်ကြီးက ကျွန်တော်တို့ကို သားသမီးချင်းစာနာစွာနဲ့ ဘာပြောတယ် ထင်သလဲ





''ဟေ့ . . ကောင်လေးတွေ ဘာငိုင်နေတာလဲ၊ ပြေးလေ ပြေးတော့'' လို့ ပြောတယ်။

ကျွန်တော်က တရုတ်ကြီးကို သိပ်လေးစားသွားပြီး ကျွန်တော် ရိုက်ခွဲလိုက်တဲ့ အရက်ပုလင်းနှစ်ပုလင်းဖိုး ထုတ်ပေးမယ်လုပ်တော့ တရုတ်ကြီးက ကိစ္စမရှိဘူးလေ၊ နင်တို့သာ လွတ်အောင်ပြေး၊ ခွီးမသားတွေက လူမိုက်တွေတဲ့။

ကျွန်တော် မပြေးပါဘူး ဘိုနီကိုဆွဲထူပြီး အွန်လောက်ဟိုတယ်အောက်ကို ဆင်းခဲ့ကြတာပါပဲ။

အောက်မှာ နာရယမ်းရဲ့ကားက အသင့်စောင့်နေပြီး အဆောင်မှာနေတဲ့ သူငယ်ချင်းတွေကို ပြန်ပို့ဖို့ ထွက်ခွာခဲ့တယ်။

လမ်းမှာ ဘိုနီက . .

''မိုးကုတ်သားချစ်တီးကတော့ဟေ့ ရဲသလား မေးမနေနဲ့၊ လူမိုက်နှစ်ယောက်တော့ သေမလားရှင်မလား မသိဘူး'' တဲ့။

ဘော်ခန်းစော်ဘွားကြီးက . . .

''ဒီလိုချမယ်ဆိုရင်လဲ ငါတို့ကို လက်တို့ရောပေါ့ မိုးကုတ်ချစ်တီးရာ၊ ငါတို့လဲ ဒီကောင်တွေကို ဆွမ်းကြီးလောင်းချင်တာပေါ့''

မဟာရာဂျာက ဘာပြောတယ် ထင်သလဲ၊

''ဟေ့ကောင် မိုးကုတ်ချစ်တီး မင်းကလဲ ရန်ဖြစ်ရင် ဖြစ် ဝတ်လုံဖြစ်မှ ဖြစ်ကာ မဟုတ်ဘူး။ ဒါမှ မင်းအမှုကို ငါ လိုက်ပေး



www.burmeseclassic.com

www.burmeseclassic.com



မှာ'' လို့ ဝင်စတယ်။

ကျွန်တော်တို့လဲ မဟာရာဂျာကို မနာအောင် ဝိုင်းထိုးကြတယ်။ အဲဒီရန်ပွဲက ကျွန်တော့်ကို ရန်ကုန်ကနေ မန္တလေးပြန်ခိုင်းလိုက်တဲ့ ရန်ပွဲပဲ။

အဲဒီလို လူမိုက်နှစ်ယောက်က သေတော့မသေဘူး။ ဆေးရုံမှာ နှစ်လနီးလောက် အသည်းအသန် ကုလိုက်ရတယ်။ ပြောရမယ်ဆိုရင် သေသွားနိုင်တာ။ သေနေ့မစေ့လို့ကို မသေသေးတာ။

လူမိုက်တစ်ယောက် မြန်မြန်သေရင် လောကကြီး ငြိမ်းချမ်းဖို့ ဖြစ်တာပါပဲ။ ဒါပေမယ့် အဲဒီလူမိုက်က အသက်ရှင်နေတော့ လောကကြီး ကံဆိုးရပြန်တာပါပဲ။

အဲဒီရန်ပွဲလို ပုလိပ်ဖက်က လိုက်ပါသေးတယ်။ အဲဒီလူဆိုးနှစ်ယောက်ကို သေကောင်ပေါင်းလဲ ဖြစ်သွားအောင် ရိုက်သွားတာ ကောလိပ်ကျောင်းသားတွေမှန်းသိလို့ ပုလိပ်ဖက်က စုံစမ်းပါသေးတယ်။

လူဆိုးတစ်ယောက်က မိုးကုတ်ချစ်တီးဆိုတဲ့ စကားသံကြားရလို့ အဆောင်နေတဲ့ မိုးကုတ်သားတွေထဲက အချို့ကို စုံစမ်းသေးတယ်။ နေ့ကျောင်းသားထဲက ဘယ်မိုးကုတ်သားကိုမှ မစုံစမ်းပါဘူး။ မိုးကုတ်သားထဲမှာလဲ အဆောင်မနေတဲ့ ကျောင်းသားကလဲ ရှားတာကိုး။





ပုလိပ်တွေကလဲ တာဝန်ရှိလို့သာ အမှုစုံစမ်းရပေမယ့် လူမိုက်တွေကို ရိုက်သွားတဲ့ ကောလိပ်ကျောင်းသား အပြစ်ရစေချင်ပုံ မရှိဘူး။ ဒါကြောင့် ပုလိပ်ဖက်က စေတနာနဲ့ မစုံစမ်းဘူး။ မင်းတိုင်းကျေပဲ စုံစမ်းတယ်။

လူထုက အော့နှလုံးနာနေတဲ့ လူဆိုးတွေကို ကောင်းကောင်း ဆုံးမသွားတဲ့ ကောလိပ်ကျောင်းသားတွေကို ပုလိပ်တွေက သဘောတောင် ကျသေးတယ်။ ဝမ်းထဲက ကျိတ်ပြီး ချီးကျူးနေသေးတယ်။

ပုလိပ်တွေမှာလဲ စုံထောက်တဲ့ပညာ အပြည့်ရှိတာပဲ။

သူတို့သာ သေသေချာချာ အလေးနက်ထားပြီး စုံစမ်းရင် ကျွန်တော်တို့ လူသိုက်ကို ခြေရာခံမိမယ်ဆိုတော့ ယုံမှားသံသယရှိစရာ မလိုပါဘူး။

သူတို့တွေလဲ သူတို့အထာ သူတို့ပညာတော့ သူတို့လုပ်ငန်းမှာ ကျွမ်းကျင်ပြီးသားပါ။

ပုလိပ်ဖက်ကသာ ဒီကိစ္စကို ပေါ့ပေါ့ဆဆ ထားပေမယ့် အောင်ဘနဲ့ အော်ကုလားတို့ကတော့ ပေါ့ပေါ့ မထားနိုင်ဘူး။ သူတို့ လက်တုံ့ပြန်ဖို့ ကျွန်တော်တို့လို စုံစမ်းကြတယ်။

မိုးကုတ်ကနေ ဗဟန်းဘက်မှာ လာအခြေချတဲ့ မိုးကုတ်သား မြင်းသမားကြီးတစ်ဦးနဲ့ ပေါင်းပြီး မိုးကုတ်ကနေ ကောလိပ်လာတတ်တဲ့ ကျောင်းသားတွေနဲ့ သတင်းကို စုံစမ်းတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ပြန်ကြားရတာပါ။

ဒါတင်မကဘူး။ သူတို့ ဖွဲ့နပဲ ဘယ်လောက် ကြီးသလဲဆိုရင် မိုးကုတ်အထိသွားပြီး မိုးကုတ်ကနေ ကောလိပ်ရောက်နေသူတွေရဲ့ စာရင်းကို လာကောက်သတဲ့။

အဲဒီမှာ သူတို့ ကျွန်တော့်နာမည် သူ့ရဆိုတာ သိသွားရတယ်။ ဒါပေမယ့် သူတို့လူကို ရိုက်သွားတာ ကျွန်တော်မှန်းတော့ သိသေးတာ မဟုတ်ဘူး။

ကျွန်တော်က မန္တလေးမှာ ခေါင်းထိုးမှု ဖြစ်ဖူးတာဆိုတော့ မန္တလေးရောက်မှ သူတို့ ရေးတေးတေး သတင်းရသွားတာပါပဲ။

မန္တလေးမှာ သူတို့ ဘယ်လိုသတင်းရသလဲဆိုတော့ မိုးကုတ်က မန္တလေးမှာ ကျောင်းလာနေဖော့ မိုးကုတ်သားလေး တစ်ယောက်ဟာဖြင့် လက်အလွန်ယဉ်တယ်။

ခေါင်းထိုးမှု နှစ်ကြိမ် ဖြစ်တယ်။ သူ့နာမည်က မောင်သူ့ရဆိုတဲ့ သတင်းထောက်ပါ။ အဲဒီ မောင်သူ့ရဟာ ရန်ကုန်ကောလိပ်ကို ရောက်နေတယ် ဆိုတာလောက် အထိတော့ သူတို့သိသွားတယ်။ သူတို့လူကို ရိုက် တာ မောင်သူ့ရဆိုတာကတော့ မသေချာသေးဘူး။

ဒါပေမယ့် သူတို့ ကျွန်တော့်ကိုတော့ မသင်္ကာသေးဘူး။ ခါတိုင်းထက်ပိုပြီး အာရုံစိုက်ပြီး စုံစမ်းတော့တယ်။ တခြား မိုးကုတ်သားတွေကိုလဲ သင်္ကာမကင်းစရာ မရှိတော့ ကျွန်တော့်အပေါ်





အာရုံစိုက်လာတာပေါ့။

ဒီတော့ ကျွန်တော်နေတဲ့ သော်မဆင်ရိပ်သာဘက်မှာ မသင်္ကာစရာကောင်းတဲ့လူတွေ တွေ့လာရတယ်။

ပြီးတော့ ကျွန်တော်နဲ့မသူဇာ အော်စတင် ကားလေးနဲ့ အပြင်ထွက်ရင် နောက်ယောင်ခံ လိုက်ကြည့်တဲ့ကားတွေ တွေ့လာရတယ်။

ဒီကြားထဲမှာ အွန်လောက်ဟိုတယ်က တရုတ်တွေလဲ မသက်သာဘူး။ မိုးကုတ်အား ကောလိပ်ကျောင်းသားတစ်ယောက်ရဲ့ခေတ်ပုံရတိုင်း သူတို့ကို ရိုက်သွားတဲ့ ကောလိပ်ကျောင်းသားဟာ ဒီလူလားဆိုတာ မကြာခဏ လာမေးသတဲ့။

တရုတ်တွေကလဲ ‘မီဟုတ်ဘူး’ ဆိုပြီး ငြင်းလွှတ်သတဲ့။

မလွှမ်းလဲ ဘယ်သက်သာမလဲ။ မလွှမ်းကို နေ့တိုင်း ကောလိပ်ကျောင်းထဲ ခေါ်လာပြီး သူတို့ကို ရိုက်တဲ့လူကို စုံစမ်းသတဲ့။

သူတို့ လုပ်နေကိုင်နေပုံတွေက ကောလိပ်ကျောင်းကို မာဖီးယားဂိုဏ်းကြီးက ဝင်စီးပြီး အနိုင်ကျင့် သတ်ဖြတ်တော့မယ့်ပုံမျိုးပါ။ ကျွန်တော်လဲ လာမယ့်ဘေးကို ပြေးတွေ့ဖို့ စိတ်ကူးမိတယ်။ အုပ်စုကြီးဆိုတာ မှန်တယ်။ ဒါပေမယ့် အဲဒီအုပ်စုကြောင့်သာ သူတို့ သတ္တိရှိနေတယ်ဆိုတာလဲ ထင်ရှားနေတာပဲ။

တစ်ဦးချင်း သတ္တိအနေနဲ့တော့ ရှိပုံမပေါ်ပါဘူး။ လူဆိုး



www.burmeseclassic.com

www.burmeseclassic.com



တွေ ဆိုတော့လဲ အောက်တန်းစားစိတ်ဓာတ်ပဲ ရှိတယ်။ အားယော်ရင် အင်အားနဲ့ ဖိတယ်။ အနိုင်ကျင့်တယ်။ စော်ကားတယ်။

အားကြီးတဲ့လူဆိုရင် သူတို့ရှိခိုးမယ်။ ထိုးမိုးမယ်။ ဖိနပ်ကိုင်မယ်။ ဆလံပေးမယ်။

အဲဒီတော့ တစ်ဦးချင်းယှဉ်ပြိုင်ပြီး သတ္တိပြဖို့ ကျွန်တော် ရူးရူးမိုက်မိုက် စိတ်ကူးမိတယ်။

သူတို့က ကျွန်တော့်ကို ရန်ကုန်ယူနီဗာစီတီမှာ မြေလှန်ရှာနေတဲ့ အချိန်မှာ ကျွန်တော်ကလဲ တရုတ်တန်း၊ လမ်းမတော်၊ ရန်ကုန် နောက်ပိုင်းနဲ့ ဟော်တယ်တွေမှာ အော်ကုလားနဲ့ အောင်ဘာကို ရှာပုံတော်ဖွင့်နေမိတယ်။

အကယ်၍ အောင်ဘာကိုဖြစ်စေ၊ အော်ကုလားကိုဖြစ်စေ တွေ့ရင် စိန်ခေါ်ပွဲလုပ်ပြီး ဓားနဲ့ထိုးဖို့ပါ။ ကျွန်တော်ရဲ့ လက်စွဲတော် ရှမ်းဓားမြောင်ကိုလည်း မြအောင်သွေးထားတာ။ ရှမ်းမွှေးတောင် နှစ်ပိုင်းပြတ်နိုင်တယ်။

သူတို့ ကံကောင်းတာလား။ ကျွန်တော် ကံကောင်းတာလား မသိဘူး။ ကျွန်တော်နဲ့ အဲဒီလူဆိုးနှစ်ယောက် အချိန်တော်တော်ကြာ ပုန်းလှည်းလှည်းနေတယ်။

ဒါပေမယ့် ကံကောင်းခြင်းဆိုတာဟာ ရေရှည်ခံတဲ့ပစ္စည်း မဟုတ်ပါဘူး။ ရေစိမ်လဲ မခံပါဘူး။ ဥတုသုံးပါးလဲ မခံပါဘူး။

မကြာပါဘူး။ အော်ကုလားနဲ့ ကျွန်တော်နဲ့ မျက်နှာချင်း





ဆိုင် တွေ့ရပါတယ်။ တွေ့တဲ့နေရာကတော့ ကုန်သည်လမ်းမှာရှိတဲ့ ချူကင်းဆိုတဲ့ ဟိုတယ်မှာပါ။ အဲဒီနေ့က သူတစ်ယောက်တည်း အခန်းတစ်ခန်းထဲမှာ အရက်လာသောက်နေပါတယ်။

အွန်လောက်မှာစခဲ့တဲ့ ရန်စကို ချူကင်းမှာ အဆုံးသတ်ဖို့ ကျွန်တော် စိတ်ကူးလိုက်ပါတယ်။

ဒါကြောင့် အော်ကုလား အရက်သောက်နေတဲ့ အခန်းထဲကို ကျွန်တော် စွပ်ဝင်သွားပါတယ်။ ကျွန်တော် ခွင့်မတောင်းပါဘူး။ ခွင့်တောင်းတာကို နားလည်ရမှန်း မသိတဲ့ သူတို့ လူဆိုးတွေရဲ့ စရိုက်မျိုးနဲ့ပဲ ကျွန်တော် အခန်းထဲ ဝင်သွားပါတယ်။

ကုလားထိုင်ကို တွေ့တော့လည်း ခွင့်မတောင်းဘဲ ဆွဲထိုင်လိုက်တယ်။ အခန်းထဲကို ခွင့်မတောင်းဘဲ ဝင်တာရယ်၊ ကုလားထိုင်ကို ခွင့်မတောင်းဘဲ ထိုင်တာရယ်က သူတို့လူဆိုးလောကမှာ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စပါ။

ချူကင်း ဟိုတယ် မန်နေဂျာကတောင် အော်ကုလားကို ခါးညွတ်ပြီး ကြိုဆိုရတာ။ ဆရာကြီးလို့ ခေါ်ရတာ လေးစားသမှုပြုရတာ အော်ကုလားလို့ ဘယ်သူမှ ခေါ်ရဲတာမဟုတ်ဘူး။

ကျွန်တော်က ဟိုတယ်မန်နေဂျာကို အော်ကုလား ရှိသလားလို့ မေးတော့ တရုတ်ကြီးက မျက်လုံးပြူးသွားတယ်။ ရွှေသွားတွေ ဝင်းခနဲဖြစ်အောင် ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ဆိုရင်လဲ ဖြစ်စရာပေါ့။ အသက်အရွယ်ချင်း အရဆို ကျွန်တော်နဲ့ အော်ကုလားက သားအဖအရွယ်။ ဦးလေးနဲ့ တူအရွယ်။

မန်နေဂျာက ပထမတော့ အော်ကုလားရှိတဲ့ အခန်းကို လက်ညှိုးထိုးပြတယ်။ နောက်တော့ ဒီလိုလုပ်တာ သူ့အဖို့ အော်ကုလားကို မလေးစားရာ ရောက်သလားလို့ ထင်သွားပုံရတယ်။

ကောင်တာက ပေါ့ပါးစွာ ခုန်ဆင်းလာပြီး ကျွန်တော့်ကို လက်ကာပြတယ်။

ပြီးတော့ သူက ကျွန်တော့်နာမည်မေးပြီး အော်ကုလား အခန်းထဲဝင်ပြီး ဝင်ခွင့်တောင်းမယ်လို့ စိတ်ကူးဟန် တူပါတယ်။

ကျွန်တော်က ချုံကင်းဟိုတယ် မန်နေဂျာကို လှည့်မကြည့်တော့ဘဲ တော်ကုလားရှိနေတဲ့ အခန်းထဲကို အခုလို စွပ်ဝင်လာခဲ့တာပါ။

အခုလို အခန်းထဲဝင်တာ။ ခွင့်မရဘဲ ကုလားထိုင်မှာ ဝင်ထိုင်တာတွေက ကျွန်တော်လို လူစိမ်းတစ်ယောက်အတွက် အော်ကုလားအဖို့ အကြီးအကျယ် မကျေနပ်စရာပါပဲ။

ဒီလိုအဖြစ်မျိုးလဲ သူ ကြုံဖူးဟန်မတူလို့ အံ့ဩသွားဟန် သူ့မျက်နှာမှာ တွေ့ရပါတယ်။

ကျွန်တော်က ခပ်တည်တည်နဲ့ သူသောက်နေတဲ့ အရက်ပုလင်းကို ဖန်ခွက်ထဲ မထည့်ဘဲနဲ့ နည်းနည်းမော့သောက်လိုက်ပါ





တယ်။ လူဆိုးလောကမှာ ဒီအပြုအမူဟာ ဗိုလ်ကျတဲ့ အပြုအမူပါပဲ။ စော်ကားတဲ့ အပြုအမူပါဘဲ။ ရန်စတဲ့ အပြုအမူပါပဲ။

ဒီလိုလုပ်ပြီးရင် ရန်ဖြစ်ရုံကလွဲပြီး ဘာမှဖြစ်စရာအကြောင်း မရှိတော့ပါဘူး။

အော်ကုလားက ကျွန်တော့်ကို အံ့ဩစွာနဲ့ မိုက်ကြည့်ကြည့် လိုက်တယ်။ သူက ကျွန်တော့်ကို ဘယ်သူဘယ်ဝါလဲဆိုတာ သိလိုဟန်နှင့် စူးစမ်းမလို့ ပါးစပ်ပြင်နေတယ်။

ကျွန်တော်က ဦးအောင် မေးလိုက်တယ်။ ခင်ဗျား အော်ကုလားလားလို့လေ။

အော်ကုလား ပိုပြီး အံ့ဩသွားပုံရတယ်။ သူ့ရှေ့မှာ ဘယ်သူမှ အော်ကုလားကို ခေါ်ရဲတာမှ မဟုတ်ဘဲ။

ကျွန်တော်လို ချာတိတ်တစ်ယောက်က သူ့ရှေ့တင် သူ့နာမည်ကို ခေါ်တယ်ဆိုတော့ အတော်လည်း ခံပြင်းသွားမှာပါပဲ။

သူက ကျွန်တော့်ကို ကြောက်မလားဆိုပြီး မျက်ထောင့်နီကြီးနဲ့ ကြည့်တယ်။ မိုက်ကိုက်နဲ့ မျက်လုံးကို မှေးကြည့်တယ်။ မျက်ခမ်းမွေးစလည်း ထောင်လာတယ်။

ကျွန်တော်က ဗိုလ်တဲတစ်ခုမှာ သရဲက သူ့ကို ခြောက်နေတာ သရဲမှန်းကို မသိလို့ မကြောက်တဲ့ အင်္ဂလိပ်လူမျိုး အရာရှိကြီးလိုပါပဲ။

သူ ခြောက်လှန့်သမျှ ဣကိပိတော မရွတ်ဘဲနဲ့ကို မ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ပါဘူး။ အော်ကုလားက ကျွန်တော့်ကို မေးလိုက်တ
ဘယ်သူလဲတဲ့။

ကျွန်တော်က မဆိုင်းမတွဘဲ ဖြေလိုက်တယ်။ ခင်ဗျား
လိုက်ရှာနေတဲ့ မိုးကုတ်ကျောင်းသားဆိုတာ ကျုပ်ပဲလို့ ခပ်မာ
ပြောလိုက်တယ်။ ပြီးတော့ . . .

''အခု တွေ့ပြီပဲ ဘာလုပ်မလဲ''

လို့ မေးလိုက်တယ်။

အော်ကုလားဟာ ကျွန်တော်ရဲ့ သတ္တိကို ရိပ်မိသွားပုံ
ပြီ၊ သမ္မာရင့်လူဆိုးပီပီ တုန်လှုပ်ပုံတော့ မပြပါဘူး။ ထူခြေ့ရပါတ

ကျွန်တော်က ဆက်ပြီး ပြောလိုက်တယ်။ ခင်ဗျားတို့ ဂ
ကို ဘာဖြစ်လို့ မိုးကုတ်အထိ တက်ရှာရတာလဲ၊ ကျုပ်က ကြေ
လို့ ပုန်းမယ့်လူစား မဟုတ်ဘူးဗျ၊ တွေ့ချင်ရင် အချိန်မရွေး ရပါတ

''အွန်လောက်ဟိုတယ်မှာ ခင်ဗျားကို ပုလင်းနဲ့ရိုက်
ဆုပေးမလို့ လိုက်ရှာနေတာလား''

လို့ မခိုးမခန့် ပြောလိုက်တယ်။

အော်ကုလားက ကျွန်တော့်ကို . . .

''ဩော် . . မင်းလား၊ တို့က မင်းကို သေစာရင်းသွ
ပြီ'' လို့ ခြိမ်းခြောက်ပါတယ်။

ကျွန်တော်က ရယ်မောပြီး . .

''လူတွေဟာ မွေးဖွားလာကတည်းက သေစာရင်း





ပြီးသားပဲဟာ၊ ခင်ဗျားတို့ကလဲ အလုပ်မရှိ အလုပ်ရှာပြီး သေစာ
ရင်း အထူးသွင်းနေရသေးလားဗျာ။ တော်တော်ရယ်ရတဲ့ လူ
တွေပဲ''

လို့ သူ့ ခြိမ်းခြောက်တာကို ဟားတိုက်ရယ်မောလိုက်
တယ်။ လူမိုက်ပီပီ သူ့ ခြိမ်းခြောက်တာကို ကျွန်တော်က မကြောက်
မှန်းသိတော့ သူ ကြောက်လာပုံ ရပါတယ်။

ခြိမ်းခြောက်တာကို ခြိမ်းခြောက်ခံရသူက မကြောက်ဘူး
ဆိုရင် ခြိမ်းခြောက်သူဟာ စိတ်ဓာတ်ချောက်ခြားစမြဲပါ။ ဒါဟာ
နိယာမပါပဲ။ ဘယ်သူမှ ရှောင်လွှဲလို့မရတဲ့ နိယာမပါ။

လူဆိုးဆိုတာကလဲ လက်နက်အားကိုးနဲ့ ဒီလိုပဲ ခြိမ်း
ခြောက်ပြီး စားသောက်နေတာပါ။

သူတို့ ခြိမ်းခြောက်တာကို ကြောက်သွားရင် တစ်
သက်လုံး ခံပေတော့။ ဦးကျိုးပြီး သူပြုသမျှ နုရတော့တာပဲ
မဟုတ်လား။ အခု ကျွန်တော်က မကြောက်ဟန်ပြလိုက်တော့
ဘာလုပ်ရ မှန်းတောင် အော်ကုလား မသိရှာပါဘူး။ အော်ကုလား
ယောင်နန ကြီး ဖြစ်နေတယ်။

သူ့လက်ထဲက အရက်ဖန်ခွက်ကို ဆက်သောက်ရ
ကောင်း မလား။ ပြန်ချရ ကောင်းမလား ချီတုံချတုံ ဖြစ်နေတယ်။

ကျွန်တော်က သွေးတိုးစမ်းတဲ့အနေနဲ့ ချေပလိုက်တယ်။

''ခင်ဗျားကလဲဗျာ၊ ခင်ဗျားထဲလာတဲ့ ညှော်သည်ကို



www.burmeseclassic.com

www.burmeseclassic.com



အရက် မတိုက်တော့ဘူးလား။ ဖန်ခွက်တွေ အမြည်းတွေ တည်ပါဦး''

လို့ ပြောလိုက်တယ်။

အော်ကုလား မှာပေးတယ်။ ဖန်ခွက် ရောက်လာတယ်။ အမြည်းအဖြစ် ကဇွန်းလုံးကြော်နဲ့ အူမကြီးသုပ်။

ကျွန်တော် သိလိုက်ပြီ။ အော်ကုလား ကျွန်တော့်ကို မ ကြောက်သော်လည်း ရှိန်နေပြီ။

ကျွန်တော်ပေးတဲ့ အမိန့်အတိုင်း အော်ကုလား လိုက် လျောနေရပြီ။ အဲဒီတော့ အော်ကုလား စောစောကလို လေသံ မမာတော့ဘူး။ သူ လေသံပြောင်းလဲလာပြီ။

အော်ကုလားက ကျွန်တော့်ကို . .

''မင်း ဘာလာလုပ်တာလဲ''

လို့ မေးလိုက်တယ်။

ကျွန်တော်က တိုတိုပဲ ဖြေလိုက်တယ်။

''ခင်ဗျားကို သတ်မလို့''

အော်ကုလား တော်တော်လန့်သွားပုံ ရတယ်။ ဖန်ခွက် လွတ်ကျသွားတယ်။

အဲဒီလို ပြောပြီးရင်ပဲ ကျွန်တော်ရဲ့ လက်စွဲတော် ဓား မြှောင်ကလေးကို ဆတ်ခနဲ ဆွဲထုတ်လိုက်တယ်။ မီးရောင်နဲ့ လက် ခနဲ ဖြစ်သွားတယ်။ အော်ကုလားရဲ့ မျက်နှာမှာ သွေးမရှိတော့ဘူး။





အော်ကုလား ထိုင်ရာက ဆတ်ခနဲ ထလိုက်တယ်။ ကျွန် တော်က လက်နက်အဖြစ် အသုံးပြုနိုင်တဲ့ အရက်ပုလင်းကို ဖျပ် ခနဲ ဆွဲယူလိုက်တယ်။ ပုလင်းနဲ့ ကျွန်တော့်ကို မရိုက်နိုင်အောင်ပေါ့။

အော်ကုလားရဲ့ အင်္ကျီအိတ်ထဲမှာ ဘာလက်နက်ပါ သလဲတော့ ကျွန်တော် မသိနိုင်ဘူးပေါ့လေ။ ဒါပေမယ့် စားပွဲပေါ် က ပုလင်းနဲ့ မရိုက်ရအောင် ကာကွယ်ရတာပါ။ သူ့အိတ်ထဲမှာ ဘာလက်နက် ပါသလဲဆိုတာမသိရတော့ သူ စိတ်ဓာတ်ချောက် ချားသွားအောင်ပါ။

''သူများကို အမြဲအနိုင်ကျင့်တဲ့ ခင်ဗျားတို့လို လူဆိုးတွေ က ခင်ဗျားတို့ကို အနိုင်ကျင့်မယ့်လူနဲ့ တွေ့တော့ တော်တော်လန့် သွားလား အော်ကုလားရ''

လို့ ကျွန်တော်က မခိုးမခန့် မေးလိုက်တယ်။

အော်ကုလားက ကျွန်တော်ရဲ့ လှုပ်ရှားမှုကို မျက်တောင် မခတ် စိုက်ကြည့်နေတယ်။ ဒါပေမယ့် သူ့ရဲ့မျက်လုံးသူငယ်အိမ်က တော့ လည်နေတယ်။ စိတ်ဂဏှာမငြိမ်မှုကို ပြနေတာပါ။

ကျွန်တော်က ထိုင်ရာက မထဘဲ အရက်ခွက်ကို ဟန်ပါပါ နဲ့ မော့ချလိုက်တယ်။

အဲဒီအချိန်မှာ အော်ကုလားက လက်ခုပ်သုံးချက်တီး လိုက်တယ်။ အော်ကုလားဟာ ချုံကင်းဟိုတယ်အခန်းထဲမှာ တစ်ယောက်တည်း အရက်သောက်နေပေမယ့် သူ့တပည့်တွေ



www.burmeseclassic.com

www.burmeseclassic.com



အနီးအနားမှာ ရှိနေပုံပါပဲ။

မကြာခင် လူသုံးယောက် ကျွန်တော်တို့ အခန်းဝမှာ ဘွား ခနဲ ပေါ်လာတယ်။ သူတို့အခန်းအပြင်ဖက်မှာ အဆင်သင့်ရှိနေပုံ မျိုးဘဲ။

အဲဒီ လူသုံးယောက်စလုံးဟာ မြင်ရုံနဲ့ လူဆိုးလူမိုက်တွေ မှန်း သိသာတယ်။ လူသုံးယောက်ထဲက အရပ်ပုပု ဂင်တိုတို မှုန် ကုပ်ကုပ်နဲ့လူက အော်ကုလားကို လှမ်းမေးလိုက်တယ်။

အော်ကုလား တစ်ယောက်တည်း ချုံကင်းကို လာ တယ်လို့ ကျွန်တော် ထင်မိတာ လွဲသွားပြီ။ အော်ကုလားဟာ တပ်တော်ပါ မိုလ်ထုကို ကိုယ်ရံတော်ပြုပြီး ချုံကင်းဟိုတယ်ကို ရောက်နေတာကိုး၊ အော်ကုလားက သူတို့ကိစ္စရှိလို့ အခန်းထဲမှာ အရက်သောက်ရင်း စောင့်နေပုံရတယ်။

သူ့လူတွေကတော့ အခန်းအပြင်ဖက်က ခန်းမထဲမှာ စောင့်နေပုံရတယ်။

ကျွန်တော် ရောက်ရောက်ချင်း လက်ခုပ်တီးမခေါ်ဘဲ အခုလို စားမြှောင်ထုတ်မှ လက်ခုပ်တီးခေါ်တာကတော့ အော် ကုလားဟာ သူတစ်ယောက်တည်းနဲ့ ကျွန်တော့်ကို အခန်း အပြင်ကို မောင်းထုတ်နိုင်မယ် မထင်လို့ ဖြစ်မှာပါ။

ကျွန်တော်က မထေမဲ့မြင်ပြုပြီး အရက်ထိုင်သောက်နေ ပေမယ့် အော်ကုလားကတော့ မတ်တပ်ရပ်နေတာဟာ သူ့တ





ပည့်တွေ အမြင်မှာတော့ မကောင်းလှဘူး။

လူသုံးယောက်ထဲက အရပ်ပုပု၊ ဂင်တိုတို၊ မှုန်ကုပ်ကုပ် နဲ့ လူက အော်ကုလားကို လှမ်းမေးလိုက်တယ်။

''ဘာဖြစ်လို့လဲ အာဝရီ''

လို့ လေသံခပ်မာမာနဲ့ မေးတယ်။ အော်ကုလားက

''ဒါ့ကို အမိုက်တစ်ပင် လာပြီးရှုပ်နေလို့ တံမြက်စည်း လှည်းပစ်စမ်းကွာ'' လို့ အမိန့်ပေးလိုက်တယ်။

လူဆိုးသုံးယောက်က ကျွန်တော့်ကို မိုက်ကြည့်ကြည့် ပြီး ''ဟော့ . . ချာတိတ်၊ အခန်းထဲက အခုထွက်သွားစမ်း''

လို့ စောစောကလူက အမိန့်ပေးတယ်။

ကျွန်တော်က သူ့စကားကို မကြားချင်ယောင်ဆောင်ပြီး ထိုင်နေလိုက်တယ်။

အခုတော့ ကျွန်တော် ဝင့်လည်ပြီဆိုတာ နားလည် လိုက်ပါတယ်။ စောစောက အော်ကုလားတစ်ယောက်တည်း ထင်ပြီး ကျွန် တော် သူ့ကို ကြဲခဲ့သမျှ အခုတော့ သူ့တပည့်တွေ က ကျွန်တော့်ကို ဝိုင်းပြီး ဆွမ်းကြီးလောင်းတော့မှာကို ကျွန်တော် ရိပ်မိလိုက်ပြီ။

ဒါပေမယ့် အော်ကုလားလို လူမိုက်ခေါင်းဆောင် တစ် ယောက်ကို ရဲရဲဝံ့ဝံ့နဲ့ ရင်ဆိုင်ပြီး ခြိမ်းခြောက်နိုင်တာကို ကျွန်တော် ကျေနပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အော်ကုလားလို လူဆိုးတွေဟာ လက်နက်ရင်လဲ အားကိုးမယ်။

ဒါမှမဟုတ် လူအင်အားကိုလဲ အားကိုးမယ်။ ပင်ကိုသတ္တိ မရှိဘူးဆိုတာကို ကျွန်တော် မျက်ဝါးထင်ထင် တွေ့လိုက်ရတော့ အခု လူဆိုးသုံးယောက်ဟာ လူအင်အားသာ များပေမယ့် သတ္တိ သိပ်မရှိဘူးဆိုတာ ကျွန်တော် သိလိုက်ရပြီ။

အဲဒီတော့ သူတို့ထဲက တစ်ယောက်ယောက်ကို ဒဏ်ရာ အနာတရ ရအောင်လုပ်ပြီး သူတို့ရှိန်သွားချိန်မှာ ကျွန်တော် လွတ်ထွက်အောင် လုပ်ရမယ်ဆိုတာ တစ်မှဟုတ်ချင်း စဉ်းစားမိလိုက်တယ်။

ဘယ်သူ့ကို ဒဏ်ရာအနာတရ ရအောင်လုပ်မလဲ။

ကျွန်တော့်ဦးနှောက်ကို အလုပ်ပေးပြီး စဉ်းစားလိုက်တယ်။ ကိုင်မယ့်ကိုင်ခေါင်မှ တက်ကိုင်မယ်လို့ တစ်မှဟုတ်ချင်း ဆုံးဖြတ်လိုက်တယ်။

အဲဒီ ဆုံးဖြတ်လိုက်တာနဲ့ ချက်ချင်း ဝုန်းခနဲနေအောင် ကျွန်တော် ထရပ်လိုက်ပြီး ကျွန်တော် ထိုင်နေတဲ့ ကုလားထိုင်ကို အခန်းဝကို ကိုင်ပေါက်လိုက်တယ်။

အခန်းဝက မိုက်ကိုက်နဲ့ ကြည့်နေတဲ့ လူဆိုးသုံးယောက် ကုလားထိုင်နဲ့ အလုပ်များနေတုန်း ကျွန်တော် အော်ကုလား အနားကို လွှားခနဲ ရောက်သွားပြီး အော်ကုလားရဲ့ ဝမ်းဗိုက်ကို





ခါးမြှောင်နဲ့ တအားကြုံးထိုးလိုက်တယ်။

အော်ကုလားက ရှောင်လိုက်လို့ နံကြားကို ပွတ်ထိသွားတယ်။ အဲဒီအချိန်မှာ လူဆိုးသုံးယောက်က ကျွန်တော်တို့နားကို ပြေးဝင်လာတယ်။

ဒါပေမယ့် ကျွန်တော်က စားပွဲကြီးကို ဆောင့်ကန်လိုက်တော့ ဝုန်းခနဲ မြည်ပြီး စားပွဲကြီး လဲကျသွားတယ်။

အပေါ်မှာရှိတဲ့ အရက်ပုလင်းတွေ၊ ဖန်ခွက်တွေ၊ အမြည်းပန်းကန်တွေ၊ ရေခဲထည့်တဲ့ ခွက်တွေ ဝုန်းဒိုင်းဂွမ်းနဲ့ ကျကွဲကုန်တယ်။ ဒါပေမယ့် စားပွဲပြိုလဲသံကြောင့် သူတို့ကို ခေတ္တခဏ ကြောင်သွားရုံပဲ ဟန့်နိုင်တယ်။

သူတို့ ကျွန်တော့်ဆီ မလာအောင်တော့ မတတ်နိုင်ဘူး။

သူတို့ ကျွန်တော့်အနား ချဉ်းကပ်လာကြတယ်။

ပြီးတော့ အဲဒီအချိန်မှာ သူတို့လက်ထဲမှာ ခါးမြှောင် ကိုယ်စီနဲ့ ဖြစ်နေပြီ။

အော်ကုလားရဲ့ နံကြားက သွေးတွေ ထွက်လာလို့ သူတို့ ပိုပြီး ဒေါသထွက်လာကြပုံရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် တော်တော်လေး ကြောက်ရွံ့နေပါပြီ။

တစ်ယောက်ချင်း ယှဉ်ဝံ့ပေမယ့် သုံးယောက်နဲ့ တစ်ယောက်ဆိုတော့ ကျွန်တော် ရေရှည်မယှဉ်နိုင်ဘူးဆိုတာကို သိရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်တော် ပြေးပေါက်ကို စဉ်းစားမိတယ်။ စားပွဲကလဲ သူတို့ ကျွန်တော့်အနား ချဉ်းကပ်မလာဖို့ မတားနိုင်တဲ့အပြင် အပေါက်ဝကို ထွက်ပြေးဖို့ အတားအဆီးတစ်ခုပါ ဖြစ်နေတယ်။

ဒါကြောင့် ကျွန်တော်ဟာ ချောင်ပိတ်မိနေတဲ့ အဖြစ်မျိုး ဖြစ်နေပြီ။ ကျွန်တော်လဲ အတော် တုန်လှုပ်ချောက်ချားနေပြီး ကျွန်တော့်အဖြစ်ကလဲ သူတို့ပြုသမျှ နုရမယ့် အခြေအနေမျိုး ဖြစ်နေပြီ။

သူတို့သုံးယောက်က ဓားမြှောင်ကို ဝှေ့ယမ်းပြီး ရှေ့တိုးလာတာကို ကြည့်ရတာကိုက အသည်းယားစရာပါပဲ။

ကျွန်တော်က လက်နက်မရှိတဲ့ အော်ကုလားကို ဓားစာခံလုပ်ဖို့ စဉ်းစားသေးတယ်။

အဲဒီအချိန်မှာ အော်ကုလားက စားပွဲပေါ်က လိမ့်ကျလာတဲ့ အရက်ပုလင်းကို ရသွားပြီး ကျွန်တော့်ဦးခေါင်းကို ရိုက်ချဖို့ ရမ်းဆနေတယ်။

ကျွန်တော့်အဖြစ်က ရှေ့တိုးလဲကျား။ နောက်လှည့်လဲ နဂါး ဆိုတာလို ညှပ်ပူးညှပ်ပိတ် အခြေအနေမျိုး ဖြစ်နေပြီ။

ကျွန်တော် ကြောက်ရွံ့တုန်လှုပ်မှုကြောင့် ဘာဆက်လုပ်ရမှန်းတောင် မသိအောင်ဖြစ်ပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတယ်။ ကျွန်တော့် လက်တွေဟာ တဆတ်ဆတ် တုန်နေတယ်။





ခန္ဓာကိုယ်ကလည်း နတ်ကသလို တုန်နေတယ်။

အခုလောလောဆယ်တော့ ကျွန်တော့်အနားကို ချဉ်းကပ်လာတဲ့လူကို ဓားမြှောင်နဲ့ ထိုးသတ်ဖို့ပဲ။

မျက်စိကို လျှင်လျှင်ထားပြီး ခြေကို သိုင်းကွက်လှုပ်ရှားဖို့ စဉ်းစားနေတော့တာပဲ။

ဒါပေမယ့် စိတ်ဓာတ်က ချောက်ချားနေတော့ သိုင်းကွက်ကို မေ့သွားသလိုပဲ။ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြီး ဆန်းစစ်ကြည့်တဲ့အခါ ကျွန်တော်ဟာ ဒီလိုရန်သူနဲ့ တိုက်ခိုက်တဲ့ အတွေ့အကြုံမျိုး သိပ်မရှိပါဘူး။

ကျွန်တော်က လက်ယဉ်တဲ့လူဆိုတော့ လက်ဦးမှုကို ယူပြီး အနိုင်ကြဲလိုက်တာသာ များတယ်။ တစ်ခါမှ ခုခံတိုက်ခိုက်မှုနဲ့ ကြုံဖူးတာ မဟုတ်ဘူး။

အဲဒါကြောင့် ကျွန်တော် သွေးပျက်စပြုပြီ။ လက်မှာလဲ ချွေးစများ ထွက်လာတယ်။ အာခေါင်ခြောက်ပြီး ရေလဲငတ်လာတယ်။

လူဆိုးတစ်ယောက်က ကျွန်တော့်ဆီခုန်ပြီး ဝင်လာတယ်။ ကျွန်တော် သိုင်းကွက်နဲ့ နောက်တစ်လှမ်းဆုတ်ပြီး သူ့ရဲ့ဗိုက်ထဲ ဓားမြှောင် ထိုးသွင်းလိုက်တယ်။

အဲဒီလူဆိုးကလဲ သိုင်းတော့တတ်ပုံပဲ။ သူ့ဗိုက်ကို လှမ်းထိုးတဲ့ ကျွန်တော်နဲ့ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဓားမြှောင်လွတ်ကျအောင် လက်အားနဲ့ ညှစ်နေတယ်။

အဲဒီအချိန်မှာဘဲ သူ့ရဲ့ ကျန်တဲ့ဓားမြှောင်ကိုင်ထားတဲ့လက်နဲ့ ကျွန်တော့်ကို လှမ်းထိုးတယ်။ အဲဒီမှာဘင်ပဲ ကျွန်တော်လဲ ယောင်ပြီး ကျွန်တော့်လက်ထဲက ဓားမြှောင်ဟာ ကြမ်းပြင်ပေါ် လွတ်ကျသွားတယ်။

သူ လှမ်းထိုးတဲ့ ဓားမြှောင်ကိုတော့ မထိအောင် ကျွန်တော် ရှောင်နိုင်လိုက်တယ်။

ဒါပေမယ့် ဓားမြှောင်က နံဘေးက တစ်လက်မ မရှိတရှိ လွတ်သွားလို့ ကျွန်တော် အသည်းယားသွားတာပါပဲ။

ကျွန်တော့်လက်ထဲမှာ ဓားမြှောင်မရှိတော့လို့ ကျွန်တော်လဲ တော်တော်အားငယ်သွားပါတယ်။

ကျွန်တော့်မှာ ဓားမြှောင်မရှိတော့မှန်းသိလို့ စောစောကလူလဲ အားတက်သွားပုံရတယ်။ ကျွန်တော့်ကို အသေသတ်ဖို့ ဇက်ရဲလက်ရဲနဲ့ ချဉ်းကပ်လာပါတယ်။

သူ့ရဲ့ဓားမြှောင်ကိုင်ထားတဲ့ လက်ဟာလဲ နာရီလက်တံလို အချိန်မှန်မှန်နဲ့ ကျွန်တော်ရဲ့ နံကြားနဲ့ ဗိုက်ဆီကို ပြေးဝင်လာပါတယ်။

အခုချိန်ထိတော့ ကျွန်တော် ရှောင်တိမ်းနိုင်ပါသေးတယ်။ ဒါပေမယ့် ကျွန်တော့်အဖို့ မကြာတော့ဘူးဆိုတာ ကျွန်တော် နားလည်ပြီး အရမ်းကို အားငယ်သွားပါတယ်။





အဲဒီအချိန်မှာ နောက်တစ်ယောက်က ကျွန်တော့်ရဲ့ ကျောဖက်က ဝင်လာပြန်တယ်။

ကျွန်တော်က ဆတ်ခနဲ လှည့်ပြီး နောက်ကျောက လူရဲ့ ဓားမြှောင်ကိုင်ထားတဲ့ လက်ကို ခြေဖျားနဲ့ ခတ်လိုက်နိုင်ပါတယ်။ အဲဒီလူရဲ့ ဓားမြှောင် ပြုတ်ကျသွားပါတယ်။

သို့သော်လည်း စောစောကလူက ကျွန်တော့်ကို နောက်ကပွေ့ပြီး ဝမ်းဗိုက်ကို ဓားမြှောင်နဲ့ ထိုးပါတော့တယ်။

ဒီတစ်ခါတော့ ဘယ်လိုမှ ရှောင်မရဘဲ သွားပြီလို့ ကျွန်တော် ထင်လိုက်တယ်။

သို့သော်လဲ ကျွန်တော်က နောက်ဆုံးအနေနဲ့ ကြောက်ကန်ကန်တဲ့ အနေနဲ့ သူ့ရဲ့ ဓားမြှောင်ကိုင်ထားတဲ့ လက်ကို လက်ဝါးစောင်းနဲ့ ရိုက်ချလိုက်ပါတယ်။

ကျွန်တော်ရဲ့ ဝမ်းဗိုက်ဆီ ဝင်လာတဲ့ ဓားမြှောင်ဟာ လမ်းခုလပ်မှာ ရပ်သွားပါတယ်။

အဲဒီအချိန်မှာ အော်ကုလားက ကျွန်တော့်ခေါင်းကို အရက်ပုလင်းနဲ့ ရိုက်လိုက်ပါတယ်။ အရှောင်ကောင်းလို့ ခေါင်းတော့ လွတ်သွားပါတယ်။

ဒါပေမယ့် ပုလင်းဟာ ကျွန်တော့်ပခုံးပေါ်ကို တိုက်ရိုက်ထိလို့ ကျွန်တော့်ပခုံးဟာ မီးစနဲ့ ထိုးလိုက်သလို ဖြစ်သွားပါတယ်။ ပုလင်းလဲ ခွမ်းခနဲ ကွဲသွားသံကို အနီးကပ် ကြားလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပခုံးကို ပုလင်းနဲ့ ရိုက်တာလည်း အရမ်းနာကျင်သွားပါတယ်။ ဒါပေမယ့် နာတဲ့ဝေဒနာကို ကျွန်တော် မခံစားရဲဘူး။ ဓားမြှောင်ရဲ့ရန်က ရှိသေးတော့ ပခုံးက သွေးတွေ ယိုစီးလာမှန်း သိပေမယ့် ကျွန်တော် မကြည့်ရဲသေးဘူး။

ဒုတိယလူက လွတ်ကျသွားတဲ့ သူ့ဓားမြှောင်ကို ရှာနေတုန်း မှာဘဲ တတိယလူက ခုန်ဝင်လာပြန်တယ်။ အဲဒီလူက ဗလကြီးတယ်။ မိုက်ပုံလဲရတယ်။

ကျွန်တော့်လက်ထဲမှာ ဓားမြှောင်မရှိရက်သားနဲ့ အခုအချိန်ထိ ကျွန်တော့်ကို အသေမသတ်နိုင်သေးတာကို သူတို့တော်တော်ပဲ ခံပြင်းလာပုံရပါတယ်။

တတိယ ဝင်လာတဲ့လူက သားရဲမရဲ စီးသလို တရကြမ်းရှေ့ကို တိုးလာတယ်။ အဲဒီလူက သူသေကိုယ်သေ တိုက်မယ့်လူ။ သူ့အသားအနာခံပြီး သူသေရာကို ရန်သူကိုပါ ဆွဲခေါ်သွားမယ့်လူမျိုး။

အနာခံပြီး တိုက်ဝံ့တဲ့လူမျိုးက သိပ်ပြီး ကြောက်စရာကောင်းပါတယ်။ ပထမ လူနှစ်ယောက်ထက်စာရင် တတိယလူကို ကျွန်တော် အကြောက်ဆုံးပဲ။ အဲဒီလူက ကမူးရှူးထိုးသမား။

သူ့ကိုထိမှာ ဘာဘာညာညာ စဉ်းစားမယ့်လူ မဟုတ်ဘူး။ ကျွန်တော့်လက်ထဲမှာ ဘာလက်နက်မှမရှိလို့ သူတို့အာ





တက်မှာ အမှန်ပါပဲ။

တတိယလူက တရကြမ်းဝင်လာပြီး သူ့ကိုယ်လုံးအားနဲ့ဖိပြီး နံရံမှာ ကျွန်တော့်ကို ညှပ်ပြီး ဓားနဲ့ အသေထိုးသတ်ဖို့ ကြိုးစားတယ်။ အဲဒီလူက ..သကောင်းတော့ သူ့ကို အားချင်းယှဉ်ဖို့ မလွယ်ဘူးဆိုတာ ကျွန်တော် သဘောပေါက်မိတယ်။

ဒါကြောင့် သူနဲ့လူချင်း မပူးမိဖို့ ကျွန်တော် ကြိုးစားရတယ်။ ဒါပေမယ့် မလွယ်ပါဘူး။

ဘေးနားမှာက ဓားမြှောင်ကိုင်ထားတဲ့ လူနှစ်ယောက်နဲ့ ပုလင်းကျိုး ကိုင်ထားတဲ့ အော်ကုလားရှိနေသေးတာပဲ မဟုတ်လား။

ဗလကောင်းကောင်းနဲ့ တတိယလူက ရုတ်တရက် ကျွန်တော့်ဆီးစပ်ကို လှမ်းကန်လိုက်တော့ ကျွန်တော် မိုက်အောင့်ပြီး နံရံကို ကျောနဲ့ကပ်လိုက်မိတယ်။

အဲဒီအချိန်မှာ တတိယလူက ကျွန်တော့်အပေါ် ခုန်အုပ်လိုက်ပြီး ကျွန်တော့်ဝမ်းဗိုက်ကို ဓားမြှောင်နဲ့ တအား ထိုးစိုက်လိုက် တယ်။

ကျွန်တော်လဲ သွားပြီလို့ထင်ပြီး ခါးကိုကော့ပြီး အားကုန်ရုန်းလိုက်တာ သူ့ရဲ့ဓားမြှောင်ဟာ အုတ်နံရံနဲ့ထိပြီး သွေးချင်းချင်း သွားတယ်။

အဲဒီလူရဲ့ ဓားချက် လွဲသွားပေမယ့် ပထမလူက အခွင့်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းနေပြီး အပေါ်ကမိုးပြီး ကျွန်တော့်ရင်ညွန့်ကို ဓားမြှောင်နဲ့ ထိုးစိုက်ပြန်တယ်။

ရှောင်ဖို့ဟာလဲ ဗလကောင်းတဲ့ တတိယလူက ကျွန်တော့်ကို နံရံနဲ့ ညှပ်ထားလို့ ရှောင်ဖို့မရတော့ဘူး။

ဒါကြောင့် ရင်ညွန့်ကို ဝင်လာတဲ့ ဓားမြှောင်သွားဟာ ကျွန်တော့်ဇီဝိန်ကို ချွေမယ့် ဓားမြှောင်သွားလို့ထင်ပြီး ကျွန်တော် ဖောချွေးများပြန်သွားတယ်။

ဒါပေမယ့် ကံအားလျော်စွာ ကျွန်တော်က လက်နှစ်ဖက် ပတ္တာယှဉ်ပြီး ရင်ညွန့်ဆီ ဝင်လာတဲ့လက်ကို ဖမ်းလိမ်လိုက်နိုင်တယ်။

အဲဒီအချိန်မှာ အခန်းဝကို ရှမ်းဘောင်းဘီနဲ့ ခေါင်းပေါင်းထား တဲ့ လူတစ်ယောက် ရောက်လာတယ်။ အဲဒီလူက ဦးနန္ဒိယပါ။ ကျွန်တော့်ရဲ့ သက်တော်စောင့် အထိန်းတော်ကြီး ဦးနန္ဒိယပါ။

နောက်ပိုင်းကျမှ သိရတာက နာရယန်းက ကျွန်တော့် အလိုကျ ချုံကင်းဟိုတယ်ကိုပို့ပြီး ချက်ချင်းပဲ ဦးနန္ဒိယကို သွားခေါ်ခဲ့တာပါ။

ဦးနန္ဒိယဟာ ဘာလက်နက်မှ ပါလာပုံ မရပါဘူး။ ကမန်းကတမ်း ထွက်လာရလို့လား၊ ဒါမှမဟုတ် တမင်တကာ မယူခဲ့တာလား ကျွန်တော် မသိနိုင်ပါ။





ဦးနန္ဒိယဟာ လေးယောက်နဲ့တစ်ယောက် ခံချနေတဲ့ ကျွန်တော့်ကို အားပေးမျက်လုံးတစ်ဖက်က ပြုံးလိုက်တယ်။ ကျန်တဲ့မျက်လုံးတစ်ဖက်ကတော့ လူဆိုးတွေကို စက်ဆုပ်ရွံရှာစွာ ကြည့်နေပုံပါပဲ။

သူ့ရဲ့နှုတ်ခမ်းမွေးကျင်စွယ်ဟာ ဒေါသကြောင့် ထောင်ထနေ သလို ထင်ရတယ်။ ဦးနန္ဒိယရဲ့ မျက်လုံးများကတော့ မီးဝင်းဝင်း တောက်နေပြီး လူဆိုးများကို ကြည့်နေတယ်။

ဦးနန္ဒိယရဲ့ နှုတ်ခမ်းတစ်ဖက်တွန့်သွားချိန်မှာ ကျွန်တော့်ကို နံရံနဲ့ ညှပ်သတ်ဖို့ ကြိုးစားနေတဲ့ ဗလကြီးဆီကို လှမ်းခနဲ ရောက်လာပါတယ်။

ဗလကြီးက သွေးချင်းချင်းနီနေတဲ့ လက်ထဲက ဓားမြှောင်နဲ့ ဦးနန္ဒိယကို လှမ်းတွတ်တယ်။ ဦးနန္ဒိယက အသာရှောင်ပေးပြီး ဗလကြီးရဲ့ မေးစေ့ကို လက်တစ်ဖက်နဲ့ တွန်းတင်လိုက်ပြီး ဝမ်းဗိုက်ကို ဒူးနဲ့ပစ်သွင်းလိုက်တယ်။ အင့်ခနဲ အော်လိုက်တဲ့ ဗလကြီးရဲ့ အသံကို ကြားလိုက်ရတယ်။

တစ်ချိန်တည်းလိုမှာဘဲ ဗလကြီးလက်ထဲက ဓားမြှောင်ဟာ ဦးနန္ဒိယလက်ထဲ ရောက်လာတယ်။ ဗလကြီးလဲ ဗိုက်နှိပ်ပြီး လဲကျသွားတယ်။

ဦးနန္ဒိယဟာ သိုင်းသမားပီပီ လျင်လဲလျင်တယ်။ မြန်လဲမြန်တယ်။ သူလုပ်လိုက်ပုံဟာလဲ သိပ်ပြီးပေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနန္ဒိယလက်ထဲ ဓားမြှောင်ရောက်သွားတာနဲ့ အော်ကုလားတို့နှင့် သူ့တပည့်တွေ ရှဲသွားကြတယ်။ ဦးနန္ဒိယကို ဂရုစိုက်ကြည့်နေရတာနဲ့ ကျွန်တော့်နားကို မကပ်နိုင်တော့ဘူး။

''လူကလေး ပြန်တော့၊ အောက်မှာ ကားရှိတယ်။ ဒီကောင်တွေ ငါရှင်းပစ်လိုက်မယ်'' လို့ ဦးနန္ဒိယက ပြောတယ်။

ကျွန်တော်က အားတက်လာလို့ မပြန်သေးဘဲ ကျွန်တော် လွတ်ကျသွားတဲ့ ဓားမြှောင်ကို လိုက်ရှာနေမိတယ်။ အဲဒီ ဓားမြှောင် က အော်ကုလားရဲ့ ခြေထောက်နားမှာ ရောက်နေတယ်။ ကျွန်တော် ကုန်းပြီးမယူရဲဘူး။ အော်ကုလားရဲ့ လက်ထဲမှာ ပုလင်းကျိုးက ရှိနေတယ်။

ဦးနန္ဒိယက ဒုတိယလူဆီကို ချဉ်းကပ်သွားတယ်။ အဲဒီလူ လက်ထဲမှာ ဓားမြှောင်မရှိဘူး။ ကျွန်တော် ခြေဖျားနဲ့ခတ်လို့ ကျသွားတာ။ ဦးနန္ဒိယဟာ ဒုတိယလူရဲ့ အရိုက်ကို ခြေဖျားနဲ့ခတ်ပြီး ကုန်းကျအလာမှာ ကိုင်ပေါက်လိုက်တယ်။

အဲဒီအချိန်မှာ ဦးနန္ဒိယနားကို မချဉ်းကပ်ဝံ့တဲ့ ပထမလူဟာ လက်နက်မဲ့နေတဲ့ ကျွန်တော့်ကို အားသွန်ပြီး ဓားမြှောင်နဲ့ ဝင်ထိုးတယ်။ ဦးနန္ဒိယက ကြားဖြတ်ပြီး အဲဒီလူရဲ့လက်ကို လိမ်ချိုးပြီး ဓားမြှောင်ကို လုယူလိုက်နိုင်တယ်။

သူတို့အခြေအနေကို ရိပ်စားမိတဲ့ အော်ကုလားဟာ ဦးနန္ဒိယကို ပုလင်းကျိုးနဲ့ လှမ်းထိုးတယ်။ ဦးနန္ဒိယက ခါးကုန်းပြီး





ရှောင်လိုက်ကာ သူ့လက်ကို ဖမ်းဆုပ်လိုက်တယ်။ ပြီးတော့ ဦးနန္ဒိယ လက်သီးဟာ အော်ကုလားရဲ့ နံကြားထဲ ဝင်သွားတယ်။ အော်ကုလား ခွေကျသွားတယ်။

အဲဒီအချိန်မှာ ဒုတိယလူဟာ ကြမ်းပြင်ပေါ်မှာ ကျနေတဲ့ သူ့ဓားမြှောင်ကောက်ပြီး ကျွန်တော့်ရင်ဝကို ထိုးစိုက်လိုက်တယ်။

ဒါပေမယ့် ဦးနန္ဒိယက လှမ်းကာလိုက်လို့ ဓားမြှောင်ဟာ ဦးနန္ဒိယရဲ့ ဝမ်းဗိုက်ထဲဝင်သွားတာကို မမျှော်လင့်ဘဲ တွေ့လိုက်ရပါတယ်။

အဲဒီအချိန်မှာ ဦးနန္ဒိယဟာ အော်ကုလားကို ဓားနဲ့ထိုးနေတာမို့ ဒုတိယလူရဲ့ ဓားမြှောင်ကို သိုင်းချက်နဲ့ ဖမ်းလို့မရဘူး။ ဒါပေမယ့် ကျွန်တော့်ကို ဓားမြှောင်ထိမှာစိုးလို့ ဦးနန္ဒိယဟာ သူ့ခန္ဓာကိုယ်နဲ့ ထိုးကာလိုက်တာပါ။ ဒါကြောင့် ဓားမြှောင်ဟာ ဦးနန္ဒိယရဲ့ဗိုက်ထဲကို ဝင်သွားတာပါ။

အဲဒီအချက်ဟာ ဦးနန္ဒိယက ကျွန်တော့်အသက်ကို ကာကွယ်လိုက်ရင် အဲဒီဓားမြှောင်ဟာ ကျွန်တော့်ဗိုက်ထဲဝင်မယ့် ဓားမြှောင်ပါ။

ဦးနန္ဒိယဟာ သိုင်းဆရာ ပီသပါတယ်။ သူ့ဝမ်းဗိုက်ကို မထိမိ ဘယ်သူ့ကိုမှ ဓားမြှောင်နဲ့ မထိုးပါဘူး။ ဒူးနဲ့ဝင်္ကပ်ရုံ၊ ပေါက်ရုံလောက်ပဲ ဒဏ်ရာအနာတရ ရစေပါတယ်။

ဒါပေမယ့် သူ့ဝမ်းဗိုက်ထဲ ဓားမြှောင်ဝင်ပြီးတော့ ဦးနန္ဒိယ

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ကြမ်းတာပါတယ်။ ဒေါသလဲ ကြီးလာပုံရပါတယ်။ မျက်လုံးက မီးဝင်းဝင်းတောက်လာနေတယ်။

ဦးနန္ဒိယဟာ သူ့ကို ဓားနဲ့ထိုးတဲ့ ဒုတိယလူဆီကို ခုန်ဝင်သွားပြီး အဲဒီလူရဲ့ လက်ထဲက ဓားမြှောင်ကို လုယူတယ်။ အဲဒီလူက ဓားမြှောင်နဲ့ ဦးနန္ဒိယလက်ကို တွက်ပေမယ့် ဦးနန္ဒိယလက်ဟာ မြွေပါးမျဉ်းလှုပ်သလို ရှောင်တိမ်းပြီး ဓားမြှောင်ကို လုယူလိုက်တယ်။ ပြီးတော့ အဲဒီလူကိုလဲ ဓားမြှောင်နဲ့ ဗိုက်ထဲကို ယိုလိုက်တယ်။

ပြီးတော့ ဦးနန္ဒိယဟာ အော်ကုလားပေါ် ခုန်အုပ်လိုက်တယ်။ အော်ကုလား လဲကျနေရာက ဦးနန္ဒိယက ခြေထောက်ဆီး ကန်ကာပယ်။ ဦးနန္ဒိယဟာ အော်ကုလားကို ခွစီးမိသွားတယ်။

အော်ကုလားဆီက အသံနက်ကြီးနဲ့ အော်သံ ကြားရတော့တယ်။ အဲဒီအချိန်မှာ ပုလိပ်ဝီစီသံကို ကြားရပါတယ်။

ဦးနန္ဒိယဟာ အော်ကုလားခန္ဓာကိုယ်ပေါ်မှာ လဲကျနေရာကနေ ကျွန်တော့်ကို လှမ်းအော်လိုက်ပါတယ်။

''လူကလေး ပြေးပြေး၊ ဟိုတယ်နောက်ကနေ ကျွ ပြေး၊ ပုလိပ်တွေ လာနေပြီ''လို့ ဦးနန္ဒိယက သတိပေးရှာတယ်။ ကျွန်တော် မပြေးနိုင်ပါဘူး။

ဦးနန္ဒိယဝမ်းဗိုက်မှာ ဓားဒဏ်ရာရနေပါလျက်နဲ့ ကျွန်တော် ဘာလို့ ပြေးရမှာလဲ၊ ကိုယ့်အသက်ကို ကာကွယ်တဲ့ ဦးနန္ဒိယ





ကျွန်တော် ပစ်မထားနိုင်ပါဘူး။

ကျွန်တော် ပြေးရမယ့်အစား ဒဏ်ရာရနေတဲ့ ဦးနန္ဒိယအနားကို ချဉ်းကပ်သွားတယ်။ ဘဘ ဘာဖြစ်လို့လဲလို့ မေးလိုက်တယ်။ ဦးနန္ဒိယက ''ဘဘ ဘာမှမဖြစ်ဘူး။ လူကလေးသာ မြန်မြန်ပြေး၊ ဒီအရှုပ်ထဲမှာ ပါလာဦးမယ်''လို့ ပြောတယ်။

ကျွန်တော်က''အို.. ဒီအရှုပ်က ကျွန်တော်မွေးတဲ့ မီးဘဲ၊ ဘဘကို ပစ်ပြီး ကျွန်တော် မပြေးနိုင်ဘူး''လို့ ပြောတယ်။

အဲဒီအချိန်မှာ ပုလိပ်အရာရှိတွေ ကျွန်တော်တို့ ရန်ပွဲဖြစ်နေတဲ့ ဟိုတယ်ခန်းထဲကို ရောက်လာကြပြီ။

ကျွန်တော် မွေးသောမီးဟာ လူသားသုံးဦးကို လောင်ကျွမ်း ဝါးမြိုသွားပါတယ်။

အော်ကုလားနဲ့ ဒုတိယလူဟာ ဟိုတယ်ခန်းထဲမှာဘဲ သေနေပါပြီ။ ဦးနန္ဒိယကတော့ ဆေးရုံရောက်မှ သေပါတယ်။

ကျွန်တော်လဲ ဒီတစ်ခါတော့ ပြေးမလွတ်ဘဲ စတီးဝပ်ဂိတ်ထဲကို ရောက်သွားပါတယ်။

ကျွန်တော် အချုပ်ခံနေရတာကို ဘယ်လိုမှ စိတ်ပူပန်ခြင်းမရှိပါဘူး။ ဒါပေမယ့် ဦးနန္ဒိယအတွက် ဝမ်းနည်းကြေကွဲရလွန်းလို့ ကျွန်တော့်ရင်ထဲမှာ အပူလုံးကြွနေတယ်။

မှန်ပါတယ်။ ဦးနန္ဒိယဟာ ကျွန်တော့်ရဲ့ဗိုက်ပစ်ကို ဓားစာခံ သွားရတာပါ။ ဦးနန္ဒိယဟာ သိုင်းဆရာပီပီ သူ့ကိုယ်သူ အ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်နိုင်ပါလျက် ကျွန်တော့်ကို ကာကွယ်နိုင်အောင်လို့ သူ့ကိုယ်သူ မကာကွယ်နိုင်လိုက်တာပါ။

ဦးနန္ဒိယဟာ တကယ့်သိုင်းသမားပါ။

သူတတ်ထားတဲ့ ပညာနဲ့ ဘယ်တော့မှ တခြားလူကို ရန်မစဘူး။ အနိုင်မကျင့်ဘူး။ ဗိုလ်မကျဘူး။

သူ့ကို ရန်စရင်လဲ တတ်နိုင်သမျှ သည်းခံပါတယ်။ သိုင်းသမားဆိုတဲ့ မာနနဲ့ ထစ်ခနဲရှိရင် ပြန်လုပ်တာ မဟုတ်ပါဘူး။ သည်းမခံနိုင်တဲ့ နယ်နိမိတ်လွန်မှသာ သူပြန်လုပ်တာပါ။ သူလုပ်ရင်လဲ ဘယ်တော့မှ အသက်သေအောင် မလုပ်ပါဘူး။

ကျွန်တော်ကတော့ ဦးနန္ဒိယလို မဟုတ်ဘူး။ ထစ်ခနဲရှိ သိုင်းပညာအားကိုးနဲ့ လက်ယဉ်တယ်။ တစ်ခါမှတော့ သိုင်းပညာနဲ့ မတိုက် ခိုက်ရပေမယ့် ကိုယ်က လက်ယဉ်တော့ ယှဉ်လိုက်တိုင်း နိုင်တယ်။

အခုလည်း ကျွန်တော်သာ အော်ကုလားကို ရှောင်နေရင် ဦးနန္ဒိယ သေစရာအကြောင်းမရှိဘူး။

အော်ကုလားတို့က ကျွန်တော့်ကို ရှာနေတယ်ကြားတာနဲ့ ကျွန်တော်က လူမိုက်ကြီး လူရဲကြီးလုပ်ပြီး အော်ကုလားကို သွားတွေ့တာ။

ကျွန်တော်က အရွယ်ရောက်လာတဲ့ ချိုသွေးနေတဲ့ နွားပေါက်လို ဇွေချင်ခတ်ချင်နေလို့ ချိုက ယားနေတာ။ အဲဒီတော့





အော် ကုလားတို့လို လူမိုက်မျိုးကိုလဲ ရှောင်ကြဉ်သင့်ရဲ့နဲ့ သတ္တိက သိပ်ပြ ချင်နေတာ။

အော်ကုလားတို့လို လက်နက်အားကိုး၊ အသိုင်းအဝိုင်းအားကိုးတဲ့ မိုက်တဲ့လူမိုက်တွေဟာ ပင်ကိုသတ္တိ မရှိတာတော့ မှန်ပါတယ်။ သို့သော်လည်း သူတို့လို ယှဉ်ဖို့တော့ ကိုယ့်မှာလဲ အသိုင်းအဝိုင်းလိုတယ်။ အုံနဲ့ကျင်းနဲ့လိုတယ်။

တစ်ယောက်တည်းချွန်ပြီး သူတို့နဲ့သွားယှဉ်လို့ မရဘူး။ အခု ကြည့်ပါလား။ ကျွန်တော့်အဖြစ်ကိုပဲ ကြည့်ပါလား။

အော်ကုလားတစ်ယောက်တည်း အောက်မေ့လို့ သတ္တိချင်း သွားယှဉ်တာ။ အော်ကုလား လက်ခုပ်သုံးချက်တီးပြီး သူ့လူတွေ ဆင့်ခေါ်ပြီး ကျွန်တော့်ကို အမဲဖျက်မလို့လုပ်တာ။

ဦးနန္ဒိယသာ အချိန်မီရောက်မလာရင် ကျွန်တော် သေပြီပေါ့။ ကျွန်တော့်ကို အော်ကုလားက သူ့လူအုပ်နဲ့ ကီစွတုံးလုပ်ပြီး အစဖျောက်ပစ်လိုက်မှာပေါ့။

လူဆိုးဆိုတာ သတ္တိချင်းယှဉ်တာမှ မဟုတ်ဘဲ အညစ်ပတ်ချင်း ပြိုင်ကြတာပဲ။ လူဆိုးကို သတ္တိချင်းသွားယှဉ်လို့ မရဘူး။ အမိုက်ချင်း အညစ်ပတ်ချင်း ယှဉ်မှရတာ။

ကျွန်တော့်အမှားအတွက် ပေးဆပ်လိုက်ရတဲ့ တန်ဖိုးက မနည်းပါဘူး။ ဦးနန္ဒိယရဲ့ အသက်နဲ့လဲလိုက်ရတာပါ။ ဦးနန္ဒိယ သေရတာဟာ ကျွန်တော့်ရဲ့ မိုက်မဲမှုကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးနန္ဒိယ သေဆုံးရခြင်းဟာ ကျွန်တော့်အတွက် အကြီးအကျယ် သင်ခန်းစာရစေပါတယ်။ ယူကျုံးမရ ဖြစ်စေပါတယ်။

ဦးနန္ဒိယကို သိုင်းပညာရှင်တစ်ယောက်တောင် အခန့်မသင့်ရင် သေရသေးတာပဲ။ ကျွန်တော်လို မတောက်တခေါက် သိုင်းသမား တစ်ယောက်ဟာ ဘယ်တော့အရူမွှေပြီး သေရမလဲ ဆိုတာ မစဉ်းစားဝံ့အောင်ကိုပါပဲ။

မှန်တာပြောရရင် ဦးနန္ဒိယသေဆုံးခြင်းဟာ ကျွန်တော့်အတွက် အကြီးအကျယ် စုန်လှုပ်သွားစေပါတယ်။

တကယ်ပြောရရင် ကျွန်တော်ဟာ သိုင်းတတ်လို့ သတ္တိရှိတာ မိုက်တာမဟုတ်ပါဘူး။ ကျွန်တော့်ပင်ကို သဘာဝကိုက လက်ယဉ်ခဲ့တာပါ။ ရန်သူကို လက်ဦးအောင်လုပ်ရင် နိုင်မယ်ဆိုတဲ့စိတ်ကြောင့် ကျွန်တော် လက်ယဉ်တာပါ။ အဲဒီလို လက်ယဉ်လို့လဲ ကျွန်တော် နိုင်တာပါ။

တစ်ခါတစ်ခါကျရင် ကျွန်တော် ရန်ဖြစ်နေပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် သိုင်းပညာတတ်နေမှန်းတောင် မသိပါဘူး။ သိုင်းကိုလဲ အသုံးမပြုရပါဘူး။ လက်ယဉ်တာ တစ်ခုတည်းနဲ့ကို လုံလောက် နေပါတယ်။ လက်ယဉ်တာတစ်ခုတည်းနဲ့ကို ရန်သူကို နိုင်နေပါတယ်။

ဒါကြောင့် သိုင်းတတ်ပေမယ့် ကျွန်တော် သိုင်းကို အားမကိုးပါဘူး။ ကိုယ့်ရဲ့ပင်ကိုဗီဇဖြစ်တဲ့ လက်ယဉ်တာကိုပဲ အားကိုး





ခဲ့တာပဲ။ ကျွန်တော်လက်ယဉ်တာက ကျွန်တော့်ဘဝကို ဖျက်ဆီးခဲ့ပါပြီ။

အော်ကုလားနဲ့ ဦးနန္ဒိယတို့သေတာ အပြန်အလှန် လူသတ်မှု ဖြစ်ကြပါတယ်။ ကျွန်တော့်လဲ ထောင်ထဲမှာ နှစ်ဆွေးတဲ့အထိ လူသတ်တရားခံဘဝနဲ့ နေရဖို့ပါပဲ။ ကျွန်တော်ဟာ အော်ကုလားနဲ့ သူ့ တပည့်ကို သတ်ခဲ့တာ မဟုတ်ပါဘူး။ ဒါပေမယ့် ရန်ပွဲမှာ ကျွန်တော် ရှိနေတယ် မဟုတ်လား။ အဲဒီတော့ ကျွန်တော်လည်း လူသတ်မှု တရားခံပဲပေါ့။

ဒါပေမယ့် ကျွန်တော် ကံကောင်းပါတယ်။ အသက်မသေဘဲ ကျန်ခဲ့တဲ့ အော်ကုလားရဲ့ တပည့်နှစ်ယောက်နဲ့ အပေးအယူလုပ်ပြီး ညှိနှိုင်းနိုင်ခဲ့တယ်။

ကျွန်တော်ကသာ ထွက်ဆိုမယ်ဆိုရင် သူတို့နှစ်ယောက်လဲ လူသတ်မှုတရားခံပဲပေါ့။ ဒီတော့ ကျွန်တော်က ရန်ပွဲမှာ သူတို့မပါဘူးလို့ ရုံးတော်မှာ ထွက်ဆိုပေးရတယ်။

အပြန်အလှန်အားဖြင့် သူတို့ကလည်း ရန်ပွဲမှာ ကျွန်တော် မပါဘူးလို့ ထွက်ဆိုပေးကြတယ်။

အဲဒီတော့ ဒီရန်ပွဲဟာ အော်ကုလားတို့နှစ်ယောက်နဲ့ ဦးနန္ဒိယတို့ဖြစ်တဲ့ ရန်ပွဲပေါ့။ ကျွန်တော်တို့ကတော့ သက်သေဖြစ်သွားတယ်။

နှစ်ပက်စလုံးသတ်သူ သေသူ တရားလို တရားခံအား



www.burmeseclassic.com

www.burmeseclassic.com



လုံး သေဆုံးသွားကြပြီဖြစ်လို့ အမှုက ပျက်သွားပါတယ်။ အမှု ပျက်တယ် ဆိုတာထက် အမှုကို ဖျက်ပစ်ကြတယ်ဆိုရင် ပိုမှန် ပါလိမ့်မယ်။ ကျွန်တော်တို့ နှစ်ဖက်စလုံးက အပေးအယူလုပ်ပြီး အမှုကို ဖျက်ဆီးခဲ့ကြတာပါ။

ဒီလိုလုပ်တာ မကောင်းပေမယ့် တကယ်တွေးကြည့် တော့ ကျွန်တော်ဟာ အော်ကုလားနဲ့ သူ့တပည့်ကို သတ်တာ မဟုတ်ပါဘူး။ အဲဒီလိုပဲ မသေဘဲ ကျန်ရစ်ခဲ့တဲ့ အော်ကုလားရဲ့ တပည့်နှစ်ယောက်ဟာလဲ ဦးနန္ဒိယကို မသတ်ပါဘူး။

ဦးနန္ဒိယကို ဓားနဲ့ ထိုးသတ်သွားတာက ဦးနန္ဒိယသတ် လို့ သေသွားတဲ့ အော်ကုလားရဲ့ တပည့်ပါ။

အော်ကုလားနဲ့အတူ သေသွားတဲ့လူက ကျွန်တော့်ကို ဓားနဲ့ လှမ်းအထိုးမှာ ဦးနန္ဒိယက သူ့ရဲ့ခန္ဓာကိုယ်နဲ့ရင်းပြီး ကျွန် တော့် ကယ်တင်သွားခဲ့တာပါ။

ကျွန်တော်ရော ဟိုဖက်က အော်ကုလားရဲ့ တပည့်နှစ် ယောက်ဟာ လူသတ်ခဲ့ကြတာ မဟုတ်ပါဘူး။

တရားတော်အရဆိုရင် ကျွန်တော်တို့ဟာ ပါဏာတိ ပါတာ ကံကို ကျူးလွန်ကြတာ မဟုတ်ပါဘူး။ လူသတ်ကြတာ မဟုတ်ပါဘူး။

ဒါပေမယ့် တရားဥပဒေအရဆိုရင် လူသတ်မှု ဖြစ်ပွားရာ အရပ်မှာ ကျွန်တော်တို့လဲ ရှိနေလို့ လူသတ်မှုနဲ့ အစွပ်စွဲခံရတာပါ။





ကျွန်တော်တို့ သတ်ရတာ မဟုတ်ပါဘူး။

ဒါကြောင့် အမှုပျက်တာပါ။

ဒါပေမယ့် အချုပ်ထဲမှာ တစ်နှစ်နီးပါး ကျွန်တော် မိုက်ပြစ် ခံလိုက်ရပါသေးတယ်။ ဒါတင် မကပါဘူး။ ဖေဖေက ကျွန်တော့်ကို ရန်ကုန်မှာ မထားတော့ပါဘူး။

ဦးနန္ဒိယ မရှိတော့လို့ ကျွန်တော့်ကို စိတ်မချတာလဲ ပါပါ တယ်။ ဒါနဲ့ ကျွန်တော်နှင့် မသူဇာလဲ မန္တလေးကို ပြောင်းလာခဲ့ရပါ တယ်။ မန္တလေး ၂၆–လမ်းပေါ်မှာရှိတဲ့ နန်းရှေ့က အိမ်ကြီးမှာ ပြန်နေရတယ်။

မန္တလေးကောလိပ်က အဲဒီတုန်းက ဒီဂရီကောလိပ် မဟုတ်ဘူး။ အိုင်အေစီနီယာပဲရှိတဲ့ ဥပစာကောလိပ်ဆိုတော့ ကျွန်တော် ပညာဆက်သင်လို့ မရပါဘူး။

ကျွန်တော်က ဘီအေအောက်တန်း ရောက်နေတာကိုး။

ကျွန်တော်က ဒီဂရီရတဲ့အထိ ဆက်သင်ဖို့ ဖေဖေ့ကို ပြော ပါသေးတယ်။ ဖေဖေက ကျွန်တော့်ဘွဲ့ထက် ကျွန်တော့်အသက်ကို ပိုပြီး တန်ဖိုးထားပုံရပါတယ်။

ဒါကြောင့် ဖေဖေက တစ်ချက်လွှတ်အမိန့်နဲ့ မင်း ပညာတတ် ရင်လဲ အစိုးရအလုပ် လုပ်မှာမဟုတ်ဘဲ ဘာကြောင့် သင်ရမှာလဲ။ ငါ့ပစ္စည်းဥစ္စာတွေဟာ မင်းတစ်သက် စားလို့ မကုန်ပါဘူးဆိုပြီး ငြင်းပယ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်တော်ကိုယ်တိုင်ကလည်း မယားတစ်ဖက်နဲ့ စာသင်ရတာ စိတ်ပျက်စပြုနေပါပြီ။ ကျောင်းသားဘဝဆိုတာ အိမ်ထောင်မကျမီဘဲ ကောင်းပါတယ်။

အိမ်ထောင်ကျတော့ မယားစိတ် သားစိတ်နဲ့ စာသင်ရတာ တစ်မျိုးကြီးပါပဲ။ ကျောင်းသားနဲ့ မယားဟာ အံမဝင်ခွင်မကျပါဘူး။

မယားရပြီး စာမသင်ရတော့ဘူး မဟုတ်ပါဘူး။ စာသင်ရင်လဲ ရပါတယ်။ ဒါပေမယ့် ပညာရေးမှာ အာရုံစူးစိုက်မှုကတော့ နည်းပါးသွားတာ အမှန်ပါပဲ။

ကျောင်းသားဆိုတာ ပညာအပေါ်မှာ ဝီရိယကံစိုက်နေတာပဲ ကောင်းပါတယ်။ တခြားမှာ အာရုံလွင့်ပျံ့နေတော့ ဘယ်မှာ ကောင်းမှာလဲ။

ဒီလို ကျွန်တော်ရဲ့ မိုက်ပစ်ကြောင့် ကျွန်တော့်ရဲ့ ပညာရေးဟာ ဆုံးခန်းတိုင်သွားခဲ့ရပါတယ်။

ဖေဖေက မန္တလေးမြို့မှာ ကျောက်အရောင်းအဝယ် လုပ်ငန်းတစ်ခု တည်ထောင်ပါတယ်။

တကယ်တော့ အဲဒီကျောက်အရောင်းအဝယ်လုပ်ငန်းဟာ ကျွန်တော့်အတွက် ရည်ရွယ်ပြီး တည်ထောင်တာပါ။ မလုပ်ရင်လဲ ရပါတယ်။

မယားရနေတဲ့ သားအတွက် တမင်တကာ လုပ်ငန်းခွဲပေး





တာပါ။ ကျွန်တော်လဲ စိတ်မလေအောင်၊ လုပ်ငန်းလဲ ကျွမ်းကျင်အောင် ဖေဖေ ရည်ရွယ်တာပါ။

အမှန်တော့ ကျွန်တော့်လို လူမျိုးကို အလုပ်မလုပ်ခိုင်းဘဲ ဒီအတိုင်း တစ်လ ဘယ်လောက်သုံးဆိုပြီး အသုံးစရိတ် တစ်လတစ်ခါ ပေးရင်တောင် ဖေဖေ့အတွက် ဒီလောက် ငွေကုန်ကျမှာ မဟုတ်ပါဘူး။ အခု လုပ်ငန်းတည်ထောင်ပေးတော့ မန္တလေးမြို့မှာ ဝင်ဆံ့အောင်ဆိုပြီး ညှော်ခံပွဲတွေ လုပ်ရတယ်။

အစိုးရ အရာရှိ မင်းစိုးရာဇာတွေနဲ့လဲ ပေါင်းသင်းဝင်ဆံ့သွားလာနိုင်အောင်လို့ သူတို့သားမယားတွေကို ကျောက်မြက်ရတနာတွေကို လက်ဆောင်ပေးရတယ်။

လုပ်ငန်းကရတဲ့ အမြတ်ကတော့ ဘယ်ဆီနေမှန်း မသိဘူး။ လုပ်ငန်းစတာနဲ့ သိန်းချီပြီး ငွေစထွက်တာပဲ။

ဖေဖေ့ရဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ဟာ မိုးကုတ်သားတွေမို့ ပတ္တမြားမှာတော့ ကျွမ်းကျင်ပြီးသားပဲ၊ ပတ္တမြားအရောင်းအဝယ်ကတော့ မိုးကုတ်မှာတင် လုပ်လို့ရသားပဲ။

တစ်ခါတစ်လေ ဖေဖေ မန္တလေးကို ဖြစ်စေ၊ ရန်ကုန်ကို ဖြစ်စေ တက်ပြီး အရောင်းအဝယ် လုပ်လို့ရပါတယ်။

မန္တလေးမှာ လုပ်ငန်းဖွင့်တဲ့ ရည်ရွယ်ချက်က မိုးကောင်းတို့ ကာမိုင်းတို့က ဆင်းလာမယ့် ကျောက်စိမ်းလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်စေချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်ရင် မန္တလေးက မိုးကုတ် ထက်ပိုပြီး လမ်းကျတယ် မဟုတ်လား။

ဒါကြောင့် ကျွန်တော့်ကို ကျောက်စိမ်းလုပ်ငန်းကို ဦးစားပေးပြီးလုပ်ဖို့ ဖေဖေက ခိုင်းပါတယ်။

ဒါမှ ကျွန်တော်ဟာ ပတ္တမြားရော ကျောက်စိမ်းရော ကျွမ်းကျင်မယ် မဟုတ်လား။ ပြီးတော့ ရောင်းရေးဝယ်တာလဲ ပိုပြီးကျယ် ပြန့်မယ် မဟုတ်လား။

ကျွန်တော်ကတော့ ကျောက်အရောင်းအဝယ် လုပ်ငန်းကို စိတ်ဝင်စားတာ မဟုတ်ပါဘူး။ ဖေဖေက လုပ်ဆိုလို့သာ လုပ်ရတာပါ။ မလုပ်လို့လည်း မဖြစ်ဘူးလေ။ ကျွန်တော့်မှာက မိန်းမရနေပြီ မဟုတ်လား။

ကျွန်တော် ကျောက်အရောင်းအဝယ် လုပ်တာ ထိုင်နေ အကောင်းသား။ ထသွားမှ အကျိုးမှန်းသိ ဆိုသလိုပါပဲ။

လုပ်ငန်းလုပ်လို့ ရတဲ့အမြတ်နဲ့စာရင် အရှုံးက ပိုများနေပါတယ်။ ကျွန်တော် အလုပ်အပေါ်မှာ စိတ်မဝင်စားတာလဲ ပါတယ်။ ကုန်သည်မဆန်တာလဲ ပါတယ်။

ဥပမာအားဖြင့်.. ကျွန်တော်က လူချင်းခင်မင်မိပြီဆိုရင် အဲဒီလူအပေါ်မှာ အမြတ်တင်ရမှာ သိပ်ဝန်လေးတတ်တယ်။ မဆိုစလောက် အမြတ်ကလေးနဲ့ပဲ ရောင်းချလိုက်ရော။

ကျွန်တော် ပြန်ဝယ်တဲ့အခါကျတော့ ဈေးလျှော့ရတာမှ





မဟုတ်ဘဲ။ ပြီးတော့ ကျွန်တော်က ကျောက်အကြောင်း နားမလည်သေးတော့ ဈေးကြီးမိတာလဲ ပါတယ်။ အလိမ်ခံရတာတွေလဲ ရှိတယ်။

ကိုယ်က အမြတ်များများ မတင်ထားတော့ အလိမ်ခံရတဲ့အခါ မထေမိတော့ဘူး။ ခွက်ခွက်လန်အောင် ရှုံးရော။

ကျွန်တော် ဘယ်လောက်ရှုံးရှုံး ဖေဖေကတော့ အပြုံးမပျက်ပါဘူး။ ဖေဖေက ဒီလိုအရှုံးတွေဟာ ကျွန်တော့်အတွက် အတွေ့အကြုံတွေ၊ သင်ခန်းစာတွေဆိုပြီး ယူဆတယ်။ ဒီလို အရင်းအနှီးပေးရမှ ငါ့သား လုပ်ငန်းကျွမ်းကျင်မယ်လို့ ဖေဖေက ဆိုပါတယ်။

တကယ်တော့ အရင်းအနှီးသာရှိရင် ကျောက်အရောင်းအဝယ်လုပ်ငန်းက အမြတ်ဆုံးနှင့် ဣန္ဒြေအရဆုံး လုပ်ငန်းပါပဲ။ ကျက်သရေရှိတဲ့ မင်္ဂလာလုပ်ငန်းပါ။

သို့သော်လည်း ကျောက်အရောင်းအဝယ် လုပ်ငန်းမှာ လူလိမ်တွေက ရှိနေတယ်။ ဥပမာ ရန်ကုန်သား မြတ်ဝေ ခေါ် ကုန်းဟန်ဦးတို့လို ပွဲစားမျိုးတွေက ရှိနေတယ်။

အဲဒီမြတ်ဝေဆိုတဲ့ ငတိက ရန်ကုန်သားတဲ့။ သူ့အဖေက ဘိုင်စကုတ်ရဲ့ မန်နေဂျာတဲ့။

သူ့အမေက စိန်ပွဲစားဆိုလားပဲ။ ဒီကောင်က စာရေးဝါသနာပါပြီး ရန်ကုန်က ထုတ်တဲ့ မဂ္ဂဇင်းတစ်ခုမှာ အယ်ဒီတာ



www.burmeseclassic.com

www.burmeseclassic.com



တောင် လုပ်ခဲ့သတဲ့။

သူ့မိန်းမကလည်း အမ်အေဘွဲ့ရပြီးသား ထောင်မှူးသမီး တဲ့။ သူတို့မှာ ကားလဲရှိတယ်။ တိုက်လဲရှိတယ်တဲ့။

ဒီက စတိုင်ကလည်း ဖြူးတယ်။ ရွှေမျက်မှန် တဝင့်ဝင့်နဲ့။ အပြောကလည်း ကျောင်းတယ်။ ကျွန်တော်ကလည်း အတော် ဒီကောင့်ကို လူလိမ်မှန်း မသိဘူး။

နောက်ပိုင်းကျမှသာ ဒီကောင်ဟာ မဂ္ဂဇင်းတိုက်က ပန်းချီ အပ်ခိုင်းတဲ့ ငွေငါးဆယ်လောက်တောင်လိမ်တဲ့ တကယ့်ဖိုးတွပ် တီး လူလိမ်မှန်း သိရတယ်။

အစတုန်းကတော့ ဒီကောင် စာအကြောင်း ပေအ ကြောင်း ပြောတတ်တော့ ကျွန်တော်ကလဲ စာပေဝါသနာပါတော့ ခင်မင်မိ တယ်။

ဒီကောင် ကျွန်တော့်ကို အစီအစဉ်ကျကျ လိမ်မယ်လို့လဲ မထင်ဘူး။ ဒီကောင်က လူလိမ်ဆိုတော့ ကျွန်တော့်အကြောင်း သူကရိပ်မိတယ်။ ကျွန်တော့်ကို ခင်မင်အောင်ပေါင်းရင်း ကျွန် တော်နဲ့ ရင်းနှီးရင် ကူညီတတ်တယ်။ သနားတတ်တယ်ဆိုတာ ဒီကောင်က သဘောပေါက်တယ်။

အဲဒီတော့ မြတ်ဝေက ကျွန်တော်နဲ့ ရင်းနှီးအောင် ပေါင်း တယ်။ ပထမတော့ ဒီကောင်က ကျောက်အရောင်းအဝယ် လုပ် ရပေမယ့် အမြတ်ကြီးစားတာ၊ ခေါင်းပုံဖြတ်တာ၊ လိမ်တာ





ကောက်တာ၊ ဖြတ်လိုးတာကို ဝါသနာမပါဟန် ဟန်ဆောင်တယ်။

စာပေဖက်က လာတာဆိုတော့ ကျွန်တော်ကလည်း ယုံမိတယ်။ တကယ်ဆိုတော့ မြတ်ဝေဆိုတဲ့ ကောင်က စာလဲ ဟုတ်တိပတ်တိ ရေးတတ်တာ မဟုတ်ဘူး။ မဂ္ဂဇင်းတိုက်မှာ လက်ဖက်ရည်ဝယ်၊ တံမြက်စည်းလှဲတဲ့အထိ အောက်ခြေသိမ်း လုပ်ရတာ။ အယ်ဒီတာတွေက သူ့ကို မြောက်ပင့်တဲ့အနေနဲ့ အယ်ဒီတာအဖွဲ့မှာ နာမည်ထည့်ပေးတာ။

စာပေလောကမှာလဲ စာရေးဆရာ ယောင်ဆောင် ပြီးတော့ ဒီကောင် လျှောက်လိမ်တာ မနည်းတော့ဘူး။ စာရေး ဆရာကြီး တစ်ယောက်ကို စက်ဘီးရောင်းပေးမယ်ဆိုပြီး လိမ် သွားတာတွေ၊ မဂ္ဂဇင်းထုတ်ဖို့ဆိုပြီး ပုံနှိပ်တိုက်က ငွေလိမ်သွား တာတွေ ဒုနဲ့ဒေးပဲ။

ဒီကောင် နေတာက အင်းစိန်က ဘိုင်စကုဘ်ရုံတစ်ရုံမှာ။ အင်းစိန်မှာလဲ မနေရဲတော့ ကျောက်ကုန်သည်ယောင်ဆောင်ပြီး မှုလေးကျောက်ပွဲကို တက်လာပြီး ကျွန်တော်နဲ့ ခင်မင်သွားတာ။

ကျွန်တော်ကလည်း ဒီကောင့်အကြောင်းမှ မသိဘဲ။ ဟမန်ကျောက်ကုန်သည်လေး တစ်ယောက်ပဲ ထင်မိတာ။

တစ်နေ့တော့ ဒီကောင် ကျွန်တော့်ဆီ ရောက်လာတယ်။ မှုကမေ ဒေါ်သိန်းသိန်းဆီကစာတဲ့။

စာထဲမှာ မိုးကုတ်ပတ္တမြား သောင်းကျော်တစ်လုံး ပွဲပြာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါ။ ရန်ကုန်မှ မင်းကြီးကတော်တစ်ယောက်က ဝယ်မယ်တဲ့။

ပြီးတော့ သူ့မှာလဲ ငွေမမီလို့ ကျွန်တော့်ကို ကျောက် အတူ ရန်ကုန်လိုက်ဖို့ ခေါ်တယ်။

ဒါနဲ့ ကျွန်တော်လဲ သောင်းကျော်ကျောက် သုံးလေးလ ယူပြီး ဒီကောင်နဲ့အတူ ရန်ကုန်ဆင်းခဲ့တယ်။

ကျွန်တော်က ရန်ကုန် ဆူးလေဘုရားလမ်းက ရှောဒရစ် တယ်မှာ တည်းတယ်။

ဒီကောင် သူ့အမေ စိန်ပွဲစား ဒေါ်သိန်းသိန်းဆိုတာ ခေါ် လာပြီး ကျွန်တော့်ဆီက ကျောက်တွေကို လာကြည့်တယ်

နောက် သူ့အမေက မင်းကြီးကတော်ဆီ သွားပြပါရ ဆိုပြီး ကျောက်နှစ်လုံးကို ယူသွားတယ်။

အဲဒီကစပြီး လူလိမ်သားအမိနှစ်ယောက် ပျောက်သွ တာပါပဲ။ ကျွန်တော်က ပုလိပ်အကူအညီနဲ့ အင်းစိန်ကို လိုက်သွ တော့ သူ့အမေ ဒေါ်သိန်းသိန်းကိုပဲ ဘိုင်စကုတ်ရုံမှာ တွေ့တယ် သူ့ကို မတွေ့ဘူး။

သူ့အမေက ကျောက်အရောင်းအဝယ် မဖြစ်လို့ သူ့သ မြတ်ဝေကို ပြန်ပေးခိုင်းလိုက်ပြီ ပြောတယ်။

အမေရော သားရော ပူးပေါင်းလိမ်မှန်း သိပေမယ့် အမေ ဒေါ်သိန်းသိန်းကိုတော့ ကျွန်တော် ဘာမှမလုပ်ပါ မြတ်ဝေကို မြေလှန်ရှာတော့တာပဲ။





ဒီကောင့်ကို ကျွန်တော် ကြာကြာမရှာရပါဘူး။

ဘီအေစီ ပျော်ပွဲစားရုံမှာ သောက်စားမူးယစ်နေတာ တွေ့ရတော့တာပဲ။ ကျွန်တော့်ရဲ့ ကျောက်နှစ်လုံး ရောင်းရတဲ့ငွေနဲ့ ဒီကောင် သုံးဖြုန်းနေတာကိုး။ ဒီကောင်က ဒီလိုလျှောက်လိမ်ပြီး သူ့မိန်းမ ထောင်မှူးသမီးကိုလဲ ရအောင်ယူထားတာဆိုကိုး။

အမှန်တော့ ကျွန်တော် မိုက်မဲတာပါ။ ကျွန်တော်ရဲ့ ကျောက်ရောင်းရငွေ နှစ်သောင်းမပြောနဲ့၊ ဒီကောင်ဟာ ငွေနှစ် ကျပ်တောင် ယုံရမယ့်လူ မဟုတ်ဘူး။

ဒီကောင် တစ်သက်လုံး ငွေနှစ်ကျပ်တောင် ရိုးရိုးသား သား သမ္မာအာဇီဝနည်းနဲ့ ရှာနိုင်ခဲ့တာ မဟုတ်ဘူး။

ဒီလိုပဲ လျှောက်ပြီး လိမ်စားနေတာ။ လိမ်မစားလို့လဲ မရဘူး။ ဒီကောင်က အသက်မွေးဝမ်းကျောင်းပညာမှ မတတ်ခဲ့ တဲ့။ ရုံးမှာလုပ်ရင် မင်းစေလောက်ဘဲ ရမှာဆိုတော့ ဒီလိုလျှောက် လိမ်နေတာပေါ့။

ကိုယ်ကသာ သူ့ထက်မိုက်လို့ သူ့ကို ယုံမိတာကိုး။

အခု ဘီအေစီ ပျော်ပွဲစားရုံမှာတွေ့တော့ ဒီကောင်က မုတ်ဆိတ် ဖျက်ထားတယ်။ အလျင်တုန်းက ရွှေမျက်မှန်တဝင့်ဝင့်နဲ့ နေခဲ့က အခု မျက်မှန်မတပ်ထားဘူး။

ရုပ်ဖျက်ထားတာပေါ့။ သူ့စိတ်ထဲမှာ မျက်မှန်မတပ်ထား ရင် သူ့ကို မမှတ်မိတော့ဘူးလို့ ထင်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်တော်ရှိတဲ့ မန္တလေးကို မလာရဲ ကျွန်တော်တို့ ကျောက်ကုန်သည်အသိုင်းအဝိုင်းကို ရှောင်တိမ်းနေရုံနဲ့ သူ လိမ်တာ ညာတာတွေ ကိစ္စငြိမ်းသွားပြီ ထင်နေပုံရတယ်။ ရုပ် ဖျက်ထားတာကို သာ ကြည့်ပေါ့။

ဒါပေမယ့် ဒီကောင် တစ်သက်လုံး မပျောက်နိုင်တာက စကားပြောရင် အထစ် အထစ်နေတာပဲ။ စကားပြောရင် အထစ် သာနိုင်ပေမယ့် အပြောကတော့ တကယ်ကောင်းပါတယ်။

သူ့ကိုတွေ့တာနဲ့ ကျွန်တော်က ပတ္တမြားတွေ ပြန်ပေးဖို့ တောင်းတယ်။ ဒီကောင်က အဲဒီတုန်းက ကျွန်တော့်ကို အောက် ကျို့ခံပြီး တောင်းပန်ရင် ကျွန်တော် ကျေနပ်ပါတယ်။ ကျွန်တော့် အဖို့ ငွေနှစ်သောင်းလောက်ဆိုတာ ဘာမှတန်ဖိုး မရှိပါဘူး။

ဒါပေမယ့် ဒီကောင်က ကျွန်တော့်ကို မောက်မောက် မာမာ ဆက်ဆံတယ်။ သူတို့မှာ တိုက်အိမ်နဲ့ ကားရှိတယ်။ ရောင်းပေးမယ်လို့ ခပ်မာမာ ပြောတယ်။ မထီမဲ့မြင် လုပ်တယ်။

သူ ကံဆိုးတာလား ကျွန်တော် ကံဆိုးတာလား မသိဘူး။ ကျွန်တော် ထောင်းခနဲ ဒေါသထွက်သွားတယ်။

ကျွန်တော်က လက်အလွန်ယဉ်တဲ့လူပဲ။ ဒီလို လက်အ လွန် မယဉ်အောင် သုံးနှစ်နီးပါးလောက် ကျွန်တော့်လက်ကို ကျွန်တော် အကျဉ်းချထားခဲ့တာ။

ချုပ်တီးထားခဲ့တာ။ အခုတော့ အာမခံသက်တမ်း





ဆုံးသွားတယ်။ ကျွန်တော့်ရဲ့ ဓားမြောင်ဟာ မြတ်ဝေဆိုတဲ့ လူလိမ်ရဲ့ ရင်ညွန့်ထဲ ဝင်သွားတယ်။

ဒေါသ . . ဒေါသ။

ဒေါသကို ချုပ်တီးဖို့ သတိရတဲ့အချိန်မှာ လက်လွန်သွား ပြီး ဘယ်လိုမှ ပြုပြင်လို့ မရတော့ဘူး။

လူတကာကို လျှောက်လိမ်ခဲ့တဲ့ လူလိမ် ဇာတ်သိမ်း သွား တော့တာပေါ့။ မြတ်ဝေဆိုတဲ့ လူလိမ်တစ်ယောက် ဒီလော ကကြီးပေါ်က ပျောက်ကွယ်သွားပြီ။

ရှေ့လျှောက် ဘယ်သူ့ကိုမှ သူ လိမ်နိုင်မှာ မဟုတ် တော့ဘူး။ သူ့ဘဝကတော့ တစ်ခန်းရပ်သွားပြီ။

ကျွန်တော်ကတော့ လူသတ်မှုနဲ့ အဖမ်းခံရတာပေါ့။

ဒီတစ်ခါတော့ ကျွန်တော် ဘယ်လိုမှ ဥပဒေစက်ကွင်းက ရှောင်ကွင်းလို့ မရတော့ဘူး။

ဒေါသကြောင့် ဘီ၊ အေ၊ စီ ပျော်ပွဲစားရုံ လူပုံအလယ်မှာ လူလိမ် မြတ်ဝေကို ကျွန်တော် ဓားနဲ့ ထိုးသတ်ခဲ့တယ်။

တကယ်ဆိုရင် မြတ်ဝေကို အသာချော့ခေါ်ပြီး လူပြတ်တဲ့ နေရာမျိုးကျမှ ဓားနဲ့ထိုးသတ်ပြီး ကျွန်တော် တည်းခိုတဲ့ ဆူးလေ ဘုရားလမ်းက ရောဒရစ် ဟိုတယ်ကို ပြန်ခဲ့ရင် ပြီးတာပါပဲ။

အခုတော့ လူပုံအလယ်မှာ ဓားနဲ့ထိုးသတ်တာ ဆိုတော့ ကျွန်တော် လူသတ်မှု ကျူးလွန်တယ်ဆိုတာ သက်သေတွေ အပုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်မကြီး ရှိနေတာပေါ့။

အဲဒီလို လူသတ်မှုဖြစ်ရော မသူဇာနဲ့ ဖေဖေ ဒရောသောပါးနဲ့ ရောက်လာတယ်။ ဖေဖေက ခြေမကိုင်မိ လက်မကိုင်မိနဲ့။

မျက်နှာဖြူ ဝတ်လုံတော်ရကြီး မစ္စတာလောရင့်ကို မြှောကြီးကြီးပေးပြီး ငှားပေးပါတယ်။

အဲဒီမှာတင် ကျွန်တော့်ဇနီး မသူဇာကို စောင်မကြည့်ရှမယ့် ဂကောလုံတော်ရ ကိုကျော်ဇော်ကို စတွေ့ဖူးတာပါပဲ။

အဲဒီတုန်းက ကိုကျော်ဇော်က ဝတ်လုံပေါက်စကလေးပဲရှိပါသေးတယ်။ အမှုတွေ ဘာတွေတောင် ကောင်းကောင်းလိုက်ဖူးသေးတာ မဟုတ်ဘူး။

ဝတ်လုံတော်ရကြီး မစ္စတာလောရင့်စ်ရဲ့ ဂျူနီယာ ရှေ့နေပါ။ လက်ထောက်ရှေ့နေပေါ့။

မစ္စတာလောရင့်စ်က တရားသူကြီးကို လျှောက်လဲချက်ပေး တဲ့အချိန်မှာ ကိုကျော်ဇော်ကလည်း ကျွန်တော့်ဇနီး မသူဇာကိုလည်း သူ့အချစ်အတွက် လျှောက်လဲချက် ပေးနေမှာပေါ့လေ။

ကိုကျော်ဇော်က အချစ်ရှေ့နေကိုး။

ကာတွန်းတွေထဲမှာ အချုပ်ထဲရောက်နေတဲ့ လင်ယောကျ်ားဆီကို မယားနဲ့ရှေ့နေ တွဲလာပြီး . . .

''မောင့်အမှုက လွတ်အောင် ခင်နဲ့ ရှေ့နေကြီး ကောင်း





ကောင်း တိုင်ပင်နှီးနှောလိုက်ဦးမယ်''

ဆိုတာမျိုးပေါ့။

ဒေါသကြောင့် ကျွန်တော့် ဘဝဟာ အမှုလဲရှုံး အချစ်လဲရှုံးရပါတယ်။ ရှေ့နေကြီး မစ္စတာလောရင့်စ်ဟာ ဘယ်လောက်တော်ပေမယ့် ကျွန်တော့်အမှုက သိပ်ခိုင်လုံတော့ ကျွန်တော်ထောင်ဆယ်နှစ် ကျပါတယ်။

ဒါတောင်မှ ဒေါသအလျောက် လူလိမ်မြောက်ဝေကို ဓားနဲ့တစ်ချက်တည်း ထိုးလိုက်တာကြောင့်ပါ။

ဒေါသအလျောက် ဖြစ်ပွားတဲ့ လူသတ်မှုဆိုတာ ထင်ရှားလို့ပါ။ ကျွန်တော် အယူခံရှုံးတော့ တစ်ကျွန်းမှာ သွားနေဖို့ ဆန္ဒပေးလိုက်တယ်။

ထောင်ဒဏ်ဆယ်နှစ်ကျသူတွေကို ကပ္ပလီကျွန်းလို့ခေါ်တဲ့ အကဲဒမန်ကျွန်းမှာ သွားနေချင်လို့ရတယ်။

ရန်ကုန်ထောင်တို့ အင်းစိန်ထောင်တို့မှာဆိုရင် အုတ်နံရံလေးဖက်ကြီးထဲမှာ ကျဉ်းကျဉ်းကြပ်ကြပ် နေရမှာဆိုတော့ တစ်ကျွန်းမှာ လွတ်လွတ်လပ်လပ် သွားနေဖို့ ကျွန်တော် ဆန္ဒပေးလိုက်တာပါ။

ကျွန်တော် ကျွန်းမှာရောက်ပြီး နှစ်နှစ်လောက် ကြာတယ်ဆိုရင်ပဲ မသူဇာနဲ့ ကိုကျော်ဇော်တို့ အိမ်ထောင်ပြုတယ်ဆိုတာ ကြားရတာပဲ။ ကြားရတုန်းကတော့ ကျွန်တော် မယုံဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ မသူဇာတို့ဟာ ငယ်ချစ်တွေပဲ။ ကျောင်းသားအရွယ် ကလေးဘဝထဲက ချစ်ခဲ့ကြတာပဲ။

ကျွန်တော့်ကိုယ်ကျွန်တော် မညာတမ်း ဝေဖန်ရရင် ကျွန်တော် ငွေကြေးချမ်းသာပြီး ပညာတတ်တစ်ယောက်ပေမယ့် လူဆိုးဗီဇ ပါလာသူပါ။

ကျွန်တော်ဟာ လူကောင်းတစ်ယောက် မဟုတ်ပါဘူး။

ကျွန်တော်ဟာ ငွေကြေးချမ်းသာ ပညာတတ်ပေမယ့် လက်ယဉ်မှုကြောင့် မကြာခဏ ကျွန်တော်ဟာ ထောင်နှုတ်ခမ်း လျှောက် ခဲ့တာပါ။

တကယ်ဆိုရင် ကျွန်တော်ဟာ လူဆိုးတွေကို စိတ်မမြန်သင့်ပါဘူး။ လက်မယဉ်သင့်ဘူး။

ကိုယ့်ရဲ့ဒေါသကို ကိုယ့်ပညာက ချွန်းအုပ်နိုင်ရမယ်။ ချုပ်တီးနိုင်ရမယ်။ သည်းခံနိုင်ရမယ်။

ဒီလို လက်မြန်ခြေမြန် ဖြေရှင်းတတ်တာဟာ လူကောင်းတွေရဲ့ အကျင့်စရိုက် မဟုတ်ဘူး။

လူဆိုးတွေသာ ဒေါသထွက်လွယ်တာ။ ထစ်ခနဲရှိ လက်ပါတာ။ နှုတ်ကျွံတာ။

လူကောင်းဆိုတာ နှုတ်ကိုလည်း ထိန်းနိုင်ရမယ်။ လက်ကိုလည်း ထိန်းနိုင်ရမယ်။ အဲဒီလို မထိန်းနိုင်တာ ကျွန်တော်ဟာ လူဆိုးဗီဇ ရှိလို့ပေါ့။





စော်ကားမော်ကား လုပ်တယ်ထင်တဲ့ လူတိုင်းကို ကျွန်တော် လက်မြန်ခြေမြန် ဆုံးမတတ်ပေမယ့် ကျွန်တော်ချစ်တဲ့ မသူဇာ အပေါ်မှာတော့ လေသံကျယ်ကျယ်နဲ့တောင် မအော်ခဲ့ပါဘူး။ ကျွန်တော့်ဟာ လူတကာအပေါ် ဆိုးချင်ဆိုးခဲ့မယ်။ ဒါပေမယ့် မသူဇာအပေါ်မှာတော့ မဆိုးခဲ့ပါဘူး။

ပြီးတော့ ငါက ငွေကြေးချမ်းသာတယ်ဆိုပြီး မသူဇာအပေါ် ဘယ်တုန်းကမှ အနိုင်မကျင့်ခဲ့ဘူး။

ဒါပေမယ့် အခုလို ထစ်ခနဲရှိ ခားထိုးမှုဖြစ်၊ လူသတ်မှုဖြစ်၊ လူမိုက်တွေနဲ့ အပြိုင်ကြဲနေတဲ့ ကျွန်တော်ရဲ့ အပြုအမူဟာ ကျွန်တော့် ဇနီး မသူဇာအတွက် စိတ်မချမ်းမြေ့စရာ ဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုတာ ကျွန်တော် ဝန်ခံပါတယ်။

ကျွန်တော်ဟာ မယားအပေါ် အလွန်သက်ညှာပေမယ့် လင်ကောင်းတစ်ယောက် ဟုတ်ချင်မှ ဟုတ်မှာကိုး။

မသူဇာဟာ လိမ္မာယဉ်ကျေးတဲ့ လူကြီးသူကောင်းစိတ်ရှိတဲ့ လင်တစ်ယောက်ကို တောင့်တတာ ကျွန်တော့်လို လူရိုင်းစိတ်ဝင်နေတဲ့ လူတစ်ယောက်ကိုတော့ စိတ်ပျက်မိမှာ အမှန်ပါပဲ။

ကျွန်တော်လည်း ရိုက်ချင်၊ နက်ချင်၊ သတ်ချင် ဖြစ်ချင်တဲ့ အရိုင်းစိတ် ဝင်နေတဲ့ လူရိုင်းတစ်ယောက်ပေကိုး။

Heraclius ဆိုတဲ့ ပုဂ္ဂိုလ်ကြီး ပြောသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



The eyes and Cars are bad witness, for men it they have babarian souls.

လူရိုင်းတွေရဲ့ ဝိညာဉ် ပူးကပ်နေတဲ့လူများရဲ့ မျက်လုံးနဲ့ နားတွေဟာ သက်သေလိမ်တွေပဲတဲ့။

အဓိပ္ပာယ်ကတော့ အရိုင်းစိတ်ဝင်နေတဲ့ လူတစ်ယောက်ရဲ့ အမြင်နဲ့အကြားဟာ ပြဿနာကို မှန်ကန်စွာ သုံးသပ်နိုင်စွမ်း မရှိပါဘူး။ သူတို့အသိဉာဏ်ဟာလဲ မှသားထွက်ဆိုတတ်တဲ့ သက်သေလို့ပါပဲ။

တိုတိုပြောရရင် ကျွန်တော် တစ်ကျွန်းမှာ သွားနေဖို့ အစိုးရက ဆယ်နှစ်အပြစ်ဒဏ်ပေးပေမယ့် ကျွန်တော် ဆယ့်နှစ်နှစ် နေခဲ့ရပါတယ်။ နှစ်နှစ် အပိုဆုပေါက်တာက အဲဒီကျွန်းမှာ ကျွန်တော် ခေါင်းထိုးမှု ဖြစ်လို့ပါပဲ။

ကျွန်းမှာ ဂျွန်းဝဲလ်ပူးလစ်လို့ခေါ်တဲ့ ပုလိပ်တစ်ယောက်က အရက်မူးပြီး ကျွန်တော့်ကို လာစစ်လို့ပါပဲ။

တစ်သက်လုံး ခေါင်းမကိုင်ဘဲ ကောင်းမွန်စွာ နေပါ့မယ်လို့ ကျွန်တော် ဆုံးဖြတ်ထားပေမယ့် မခံချင်စိတ်ကြောင့် ကျွန်းမှာဘဲ ခေါင်းထိုးမှုဖြစ်တာပါ။

အဲဒါကြောင့် ဆယ်နှစ်နဲ့ မြန်မာပြည်ပြန်ရမယ့် ကျွန်တော်ဟာ အပိုဆုပေါက်ပြီး ကျွန်းမှာ နှစ်နှစ်ထပ်နေလိုက်ရတယ်။

မန္တလေးက နန်းရှေ့အိမ်ကြီးကို ပြန်ရောက်တော့





ကျွန်တော် ရင်ကွဲတာပါပဲ။

ကျွန်တော်ရဲ့ချစ်ဇနီး မသူဇာဟာ ကျွန်တော် ထင်တဲ့အတိုင်း ဝတ်လုံတော်ရ ကိုကျော်ဇောနဲ့ ညားနေတယ်။

ကျွန်တော် သိပ်တော့ မအံ့ဩပါဘူး။

မိန်းမများဟာ ယောကျ်ားနဲ့ ခုနစ်ရက် ပြတ်လိုက်ရင်ကို စိတ်မချရဘူးလို့ လောကနီတိဆရာကြီးတွေက ဆိုခဲ့တယ်မဟုတ်လား။

အခုလို ကျွန်တော်က ကျွန်းမှာ ဆယ့်နှစ်နှစ် ခွဲခွာသွားရတော့ မသူဇာ နောက်အိမ်ထောင်ပြုသွားတာ မဆန်းပါဘူး။ ကျွန်တော် မသူဇာ်ကို ခွင့်လွှတ်ပါတယ်။

ဒါပေမယ့် မသူဇာက သူ သစ္စာရှိပါတယ်တဲ့။ ကျွန်တော် ကျွန်းကိုရောက်ပြီး ခြောက်လလောက်အကြာမှာ ကိုသူရဆိုတဲ့ ကျွန်းကျလူဆိုးတစ်ယောက် ဖောင်နဲ့ထွက်ပြေးရာက သေဆုံးသွားတဲ့ သတင်းရလို့ ကိုကျော်ဇောနဲ့ လက်ထပ်တာပါလို့ ပြောတယ်။

အမှန်ကတော့ အဲဒီကျွန်းက ထွက်ပြေးဖို့ ကြိုးစားတဲ့ ကိုသူရဆိုတာ ကျွန်တော်ပါပဲ။ ထောင်ထဲမှာမနေဘဲ ကျွန်းကိုလိုက်သွားတဲ့အထဲကိုက ထွက်ပြေးဖို့ ရည်ရွယ်ချက်နဲ့ပါ။

ကျွန်တော် ထွက်ပြေးဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ဖောင်မှောက်ပြီး နီကိုဗာကျွန်းကို ရောက်သွားပါတယ်။ အသက်



www.burmeseclassic.com

www.burmeseclassic.com



မသေပါဘူး။ အဲဒီလို ကျွန်တော် ထွက်ပြေးပြီး ပျောက်ဆုံးသွားတဲ့အကြောင်း မသူဇာကြားတာ ဖြစ်မှာပါ။

မသူဇာဟာ ကိုကျော်ဇောနဲ့ လက်ထပ်တာကို လက်ခံနိုင်ပေမယ့် မသူဇာက သူဟာ သစ္စာရှိကြောင်း ပြောတာကိုတော့ ကျွန်တော် လက်မခံနိုင်ပါဘူး။ သူသာ တကယ့်သစ္စာရှင်ဆိုရင် ကျွန်တော် သေသွားတယ်ဆိုရင်တောင် ဘာဖြစ်လို့ နောက်အိမ်ထောင် ပြုရမှာလဲ။ သာမန်မိန်းမတစ်ယောက်မို့ သာသဘာဝအတိုင်း အိမ်ထောင်ပြုတာပေါ့။

မသူဇာက သူ့ကိုယ်သူ သစ္စာရှင်လို့ မလျှော်တိုင်းတက်ပြတာကတော့ ကျွန်တော် လက်မခံနိုင်ဘူး။ မသူဇာ သစ္စာရှင်ဆိုတာကို ကျွန်တော် လုံးဝလက်မခံနိုင်ဘူး။ သာမန်မိန်းမထဲက မိန်းမတစ်ယောက်ပဲ။

တကယ်ဆိုရင် ကျွန်တော်နဲ့ မသူဇာ ရခဲ့တဲ့ သားကလေး မောင်သီဟ ပထွေးနဲ့ မနေရအောင် မသူဇာ စောင့်ထိန်းသင့်တာပေါ့။ မသူဇာအတွက် စားဝတ်နေရေး ပူစရာလိုတာမှ မဟုတ်ဘဲ။

မိုးကုတ်က ဖေဖေနဲ့ မေမေဟာ ကျွန်တော် တစ်ကျွန်းရောက်ပြီး နှစ်နှစ်လောက်ကြာမှ ဆုံးကုန်ကြတာပါ။

အခု ကျွန်တော် ပြန်ရောက်လာတော့ ဘယ်လိုဆက်ပြီး စခန်းသွားကြမလဲဆိုတာက ပြဿနာပဲ။

မသူဇာရော ကိုကျော်ဇောရော ကျွန်တော့်ကို တွေ့





တော့ အတော်တုန်လှုပ်သွားကြပါတယ်။ သူတို့ ကျွန်တော့်ကို ကြောက်နေကြပါတယ်။ ကြောက်မယ်ဆိုရင်လဲ ကြောက်စရာပေါ့လေ။ ကျွန်တော်က ဟိုတုန်းက လက်ယဉ်ရုံတင် လက်ယဉ်တာ။ အခုတော့ ကျွန်းပြန် လူဆိုးကြီး ဖြစ်နေပြီကိုး။

ကျွန်တော်ဟာ ဘယ်လောက်ပဲ ငွေကြေးချမ်းသာပြီးလိမ္မာ ယဉ်ကျေးတဲ့ မိသားစုက ပေါက်ဖွားလာတာပါ ဆိုပေမယ့် ကျွန်တော့်ရဲ့ လက်ရှိအခြေအနေအရ ကျွန်းပြန်ဆိုတဲ့ဂုဏ်ပုဒ်ကြီး ကရှိနေတော့ ကျွန်တော့်ကို ရွံကြမှာ အမှန်ပါပဲ။

လူဆိုးအစစ်တွေကတော့ သူတို့ကို လူတွေက ကြောက်တာကို ဂုဏ်ယူချင် ယူပါလိမ့်မယ်။

ကျွန်တော်ကတော့ ကျွန်တော့်ကို ကြောက်နေတာဟာ ကျွန်တော့်ကို စော်ကားတယ်လို့ ထင်မိတယ်။

ဘယ့်နှယ်ဗျာ ကျွန်တော်ဟာ ဒေါသအလျောက် မြတ်ဝေ ဆိုတဲ့လူလိမ်ကို ဓားနဲ့ထိုးသတ်မိပေမယ့် ကျွန်တော်ဟာ လူဆိုးသူခိုး မဟုတ်ပါဘူး။ ဘာကြောက်စရာရှိသလဲ။ တစ်ခုတော့ ရှိတာပေါ့လေ။ လူသတ်သမားကို သူခိုး လူဆိုးထက်ပိုပြီး ကြောက်နေလို့ ဖြစ်မှာပေါ့။

ကျွန်တော်က ပြဿနာကို ဘယ်လိုရှင်းမလဲလို့ မေးတော့ သစ္စာရှင်ကြီး မသူဇာက တကယ့်စိတ်ရင်းအတိုင်းပဲလား၊ ကျွန်တော့်ကို ကြောက်လို့ ပြောတာလားတော့ မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



မသူဇာက ကျွန်တော်နဲ့ ပြန်ပေါင်းချင်ပါသတဲ့။ ကိုကျော်ဇောနဲ့ ကွာရှင်းပါမယ်တဲ့။ သားကလေး မောင်သီဟရဲ့ နောင်ရေးမှာလဲ ဖခင်အရင်းနဲ့ နေရတာ ပိုကောင်းမှာပေါ့တဲ့။

ကောင်းပါတယ်။ ကျွန်တော့်စိတ်ထဲမှာ မသူဇာအပေါ်မှာ ခွင့်လွှတ်နိုင်ပေမယ့် မသတီနိုင်ပါဘူး။ ဒါပေမယ့် သားကလေး မောင်သီဟအတွက် စဉ်းစားရမယ်။ ဒီကလေးဟာ သာမန်ကလေးတစ်ယောက် မဟုတ်ဘူး။ မစွမ်းမသန်ရှာတဲ့ ကလေးတစ်ယောက် သူ့အတွက် ဖခင်အရင်းရဲ့မေတ္တာ ပိုပေးရမယ်။

ဒါပေမယ့် ဝတ်လုံတော်ရ ကိုကျော်ဇောက မကွာရှင်းပေးနိုင်ဘူးတဲ့။ ဝေါက မသူဇာကို တကယ်ပဲခုံမင်တာလား။ လျော်ကြေး လိုချင်တာလားတော့ ကျွန်တော် မသိဘူး။ ရှေ့နေပီပီ ကော်လုံး ကပ်လုံးတွေ လုပ်နေတာလား မသိဘူး။

အဲဒီတော့ ကျွန်တော်ကလဲ ခပ်ပြတ်ပြတ်ပဲ။ လူကြီးသူမမြို့မိမြို့ဖတွေခေါ်ပြီး ကွာရှင်းမပေးနိုင်ရင် ကျုပ်ရဲ့အိမ်ကြီးပေါ်က ကျောင်းပေါ့။ မောင်သီဟလေးကိုတော့ ထားခဲ့ပေါ့။ ကျုပ် ကြည့်ရှု ကျွေးမွေးမယ်ပေါ့။

အဲဒီမှာတင် ကိုကျော်ဇောက ကျွန်တော့်ရဲ့ဖေဖေ မသေခင်ကတည်းက ဒီအိမ်ကြီးကို မသူဇာ နာမည်နဲ့ လွှဲပေးခဲ့ကြောင်း စာချုပ်စာတန်းကို ပြတယ်။

အဲဒီတော့ ကျွန်တော်က ရှင်းရှင်းပဲ ပြောတယ်။





ဒီလိုဆိုရင်လည်း အိမ်ကြီးကို ခင်ဗျား ယူလိုက် ကိုကျော်ဇော၊ မသူဇာနဲ့ မောင်သီဟကို ကျွန်တော် မိုးကုတ်ခေါ်သွားမယ်လို့ ပြောလိုက်တယ်။

အဲဒီတော့လည်း ကိုကျော်ဇောက မသူဇာလည်း မကွာပေးနိုင်ဘူး။ အိမ်ကြီးပေါ်ကလည်း မဆင်းနိုင်ဘူး။ သားကလေး မောင်သီဟကိုလည်း သူ့သားအရင်းလိုချစ်လို့ မခွဲပါရစေနဲ့တဲ့။

ဟိုတုန်းက စိတ်မျိုးသာဆိုရင် ရှေ့နေကိုကျော်ဇော နောက်ထပ် လျှောက်လဲချက်မပေးနိုင်အောင် သူ့လျှာကို ကျွန်တော် ဖြတ်ပစ်လိုက်ပြီ။

ဒါပေမယ့် ကျွန်တော် သည်းခံပါတယ်။ သားကလေး မောင်သီဟနဲ့ ကျွန်တော် ကြာကြာနေချင်လို့ ကျွန်တော့်ရဲ့ ဒေါသကို ချုပ်တီးပါတယ်။

ဒီမှာတင် မသူဇာရဲ့ ပန်းကုံးစွပ်ပွဲ လုပ်ရတော့မှာဘဲ။

မသူဇာဟာ ကျွန်တော့်ကို ရွေးမလား၊ ကိုကျော်ဇောကို ရွေးမလား။ တစ်ယောက်ယောက်ကိုတော့ ရွေးရမှာဘဲ။

မသူဇာရဲ့ သဘောကို တီးခေါက်မကြည့်ဘဲနဲ့တော့ ကျွန်တော် ရိပ်မိနေတာက ရှိတယ်။ မသူဇာဟာ ကျွန်တော့်ကို ကြောက်နေတယ်။ ကျွန်တော်ကလည်း လူသတ်ဖူးတာကိုး။ အဲဒီတော့ မသူဇာရဲ့နှုတ်က ကျွန်တော်နဲ့ပေါင်းပြီး ကိုကျော်ဇောကို ကွာရှင်းချင်တယ် ပြောတယ်။ ဒါပေမယ့် သူ့စိတ်ထဲမှာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ကို မပေါင်းချင်ပါဘူး။

မသူဇာဖက်က တွေးရင် မှန်ပါတယ်။ ကိုကျော်ဇောဟ ဘီအေဘီအယ်လ်ဘွဲ့ရ ဝတ်လုံတော်ရတစ်ယောက်၊ ကျ တော့်ထက် ပညာတတ်တယ်။ ကျွန်တော့်ထက် လိမ္မာယ ကျေးတယ်။ လင်တစ်ယောက်အနေနဲ့ ကျွန်တော့်ထက် ပြယ ကောင်းတယ်။ မင်းစိုးရာဇာလောကကို ဝင်ဆံ့တယ်။

ကျွန်တော်ကတော့ မိုးကုတ်သူဌေးသားပေမယ အရိုင်းစိတ် ဝင်နေတဲ့လူဆိုး။ ကျွန်းပြန်ဆိုတဲ့ နာမည်ဆိုးကြီးက ရှိနေတဲ့သူ။ ကျွန်တော်က ပွဲလယ်မသင့်တဲ့သူ။

ကျွန်တော်က နောက်ထပ်မားထိုးမှုဖြစ်ပြီး ထောင်မကျ ဘူး။ လူသတ်မှုဖြစ်ပြီး ကြိုးစင်ပေါ်မတက်ရပါဘူးလို့ ဘယ်သူ အာမခံမှာလဲ။

ကျွန်တော်က စိတ်မြန်လက်မြန်တဲ့ ကျွန်တော့်လက်ဟ နောက်ထပ်သွေးမစွန်းပါဘူးလို့ ဘယ်အာမခံကုမ္ပဏီက အ မခံဝံ့သလဲ။ လင်ဆိုးမယား တဖားဖား မဖြစ်နိုင်ဘူးလို့ ဘယ်သူ အာမခံမလဲ။

မသူဇာအဖို့ ထောက်ထားစရာဆိုလို့ သားကလေ မောင်သီဟဟာ ဖအေအရင်းဖြစ်တဲ့ ကျွန်တော်နဲ့အတူ ပြန်နေ ပဲ ကျွန်တော့်ကို ရွေးစရာလမ်းက ရှိတယ်။

မသူဇာကို ပန်းကုံးစွပ်ခိုင်းတော့ မသူဇာက ဘယ်သူ့





ပန်းကုံးမစွပ်ဝံ့ဘူး။ ငိုလို့ချည်းနေတယ်။

ကျွန်တော် သဘောပေါက်ပါတယ်။ မသူဇာဟာ ကို ကျော်ဇောကို ပန်းကုံးစွပ်ချင်ပေမယ့် ကျွန်တော့်ကို ကြောက် နေတော့ ကိုကျော်ဇောဟာ လွတ်လွတ်ကျွတ်ကျွတ် ချန်ပီယံ မဖြစ်ဘူး။ ကျွန်တော်နဲ့ ပူးတွဲချန်ပီယံ ဖြစ်နေတယ်။

ပွဲက မပြတ်သားဘူး။

ဒီလိုတော့ ဘယ်ဖြစ်မလဲ။ မသူဇာဟာ ပြတ်ပြတ် သားသားနဲ့ တစ်ခုခုကို ရွေးရမှာပေါ့။ ဒါက ဘောလုံးပြိုင်ပွဲမှ မဟုတ်ဘဲ။ ပူးတွဲချန်ပီယံ ရွေးလို့ဘယ်ရမလဲ။ ဒါက အိမ်ထောင် ရေးဘဲ။

အဲဒီမှာတင် ဝတ်လုံတော်ရ ကိုကျော်ဇောက ကန့်ကွက် လာတယ်။ မသူဇာဟာ ပန်းကုံးစွပ်စရာ မလိုပါဘူး။ ရွေးချယ်စရာ မလိုပါဘူးတဲ့။ သူနဲ့ တရားဝင်လက်ထပ်ပြီးတဲ့ မယားပါတဲ့။

ကျွန်တော်က ဟားတိုက်ရယ်လိုက်တယ်။ သူနဲ့ တရားဝင် လက်ထပ်ထားပါတယ်ဆိုတော့ ကျွန်တော်နဲ့ မသူဇာက တရားမဝင် လက်ထပ်ထားတာ ကျနေတာပဲ။

ပြောရရင် ကျွန်တော်နဲ့ မသူဇာ မကွာရှင်းဘဲ သေ တယ်ဆိုတဲ့ သတင်းကြားရုံနဲ့ သူတို့ လက်ထပ်ကြတာပဲ။ ကို ကျော်ဇောကို မယားခိုးမှုနဲ့ တရားစွဲရင်တောင် ရသာပါပဲ။

ဒါပေမယ့် ကိုလိုနီခေတ်က တရားသူကြီးတွေဟာ သူ့စမ္ပ



www.burmeseclassic.com

www.burmeseclassic.com



စာရီလောက် သမာဓိရှိမှာ မဟုတ်လို့ အချိန်ကုန်ခံပြီး တရားစွဲ
နေပါဘူး။

မယားခိုးမှု တရားစွဲရမှာလည်း ရှက်စရာကြီးပါ။ ကျွ
တော် ကျွန်းဒဏ်ခံရလို့ မသူဇာ နောက်အိမ်ထောင်ပြုတယ်
ထင်မှာ မဟုတ်ဘူး။ ကျွန်တော်ညံ့လို့ ကိုယ့်မယား သူမျ
အခိုးခံရတာလို့ လူတွေက ထင်ကြမှာ။

ပြီးတော့ လူတစ်ယောက် သေပါတယ် ပြောရက်သာ
ဘယ်တုန်းက အသက်မရှိတာလဲလို့ စစ်ကြောပြီး သံသရာရှ
ပေရှည်နေတဲ့ တရားဥပဒေဆိုတာကြီးကိုလဲ ကျွန်တော်
စိတ်မရှည်တော့ပါဘူး။ ဒါကြောင့် မယားခိုးမှု ကျွန်တော် မ
စွဲချင်တော့ပါဘူး။

မှန်တာပြောရရင် မသူဇာ သဘောထားကို အတန်
ရိပ်မိကတည်းက မသူဇာကို ကျွန်တော် မလိုချင်တော့ပါဘူး။ ဒါ
မယ့် သားကလေးမောင်သီဟအတွက် မိခင်အဖြစ်နဲ့ မသူဇာ
ကျွန်တော် ပြန်လိုချင်ပါတယ်။ ကျွန်တော့်ရဲ့ ဇနီးအဖြစ်နဲ့တော
မသူဇာကို မလိုချင်တော့ပါဘူး။

ဒါပေမယ့် ရှေ့နေကိုကျော်ဇောက ကော်လုံး၊ ကပ်လုံး
နဲ့ ဥပဒေနဲ့ အနိုင်ကျင့်ပြီး ကျွန်တော့်မယားရော ကျွန်တော်
အိမ်ရော မောင်ပိုင်းစီးတာကိုတော့ ကျွန်တော် လက်ပိုက်မကြ
နိုင်ပါဘူး။ အလျှော့လဲ မပေးနိုင်ပါဘူး။





အဲဒီမှာတင် ပြဿနာက လိပ်ခဲတည်းလည်း ဖြစ်နေပြီး
ကျွန်တော်တို့ ပြန်ခဲ့ရတယ်။

ကိုကျော်ဇောရဲ့ သဘောထားကတော့ မသူဇာ ပြန်ရဖို့
ရော အိမ်ကြီးပြန်ရဖို့ရော ဥပဒေနဲ့ စကားပြောပါတယ်။

ကိုကျော်ဇောက ဥပဒေသမားပီပီ ဥပဒေနဲ့ ရေရှည်ဆွဲပြီး
အနိုင်ကျင့်မယ့် နည်းဗျူဟာကို ကျွန်တော် သိတာပေါ့။

ကျွန်တော်က မယားရလိုမှုနဲ့ အိမ်ရလိုမှုနဲ့ တရားစွဲရမယ်
တဲ့။ ဥပဒေရဲ့ အဆုံးအဖြတ်ကို ကျေနပ်စွာနှင့် သူနာခံပါမယ်တဲ့။
ကိစ္စဟာ ကျွန်တော်တို့ ဥာဏ်မမီတဲ့ကိစ္စ။ ပညာရှိတရား
ကြီးတွေ အဆုံးအဖြတ်ပြုရမယ့်ကိစ္စတဲ့။

စကားလုံးကတော့ ဆင်ကြီးဝဋ္ဋုန်ချီပါပဲ။

ကိုကျော်ဇောဟာ ဘယ်လောက်ပဲ ဥပဒေပညာ ကျွမ်း
ျင် ပေမယ့် တရားသူကြီး ကျွန်တော့်ငွေနဲ့ ပေါက်တာလောက်
ကိုရောက်ဘူးဆိုတာ ကျွန်တော် နားလည်ပါတယ်။

ဒါပေမယ့် ဒီပြဿနာဟာ တရားသူကြီးရဲ့ ပြဿနာ
ဟုတ်ဘူး။ ကိုယ့်ပြဿနာ။ ကိုယ့်ဘာသာ ရှင်းရမယ်။

ဒါနဲ့ စေ့စပ်ရေးခုံကျိုးပြီး ပြန်ခဲ့ရတယ်။ ကျွန်တော်ဟာ
ကျွန်တော်ပိုင်ဆိုင်ခဲ့တဲ့ နန်းရှေ့က အိမ်ကြီးမှာ ညှော်သည်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခွင့်တောင်မရှိဘဲ ကျွန်တော် ခေါ်လာဖတဲ့ မြို့မိမြို့ဖ လူကြီးတွေနဲ့ ပြန်လာခဲ့ရတယ်။

လူကြီးကွေကတော့ ရှေ့နေကိုကျော်ဇောကို မယားခိုးမှုနဲ့ စွဲဖို့ ကျွန်တော့်ကို တိုက်တွန်းကြပါတယ်။

ကျွန်တော် တည်းခိုတဲ့ မြင့်မြင့်မေတို့အိမ်ကို ရောက်တော့ ကျွန်တော် မအိပ်ဘဲ တစ်ညလုံး စဉ်းစားခန်း ဝင်မိတယ်။

ကိုကျော်ဇောဟာ လူလည်လဲကျတယ်။ လူပါးဝဲ ဝတာ အမှန်ဘဲ။ ကိုကျော်ဇော အပြုအမူဟာ မခံချင်စရာ ကောင်းတာ အမှန်ပဲ။ မသူဇာကို သူ တကယ်မြတ်နိုးတယ်ဆိုရင် လက်ထပ်ခေါ်ပြီး အိမ်ကြီးပေါ်က ဆင်းသွားစေပေ့။

အခုလို အိမ်ကြီးပေါ်ကလည်း မဆင်း၊ မသူဇာနှင့်လည်း မကွာနိုင်ဘူးဆိုတော့ သက်သက်ညစ်တာ ထင်ရှားနေတယ်။

ကိုကျော်ဇောကို ကျွန်တော် သတ်ပစ်ရကောင်းမလားလို့ အထိတောင် စဉ်းစားမိတယ်။

မှန်ပါတယ်။ ကိုကျော်ဇောဟာ ကျွန်တော်တို့ မိသားစု ပြန်လည် ပေါင်းစည်းရေးအတွက် အတားအဆီး ဖြစ်နေပြီ။

ကိုကျော်ဇောဟာ သက်ကြီးဝန်တို ကုံးမအို ဖြစ်နေပြီ။

ကျွန်တော် လူမသတ်ချင်တာ မဟုတ်ပေမယ့် ကျွန်တော့် သားလေး မောင်သီဟကို စွန့်ခွာပြီး မသွားချင်တော့လို့ပေါ့။ ကိုကျော်ဇောကို သတ်ချင်တာက ကျွန်တော် လက်ယားလာ တယ်။

တစ်ညလုံး ကျွန်တော် မအိပ်ဘဲ စဉ်းစားတယ်၊ ဆေးလိပ်တစ်လိပ်ပြီးတစ်လိပ် ကုန်အောင်သောက်ပြီး ကျွန်တော် စဉ်းစားတယ်။ နောက်တစ်နေ့တော့ အကောင်းဆုံး အဖြေတစ်ခုကို ကျွန်တော် သွားတွေ့တယ်။

ကျွန်တော်ရဲ့ အဖြေကတော့ ဗိုလ်နေမြဲ ကျားနေမြဲ သဘောထားပါ။ မှန်ပါတယ်။ ဗိုလ်နေမြဲ ကျားနေမြဲ ဆက်နေကျပါစေ။

ပိုနေတဲ့ ကျွန်တော်က အဝေးကို စွန့်ခွာထွက်သွားပေါ့။

ကိုကျော်ဇောနှင့် မသူဇာတို့ရဲ့ ချစ်ချင်းမေတ္တာကိုလည်း ကျွန်တော် မဖြိုခွင်းတော့ပါဘူး။ အိမ်ကြီးပေါ်ကလည်း မဆင်းစေရတော့ပါဘူး။

အိမ်ကြီးပေါ်ကဆင်းရင် မသူဇာခမျာ မျက်နှာငယ် အရှက်ရပေလိမ့်မယ်။ ငယ်ရွယ်စဉ် ကျောင်းသားဘဝက ချစ်မဝခဲ့တဲ့ ကျွန်တော့် ငယ်ပေါင်းကို စိတ်မဆင်းရဲစေချင်ပါဘူး။

အိမ်ကြီးကိုလည်း ကိုကျော်ဇောနှင့် မသူဇာတို့ကိုပဲ လက်ပွဲလိုက်ပါတော့မယ်။

တကယ်တော့ သားလေး မောင်သီဟ ကိုကျော်ဇောကို ဖေအရင်းလို့ ထင်နေရှာတာပါ။ သူ့ရဲ့ထင်မြင်မှုကလေးကိုလည်း မဖျက်ဆီးချင်တော့ပါဘူး။







www.burmeseclassic.com

www.burmeseclassic.com



သားလေး မောင်သီဟအတွက်လဲ ကျွန်းပြန်ကြီးရဲ့ သား ဆိုတာထက် ဝတ်လုံတော်ရကြီးရဲ့သား ဆိုတာက ပိုပြီးဂုဏ်တက် စေ မှာပါ။

ဒီလို အလျှော့ပေးလိုက်ခြင်းအားဖြင့် ရှေ့နေကိုကျော် ဇောက သူ့ကို ကြောက်ပြီး ကျွန်တော် အလျှော့ပေးသွားတယ်လို့ ထင်မှာပါ။ ထင်ချင်ရာ ထင်ပါစေတော့။

ကျွန်တော့် တစ်သက်မှာ လူတွေကို ဓားကစားနေရ တာနှင့်ပဲ အချိန်ကုန်နေရတာပါ။ ကုသိုလ်ကောင်းမှု ပြုဖူးခဲ့တာ မဟုတ်ပါဘူး။

ဘယ်သူ့ကိုမှ ကုသိုလ်ကောင်းမှု မပြုခဲ့ပေမယ့် ကိုယ့် သား နဲ့ ကိုယ့်မယားကိုတော့ ကုသိုလ်ကောင်းမှု ပြုနိုင်မှာပါ။

ကျွန်တော် တစ်ညလုံး တစ်နေ့လုံး စဉ်းစားပြီး အဲဒီလို ဆုံးဖြတ်ချက် ချချိန်ကျတော့ ညနေ နေဝင်ရီတရောအချိန် ကျနေ ပါပြီ။ ကျွန်တော်လည်း ကျွန်တော့်ဆုံးဖြတ်ချက်ကို သွားပြောဖို့ နန်းရှေ့အိမ်ကြီးကို ထွက်ခဲ့ပါတယ်။

ခြံထဲမှာ ဘယ်သူမှမရှိလို့ အိမ်ကြီးထဲကို တိုက်ရိုက်ဝင် သွားတယ်။ အိမ်ထဲမှာလည်း ဘယ်သူမှ မရှိကြပါဘူး။

ဘကြီးဖိုးတင် ရောက်လာတယ်။ ဘကြီးဖိုးတင်က ကို ကျော်ဇောရော မသူဇာရော သားကလေးပါခေါ်ပြီး ကားနှင့် အပြင်ထွက်သွားတဲ့အကြောင်း ပြောတယ်။





အဲဒီတုန်းက မသူဇာ အပေါ်ထပ် အခန်းထဲမှာ ကျန်ရစ်ခဲ့ တာ ကျွန်တော် လုံးဝမသိပါဘူး။

ဒါကြောင့် ကျွန်တော် စန္ဒရားခုံမှာထိုင်ပြီး မေရှင်ရဲ့ဖူးစာ ပိုင်ရှင် သီချင်းကိုတောင် ဆိုခဲ့သေးတယ်။

မသူဇာ အိမ်ပေါ်မှာရှိရင် ဆင်းလာရအောင်ပါ။

ကျွန်တော် သူတို့ကို ထိုင်စောင့်ဖို့ စိတ်ကူးသေးတယ်။ ဒါပေမယ့် ဘာကြောင့်မှန်းလဲ မသိဘူး။ မစောင့်ချင်တော့ဘူး။ ဒါပေမယ့် ငါ ဒီနေ့ ချက်ချင်း မပြောသေးဘူး။ 'သူတို့ကို ညှဉ်းထား ဦးမယ်လို့ စိတ်ကူးပေါက်မိတယ်။

နွားတစ်ကောင်လုံး ရောင်းပြီးမှ နွားကြိုးကို မက်မောနေ သလိုပေါ့။ မယားရော သားရော အိမ်ကြီးရော ဝေဿန္တရာလုပ် ပြီးမှ စေတနာမမှန် ဖြစ်လာပြန်ရော။

ဒါနဲ့ ကျွန်တော် နန်းရှေ့အိမ်ကြီးက ကျွန်တော် ပြန်ခဲ့ပါတယ်။ ညဖက်ကျတော့ မသူဇာ အသတ်ခံရတဲ့ သတင်းကို ကြားရတာပါပဲ။

အဲဒီနေ့ညနေ နေဝင်ရီတရော အချိန်မှာ ကျွန်တော်က နန်းရှေ့အိမ်ကြီးကို ရောက်သွားတာဆိုတော့ ကျွန်တော့်ကို လူသတ်မှုနဲ့ စစ်ဆေးပါတယ်။

ပထမတော့ ကျွန်တော့်ကို ရိုးရိုး စစ်ဆေးတယ်ပဲ ထင်[illegible] တယ်။ နောက်ပိုင်းကျတော့မှ ကျွန်တော့်ကို လူသတ်မှုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်တွေက မသက်ာနေမှန်း သိရတယ်။

ပုလိပ်တွေ ကျွန်တော့်ကို မသက်ာဘူးဆိုတာ ညီး အဆိုးတော့ ဆိုစရာမရှိပါဘူး။

ကျွန်တော်က လူသတ်မှုနဲ့ ထောင်ကျဖူးတဲ့ ကျွန်းပြန် ဓားထိုးမှုနဲ့လည်း မကြာခဏ ရပ်သိ ရွာသိ ပုလိပ်သိ ဖြစ်ရတဲ့လူ။

အဲဒီတော့ ကျွန်တော့်ကို မသက်ာဘူးဆိုတာ သဘာဝကျ ပါတယ်။ ဒါပေမယ့် မသူဇာကို ကျွန်တော် မသတ်ပါဘူး။

တကယ်လို့ သတ်ချင်း သတ်မယ်ဆိုရင် ကိုကျော်ဇောကို ကျွန်တော် သတ်မှာပေါ့။

ကိုကျော်ဇောဟာ ကျွန်တော်တို့မိသားစု ပြန်လည်ပေါင်း စည်းရေးအတွက် ဆူးညှောင့်ခလုတ်ပဲဟာ။ ဆူးညှောင့်ခလုတ်ကို သုတ် သင်ရှင်းလင်းတာ မှန်တာပေါ့။

ကျွန်တော်က ဘာဖြစ်လို့ မသူဇာကို သတ်ရမှာလဲ။ မသူဇာကို သတ်ရင် ကျွန်တော့်သား မောင်သီဟလေး မိတဆိုး ဖြစ်သွားမှာပေါ့။

မောင်သီဟလေးဟာ ဒီလောကကြီးကို ကိုယ်လက်အင်္ဂါ မသန်မစွမ်းသူအဖြစ်နဲ့ ရောက်လာရတာပါ။ ဒီဘဝမှာ သူ့အတွက် လောကဓံတရားကပေးတဲ့ အပြစ်ဒဏ်ဟာ လုံလောက်နေပါပြီ။

နောက်ထပ် မောင်သီဟလေးကို မိတဆိုးဖြစ်အောင် ကျွန်တော် ဘယ်လုပ်သင့်မလဲ။ မောင်သီဟကလေးကို ဒဏ်ခတ်





တဲ့အပြုအမူမျိုး နောက်ထပ် မလုပ်သင့်တော့ပါဘူး။

ပြီးတော့လည်း မသူဇာဟာ ကျွန်တော့်ရဲ့ယော်ချစ်ပါ။

ကျောင်းနေစဉ်ဘဝက ချစ်ခဲ့ရတဲ့ သူငယ်ချင်းပါ။ ပြီးတော့ မသူဇာက ကျွန်တော့်ကို မချစ်နိုင်ပါဘူး။ ပြန်မပေါင်းနိုင်ပါဘူးလို့ ငြင်းနေတာမှ မဟုတ်ဘဲ။

ကျွန်တော်တို့ ပြန်ပေါင်းဖို့ ကိုကျော်ဇောဆီက ကွာစာ တောင်းနေပြီပဲ။ ကိုကျော်ဇောက ရှေ့နေပိပိ ကွာရှင်းပြီး လက် တို့နေတာ။

မသူဇာက မောင်သီဟကလေးရဲ့ နောင်ရေးကို မျှော် တွေးပြီး ကျွန်တော်နဲ့ ပြန်ပေါင်းပါ့မယ်လို့ ကတိပေးထားပြီးပြီ ပဲ။ ဘာလိုသေးလဲ။

မသူဇာကို သတ်စရာ ကျွန်တော် လိုသေးလို့လား။

ဒါပေမယ့် မသူဇာက ကျွန်တော့်ကို တစ်ခုပဲ တောင်းပန် ပါတယ်။ မောင်သီဟကလေးဟာ အခုအချိန်မှာ ကိုကျော်ဇောကို သူ့အဖေအရင်းလို့ ထင်နေပါတယ်။ မောင်သီဟကလေးဟာ ကိုကျော်ဇောကို ဖေဖေ . . ဖေဖေလို့ ခေါ်နေပါတယ်။

အခုချက်ချင်းကြီး မောင်သီဟကလေးကို ကိုကျော်ဇောရဲ့ သားမဟုတ်ဘူး ကျွန်တော့်သားပါလို့ ပြောလိုက်ရင် မောင်သီဟ ကလေးရဲ့ စိတ်ထဲမှာ အကြီးအကျယ် အပြောင်းအလဲကြီး [illegible] သွားနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးရဲ့ နှလုံးသားထဲမှာ တုန်လှုပ်စရာကောင်းတဲ့ ပြောင်းလဲမှုကြီးမဖြစ်အောင် တဖြည်းဖြည်းနဲ့ နားချပြီး ပြုပြင်ပြောင်းလဲတာကို လက်ခံပါ။

ကလေးတွေရဲ့ နှလုံးသားက အကြီးအကျယ် ပြောင်းလဲမှုရဲ့ ဒဏ်ကို ခံရဖို့ အလွန်နုနည့်သေးတယ်လို့ သူဇာက ပြောတယ်။

ပြီးတော့ သူဇာက မောင်သီဟာလေး ဆရာမတီချာ အင်ဂျလာကို တဖြည်းဖြည်း နားချခိုင်းပြီး ကျွန်တော်ဟာ မောင်သီဟလေးရဲ့ အဖေဖြစ်ကြောင်း စိစဉ်ပေးမယ်တဲ့။

မှန်ပါတယ်။ မောင်သီဟလေးဟာ ကိုကျော်ဇောကို သူ့အဖေအရင်းလို့ ယုံကြည်နေတာ။ အဲဒီ ယုံကြည်မှုကြောင့် မောင်သီဟလေးရဲ့ ဘဝဟာ လုံခြုံနေတာ။

အဲဒီလို ဘဝလုံခြုံမှုရနေတဲ့ ယုံကြည်ချက်ကို ရုတ်တရက် ချက်ချင်းကြီး ပြောင်းလဲပစ်ရင် မောင်သီဟလေးဟာ အကြီးအကျယ် စိတ်ထိခိုက်သွားနိုင်တယ်။

ပြီးတော့ ကျွန်တော့်ကို သူ့အဖေအဖြစ် လက်ခံဖို့ကိုလည်း ခဲယဉ်းသွားနိုင်တယ်။ ဒါတွေကို ကျွန်တော် သိပါတယ်။

ကျွန်တော်ရဲ့ သားလေးကို မညှဉ်းဆဲချင်ပါဘူး။ သူ စိတ်ဆင်းရဲရမယ့် ကိစ္စကို မလုပ်ပါဘူး။

ဒီလိုပဲ အချိန်ယူပြီး လုပ်ရမယ့် အလုပ်၊ သည်းခံစောင့်စားရမယ့် ပြဿနာဆိုတာ ကျွန်တော် နားလည်ပါတယ်။





ဒါပေမယ့် စောစောက ကျွန်တော် ပြောသလိုပါပဲ။

သူတို့ရဲ့ သာယာတဲ့ အသိုက်အမြုံလေးကို ကျွန်တော် မဖျက်ချင်တော့ပါဘူး။ သူတို့ရဲ့ သာယာတဲ့လမ်းကို သူတို့ဆက်ပြီး လျှောက်ပါစေ။ ဒီပြဿနာမှာ ကျွန်တော်က ပြည်ပန်းညိုလား၊ ကိုကျော်ဇောက ဆားလား။

ကိုကျော်ဇောက ပြည်ပန်းညိုလား၊ ကျွန်တော်က ဆားလား။ ဒါကတော့ အချိန်အခါက ဆုံးဖြတ်မှာပါ။ အခုတော့ ဘယ်သူက ပြည်ပန်းညိုလဲ၊ ဘယ်သူက ဆားလဲဆိုတာ မပြောနိုင်သေးပါဘူး။

ပြည်ပန်းညို ချိုပါလျက် ဆားက ဖျက်တယ်ဆိုတာမျိုးကို ကျွန်တော် မလုပ်ချင်တော့ပါဘူး။

ဒါကြောင့် ကျွန်တော် နောက်ဆုတ်ပေးဖို့ စိတ်ကူးတာပါ။ ဒါကြောင့် ဘကြီးဖိုးတင်ကို

“မသူဇာတို့မိသားစုကို ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်။ ကျွန်တော် မိုးကုတ်ကို ပြန်တော့မယ်”

လို့ ယတိပြတ် ပြောခဲ့တာပါ။ မယုံရင် ဘကြီးဖိုးတင်ကို မေးကြည့်ပါ။ တကယ်လို့ မသူဇာကို အိမ်ပေါ်တက်ပြီး ကျွန်တော်က လည်ပင်းညှစ်သတ်ခဲ့ရင် မသူဇာကို နှုတ်ဆက်ခဲ့ပါတယ်လို့ ပြောစရာလိုဦးမလား။

ကိုယ်သတ်ခဲ့တဲ့ လူတစ်ယောက်ကို ကိုယ်ပြန်ပြီး နှုတ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆက်ပါဦးမလား။ ကျွန်တော် မသူဇာကို မသတ်ပါဘူး။

တစ်လောကလုံး လူတွေကိုသာ ကျွန်တော် သတ်ချင်သတ်မယ်။ မသူဇာကို ကျွန်တော် မသတ်ပါဘူး။

ယုတ်စွအဆုံး မသူဇာက ကျွန်တော့်အသက်ကို ရန်ရှာချင်တောင် ငယ်ချစ်ဖြစ်တဲ့ မသူဇာကို ကျွန်တော် လွတ်ငြိမ်းချမ်းသာခွင့် ပေးမယ်။

အခုတော့ ကျွန်တော် နားလည်ပါပြီလေ။

ကျွန်တော့်ကြောင့် မသူဇာဟာ လင်ဆိုးမယား တဖားဖားဘဝနဲ့ လောကလှိုင်းဂယက်ထဲမှာ စုန်ချည်ဆန်ချည် ကူးခတ်ခဲ့ရတာ၊ သူ့ခမျာ လက်ပန်းကျလှပါပြီ။

မသူဇာကို ငြိမ်းချမ်းစွာ အနားယူစေချင်ပါပြီ။

တစ်သက်လုံး မကောင်းတဲ့ အကောင်၊ စိတ်ကောင်းဝင်တဲ့ အခါ အကြီးမားဆုံးဒါနပြုမယ်ဆိုပြီး မသူဇာတို့ကို ကျွန်တော် ခွင့်လွှတ်ခဲ့တာပါ။

လောကကြီးမှာ ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး လှူဒါန်းရတာထက် လူမသိ သူမသိ ကိုယ့်ဘဝကို ကိုယ်စတေးပြီး လှူဒါန်းလိုက်ရတာမျိုးကို ဘယ်သူမှ မသိကြသေးပါဘူး။

မသူဇာတို့ ကောင်းမှုအတွက် ကျွန်တော့်ဘဝကို ဒါနပြုခဲ့တာပါ။



BURMESE CLASSIC .com

[၃]

## ကိုကျော်ဇော၏ ထွက်ဆိုချက်

ကျွန်တော်တို့မျိုးရိုးက ရှေ့နေမျိုးပါ။ ကျွန်တော့်အဘိုးလဲရှေ့နေပါ။ အခု ကျွန်တော်လဲ ရှေ့နေပေါ့။

ရှေ့နေမို့ လျှာရှည်တယ် မထင်ပါနဲ့။ ဒီဇာတ်လမ်းကို ကျွန်တော် တိုတိုပဲ ပြောပါ့မယ်။ ဒါပေမဲ့ ကျွန်တော့်အကြောင်းပြောရင် ကျွန်တော့်မျိုးရိုးအကြောင်းပါ နည်းနည်းပြောချင်ပါတယ်။

ကျွန်တော့်အဘိုးက ပြည်ခရိုင်ဖက်မှာ ဒုတိယတန်းရှေ့နေအဖြစ် အမှုလိုက်ခဲ့တာပါ။

ကျွန်တော့်အဘိုးနာမည်က ဦးထွန်းမြတ်ပါ။

အဘိုးတို့ခေတ်တုန်းက အဘိုးကို ရွှေဒင်္ဂါးဦးထွန်းမြတ်လို့ခေါ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးက သူ့ရဲ့အမှုလိုက်ခကို ရွှေဒင်္ဂါးပြားနဲ့ ပေးချေစေလို့ပါ။ အဘိုးကို ငွေသားပေးချေတာထက် ရွှေဒင်္ဂါးနဲ့ ပေးချေတာပို သဘောကျလို့ပါ။

အဘိုးက ရွှေဒင်္ဂါးပြားတွေကို စုထားတာပါ။ အဘိုးက သိပ်ပြီး ကပ်စေးနဲပါတယ်။ တကယ်လို့ အမှုသည်တွေက ငွေသားနှင့် အမှုလိုက်ခပေးရင် သုံးမိမှာစိုးလို့ပါ။ အဘိုးက တစ်နေ့လုံး သူ့ဆီက ငွေတစ်ပြားမှ မထွက်အောင် နေပါတယ်။

ရုံးမှာ အမှုလိုက်နေစဉ် အဆာပြေ လက်ဖက်ရည် သောက်တာတောင် အမှုသည်က တိုက်မှ သောက်ပါတယ်။ တိုက်မယ့်သူ မရှိရင်လဲ သူ့ပိုက်ဆံနှင့်တော့ ဘယ်တော့မှ ဝယ်မသောက်ပါဘူး။

ဘယ်သူမှ တိုက်မယ့်လူမရှိရင် ဘီလစ်စာရေးကြီးနားမှာ သွားထိုင်နေပြီး အာမခံရတဲ့ အမှုသည်တွေက တိုက်တဲ့ အာမခံ လက်ဖက်ရည်ကို သောက်ပါတယ်။

အဘိုးက မနက်ပိုင်းဆိုရင် ထမင်းကြော်ပဲ စားပါတယ်။ ထမင်းကြော်တောင်မှ ပဲပြုတ်မပါပါဘူး။ ပဲပြုတ်ဖိုး တစ်ပြားကုန်မှာ စိုးလို့ပါ။ ထမင်းကြော်၊ ရေနွေးကြမ်းနှင့် မနက်ပိုင်း ပြီးသွားတာပါပဲ။

ရုံးကိုရောက်လို့ အမှုသည်က ထမင်းကျွေးရင်လဲ မွန်းလွဲနှစ်နာရီလောက် စားလေ့ရှိတယ်။ မွန်းလွဲနှစ်နာရီလောက် ထမင်းစားရင် အဘိုး ညစာမစားတော့ဘူးတဲ့။





ထမင်းကျွေးတဲ့အမှုသည်နှင့် မတွေ့ရင်လဲ အဘိုး တစ်နေ့လုံး ဘာမှမစားဘဲ နေတာပဲ။ ညနေ ရုံးက ဆင်းမှ ထမင်းကို ငါးခြောက်နှင့် စားလေ့ရှိသတဲ့။ ငါးခြောက်မရရင်လဲ ထန်းလျက်ခဲနှင့် စားတာပဲတဲ့။

အဘိုးက ရွှေဒင်္ဂါးပြားချည်းပဲ စုနေမှန်းသိတော့ တချို့ လူလိမ်အမှုသည်ဆီက ရွှေဒင်္ဂါးအတုတွေ ဘာတွေလဲရသတဲ့။ တချို့ လူလိမ်ဖိုးတွမ်တီးတွေဆိုရင် အပြင်ဖက်မှာ လိမ်ရုံမကဘူး။ ရှေ့နေကိုပါ လိမ်တာ၊ အမှုလိုက်ခပေးဖို့ လောလောဆယ် ငွေမရှိသေးလို့ပါ။ အမှုသာ လက်ခံပြီး လိုက်ပေးပါ။ ဘယ်နေ့ကျရင် ပေးပါ့မယ်လို့ ဟိုရက်ချိန်းပေး ဒီရက်ချိန်းပေးနဲ့ အမှုသာ ပြီးသွားရော ရှေ့နေခ မလာတော့ဘူး။ အဲဒီလို အလိမ်ခံရတာ။

အဘိုးက အမှုသည်တွေက လက်ဆောင်ပစ္စည်းပေးရင်လဲ သိပ်သဘောကျတာပဲတဲ့။ တကယ်လို့ အမှုသည်တွေက လက်ဆောင် မပေးချင် ပေးချင်အောင်လဲ အဘိုးက လုပ်တတ်တယ်။ ဥပမာ ရွှေတောင်ဖက်က ယက္ကန်းစင် ပေါ်တယ်။ ရွှေတောင်ပုဆိုးပေါ်တယ်။

ရွှေတောင်ဖက်က အမှုသည်တွေအတွက် အမှုလိုက်ရင် အဘိုးက ပုဆိုးခပ်နွမ်းနွမ်းပဲ ဝတ်လေ့ရှိသတဲ့။ အမှုသည်တွေက သူတို့ဖက်က လိုက်တဲ့ရှေ့နေ ပြောင်ပြောင်ယောင်ယောင် ဝတ်စားရအောင်ဆိုပြီး နောက်တစ်ပတ် ရုံးချိန်းကျတော့ ပုဆိုးနှစ်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



သုံးကွင်း လက်ဆောင်ပေးသတဲ့။

အမှုသည်တွေ ဘယ်ဒေသကလဲ၊ သူတို့အရပ်ဒေသမှာ ဘာတွေ ထွက်သလဲဆိုတာ အဘိုးက စုံစမ်းထားတာ၊ ဟသ်ာတဖက်က အမှုသည်တွေဆိုရင် ငါးခြောက်ငါးခြမ်းနဲ့ ငှက်ပျောခိုင်ကို အဘိုးက မှာလေ့ရှိသတဲ့။

အဘိုးက အမှုလိုက်ခတင်မကဘဲ အခုလို လက်ဆောင်ပစ္စည်းပါ တောင်းတတ်တော့ တချို့ကလည်း ရွှေဒင်္ဂါးဦးထွန်းမြတ်လို့ မခေါ်ဘဲ လက်ဆောင်ယူ ဦးထွန်းမြတ်လို့ ခေါ်သတဲ့။

အဘိုး လက်ဆောင်ကို ဘယ်လောက် ခုံခုံမင်မင် ရှိသလဲဆိုရင် ပြည်ခရိုင်ဖက်မှာ အဘိုးအကြောင်းက ပြောစမှတ်ကို ဆန်းရရော။ အဘိုး ဒီလို လက်ဆောင်ယူတာကို တချို့အမှုသည်တွေကလည်း ကျေမှမကျေနပ်ဘဲကိုး။

တစ်ခါတော့ အမှုသည်တစ်ယောက်က အဘိုးလက်ဆောင် ယူနေတာကို မကျေနပ်လို့ အဘိုးကို ချိုးမယ်ဆိုပြီး မောင်တင်လာသတဲ့။

အဘိုးက အဲဒီအမှုသည်ကို မောင်ဟဝ၊ မင်းတို့ အရပ်ဒေသမှာ ဘာပေါလဲလို့ မေးသတဲ့။

အဲဒီအမှုသည်က အဘိုးကို ချိုးမယ်ဟဲ့လို့ စိတ်ကူးပြီး ''ဘာမှ မပေါပါဘူး၊ မြစ်ကမ်းဘေးက ရွှံ့တွေပဲ ပေါပါတယ်'' လို့ ဆိုသတဲ့။ အဲဒီအခါမှာ လက်ဆောင်မက်တဲ့ အဘိုးက ဘာ



ပြန်ပြောသလဲဆိုရင် . .

''ဟဲ့ . . မောင်အဝှာတို့ဆီမှာ ရွှံ့ကွေချည်းပဲ ပေါတယ်ဆိုတော့ ဒီတစ်ခါလာရင် ငါ့အတွက် လောက်စာလုံး အလုံးငါးရာလောက် လုံးခဲ့စမ်း'' လို့ ဆိုသတဲ့။

ဦးထွန်းမြတ်တို့များ ရွှံ့တောင် လက်ဆောင်လိုချင်တာလို့ ပြောခဲ့ကြသတဲ့။ အဘိုးက အဲဒီလိုကပ်စေးနည်းပြီး စုဆောင်းထားတော့ အဖေတို့လက်ထက်ကျတော့ ချမ်းသာလာသတဲ့။

အဖေကလဲ ရှေ့နေလိုက်ရာမှာ သိပ်ပြီးနာမည်ကျော်တော့ အဖေ ရှေ့နေ အလိုက်ကောင်းလို့ လက်တစ်ဖက်ထွန်းကျော်လို့ နာမည်ကြီးသတဲ့။

လက်တစ်ဖက်ထွန်းကျော်လို့ နာမည်ကြီးရတာ အဖေက အမှုလိုက်ရင် ဌာန်နဲ့မာန်နဲ့ ပြောတတ်သတဲ့။ တစ်ဖက်အမှုသည် ကြောက်လန့်သွားအောင် သဟောက်သဟာလဲ ပြုတတ်သတဲ့။ ပေါက်ပေါက်ငမ်းငမ်းလဲ လုပ်တတ်သတဲ့။

အဖေက အမှုလိုက်ရင် စိတ်ရောကိုယ်ပါ လိုက်တတ်တော့ ကိုယ့်အမှုသည်တွေက အလွန်သဘောကျတယ်။ အဖေက မဟာနမ္မူး၊ နတ်ခမ်းမွှေးကျင်စွယ်နဲ့ ဥပမိရုပ်ကလဲ ကောင်းတယ်။

ဒါပေမယ့် တစ်ဖက်အမှုသည်က အဖေ့ကို ရှေ့နေလို့ မမြင်ဘဲ ရန်သူလို မြင်တော့တာပဲ။ အဖေက ကိုယ်ရောစိတ်ပါ အမှုလိုက်တာကိုး။ အဲဒီမှာတင် ရာဇဝင်လူဆိုးတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



အမှုလိုက်ကောင်းတဲ့ ရှေ့နေကြီး ဦးထွန်းကျော်ကို ဆုပေးရမယ်ဆိုပြီး ဓားနဲ့ ခုတ်သတဲ့။ အဖေက လက်နဲ့ခံလိုက်လို့ လက်ပြတ်သွားတာ။

အဖေ ဓားခုတ်ခံရတဲ့နေရာက ရေကန်တစ်ခုရဲ့ ကန်ဘောင် ရိုးမှာ အဲဒီညနေက အဖေက လေညင်းခံရင်း လမ်းလျှောက်နေတာ။ အဖေက လက်ပြတ်နေပေမယ့် တုတ်ကောက်နဲ့ လူဆိုးကို လိုက်ရိုက်ရင်း ကန်ဘောင်မှ လိမ့်ကျသွားသတဲ့။

အဖေ့ကို ဓားနဲ့ခုတ်တဲ့လူဆိုးက ရာဇဝင်လူဆိုးကံဦးဆိုတဲ့ လူ။ သူကလဲ နာမည်ကြီးလူဆိုးပဲ။

အဖေက . .

''ကံဦး ဓားနဲ့ခုတ်တယ်၊ ကံဦး ဓားနဲ့ခုတ်တယ်''လို့ အော်တယ်။ အဲဒီအချိန်မှာ ဝတ်ရွတ်ရာက ပြန်လာတဲ့ ဝတ်အသင်းသူအသင်းသားတွေက ရေကန်ဘောင်ရိုးမှာလဲနေတဲ့ အဖေ့ရဲ့အသံ ကြားရပြီး ဆေးရုံကို ပို့လိုက်ကြတယ်။ အဖေက သူ့တို့ဓားနဲ့ ခုတ်တဲ့ ရာဇဝင်လူဆိုး ကံဦးကို ဓားခုတ်မှုနဲ့ တရားစွဲတယ်။ ရုံးတော်မှာ အမှုစစ်တော့ တစ်ဖက်ရှေ့နေက ဘယ်လို လျှောက်လဲချက်ပေးသလဲဆိုတော့ . .

''ရှေ့နေကြီး ဦးထွန်းကျော်ကို ဓားနဲ့ ခုတ်တဲ့လူဟာ ကျွန် တော်ရဲ့တရားခံ ကံဦး မဟုတ်ပါဘူး။ တခြားလူတစ်ယောက် ဖြစ်ပါ လိမ့်မယ်။ ကျွန်တော် အမှုသည် ကံဦးက အခြားတစ်



နေရာမှာ ရှိနေတယ်ဆိုပြီး အလီဘိုင်ပြတယ်''တဲ့။

အဖေ သူ့ကို ဓားနဲ့ခုတ်တာ ရာဇဝင်လူဆိုး ကံဦးပဲ၊ ဒါကြောင့် ကျွန်တော် ကံဦးလို့ အော်တာ ဝတ်ရွတ်ပြီး ပြန်လာတဲ့ ဝတ်အသင်းသားတွေ အကြားပါလို့ ဝတ်အသင်းသားတွေကို သက်သေထူသတဲ့။

ဝတ်အသင်းသားတွေကလဲ ရှေ့နေကြီး ဦးထွန်းကျော်ဟာ ကန်ဘောင်ရိုးမှာလဲကျနေပြီး ကံဦး၊ ကံဦးလို့ အော်နေတာ ကြားရပါတယ်လို့ သက်သေလိုက်ကြတယ်။

ဝတ်အသင်းသားတွေက အဖေအော်တဲ့အတိုင်း ကံဦး ဓား နဲ့ခုတ်တယ်ဆိုတာကိုတော့ မကြားကြဘူး၊ ကံဦး၊ ကံဦးလို့ သာ ကြားသတဲ့။ ဝတ်အသင်းသားတွေ ကြားတာဆိုတာ အမှန် ဖြစ်မှာပါ။

အဲဒီတော့ ရာဇဝတ်လူဆိုး ကံဦးရဲ့ရှေ့နေက ဘယ်လို လျှောက်လဲချက်ပေးသလဲဆိုရင် ''ရှေ့နေကြီး ဦးထွန်းကျော်ဟာ ရာဇဝင်လူဆိုးကံဦးကို တွေ့လို့အော်တာ မဟုတ်နိုင်ပါဘူး။ တစ်စုံတစ်ယောက်က သူ့ကို ဓားနဲ့ခုတ်ပြီး ကန်ဘောင်ဦးမှာ လိမ့်ကျနေတော့ သူ့ကို အကူအညီပေးရအောင် ဝတ်အသင်းသားတွေကို ရေကန်ဦးမှာ သူရှိနေပါတယ်။ လာပြီး ကူညီလှည့်ပါဆိုပြီး ကံဦး ကံဦးလို့ ခေါ်တာပါ။ ကျွန်တော့်ရဲ့ အမှုသည် ကံဦးကို ပြောတာ မဟုတ်ပါဘူးလို့ ဆိုသတဲ့။ အဲဒီတုန်းက အဖေ့ကို ဓားနဲ့ခုတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်လူဆိုး ကံဦးကို အဖေတစ်ယောက်တည်းသာ မြင်လိုက်တာ။ တခြား ထောက်ခံထွက်ဆိုပေမယ့် သက်သေက ရှိတာမဟုတ်ဘူး။ အဲဒီတော့ အဖေရဲ့စွပ်စွဲချက်ဟာ အရာမထင်ဘူး။

တရားသူကြီးကလဲ အဖေ့ကို ဓားနဲ့ခုတ်ခံရတဲ့ နေရာဟာ ရေကန်ရဲ့ ကန်ဘောင်ရိုးထိပ်မှာဆိုတော့ ကံဦးလို့ပဲ ယူဆသတဲ့။

အဖေကလဲ မြန်မာစကားမှာ ကန်ဘောင်ရိုးထိပ် ရေကန်ပေါ်တိုပဲ ခေါ်တယ်။ ကံဦးလို့ မခေါ်ဘူးလို့ မျက်နှာဖြူတရားသူကြီးကို ရှင်းပြတယ်။

တစ်ဖက်ရှေ့နေကလဲ ရေကန်ဘောင်ရဲ့ထိပ်မှာ ဆောက်လုပ်ရှိတဲ့ ဘုန်းကြီးကျောင်းများကို ကန်ဦးကျောင်းလို့သာခေါ်ပြီး ကန်ထိပ်ကျောင်းလို့ မခေါ်ဘူးလို့ ယုချေတယ်။

အဖေက တစ်ခါ ရေကန်ဘောင်ဟာ ကုန်းမို့မို့နေရာမို့ ကုန်းထိပ်လို့သာ ခေါ်မယ်။ ကုန်းဦးလို့ မခေါ်နိုင်ဘူး။ အဲဒီလိုပဲ ရေကန်ထိပ်သာ ခေါ်ရမယ်။ ရေကန်ဦးလို့ မခေါ်နိုင်ပါဘူးလို့ ပြန်ငြင်းတယ်။

တစ်ဖက်ရှေ့နေကလဲ မြန်မာဘုရင်များ တိုင်းခန်းလှည့်လည်တဲ့အခါ အသုံးပြုတဲ့ ဖောင်တော်ရဲ့ထိပ်ကို ဖောင်တော်ဦးလို့ ခေါ်တယ်။ ဖောင်တော်ထိပ်ကို မခေါ်ဘူး။ ဒါကြောင့် မြန်မာနိုင်ငံ နေရာ အနှံ့အပြားမှာ ဖောင်တော်ဦးဘုရားများသာရှိပြီး ဖောင်တော်ထိပ် ဘုရားများ မရှိကြောင်း ပြန်လှန်ငြင်းဆိုတယ်။



မျက်နှာဖြူတရားသူကြီးသည် ကံဦးနဲ့ ကန်ဦး ပြဿနာကို တော်တော်ဦးနှောက်ခြောက်သွားတယ်။

မျက်နှာဖြူတရားသူကြီးအနေနဲ့ ရာဇဝင်လူဆိုးကံဦးက ရှေ့နေကြီး ဦးထွန်းကျော်ကို ဓားနဲ့ခုတ်တာကို သံသယရှိတယ်၊ သံသယရဲ့ အကျိုးတရားကို တရားခံ ခံစားစေပြီး ရာဇဝင်လူဆိုး ကံဦးကို ဓားခုတ်မှုက တရားသေ လွှတ်ပစ်လိုက်တယ်။

အဖေကလဲ တော်တော်ဒေါသကြီး၊ နောက်ဆိုရင် မျက်နှာဖြူတရားသူကြီးတွေနဲ့ မျက်နှာကျောမတည့်တော့ဘူး။ အဖေလဲ အဲဒီနေ့ကစပြီး လက်တစ်ဖက်ထွန်းကျော်အဖြစ် ရှေ့နေလောကမှာ နာမည်ကြီးတာပဲ။

ရာဇဝင်လူဆိုးက ဓားနဲ့ခုတ်ရလောက်အောင် အမှုလိုက်တော်တယ်ဆိုပြီး အဖေ့ကို အမှုသည်တိုင်းက ငှားကြတယ်။ အဖေ့ဆီမှာ အမှုသည်တွေ ဝိုင်းဝိုင်းလည်ခဲ့တယ်။

အဖေကလဲ ရာဇဝင်လူဆိုးက ဓားနဲ့ခုတ်ခံရပေမယ့် အမှုလိုက်ရတာကို နည်းနည်းမှ မကြောက်ပါဘူး။ အဖေ့လက်ဆွဲအိတ်ထဲမှာ ခြောက်လုံးပြူးတစ်လက် အမြဲဆောင်ထားတယ်။ လူတွေကိုတော့ နည်းနည်းမှ အလျှော့မပေးပါဘူး။

အဖေ့ကို ဓားနဲ့ခုတ်တဲ့ ရာဇဝင်လူဆိုး ကံဦးလဲ သိပ်မကြာပါဘူး။ သူတို့လူဆိုးချင်း ရန်ပွဲဖြစ်ပြီး အသတ်ခံရတာပဲ။ သတ်တဲ့လူက အဖေကယ်တင်ပေးလိုက်တဲ့ လူဆိုးတစ်ယောက် ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကံဦး သေတုန်းကတောင် အဖေက လူမိုက်ငှားသတ်သလို နာမည်ကြီးလေသတဲ့။

အမှန်တော့ အဖေသတ်ခိုင်းတာ မဟုတ်ပါဘူး။ အဖေ့ကျေးဇူးရှိနေတဲ့ လူဆိုးက ကံဦးရဲ့လုပ်ရပ်ကို သဘောမကျလို့ ကံဦးကို သတ်ပစ်တာပါ။ အဖေ့ကျေးဇူးဆပ်တာ ဖြစ်မှာပါ။

အဲဒီလို ကျေးဇူးဆပ်တာမျိုးကို အဖေက သဘောကျမှာ မဟုတ်ပါဘူး။ အဖေက ဒီလိုစုတ်ပဲ့တဲ့ အောက်လမ်းနည်းကို သဘောကျမှာ မဟုတ်ပါဘူး။ အဖေက ဥပဒေသမားပဲ၊ သူ့ကို ဓားနဲ့ခုတ်တဲ့ ကံဦးကို ဓားခုတ်မှုနဲ့ ထောင်ပဲကျစေချင်မှာ၊ သေတော့သေစေချင်မှာ မဟုတ်ပါဘူး။

အဖေတို့ခေတ်က မျက်နှာဖြူတရားသူကြီးကို (My Lord) လို့ခေါ်ပြီး လျှောက်လဲချက်ပေးရသတဲ့။ မိုင်လော့ဒ်ဆိုတာ မြန်မာလို ဘာသာပြန်ရင် ကျွန်ုပ်၏ ကြီးမြတ်သော အရှင်လို့ အဓိပ္ပာယ်ရပါလိမ့်မယ်။

အဖေက မျက်နှာဖြူ တရားသူကြီးတွေကို မျက်မုန်းကျိုးနေတော့ (My Lord) လို ပီပီသသ မခေါ်ဘူး။ Mad Lord လို့ခေါ်တယ်။

မက်ဒ်လော့ဆိုတဲ့ အဓိပ္ပာယ်က 'ရူးသွပ်သောအရှင်' ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ တရားသူကြီးကို အရူးလို့ခေါ်တာ။

မျက်နှာဖြူတရားသူကြီးကို My Lord လို့ မခေါ်ဘဲ



Mad Lord လို့ ခေါ်လိုက်ရင် တရားသူကြီးဟာ မျက်နှာကြောကို ရှုံ့ရှုံ့သွားတာပဲတဲ့။

အဖေက ရှေ့နေဘဝမှာ သူ့ဘဝကို မြုပ်နှံပြီး တစ်စိုက်မတ်မတ်လုပ်တော့ လက်တစ်ဖက်ထွန်းကျော်ဆိုတဲ့ ရှေ့နေကြီးဟာ သူ့ခေတ်သူ့အခါတုန်းက ပြည့်ခရိုင်မှာ အလွန်ကျော်ဇောသတဲ့။

အဖေက ကျွန်တော့်ကိုလဲ လူမှုန်းသိလာကာစကတည်းက ရှေ့နေလုပ်စေချင်တယ်။ တိုအမျိုးဘုန်းက တရားသူကြီးတစ်ဦးရသော လစာငွေ သုံးရာ့ငါးဆယ်ခန့်သာဖြစ်ပြီး ရှေ့နေတစ်ယောက် ဝင်ငွေမှာ သုံးထောင်မနည်းဖြစ်လို့ အဖေက ရှေ့နေဘဝကို မက်မောမယ်ဆိုရင်လဲ မက်မောစရာပါပဲ။

တရားသူကြီးဆိုတာက အစိုးရ အမှုထမ်းဆိုတော့ အမှုသည်တွေနဲ့ ရှေ့နေရှေ့ရပ်တွေကတောင် လေးစားမှု ပြုရတာ။ လူတကာက အလေးအမြတ် ပြုရတာကို အစိုးရအရာရှိတွေက သာယာကြပြီး မင်းမှုထမ်းအလုပ်ကို သူ့ထက်ငါ လျှောက်နေကြတာ။

အဖေကတော့ အဲဒီလို အလေးအမြတ်ပြုခံရတာမှ မဟုတ်ဘဲ။ ငါတို့ရှေ့နေလို ပိုက်ဆံနဲ့ အလေးအမြတ် ပြုခံရတာမှ ဟုတ်သေးတယ်လို့ အယူအဆရှိသူ ဖြစ်တယ်။

အဖေက မင်းမှုထမ်းအစိုးရအရာရှိဘဝဟာ အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



အစိုးရရဲ့ လက်အောက်ခံကျွန်ဘဝမို့ မလွတ်လပ်ဘူး။ မင်းခစား ကမ်းနား သစ်ပင်ရယ်လို့တော့ ယူဆသူ မဟုတ်ပါဘူး။

အဲဒီလိုလဲ ပြောလေ့ရှိသူ မဟုတ်ပါဘူး။

ရှေ့နေသဘာဝ ဘယ်သူ့ရဲ့ ဩဇာခံ မဟုတ်လို့ လွတ်လွတ်လပ်လပ် နေလို့ရတယ်။ ဝင်ငွေအားဖြင့်လဲ ကောင်းတယ်။ ဒါကြောင့် ရှေ့နေဘဝကို အားကျတာ။

ကျွန်တော့်ကို ရှေ့နေလုပ်စေချင်တာ။

အမှန်တော့ ကျွန်တော်က တက္ကသိုလ်ဘွဲ့ရပြီးတော့ ကျူတာ ဝင်လုပ်ကတည်းက ကျောင်းဆရာဘဝကို မက်မောနေတာ။ အဖေရဲ့ ဆန္ဒကို မလွန်ဆန်ချင်လို့ ကျူတာလုပ်ရင်း ဘီအယ်လ်ဆက်တက်တာ။

ဘီအယ်လ်အောင်တာနဲ့ အဖေက အလုပ်က ထွက်ခိုင်းပြီး မစ္စတာလော့ရင့်စ်ရဲ့ လက်ထဲကို ကျွန်တော့်ကို အပ်ပေးတာ။

မစ္စတာလော့ရင့်စ်ဆိုတဲ့ ဝတ်လုံတော်ရကြီးက လူတွေက အင်္ဂလိပ်လို့ ထင်ပေမယ့် အင်္ဂလိပ် မဟုတ်ဘူး။ သူက အိုင်ယာလန်နိုင်ငံက အိုင်းရစ်ရှစ်ကြီးပါ။

အိုင်းရစ်ရှစ်တို့ရဲ့ ထုံးစံအတိုင်း အင်္ဂလိပ်တွေကို မျက်နှာကြောမတဲ့သူ။ သူတို့ အိုင်ယာလန်နိုင်ငံသားတွေ ကိုယ်တိုင်ကလည်း အင်္ဂလိပ်တွေကို တော်လှန်နေတာ မဟုတ်လား။





အဲဒီတော့ အင်္ဂလိပ်လက်အောက်ခံ မြန်မာလူမျိုးတွေကို ကိုယ်ချင်းစာတယ်။ မြန်မာလူမျိုးတွေ လွတ်လပ်ရေးကိုက်ပွဲဝင်နေတာကို အားပေးတယ်။

မစ္စတာ လောရင့်စ်ရဲ့ ဂျူနီယာ ရှေ့နေအဖြစ် ကျွန်တော်တာဝန်ထမ်းဆောင်နေတာ အလွန်ကုဏ်ယူဖို့ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မစ္စတာလောရင့်စ်က သီလသမာဓိနှင့်ပြည့်စုံတဲ့ ဝတ်လုံတော်ရကြီးပါ။ တရားဝန်ကြီးတွေနဲ့ ရှေ့နေရှေ့ရပ်တွေကတောင် လေးစားရတဲ့ ပုဂ္ဂိုလ်ကြီးပါ။

မစ္စတာလော့ရင့်စ်က အမှုသည်တွေအပေါ်မှာ သိပ်ပြီးသစ္စာ ရှိပါတယ်။ ရုံးချိန်းကို မပျက်အောင် ဂရုစိုက်ပါတယ်။ ငွေရပြီးရင် ပြီးရောလို့ သဘောမထားပါဘူး။ ဆင်းရဲတဲ့ အမှုသည်တွေဆိုရင် သူ့ရဲ့ ငွေအိတ်ထဲက ငွေစိုက်ပြီးတော့တောင် အမှုလိုက်ပေးတာပါ။ အဲဒါကြောင့်လဲ မစ္စတာလောရင့်စ်ကို အမှုသည်တွေကလည်း ခင်မင်လေးစားကြတာပေါ့။

အင်္ဂလိပ်မျက်နှာဖြူတွေ မြန်မာလူမျိုးတွေအပေါ်မှာ ဘယ်လို ဖိနှိပ်သလဲဆိုတာ သက်သေတစ်ယောက်အနေနဲ့ မြန်မာပြည်မှာ ငါနေတာလို့ မစ္စတာလော့ရင့်စ်က ပြောလေ့ရှိတယ်။ ပြီးတော့ ဆင်းရဲတဲ့ အမှုသည်တွေကို မစ္စတာလော့ရင့်စ်က အကူအညီပေးလေ့ ရှိ တယ်။

ဘုရားမရှုနှင့် ပတ်သက်ပြီး ချစ်တီးက မြန်မာလယ်သမား



www.burmeseclassic.com

www.burmeseclassic.com



ကို တရားစွဲတဲ့အမှုတွေမှာ မစ္စတာလော့ရင့်စ် ဘယ်တော့မှ ချစ်တီးဖက်က လိုက်ပေးလေ့မရှိဘူး။ ဘာဖြစ်လို့လဲတော့ မသိဘူး။ မစ္စတာ လော့ရင့်စ်တွေဟာ ချစ်တီးကို သိပ်မုန်းတယ်။

အင်္ဂလိပ်တွေဟာ မြန်မာပြည်ကို နိုပ်စက်ရုံနဲ့ အားမရဘူး။ သူ့ပထွေးချစ်တီးတွေကို မြန်မာပြည်ကို ခေါ်လာပြီး နှိပ်စက်ခိုင်းတယ်လို့ မစ္စတာလော့ရင့်စ်က ပြောလေ့ရှိပါတယ်။

မစ္စတာလော့ရင့်စ်ကို မြန်မာကုန်သည်တွေကလည်း ချစ်ကြတယ်။ လယ်သမားတွေကလည်း ချစ်ကြတယ်။ ခင်ကြတယ်။ မစ္စတာလော့ရင့်စ်ရဲ့ စတူဒီဘေကာကားကြီးပေါ် ခုံဖိနပ်စီးတတ်တဲ့ အမှုသည်လဲ ရှိတယ်။ ပြောင်းဖူးဖက်ဆေးလိပ်ကြီး မီးတဖွားဖွားနဲ့ လိုက်တဲ့ အမှုသည်လဲ ရှိတယ်။ ကားတံခါးမှာ ကွမ်းတံထွေးတွေ ပေချင်လဲပေနေတာပဲ။

မစ္စတာလောရင့်စ်ကတော့ သွားရလာရ စားရသောက်ရတာကို ပျော်နေတာပဲ။ ရှေ့နေအချင်းချင်းက မစ္စတာလော့ရင့်စ်ရဲ့ ရုံးခန်းကို ခိုကိုးရာမဲ့ ဂေဟာလို့ နာမည်ပေးကြတယ်။

ကျွန်တော်လဲ မစ္စတာလော့ရင့်စ်ရဲ့ ဂျူနီယာအဖြစ်နဲ့ ရှေ့နေလိုက်ရတာ အင်ပတန်ပျော်ပါတယ်။

အဲဒီတုန်းမှာဘဲ မိုးကုတ်သူဌေးသား ကိုသူရဟာ ဖိုးတွမ်တီး လူလိမ်ပြတ်ဝေဆိုတာကို ဓားနဲ့ထိုးသတ်မှုနဲ့ ဆုံရတာပါပဲ။

ကိုသူရအဖေ မိုးကုတ်ကျောက်တွင်းသူဌေး ဦးဝဏ္ဏဟာ





မစ္စတာလော့ရင့်စ်ကို အင်္ဂလိပ်လို့ ထင်နေရှာတယ်။

ဒါကြောင့် မျက်နှာဖြူတရားသူကြီး စက်ရှင်မင်းကြီးရဲ့ရုံးကို ပေါက်ရောက်နိုင်တာ အင်္ဂလိပ်ရှေ့နေသာ ဖြစ်နိုင်တယ်လို့ ဦးဝဏ္ဏက ယူဆပုံရတယ်။

ဦးဝဏ္ဏရဲ့အယူအဆလဲ မဆိုးပါဘူး။ အဲဒီတုန်းက မျက်နှာဖြူ ဝတ်လုံတော်ရများဟာ မျက်နှာဖြူတရားရုံးသာ မကဘူး။ မြန်မာတရားသူကြီးများရဲ့ တရားရုံးမှာပါ ဩဇာလွှမ်းမိုးခဲ့တယ် မဟုတ်လား။

မစ္စတာလော့ရင့်စ်ဟာ ပိုက်ဆံမချမ်းသာတဲ့ လူတွေအပေါ်မှာ သက်ညှာပေမယ့် ဦးဝဏ္ဏလို ငွေကြေးချမ်းသာတဲ့ မိုးကုတ်သူဌေးတွေအပေါ်မှာကျတော့ ရှေ့နေခကို ခိုင်နေအောင်ယူတာ အဲဒီတုန်းက ဦးဝဏ္ဏဆီက ရှေ့နေခ သုံးသောင်းရတယ်ဆိုပဲ။

ပါဝါကို လက်မှတ်ထိုးပြီး အမှုတွဲ တောင်းကြည့်တော့ မစ္စတာလောရင့်စ် ခေါင်းခါယမ်းပြီး ကျော်ဇောရေ လူသတ်မှုကတော့ မလွယ်ဘူး။ တရားခံမောင်သူရက ပြတ်ဝေကို လူပုံအလယ်မှာ ဓားနဲ့ ထိုးတာဆိုတော့ ချီပြီးတုပ်ပြီးသားပဲ။ သက်သေတွေကလဲ ကောင်းနေတာ။ ဒေါသအလျောက် လူသေစေမှုဖက်ကိုဆွဲပြီး ဒီဖင့်စ်လိုင်းချရမှာဘဲဟု ကျွန်တော့်ကို ပြောပါတယ်။

ကျွန်တော့်အမှုတွဲကို ကြည့်တဲ့အခါ လူလိမ်မြတ်ဝေအား



www.burmeseclassic.com

www.burmeseclassic.com



ခေါးထိုးအသတ်ခံရသော နေရာမှာ ဘီ၊ အေ၊ စီ ပျော်ပွဲစားရုံအတွင်း မှာဖြစ်ပြီး အချိန်က လူစည်ကားချိန် ဘီ၊ အေ၊ စီ ပျော်ပွဲစားရုံမှ မန် နေရှာရော စားသောက်ရန် ရောက်နေသူများကပါ ကိုသူရဟာ လူသတ်ကောင်ဖြစ်ကြောင်း စွပ်စွဲထွက်ဆိုသွားကြပါတယ်။

ဒါ့ပြင် ကိုသူရ မိုးကုတ်သူဌေးသား ပညာတတ်တစ် ယောက် ဖြစ်ပေမယ့် ခေါးထိုးမှု မကြာခဏ ဖြစ်ကြောင်း လူဆိုး တစ်ယောက်လို့ပဲ လက်အလွန်ယဉ်ကြောင်း သတင်းများကို မစ္စတာလော့ရင့်စ် ကြားရပါတယ်။

လူလိမ် မြတ်ဝေကို ခေါးနှင့်ထိုးသတ်တဲ့ ကိုသူရရဲ့ အပြု အမှုကိုတော့ မစ္စတာလောရင့်စ်က ချီးကျူးပါတယ်။ မြတ်ဝေလို လူလိမ်တစ်ယောက် သေသွားတာ အေးတာပဲဟု မစ္စတာလော့ ရင့်စ် ယူဆပါတယ်။

အဲဒီတုန်းက လူသတ်မှုဟာ ကျွန်တော့်ရဲ့ ပထမဆုံး အတွေ့အကြုံမို့ ကိုသူရရဲ့အမှုကို ကျွန်တော် အစအဆုံး လိုက် ပါကူညီပါ တယ်။

အဲဒီမှာတင် ကိုသူရရဲ့ဇနီး မသူဇာကို ကျွန်တော် စတွေ့ရ တာပါ။ မသူဇာဟာ အင်မတန်လှတဲ့ မိန်းကလေးတစ်ယောက်ပါ။ အသားအရေဖြူဝင်းနေပြီး မျက်နှာကလည်း အပြစ်ပြောစရာမရှိ အောင် လှတယ်။ ကျွန်တော့်စိတ်ထဲမှာ ရှေးစာဆိုကြီးများ ခေါ်ဆဲ့ပြီးသွားတဲ့ ပြစ်မျိုးမဲ့မတင်ဆိုတာမျိုး ထင်ပါရဲ့လို့တောင်





တွေးမိတယ်။

အလုံးအရပ်က အနေတော်ပါ။ ဆံပင်ကြီးကလဲ ဒခေါက် ခွက်ထိ ကျမှာဘဲ။ မျက်လုံးမျက်ဖန်များကလဲ သိပ်ကောင်းပြီး မျက် တောင်ကြီးများကလဲ ကော့နေတာပါပဲ။

မသူဇာဟာ မိန်းမကောင်း မိန်းမမြတ်တို့ရဲ့ လက္ခဏာနဲ့ ပြည့်စုံသူပါ။ ဒါကြောင့်လဲ မိုးကုတ်သူဌေးသား ကိုသူရက တော် ကောက်ထားတာ ဖြစ်မှာပေါ့။

ပြောရရင် အလွန်ရယ်စရာ ကောင်းပါတယ်။

မသူဇာကို ကျွန်တော် ပထမဆုံးအကြိမ် စတွေ့တုန်းက ကိုယ်ဝန်ကြီးနဲ့ပါ။

သူများ လူပျိုတွေက အပျိုစတွေ့ပါလိမ့်မယ်။ အပျို မတွေ့ဘဲ အအိုကို တွေ့မယ်ဆိုရင်တောင် လွတ်လွတ်လပ်လပ် အနေအထားမျိုးမှာ တွေ့ရမှာပါ။ ကျွန်တော်ကတော့ ထူးထူး ဆန်းဆန်း ကိုယ်ဝန်နဲ့ မိန်းကလေးတစ်ယောက်ကို ပထမဆုံး အကြိမ်တွေ့ရပြီး စိတ်ဝင်စားသွားတာပါ။

မသူဇာတို့ဟာ ချမ်းသာတဲ့မျိုးရိုးထဲက မဟုတ်ပေမယ့် မြန်မာပြည်မှာ နာမည်ကျော်နေတဲ့ ဝံသာနုနိုင်ငံရေးသမားထဲ ကပါ။ မသူဇာရဲ့ အဖေဟာ မန္တလေးက ထင်ရှားတဲ့ နိုင်ငံရေး သမားကြီးတစ်ယောက်ပါ။

မသူဇာရဲ့ အဖေဟာ အစိုးရနဲ့တော့ ပုလဲနံပ မသင့်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်နှာဖြူတွေကို အံတုနေတဲ့ ဝံသာနုပေကိုး။

ကိုယ်ဝန်ကြီးတကားကားနဲ့ မသူဇာကို စတွေ့တွေ့ချင်း ကျွန်တော် အလွန်သနားသွားပါတယ်။ သူ့ခမျာ လင်ဆိုးမယား တဖားဖားဘဝနဲ့ ရှေ့နေရုံးခန်း၊ အချုပ်ခန်း၊ ထောင်နဲ့ တရားရုံးတွေကို ကူးကလန်ခတ်နေရတာပါ။

ဦးဝဏ္ဏက အသက်ကြီးတော့ ငွေပဲစိုက်နိုင်တယ်။ လူမစိုက်နိုင်ဘူး။ ဒါကြောင့် မသူဇာက ကိုယ်ဝန်ကြီး တကားကားနဲ့ ဟိုနေရာ ဝင်လိုက် ဒီနေရာထွက်လိုက်နဲ့ ဇယ်စက်သလို လုပ်ရတာ။

ဒါတောင် နောက်ပိုင်းကျတော့ ဦးဝဏ္ဏက မသူဇာကို ငွေပုံပေးပြီး မိုးကုတ်ပြန်သွားတော့ မသူဇာ တစ်ယောက်တည်း ကိုသူရ အမှုအတွက် လှုပ်ရှားရတာ။

ကျွန်တော်လဲ မသူဇာကို သနားလို့ ဝင်ကူမိတယ်။ ကိုသူရ အတွက် ဝင်ပူမိတယ်။ ရှေ့နေဘာသာမနေဘဲ အမှုသည်ရဲ့ မိတ်ဆွေ ဖြစ်သွားမိတယ်။

ကိုသူရကို ထောင်ဝင်စာ သွားတွေ့တဲ့အခါ လိုက်သွားမိတယ်။ ကိုသူရအတွက် ရွှေတိဂုံဘုရားမှာ ယတြာချေတာကအစ ကျွန်တော်လိုက်ပြီး ကူညီမိတယ်။

လင်အတွက်-ခေါင်းမီးတောက်နေရှာတဲ့ မသူဇာခမျာမှာလဲ ဟိုဗေဒင်ဆရာ ကောင်းတယ်ဆိုရင့်သွား။ ဒီနတ်ဆရာ





ဟောတာ မှန်တယ်ဆိုရင်သွားနဲ့။ ကျွန်တော်က အမြဲလို ပို့နေရတာ။

သူများတွေလို လွတ်လွတ်လပ်လပ် မိန်းကလေးနဲ့ တွဲသွားတာ မဟုတ်ဘဲ ကိုယ်ဝန်ကြီးတကားကားနဲ့ မိန်းကလေးနဲ့ တွဲသွားတာဆိုတော့ အပေါင်းအသင်းတွေ ရှေ့နေတွေက ကျွန်တော့်ကိုကြည့်ပြီး သရော်ပြုံးပြုံးကြတယ်။

မသူဇာနဲ့ ကိုသူရတို့ဟာ ချမ်းသာပါတယ်။ ငွေကြေး အလုံအလောက်ရှိပါတယ်။

ဒါပေမယ့် မသူဇာက မန္တလေးသူ။ ကိုသူရက မိုးကုတ်သား ဆိုတော့ ရန်ကုန်မြို့မှာ ရင်းနှီးတဲ့ အပေါင်းအသင်းမရှိရှာဘူး။

ဦးဝဏ္ဏ ပို့ထားတဲ့မိုးကုတ်က တပည့်တွေကလဲ သော်မဆင် လမ်းအိမ်ကနေ ပုလိပ်ရုံးကြီးကိုတောင် သွားတတ်ကြတာ မဟုတ်ဘူး။ နာရယန်းရဲ့ကားနဲ့ လိုက်ပို့မှ သွားကြတာ။ အဲဒါကြောင့် ကျွန်တော် ကူညီရတာပါ။

လူတွေက သရော်ပြုံး ပြုံးကြတာတော့ လွန်ပါတယ်။ အမျိုးမကလေးတစ်ယောက်နဲ့ တွဲသွားတယ်ဆိုရင် မရိုးမသား ကောက်ပြားတဲ့စိတ်၊ ဝင်ချင်ဝင်နိုင်တာမို့ သရော်တယ်ဆိုရင် ထားပါဦး။ အခုလို အအိုမှန်းသိတာလောက်အောင် ရေစစ္စရိ ပြုလုပ်ထားတဲ့ ကိုယ်ဝန်ကြီးနဲ့ တွဲသွားတာကို သရော်ကြ တာ



www.burmeseclassic.com

www.burmeseclassic.com



တာ့ အလွန်အောက်တန်းကျတာပေါ့။

ကိုသူရကလဲ ဘယ်လိုကြားသလဲ မသိဘူး။ ကျွန်တော်နဲ့ မသူဇာနဲ့ တွဲသွားတာကို သဘောကျပုံမရဘူး။ ဒါကြောင့် ကျွန်တော်လဲ နောက်ပိုင်းမှာ ခပ်ခွာခွာနေလိုက်ရတယ်။

မသူဇာကိုလဲ ခပ်တန်းတန်း ဆက်ဆံတယ်။ ကျွန်တော်က ရှေ့နေပဲ။ အမှုအတွက်သာ ရှေ့နေလိုက်ပေးရမှာပေါ့။ မသူဇာ ဘဝအတွက် ရှေ့နေလိုက်စရာ မလိုပါဘူး။

ပြီးတော့ တကယ်စဉ်းစားကြည့်ရင် ကျွန်တော်က လူပျိုလူလွတ်တစ်ယောက်ပဲ။ မသူဇာလို အိမ်ထောင်ရှိတဲ့ မိန်းကလေးတစ် ယောက်သာမက ကိုယ်ဝန်ရှိနေတဲ့ မိန်းကလေးတစ်ယောက်နဲ့ နောက်ပြောင်ကျီစယ်ခံရတာ ကျွန်တော့်အတွက် သိပ်ပြီးရှက်စရာကောင်းနေပါတယ်။ ကျွန်တော့်ရဲ့ ဂုဏ်သိက္ခာကိုလဲ ထိခိုက်စေနိုင်ပါတယ်။

မိန်းမပျိုလေးတစ်ယောက်နဲ့ တွဲသွားတာ အလွန်ဆုံးထင်စရာရှိရင် သမီးရည်းစားလား ဘာလား အထင်ခံရမှာပါ။

မသူဇာလို ကိုယ်ဝန်ရှိတဲ့ မိန်းကလေးနဲ့ တွဲသွားတော့ ကျွန်တော့်ကို လူအိုလို့ ထင်ကြမှာပါ။

နောင် ရည်းစားသနာထားတဲ့အခါ အိမ်ထောင်ပြုတဲ့အခါ မသူဇာလို ကိုယ်ဝန်ရှိတဲ့ မိန်းမတစ်ယောက်နဲ့ တွဲသွားခဲ့တာ ကိုယ့်ရဲ့ အမှုသည်ပါလို့ ဘယ်ရမလဲ။ ဘယ်ရှေ့နေတစ်ယောက်





ကများ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်နဲ့ တွဲသွားမလဲ။

ရှင်းရှင်းပြောရရင် မသူဇာနဲ့ တွဲသွားတာဟာ ကျွန်တော့်ကို အိမ်ထောင်ကျပြီးသား ကလေးအဖေတစ်ယောက်လို့တောင် ထင်မှာပါ။

အဲဒါကြောင့် ကျွန်တော် မသူဇာတို့နဲ့ ခပ်ရှင်းရှင်းနေလိုက်ပါတယ်။ ဒါပေမယ့် မသူဇာနဲ့ ခပ်စိမ်းစိမ်းနေပေမယ့် နေလို့မရတဲ့ အကြောင်းက ဖန်လာတယ်။

တစ်နေ့မှာ မသူဇာ ကျွန်တော်တို့ရုံးခန်းကိုလာရင်း ကလေးမွေးဖို့ ဗိုက်နာတာပါပဲ။ ကမ္ဘာလေ လှုပ်ရှားတာပေါ့။

အဲဒီမှာတင် ကျွန်တော် မသူဇာကို ဂျင်မခါနာဆေးရုံပို့လိုက်မိပြန်တယ်။ ဆေးရုံမပို့မီကတည်းက ဆေးရုံပို့ပြီးရင် ပြန်မယ်လို့ ကျွန်တော် စိတ်ကူးပြီးသားပါ။ မပတ်သက်ချင်တော့ဘူးလေ။

ဒါပေမယ့် မသူဇာက သူ့ကို ဒီအတိုင်းပစ်မထားပါနဲ့။ အကူအညီပေးပါဦး။ ဆေးရုံကိုလဲ မကြာခဏ လာပါလို့ သနားစဖွယ် အကူအညီတောင်းပြန်တယ်။

ဒါကြောင့် ကျွန်တော်လဲ အမှုသည် ကလေးမွေးတာကို ကိုယ့်မိန်းမကလေးမွေးသလို ဆေးရုံကမပြန်ဘဲ စောင့်နေမိတယ်။ ဆေးရုံမှာရှိတဲ့ ဆရာမတွေအားလုံးကလဲ ကျွန်တော့်ကို ကလေးအဖေလို့ ထင်နေကြတယ်။ ကျွန်တော်ကတော့ ထိမထိုးဘဲနဲ့ အပိုဆုပေါက်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မသူဇာ မွေးခန်းထဲမှာ ကလေးမွေးတာနဲ့ ဆရာမတစ်ယောက်က ကျွန်တော့်ကို ရှင့်မိန်းမ ယောက်ျားလေးမွေးတယ်လို့ လာပြောတယ်။ ကောင်းရောဗျာ။

ကလေးအဖေနာမည်က ကိုသူရဆိုတော့ ဆရာမတွေက ကျွန်တော့်ကို ကိုသူရလို့ပဲ ထင်ကြတယ်။

ကျွန်တော့်နာမည် ကျော်ဇောဆိုတာ ပြောလို့မရဘူး။ ကလေးအဖေ မဟုတ်ဘူးဆိုတာလဲ ငြင်းလို့မရဘူး။ မိတ်ဆွေပါဆိုတာလဲ ပြောလို့မရဘူး။

ကလေးအဖေ မဟုတ်ဘူးဆိုတာလဲ ငြင်းလို့မရဘူး။ မိတ်ဆွေပါဆိုတာလဲ ပြောလို့မရဘူး။

ဆရာမတစ်ယောက်က မောင်သီဟကလေးကို ကျွန်တော့်ကို လာပြတယ်။ မောင်သီဟကလေးက ချစ်စရာနီတာကလေး။ အိပ်မှုန်စုံမွှားဖြစ်ပုံနဲ့ ကျွန်တော့်ကို သန်းပြသလိုလို ရယ်ပြသလိုလို၊ ကျွန်တော် သိပ်ပြီးချစ်သွားပါတယ်။ ကလေးကို မြင်ရတာ ဝမ်းသာကြည်နူးစရာလဲ ကောင်းပါတယ်။

မောင်သီဟရဲ့ အဖေ ကိုသူရတောင် သူ့ရဲ့ပထမဆုံးရင်သွေးကို နီတာရဲကလေးဘဝမှာ တွေ့ဖူးမှာ မဟုတ်ဘူး။

အဲဒီအခွင့်အရေးရခဲ့တဲ့ ကျွန်တော်ဟာ မောင်သီဟကလေး ကို ကိုယ့်သားအရင်းလိုတောင် ထင်သွားမိပါတယ်။

ဒီလိုနဲ့ မသူဇာ ဂျင်မခါနာဆေးရုံမှာ တက်နေတုန်း





နေ့တိုင်း ကျွန်တော် ဂျင်မခါနာ ရောက်တယ်။ မသူဇာအတွက် ဒေါ်ရွှေနီဆိုတဲ့ အမျိုးသမီးကြီးက နေ့တိုင်း ထမင်းလာပို့တယ်။

ဒါပေမယ့် မသူဇာက ကျွန်တော် တရုတ်တန်းက ဝယ်သွားတဲ့ ဘဲပေါင်းဖြူစွပ်ကို ပိုပြီးခံတွင်းတွေ့တယ်။

ဒါကြောင့် ကျွန်တော်လဲ တစ်နေ့တစ်မျိုး မထပ်ရအောင် ခရုခေါက်ဆွဲ၊ ပြည်ကြီးငါးသုပ်၊ ခက်တရောင်ကြေးအိုးတို့ကို ဝယ်သွားရတယ်။

ကျွန်တော့်မှာလဲ ဘယ်ဘဝက ကုသိုလ်လဲ မသိပါဘူး။ မသူဇာ ဆေးရုံဆင်းသွားပေမလို့ ကလေးမကျန်းမာတဲ့အခါ ကျွန်တော်ပါ လိုက်ပြီး ဆရာဝန် ပြပေးရပြန်တယ်။

ကျွန်တော် စဉ်းစားကြည့်တယ်လေ။ သွေးမတော် သားမစပ်တဲ့ ကလေးအမေတစ်ယောက်အပေါ်မှာ ကျွန်တော် ဒီလောက်တောင် ဘာဖြစ်လို့ အကူအညီ ပေးနေရတာလဲ။

ဘာဖြစ်လို့ သံယောဇဉ် တွယ်နေရတာလဲလို့ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြီး ဆန်းစစ်ရတယ်။

ကျွန်တော် စိတ်ထားတွေ မှုမှန်သေးရဲ့လားလို့ ကျွန်တော် ...ုံးသပ်ရပြီ။

လင်အချုပ်ခန်းထဲ ရောက်နေတဲ့ မိန်းမတစ်ယောက်အပေါ်မှာ သနားမိတာဟာ ရပ်တန်းက ရပ်သင့်ပါပြီဟု ကျွန်တော် ထင်မိပါတယ်။ ရပ်တန်းက မရပ်ရင် ကျွန်တော့်ရဲ့ ဂုဏ်သိက္ခာ ထိခိုက်နိုင်မှု



www.burmeseclassic.com

www.burmeseclassic.com



မကတဲ့ ဆိုးကျိုးများကို ကျွန်တော် ခံရပေမယ်။

လင် အချုပ်ခန်းထဲ ရောက်နေသော မိန်းမတစ်ယောက်ကို ကျွန်တော် ရိုးရိုးသားသား သနားပါတယ်။

ရိုးရိုးသားသား သနားတာကပဲ ပတ်ဝန်းကျင်က သံသယဖြစ်စရာများ ပေါ်ပေါက်လာနိုင်ပါတယ်။

ကျွန်တော့်အပေါ် အထင်အမြင်လွဲမှားမှုများ ပေါ်ပေါက်လာနိုင်ပါတယ်။ မသူဇာ ကိုယ်ဝန်ဆောင်ဘဝကတောင် သူနှင့်တွဲရကောင်းလားလို့ လှောင်ပြောင်သရော်သူ ရှိသေးတယ်။

ယခုလို ကလေးမီးဖွားပြီးချိန်မှာ ပိုပြီးကဲ့ရဲ့စကား သင်္ဂြိုဟ်စကားတင်းဆိုကြပေလိမ့်မယ်။

ဒါကြောင့် ကိုယ်ရှိန်သတ်ပြီး ကျွန်တော် နေမိတယ်။

မသူဇာအပေါ် ထားခဲ့မိတဲ့ သံယောဇဉ် အထုံးဆက်ကို ကျွန်တော် ဖြတ်တယ်။

အဲဒီအချိန်မှာ ကိုသူရရဲ့ လူသတ်မှုကို တရားစီရင်နေတဲ့ ရန်ကုန်ခရိုင် စက်ရှင်မင်းကြီးရုံးမှာ အမှုဟာ အထွတ်အထိပ်သို့ ရောက်လာပါတယ်။ ကိုသူရကို အပြစ်ပေးသင့် မပေးသင့် နောက်ဆုံး လျှောက်လဲချက်ပေးရမယ့် အချိန်ကို ရောက်လာတယ်။

ဥပဒေလောကမှာ အသုံးပြုတဲ့ စကားနှင့်ဆိုရင် နောက်ဆုံး စီးချင်းထိုးပွဲပေါ့။ ကျွန်တော့်ရဲ့ဆရာ ရှေ့နေကြီး မစ္စတာလော့ရင့်စ်က အမှုကို သေသေချာချာ ပြင်ဆင်တယ်။





မစ္စတာလော့ရင့်စ်ဟာ ဥပဒေဘောင်အတွင်းမှ တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်ကို ဖျက်ဆီးပစ်ရန် အတန်တန်ကြိုးစားခဲ့တယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး။

ကိုသူရရဲ့ ဖခင်ကြီး ဦးဝဏ္ဏကလဲ ငွေနှင့်ပေါက်၍ ဘီ၊ အေ၊ စီ ပျော်ပွဲစားရုံမှာ မျက်မြင်သက်သေများကို ဖျက်ဆီးဖို့ ကြိုးစားသေးတယ်။

ထိုကိစ္စနှင့် ပတ်သက်ပြီး ဦးဝဏ္ဏက မစ္စတာလော့ရင့်စ်ကို လာတိုင်ပင်သေးတယ်။ ဒါပေမယ့် မစ္စတာလော့ရင့်စ်က လုံးဝလက်မခံဘူး။

မစ္စတာလော့ရင့်စ်ဟာ သိက္ခာသမာဓိရှိတဲ့ ရှေ့နေကြီးဖြစ်တယ်။ ဥပဒေဘောင်အတွင်းက ကိစ္စကို ဆွေးနွေးလျှင် လက်ခံတယ်။ ဥပဒေပြင်ပမှာ မဖွယ်မရာကိစ္စများကို လာပြီးတိုင်ပင်ရင် မစ္စတာလော့ရင့်စ်က လက်မခံတတ်ပါဘူး။

ဦးဝဏ္ဏက မျက်မြင်သက်သေများကို ငွေနှင့်ပေါက် စည်းရုံးလို့ မရခဲ့ဘူး။ မရတဲ့ အကြောင်းကတော့ လမ်းမတော် အောင်ဘဆိုတဲ့ လူဆိုးတစ်ယောက်က ကြားဝင်လာတယ်။

အောင်ဘရဲ့ သူငယ်ချင်း လူဆိုးအော်ကုလားဆိုတာ လွန်ခဲ့သော နှစ်နှစ်ခန့်က သေဆုံးခဲ့တာမှာ ကိုသူရရဲ့ ပယောဂမကင်းဘူးလို့ သိရပါတယ်။

အဲဒီအချိန်က ချုံကင်းဟိုတယ်မှာ အော်ကုလား



www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံရရာမှာ ကိုသူရ ရှိနေခဲ့တယ်လို့ ဆိုတယ်။ အချို့က ဒီစနက်မီးကို မွှေးသူမှာ ကိုသူရပဲလို့ဟု ဆိုကြတယ်။

ဒါကြောင့် ကိုသူရနဲ့ လမ်းမတော် အောင်ဘတို့ ကျောင်းတော်က စခဲ့ရသည့် ကျောင်းတော်က ရန်စရှိတာကို ကျွန်တော်တို့ သိရတာပါပဲ။

အဲဒီတော့ လမ်းမတော် အောင်ဘက လူလိမ်မြတ်ဝေကို ကိုသူရ သတ်တဲ့ကိစ္စမှာ အမှုသက်သာအောင်လို့ ဘယ်သက်သေကမှ မထွက်ပေးရဘူးလို့ အကျပ်ကိုင်လာတယ်။

မျက်မြင်သက်သေတွေက ဦးဝဏ္ဏထံက ငွေထက် အောင်ဘရဲ့ အသေသတ်မယ်ဆိုတဲ့ ကြိမ်းဝါးတာကို ပိုပြီး ကြောက်ကြတယ်။ ဒါကြောင့် ဘယ်သူမှ မုသားမထွက်ရဲဘူး။

အဲဒီတော့ မစ္စတာလော့ရင့်စ်ဟာ သက်သေတွေကို ဖျက်လို့မရဘူး။ အမှုဟာ ဘူးပေါ်သလို ပေါ်လာတယ်။

တရားလိုဖက်က ချိန်ခွင်သာသွားပြီး တရားခံကိုသူရသာ နစ်ဖို့ရှိတော့တယ်။

ဒါပေမယ့် ရှေ့နေကြီး မစ္စတာလော့ရင့်စ်က ကိုသူရ နစ်မသွားအောင် ဆွဲထုတ်ဖို့ ကြိုးစားတယ်။

ဇာစကတည်းက ကိုသူရဟာ လူသတ်မှု ဘယ်တော့မှ မလွတ်နိုင်ဘူးလို့ မစ္စတာလော့ရင့်စ်က ကျွန်တော့်ကို တွက်ပြပြီးသားပါ။ ဒါကြောင့် မစ္စတာလော့ရင့်စ်က လူလိမ်မြတ်ဝေကို ကိုသူရ





သတ်လိုက်တဲ့အကြောင်း မငြင်းဘူး။

တချို့ရှေ့နေများဆိုရင် အဓိပ္ပာယ်မရှိဘူး။ တရားခံမှာ အပြစ်မရှိပါဘူးလို့ ဖွတ်ငြင်းပေလိမ့်မယ်။

သိက္ခာသမာဓိရှိတဲ့ ရှေ့နေကြီး မစ္စတာလော့ရင့်စ် ကတော့ ဖွတ်မငြင်းပါ။ အစိတ်အပိုင်းအချို့ တစ်စိတ်တစ်ဒေသကို ဝန်ခံမယ်တဲ့။

အဲဒီလို ဝန်ခံပြီးမှ တစ်ကြိမ်တစ်ခါမျှ ပြစ်မှုကျူးလွန်သူ၏ ဒေါသအလျောက် ဖြစ်ခြင်း၊ စတဲ့ အချက်တွေကိုပြပြီး အပြစ်ဒဏ် လျော့ပါရန် အသနားခံမယ်လို့ ဆိုတယ်။

မစ္စတာလော့ရင့်စ်က အပြစ်ပေးခြင်းကို မငြင်းဆန်တဲ့ အပြစ်ဒဏ် လျော့ပေါ့ရန်သာ ဦးတင်တိုက်မယ်လို့ ဆိုတယ်။

ဒီလိုမသုပ်လို့လဲ မရဘူးလေ။ ကိုသူရက လူလိမ်မြတ်ဝေကို ဓားနဲ့ထိုးသတ်တာကို သက်သေအားလုံးလိုလိုက မြင်တာ။

ဘီ၊ အေ၊ စီ ပျော်ပွဲစားရုံမှာ မြတ်ဝေနဲ့ တစ်စားပွဲတည်း ထိုင်အရက်သောက်နေတဲ့ သက်သေကိုသာ မြတ်ဝေရဲ့ အတူပါလာသူလဲ ဖြစ်တယ်။

မြတ်ဝေကို ဓားနဲ့ထိုးတာနဲ့ သူက ထွက်ပြေးသွားတယ်ဆိုတော့ ကိုသူရက မြတ်ဝေကို ဓားနဲ့ထိုးတာ မြင်မှမြင်ပါ့မလားလို့ သံသယရှိတယ်။

ဒါကြောင့် အဲဒီသက်သေတွေဟာ မယုံကြည်ရ



www.burmeseclassic.com

www.burmeseclassic.com



သက်သေတွေလို့ မစွတာလော့ရင့်စ်က ခြေဖျက်ခဲ့တာပဲ။ ဒါပေမယ့် မရှာနိုင်ဘူးလေ။ ဘီ၊ အေ၊ စီ ဆိုင်မန်နေဂျာရယ်၊ စားပွဲထိုးတွေနဲ့ တခြား စားပွဲမှာ သောက်နေသူတွေရယ်က သက်သေရှိတာ။

ကိုသူရဟာ မြတ်ဝေကို တွေ့တာနှင့် ဓားနဲ့ထိုးတာ မဟုတ် ဘူး။ သွေးအေးအေးနဲ့ စကားအချီအချ ပြောသေးတာ။

ကိုသူရက ဒေါသအလျောက် ဓားနဲ့ ထိုးတယ်ဆိုတာ ထက် သွေးအေးအေးနဲ့ မြတ်ဝေကို ဓားနဲ့ထိုးတာဆိုတာ မပေါ် လွင်အောင် ရှေ့နေပညာနဲ့ မစွတာလောရင့်စ် လုံးချသွားနိုင်ပါ တယ်။

ဒါပေမယ့် ဆင်ထိုးရာကို နှပ်ချေးနဲ့ ဖာသလို ဖြစ်နေမလား ဘဲ။ အပြီးသတ် လျှောက်လဲချက်ပေးတဲ့အခါကျတော့ မစွတာ လော့ရင့်စ် လျှောက်လဲချက်ပေးတာက ကိုသူရဟာ မြတ်ဝေရဲ့ လည်ပင်းကို ဓားနဲ့တစ်ချက်တည်းသာ ထိုးတယ်ဆိုတာ ပေါ် လွင်အောင် စောင်းပေးပြီး လျှောက်လဲချက်ပေးတယ်။

ဒီလိုတစ်ချက်တည်းထိုးတာဟာ သေစေချင်တဲ့ ဆန္ဒ မဟုတ်ဘူး။ ဒေါသအလျောက် ဓားနဲ့ထိုးရင်းနဲ့ လက်လွန် သွား တာပါဆိုတာကို မစွတာလော့ရင့်စ်က ခေါ်ယူသွားတယ်။ အမှုကို ဖော်ဆောင်သွားတယ်။

ဒါပေမယ့် ကိုသူရ ဓားနဲ့ထိုးတဲ့နေရာက လည်ပင်းဖြစ်နေ တော့ အမှုအတွက် သိပ်ပြီးမကောင်းလှဘူး။ ကိုသူရဟာ သေ





ကွင်းကို ရွေးပြီး တစ်ချက်တည်းထိုးတာ လည်ပင်းဆိုတာက သေကွင်းပဲ မဟုတ်လား။ သေကွင်းကိုထိုးမှတော့ နောက်ထပ် တစ်ချက်ထိုးစရာ လိုဦးမလား၊ တစ်ခါမှ ဓားမထိုးဘူးတဲ့ လူသာ ဆက်ကာ ဆက်ကာ ထိုးနေမှာပေါ့။

သေသူမြတ်ဝေဖက်က ရှေ့နေကလဲ သိပ်တော်နေတယ်။ အစိုးရရှေ့နေလေ။ သူကလဲ မင်းတိုင်းကျေ မလုပ်ဘူး။ စေ့စေ့စပ် စပ် ပယ်ပယ်နယ်နယ် အမှုတွဲကို လေ့လာပြီးမှ လျှောက်လဲချက် ပေးတာ။

တရားလိုရှေ့နေက ဘာပြောသလဲဆိုရင် ဓားနဲ့တစ်ချက် တည်းထိုးရုံနဲ့ ဒေါသအလျောက်လို့ ပြောရတာခက်ခဲပါတယ်။ ကိုသူရ က မြတ်ဝေကို ဓားနဲ့ထိုးတဲ့အခါ လည်ပင်းကိုထိုးခဲ့တာပါ။ သေကွင်းကို ရွေးထိုးခဲ့တာပါ။ အဲဒီလိုသေကွင်းကို ရွေးထိုးနိုင် တာဟာ ကြေးစားလူသတ်သမားရဲ့ လက်ချက်နဲ့ကော မတူ ဘူးလားလို့ ပြန်ပြီး လျှောက်လဲချက်ပေးတယ်။

တရားလိုရှေ့နေက 'ဓားနဲ့ တစ်ချက်တည်း ထိုးတာဟာ ဒေါသကြောင့်လား ကျွမ်းကျင်မှုကြောင့်လား' ဆိုတာ စဉ်းစားစရာ အလွန်ကောင်းကြောင်း ရုံးတော်ကို တင်ပြသွားပါတယ်။

ဒါ့အပြင် ကိုသူရဟာ ကျောင်းနေစဉ်ဘဝတုန်းက မန္တလေး ဓားထိုးမှု (၂)နှစ်မှုဖြစ်ခဲ့တာတွေ၊ ရန်ကုန်က အွန် လောက်ဟိုတယ်နဲ့ ချူကင်းဟိုတယ်မှာ ဓားထိုးမှုဖြစ်ခဲ့တာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို အစိုးရရှေ့နေက ထည့်သွင်းလျှောက်လဲသွားပြီ။ ဒါတွေဟာ ကိုသူရရဲ့ လူသတ်မှုအပေါ် ထည့်သွင်းစဉ်းစားရမယ့် ပြစ်ချက်ဟောင်းတွေပဲလို့ ရုံးတော်ကို တင်ပြသွားသေးတယ်။

ဒါပေမယ့် ဒီပြစ်ချက်ဟောင်းတွေက တရားမဝင်ပါဘူး။ ကိုသူရဟာ ခားထိုးမှုလေးခုလောက် ဖြစ်ခဲ့ပေမယ့် တစ်ခါမှ ထောင်မကျခဲ့ဖူးဘူးတော့ လက်ယဉ်တယ်ဆိုတဲ့ ကျော်စောမှုသာ ရှိတယ်။ ဥပဒေအရ ထည့်သွင်းစဉ်းစားရမယ့် ပြစ်ချက်ဟောင်းတွေတော့ မဟုတ်ဘူး။

ဒါနဲ့ မျက်နှာဖြူ စက်ရှင်မင်းကြီးက ကိုသူရကို ထောင်ဒဏ်ဆယ်နှစ်ချလိုက်တယ်။ တစ်သားမွေးပြီး တစ်သွေးလှနေတဲ့ မသူဇာက အဲဒီစီရင် ချက်ကိုလည်း ကြားစရာ၊ မူးမေ့သွားတာပဲ ထုံးစံ[illegible]တိုင်း ကျွန်တော်ကပဲ သတိရအောင် နှာနှပ်ပေးရတာပေ့ါ။

ကိုသူရကတော့ ချီးကျူးလောက်အောင် ယောကျ်ားပီသပါတယ်။

စက်ရှင်မင်းကြီးက သူ့ကို ထောင်ဒဏ်ဆယ်နှစ်ချတာကို မတုန်မလှုပ်ခံယူတယ်။ ကျွန်တော် ပြောရဲပါတယ်။ စက်ရှင်မင်းကြီးက ကိုသူရလို 'သေဒဏ်' ပေးမယ်ဆိုရင်တောင် ကိုသူရဟာ တုန်လှုပ်မှာ မဟုတ်ပါဘူး။ အခုတိုင်းပဲ မတုန်မလှုပ်နေမှာဘဲဆိုတာ ကျွန်တော် ယုံကြည်တယ်။ ဘယ်သူနဲ့မဆိုလောင်းရဲတယ်။





အခုစစ်ဆေးနေတဲ့ ကာလတစ်လျှောက်လုံးမှာ ကိုသူရဟာ အခုလိုပဲ တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်ခဲ့တာပါ။

ကိုသူရကို ထောင်ဆယ်နှစ်ချလိုက်တော့ ဝတ်လုံတော်ရကြီး မစ္စတာလော့ရင့်စ်လည်း တော်တော်တုန်လှုပ် သွားတယ်။ သူ့နဖူးကို သူထုပြီး စိတ်လှုပ်ရှားသွားဟန်နဲ့ ခေါင်းကို ခါယမ်းနေတယ်။

တရားရုံးလောကမှာ ပြောစမှတ်ပြုကြတဲ့ စကားတစ်ခွန်း ရှိပါတယ်။

အဲဒီစကားကတော့ ရှေ့နေကသာ သူ့တရားခံကို သနားအောင် လုပ်နေတယ်။ သူ့တရားခံကတော့ ရိုက်သတ်ချင်စရာကောင်းတယ်။ တရားခံကို သနားရမယ့်အစား ရှေ့နေကို သနားလိုက်ပါဆိုတဲ့ စကားပါ။

အခုလဲ ဒီအတိုင်းပါပဲ မစ္စတာလော့ရင့်စ်က ကိုသူရထောင်ကျရင် အလွန်ဆုံး ငါးနှစ်ပဲကျမယ်လို့ တွက်ထားတာ အခုလို ဆယ်နှစ်ချလိုက်တော့ မစ္စတာလော့ရင့်စ် အတော်တုန်လှုပ်သွားတယ်။

မစ္စတာလော့ရင့်စ် ခံစားသွားရဖို့က သနားစရာ ကောင်းလောက်အောင် ဖြစ်နေတယ်။ ဒါပေမယ့် ကာယကံရှင်ဖြစ်တဲ့ ကိုသူရကတော့ အပြုံး တာင် မပျက်ပါဘူး။

မသူဇာ သတိရတဲ့အခါ ကိုသူရကိုဖက်ပြီး ငိုပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မသူဇာရဲ့ ငိုသံဟာ ရုံးခန်းတစ်ခုလုံးကို စိတ်မချမ်းမြေ့ ဖြစ်သွားစေတယ်။ ချောက်ချားသွားစေတယ်။

ကိုသူရက မသူဇာကို ချော့မော့ပါတယ်။ ဘာမှအားမငယ်ဖို့ ထောင်ထဲမှာ ကောင်းစွာနေရင် ရှစ်နှစ်လောက်နဲ့ လွတ်မှာကို ကိုသူရက မသူဇာကို ရှင်းပြနေသေးတယ်။

ခဏကြာတော့ မစ္စတာလော့ရင့်စ်က ကိုသူရကို သွားပြီး နှုတ်ဆက်တယ်။

''ကျွန်ုပ် လူကလေးကို ထောင်ငါးနှစ်ပဲ ချအောင် ကြိုးစားပါတယ်၊ ဒါပေမယ့် အခုလိုဖြစ်တာ ကျွန်ုပ် အားကြီးဝမ်းနည်းပါတယ်''

'လို့ မစ္စတာလောရင့်စ်က ကိုသူရရဲ့ လက်ကို ကိုင်ပြီး တဖွဖွ ပြောပါတယ်။

ကိုသူရက ''ဝတ်လုံတော်ရကြီးတော်လို့ ကျွန်တော် ထောင် ဆယ်နှစ်ကျတာပါ။ နို့မဟုတ်ရင် သေဒဏ်မခံရဘူးလို့ ဘယ်သူက ပြောနိုင်မလဲ။ ဝတ်လုံတော်ရကြီးကို ကျွန်တော် ကျေနပ်ပါတယ်။ ကျွန်တော့်အသက်ကို ကယ်တင်တယ်လို့လဲ သဘောထားပါတယ်လို့ ပြောတယ်။

တုန်လှုပ်ချောက်ချားနေတဲ့ မစ္စတာ လော့ရင့်စ်ကိုတောင် ကိုသူရက ပြန်ပြီးနှစ်သိမ့်နေရတယ်။

ဦးဝဏ္ဏကတော့ ကိုသူရ ထောင်ဆယ်နှစ်ကျပေမယ့်





ယူ့သား သေဒဏ်မခံရတာနဲ့ပဲ မစ္စတာလော့ရင့်စ်ကို ကျေးဇူးတင်နေပုံ ရပါ တယ်။

ကိုသူရက စိတ်ရင်းကောင်းပုံရပါတယ်။ သူ့ကို ဆွဲချသွားတဲ့ အစိုးရရှေ့နေကိုတောင် ပြုံးပြီးနှုတ်ဆက်စကား ပြောပါတယ်။

ကိုသူရကို ပုလိပ်အမှုထမ်းတွေက ထောင်ကြီးချုပ်ကို ပို့မယ်လုပ်တော့ ကျွန်တော့်ဆီကို ကိုသူရ လာနှုတ်ဆက်ပါတယ်။

ဘာသဘောနဲ့လဲတော့ မသိဘူး။ ကိုသူရက ကျွန်တော့် မိန်းမကို ကူညီစောင့်ရှောက်ခဲ့တာ ကျေးဇူးတင်ပါတယ် ကိုကျော်ဇော ရှေ့ဆက်ပြီးလဲ ကိုယ်ဖိရင်ဖိ ကူညီစောင့်ရှောက်ပါဦးလို့ ပြောတယ်။ ကျွန်တော် စဉ်းစားရခက်သွားတယ်။

ကိုသူရက ကျွန်တော့်ကို သဘောရိုးနဲ့ ပြောတာလား။ ဒါမှမဟုတ် သူ့မိန်းမမသူဇာကို ကျွန်တော် အစစအရာရာ ကူညီနေတာကို သဘောမကျလို့ ငေါ်ပြီး ပြောတာများလား။ ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောသလဲဆိုတာတော့ ကိုသူရသာပဲ သိပါလိမ့်မယ်။

ဒီကနေ့အထိတော့ မသူဇာနဲ့ ကျွန်တော်ဟာ ပကတိ သန့်ရှင်းလျက်ပါ။ အဲဒီလို သန့်ရှင်းစွာနေလျက်သားနှင့် ကိုသူရက ထောက်ခနေတာများလား။ မသူဇာက အင်မတန်ချောတဲ့ မိန်းကလေးဆိုတော့ ကိုသူရ စိတ်မချတာ မှန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသူရဖက်က ကြည့်ရင် မသူဇာကို စိတ်ချစရာ ဘယ်ရှိမလဲ။ အခု ကိုသူရ အိမ်ထောင်ကျတာ ဆယ်ရက်မှ မဟုတ်ဘဲ။ ဆယ်နှစ်ပဲ အဲဒီအချိန်ထိ မသူဇာက သစ္စာရှိရှိနဲ့ စောင့်နိုင်ပါ့မလား။

ကိုသူရဟာ မသူဇာကို နောက်ဆံတင်းမှာ အမှန်ဘဲ။ ကျွန်တော့်ကိုလည်း မသင်္ကာဘူး ထင်ပါရဲ့။

စောစောက ကိုသူရကို စက်ရှင်တရားသူကြီးက ထောင်ဒဏ်ဆယ်နှစ်ချတော့ မသူဇာ မူးလဲသွားတော့ ကျွန်တော်ကပဲ နှာနှပ်ပေးတော့ မဟုတ်လား။

အေးလေ . . ကိုသူရဟာ မသူဇာကို ကျောင်းသူဘဝက ချစ်ခဲ့တဲ့ ငယ်ချစ်ကိုး။ ဘယ်စိတ်ချမလဲ။ သဝန်ကြောင်မှာပေါ့။ ချစ်တယ်ဆိုတာလဲ သဝန်ကြောင်ခြင်းပဲ မဟုတ်လား။

ကိုသူရ သဝန်ကြောင်တာ မှန်ပါတယ်။

ကိုသူရမှာ သဝန်ကြောင်ခွင့် ရှိပါတယ်။

ကိုသူရ သူ့ဇနီးကို စောင့်ရှောက်ပါလို့ မှာကြားတော့ ကျွန်တော် ဘာပြန်ဖြေရမှန်းလဲ မသိပါဘူး။

ဒါပေမယ့် ကျွန်တော်က ကြိုးစားပြီး အဖြေပေးလိုက်ပါတယ်။

''အမှုပြီးသွားပြီပဲဗျ၊ ကျွန်တော် မသူဇာကို ရှေ့ဆက်ပြီး ကူညီစရာ မရှိတော့ပါဘူး။ ခင်ဗျားတို့ အသိုင်းအဝိုင်းတွေက





မသူဇာကို ကူညီစောင့်ရှောက်စောင့်လိမ့်မယ်''

လို့ ကျွန်တော် ပြောလိုက်ပါတယ်။ ကိုသူရက . . .

''အမှုပြီးသွားပေမယ့် သူတို့သားအမိကိုတော့ မေ့မသွားပါနဲ့ဗျာ၊ ဥပဒေရဲ့ အစောင့်အရှောက်ထက် ဥပဒေအမြင်ဖက်က အစောင့်အရှောက်က ပိုပြီးလိုပါတယ်''

လို့ ပြောတယ်။ ကိုသူရရဲ့ မျက်နှာဟာ စိတ်လှုပ်ရှားမှုကို မြင်ရခဲလောက်အောင် တည်ငြိမ်တော့ သူ့ကို အကဲခတ်ရတာ မလွယ်ဘူး။ ကိုသူရဟာ စိတ်ရင်းအမှန် ပြောနေတာလား၊ ကျွန်တော့်ကို ခနဲ့နေတာလားဆိုတာ ကျွန်တော့်အဖို့ တွေးရခက်ကြီးပဲ။

နောက်ဆုံးတော့ ဦးဝဏ္ဏနဲ့ မစွတာလောရင့်စ်တို့ ကျွန်တော်တို့ ရပ်နေတဲ့အနား ရောက်လာတယ်။

ဦးဝဏ္ဏရော မစ္စတာလော့ရင့်စ်ကကော ကိုသူရအတွက် ကိုက်ကုပ်မှာ အယူခံချင်ကြတယ်။

ကိုသူရကို ထောင်ဆယ်နှစ်ချတာ များတယ်လို့ သူတို့နှစ်ယောက်စလုံးက ယူဆကြတယ်။ ကိုသူရ သူ့အတွက် အယူခံတာကို ဝမ်းသာအားရ လက်ခံလိမ့်မယ်လို့ ကျွန်တော် ထင်နေတယ်။ ဒါပေမယ့် ထူးထူးဆန်းဆန်း ကိုသူရက အယူခံမှုတက်မှာကို သဘောမတူဘူး။

အခုလို ထောင်ဆယ်နှစ် ချတာကိုပဲ ကိုသူရ ကျေနပ်နေတယ်။ ပြောရမယ်ဆိုရင် ထောင်ဆယ်နှစ်ကျတာကိုပဲ ကိုသူရ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



သာနေပုံရတယ်။

ကိုသူရက အခုလို အယူခံရင် ကျိန်းသေ ထောင်ဆယ်နှစ်ထက် လျှော့ပါ့မလားလို့ မစ္စတာလောရင့်စ်ကို မေးတယ်။

ဒါကိုတော့ မစ္စတာလော့ရင့်စ် အာမခံလို့ ဘယ်ရမလဲ။

အယူခံဆိုတာ ပြစ်ဒဏ်လျှော့ရင်လဲ လျှော့တာပဲ။ ပြစ်ဒဏ်တိုးရင်လဲ တိုးသွားတတ်တာပါ။

အောက်ရုံးကပေးတဲ့ အပြစ်ဒဏ်များတယ်ထင်ရင် ဟိုက်ကုပ်က အပြစ်ဒဏ် လျှော့ချမယ်။

အောက်ရုံးကချတဲ့အပြစ်ဒဏ် နည်းနေတယ်ဆိုရင် အပြစ်ဒဏ် တိုးပေးမယ်။ ရှင်းရှင်းပြောရရင် လူသတ်မှုမှာ အောက်ရုံးက ထောင်ဆယ်နှစ်ချပေမယ့် ဟိုက်ကုပ်က သေဒဏ် ပြောင်းလဲပေးရင်လဲ ရတာပဲ။

သေဒဏ်ပေးထားပေမယ့် ဟိုက်ကုပ်က လွှတ်ပစ်ချင် လွှတ် ပစ်တာပဲ။ ဟိုက်ကုပ်ကို အယူခံတိုင်း အပြစ်ဒဏ်လျှော့တယ်လို့ ကံသေကံမ ယူဆလို့ ဘယ်ရမလဲ။

အမှုသွား အမှုလာပေါ် ကြည့်ပြီး ဟိုက်ကုပ်က အပြစ်ဒဏ် အတိုးအလျှော့ လုပ်တာ။ အဲဒီအကြောင်းကို မစ္စတာလော့ရင့်စ်က ကိုသူရကို ရှင်းပြတော့ ကိုသူရက အယူမခံချင်ဘူးတဲ့လေ။

ကိုသူရကို ကျွန်တော် သဘောပေါက်ပါတယ်။ အခု





အတိုင်း ထောင်ဆယ်နှစ် နေသွားတာက သူ့အတွက် စိတ်ချရဦးမယ်။ ဟိုက်ကုပ်ကို အယူခံလို့ ထောင်ဆယ်နှစ်ကနေ သေဒဏ် ပြောင်းလဲလိုက်ရင် ဘယ့်နှယ့်လုပ်ရမလဲ။

ဒီအချက်ကို ကိုသူရ တွေးမိပုံရတယ်။ ဒါကြောင့် ကိုသူရ အယူမခံရဲဘူး။ ထောင်ဒဏ်ဆယ်နှစ်တာ သူ့အတွက် လုံလောက်တယ်လို့ ကိုသူရ ယူဆထားထားပုံရတယ်။

ကိုသူရဟာ လောင်းကစားသမား မဟုတ်ဘူး။ သူ့အသက်ကို ဥပဒေနဲ့ မလောင်းရဲတော့ဘူး။

ဒါကြောင့် အယူမခံတော့ဘူး။

ဒီလို အဖြစ်အပျက်မျိုးဟာ ဥပဒေလောကမှာတော့ ရှားတယ်။ တရားခံ တော်တော်များများဟာ အောက်ရုံးက ပေးတဲ့ အပြစ်ဒဏ်တိုင်းဟာ မတရားဘူး များတယ်။ ဒါကြောင့် ဟိုက်ကုပ်ကို အယူခံကြတာ။

ကိုသူရကတော့ ထူးထူးဆန်းဆန်း အယူမခံချင်ဘူးလို့ ငြင်းနေတာ။ အဲဒီလို အယူမခံတော့ မစ္စတာလောရင့်စ်အဖို့ နောက်ထပ် အမှုလိုက်ခ မရဇတော့ဘူးပေါ့။

ရှေ့နေများဟာ အောက်ရုံးမှာ အမှုရှုံးပြီး နောက်ထပ် အယူ ခံတက်ရင် ရှေ့နေခ ထပ်ရတာ မဟုတ်လား။

အဲဒီတုန်းက ကျွန်တော်နဲ့ မသူဇာလဲ ဒီမှာတင်ပဲ ပြတ်ပြီး ငြိုထင်နေတာ။ ဇာတ်လမ်းက ပြီးသွားပြီပဲ။ ပြည်ဖုံးကား ချသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ကျွန်တော်က ရှေ့နေ၊ မသူဇာက အမှုသည်။ ဒီမှာတင် လမ်းခွဲ လိုက်ကြရုံပဲ ရှိတော့တာပေါ့။ ပြီးသွားပြီပဲ။

အဲဒီအတိုင်း ဖြစ်သွားကြရင်လဲ ကောင်းမှာပါပဲလေ။

ဒါပေမယ့် မသူဇာနဲ့ ကျွန်တော်မှာ ဘယ်လို ဖူးစာပါလာ သလဲ မသိဘူး။ အဲဒီလို အမှုဖြစ်ပြီး တစ်နှစ်လောက်ကြာတော့ ကျွန်တော်လည်း ရှေ့နေပညာ အတော်အတန်ပြည့်ဝပြီမို့ မစ္စတာ လောရင့်စ်ရဲ့ လောင်းရိပ်အောက်ကထွက်ပြီး

ကိုယ့်ဘာသာကိုယ် ရုံးခန်းဖွင့်နိုင်ပြီ။

အဖေကလဲ ကျွန်တော့်ကို ကိုယ်ပိုင်ရုံးခန်းဖွင့်တာ သိပ်ပြီး သဘောကျတယ်။ အဖေက အိုမင်းမစွမ်း အရွယ်ရောက်လို့ ရှေ့နေ မလိုက်တော့ပေမယ့် ကျွန်တော့်ရုံးခန်းကို လာထိုင်ပြီး ရှေ့နေတွေ လုပ်ကိုင်လှုပ်ရှားနေတာကို ကြည့်ပြီး ပီတိဖြစ်နေတာ။

အဲဒီရုံးခန်းကို အလာကောင်းလို့ ရုံးခန်းကအပြန် အဖေ ခလုပ်တိုက်ပြီး သေသွားတာ။

အဖေ သေတဲ့အခါမှ ဘယ်လိုမှ မျှော်လင့်မထားဘဲ မသူဇာနဲ့ ကျွန်တော်နဲ့ ပြန်ဆက်မိကြတယ်။ အဖေရဲ့ ဈာပန သတင်းကို သတင်းစာထဲမှာ ဖတ်ရတာနဲ့ မန္တလေးကနေ မသူဇာက အသုဘ အကူငွေတစ်ရာ ပို့လိုက်တယ်။ မကြာခင် ဝမ်းနည်းကြောင်း စာသဝဏ် ရောက်လာတယ်။

အဲဒီတုန်းက သတင်းစာတွေကလဲ လက်တစ်ဖက်ပြတ်





ရှေ့နေကြီးဦးထွန်းကျော်ရဲ့ အကြောင်းကို တော်တော်ပဲ အသား ပေးရေး ခဲ့ပါတယ်။

သတင်းစာတွေကရေးတာ အဖေ အမှုလိုက်တော်လို့ ရေးတာ မဟုတ်ပါဘူး။ ဗြိတိသျှအစိုးရက မတရားထောင်ချဖို့ ကြိုးစားတဲ့ သခင်တွေကို အဖေက အခမဲ့ ရှေ့နေလိုက်ပေးခဲ့လို့ပါ။

နောက်မကြာမီမှာဘဲ မသူဇာ လူကိုယ်တိုင် ရောက်လာ တယ်။ မသူဇာ ရောက်လာတဲ့အကြောင်းကတော့ ကိုသူရ တစ် ကျွန်းကနေ ထွက်ပြေးသွားတာ သေပြီဆိုတဲ့ သတင်းရလို့ တစ်ကျွန်းကို စုံစမ်းပေးဖို့ လာပြီး အကူအညီတောင်းတာပါ။

မသူဇာရဲ့ လက်ထဲမှာလဲ အိန္ဒိယနိုင်ငံက ထုတ်တဲ့ ဟိန္ဒူ စတန်နီသတင်းစာတစ်စောင် ပါလာတယ်။

မန္တလေးတိုက်တန်းက ရွှေကုန်သည် ဘာဘူတစ်ယောက် က ကိုသူရအကြောင်း သတင်းစာထဲပါလာတာကို မသူဇာကို လာပြောလို့ သိရတာတဲ့။

မသူဇာက ခရီးစရိတ်ပေးပြီး ကျွန်တော့်ကို အိန္ဒိယနိုင်ငံ ကို သွားစုံစမ်းပေးဖို့ အကူအညီတောင်းပါတယ်။

ကျွန်တော်က မလိုအပ်ဘူးဆိုပြီး အိန္ဒိယနိုင်ငံ အကျဉ်း ဦးစီး မင်းကြီးဆီ သံကြိုးရိုက်ပြီး စုံစမ်းလိုက်တယ်။

ရက်သတ္တပတ် တစ်ပတ်အတွင်းမှာဘဲ ကိုသူရဟာ အက်ဒမန်ကျွန်းက ဖောင်တစ်ခုနဲ့ ထွက်ပြေးသွားတယ်။ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပြီလို့လဲ ယူဆရကြောင်း အိန္ဒိယနိုင်ငံ အကျဉ်းဌာနမင်းကြီးဆီက ပြန်ကြားစာကို ရပါတယ်။

အဲဒီမှာတင် စိတ်ဓာတ်ခိုင်မာရဲရင့်တဲ့ ကိုသူရ ဘာကြောင့် အယူမခံသလဲဆိုတာ ကျွန်တော် အဖြေကို တွေ့သွားပါတယ်။

ကိုသူရဟာ အစိုးရအပြစ်ဒဏ်နဲ့ သူ့လည်ပင်းကို ကြိုးကွင်းစွပ်အသတ်ခံရမှာ ကြောက်ပေမယ့် အခုတော့ ကိုယ့်ဘာသာကိုယ် သေဒဏ်စီရင်လိုက်သလိုပါပဲ။

ကိုသူရထက်ပိုပြီး အကြမ်းပတမ်းခံနိုင်တဲ့ ရာဇဝင်လူဆိုးကြီးတွေတောင် အက်ဒမန်ကျွန်းက ထွက်မပြေးရဲကြပါဘူး။ ထွက်ပြေး ကြရင်ကော ဘယ်နှစ်ယောက်များ မြန်မာပြည် ပြန်ရောက်ခဲ့လို့လဲ။

ပင်လယ်အောက်သချိုင်းမှာဘဲ တစ်သက်စံရတာ မဟုတ်ပါလား။ တစ်ကျွန်းခံရဲ့ အပြန်လမ်းဆိုတာကကော ရှိရဲ့လား။ ကိုသူရ ဟာ ဘာကြောင့်များ ကိုယ့်လည်ပင်းကိုယ်စွပ်မယ့် ကွင်းကို လုပ်ရတာ ပါလိမ့်လို့ ကျွန်တော် ကရုဏာဒေါသော ဖြစ်မိတယ်။

တကယ်လို့ ကျွန်းမှာ ကောင်းကောင်းနေမယ်ဆိုရင် ကိုသူရ ရှစ်နှစ်လောက်သာနေရပြီး မြန်မာပြည် ပြန်ရောက်မှာပါ။ ကိုသူရ ထောင်ဆယ်နှစ်ကျတဲ့အချိန်တုန်းက အသက်အစိတ်လောက်ပဲ ရှိသေးတာ။

ကျွန်းကျတုန်း နှစ်ဆယ့်ငါးနှစ်ဆိုတော့ ဟိုမှာ ဆယ်နှစ်နေ





ရတယ်ဆိုရင်တောင် အသက်သုံးဆယ့်ငါးနှစ်မှာ ကိုသူရ မြန်မာပြည် ပြန်ရောက်မှာ။

အခုတော့ ကိုသူရဟာ မလိုအပ်တဲ့ စွန့်စားမှုကို သွားလုပ်တယ်။ အမှန်တော့ ကိုသူရ တစ်ကျွန်းကို လိုက်သွားတာ ကျွန်တော် လုံးဝမသိဘူး။

ထောင်ဆယ်နှစ်ကျသူတွေဟာ ကျွန်းမှာသွားနေချင် ကိုယ့် ဆန္ဒအတိုင်း သွားနေခွင့်ရှိပါတယ်။ တစ်ကျွန်းဒဏ် ခံရတာ မဟုတ်ပါ ဘူး။

မြန်မာပြည်က အကျဉ်းထောင်တွေမှာ ကိုသူရ နေမယ်ဆိုရင် ထောင်နံရံဘေးလက်ထဲမှာ နေရမှာဆိုတော့ သိပ်ပြီးကျဉ်းကြပ်ပါတယ်။

အက်ဒမန်ကျွန်းမှာကတော့ နံရံလေးဖက်ထောင်ထဲမှာ မထည့်ထားဘူး။ အပြင်မှာ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားပြီး လွတ်လွတ်လပ်လပ် နေနိုင်တယ်။ ဒါကြောင့် ကိုသူရက ကျွန်းကို လိုက်သွားတာ ဖြစ်မယ်။

ကိုသူရ ကျွန်းကိုလိုက်သွားတာ လွတ်လွတ်လပ်လပ် နေချင်လို့ထက် ထွက်ပြေးဖို့ ရည်ရွယ်ချက်နဲ့ လိုက်သွားမှန်း အခုမှ ကျွန်တော် သဘောပေါက်ပါတယ်။

အခုတော့ ကိုသူရဟာ တစ်ကျွန်းမခံဘဲ သေမင်းနိုင်ငံ မှာ စံသွားပြီထင်ပါရဲ့။ ဒီမှာတင် ကိုသူရရဲ့ ဇာတ်လမ်းဟာ [illegible]ခန်း



www.burmeseclassic.com

www.burmeseclassic.com



ရပ်သွားပါပြီ။ ကိုသူရရဲ့ ဇာတ်လမ်းဟာ ကန့်လန့်ကာချသွားပါပြီ။

ဒီမှာတင် မသူဇာနဲ့ ကျွန်တော်ရဲ့ ဇာတ်လမ်းက လိုက်ကာ ပင့်တင်လိုက်တာပါပဲ။ ကိုသူရ ဇာတ်ခုံပေါ်က ဆင်းသွားတာနဲ့ မသူဇာရဲ့ ဘဝဇာတ်ခုံပေါ် ကျွန်တော် တက်လာတယ်။

အခုချိန်မှာဆိုရင် မသူဇာဟာ လွတ်လပ်တဲ့ မုဆိုးမကလေး ဖြစ်သွားပါပြီ။ မုဆိုးမဆိုပေမယ့် အသက်က နှစ်ဆယ့်သုံးနှစ်ရှိသေးတာပါ။ ပြီးတော့ မသူဇာက သိပ်လှပါတယ်။ 'အိုတယ်သာဆိုရ အမျိုးက ရှုံးပြန်' ဆိုတာ မသူဇာကို ရည်ရွယ်ပြီး စပ်ထားတဲ့ ကဗျာလို့တောင် ထင်ရပါတယ်။

ဟုတ်ပလေ နှုတ်ချေရမှာဖြင့် ပုဗ္ဗေစထင်ရဲ့ဆိုတာကို ကျွန်တော့်မှာလဲ မသူဇာနဲ့ ပတ်သက်ရင် ဝဋ်ကြီးတာပဲ ထင်ပါရဲ့။ ဖူးစာလို့ ပြောရင်တော့ ရပါတယ်။

ဒါပေမယ့် ဖူးစာမဟုတ်ပါဘူး။ ဝဋ်ကြီးတာပါ။ တကယ့် သမုဒယဝဋ်ပါ။ ဒါပေမယ့် မသူဇာတို့က ချမ်းသာတော့ ကျွန်တော်ဟာ ကလေးတစ်ယောက်အမေ မုဆိုးမကို ကြိုက်မိတာကို သိုက်တူးတာလို့ အထင်ခံရပါတယ်။

ကျွန်တော့်ဘဝကို ကြည့်ရင် တက္ကသိုလ်ကျောင်းသားဘဝက ကျူတာဘဝ ရှေ့နေဘဝတွေ အားလုံးမှာ လွတ်လွတ်လပ်လပ်နဲ့ ပိုက်ဆံရှိသားသမီးတွေကို တွေ့ခဲ့ဖူးပါတယ်။ သူတို့ကို ကျွန်တော် လိုချင်ရင် အချိန်မရွေးရပါတယ်။





သတ္တဘာဂရုံးမှာ လျှောက်လဲချက်မပေးဘဲနဲ့ကို မိန်းမပျိုကလေးကို ကျွန်တော် ရပါတယ်။

ဒါပေမယ့် ကျွန်တော်ရဲ့ ဇာတာကိုက အရပ်ဆိုးလှပြီး မုဆိုးမနဲ့ ရတဲ့ဇာတာ ဖြစ်နေတာကိုး။

တိုတိုပြောရရင် ကျွန်တော် မသူဇာနဲ့ လက်ထပ်ခဲ့ပြီး ဆံထုံးနောက် သျှောင်ပါပြီး မန္တလေးကို ပြောင်းခဲ့တယ်။

ကိုသူရရဲ့ဖခင်ကြီး ဦးဝဏ္ဏဟာ အလွန်စိတ်ရင်းကောင်းပါတယ်။ ကျွန်တော်နဲ့ မသူဇာတို့ လက်ထပ်တာဟာ ကျွန်တော့်ဖက်က အနစ်နာခံရကြောင်း နားလည်နိုင်တဲ့ ဦးဝဏ္ဏတစ်ယောက်ပဲ ရှိပါတယ်။

ကျွန်တော်နဲ့ မသူဇာ လက်ထပ်လိုက်လို့ စိတ်ငြိုငြင်ရမယ့် အစား နန်းရှေ့အိမ်ကြီးကို မသူဇာနာမည်နဲ့ လွှဲပေးပြီး ကျွန်တော်တို့ လက်ထပ်ပွဲကို လက်ဖွဲ့ပါတယ်။

ဒီလိုမှ မပေးရင်လဲ သူ့မြေးကလေး မောင်သီဟ အိမ်ကောင်း ယာကောင်းမှာ မနေရမှာ စိုးရိမ်လို့နဲ့ တူပါတယ်။ ဒါပေမယ့် မောင်သီဟ နာမည်နဲ့ ပေးတာ မဟုတ်ဘဲ မသူဇာနာမည်နဲ့ ပေးတာပါ။

ဦးဝဏ္ဏ သဘောထားကို ကျွန်တော် သဘောပေါက်ပါတယ်။ မောင်သီဟရဲ့ အသက်ကို ကယ်တင်လိုက်တာပါ။ တကယ်လို့ ကျွန်တော်က အကောက်ကြံတဲ့ လူယုတ်မာ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် မောင်သီဟာလေးကို သတ်ပစ်မှာ စိုးလို့ပါ။

သူ့နာမည်နဲ့ အိမ်ကို လွှဲပေးလို့ မောင်သီဟာလေး သေသွားခဲ့ရင် အိမ်ကို ကျွန်တော်တို့ ပိုင်နိုင်မယ် မဟုတ်ပါလား။ ကျွန်တော်တော့ အဲဒီလို ဦးဝဏ္ဏ ရည်ရွယ်တယ်ထင်တာပဲ။

ဒါမှမဟုတ်ရင်လဲ ဦးဝဏ္ဏဟာ သူ့သဘောထားကြီးကြောင်းပြတာလဲ ဖြစ်မှာဘဲ။

ဘာဖြစ်လို့လဲဆိုတော့ မောင်သီဟာလေးက သူ့မြေးအရင်း သူ့သွေး သူ့သား မဟုတ်လား။ သူ့မြေးအရင်းကို မပေးဘဲ ချွေးမကို လွှဲပေးတယ်ဆိုတော့ သူ့သဘောထားကြီးကြောင်း ပြတာပေါ့။ ဦးဝဏ္ဏဟာ စိတ်ထား သမာသမက် အလွန်ရှိတဲ့ ပုဂ္ဂိုလ်ကြီးပါ။

သူက ကျွန်တော့်ကို ပြောပါတယ်။ မောင်သီဟာလေးဟာ အခုလို ဖတဆိုးဘဝနဲ့ မျက်နှာငယ်ရမယ့်အစား ကျွန်တော့်လို ဘီအေ ဘီအယ်လ်ဘွဲ့ရ ဝတ်လုံတော်ရရဲ့ သားတစ်ယောက် အဖြစ်နဲ့ ကြီးပြင်းရမှာ သူ့အတွက် ပိုပြီးအဆင်ပြေမှာပါလို့ ကျွန်တော့်ကို ထုတ်ပြောပါတယ်။

ကျွန်တော်ရဲ့ အရိပ်အာဝါသကြောင့် မောင်သီဟာလေးရဲ့ ဘဝလုံခြုံရေးဟာ ပိုပြီး အာမခံချက်ရှိကြောင်း ဦးဝဏ္ဏဟာ သဘောပေါက်ထားပုံပါပဲ။

ပြီးတော့ မောင်သီဟာလေးကို သားအရင်းလို မချစ်





တောင် ဒုက္ခရောက်နေတဲ့ ကလေးတစ်ယောက်လို သနားပါလို့ ဦးဝဏ္ဏက ကျွန်တော့်ကို တောင်းပန်တယ်။

သားအရင်းလို ချစ်ရမယ်လို့ ဦးဝဏ္ဏက အပြည့်အဝ မတောင်းဆိုးတာ သိပ်ပြီး ပညာပါပါတယ်။

ဦးဝဏ္ဏက ဆက်ပြောပါသေးတယ်။

မောင်သီဟာကို ပထွေး မနှိပ်စက်နိုင်အောင်လို့ သူ ခေါ်မွေးရင် ရပါတယ်တဲ့။ မောင်သီဟာလေးကို ရွှေဘုံပေါ်မှာ စံနိုင်အောင် သူ လုပ်နိုင်ပေမယ့် မေတ္တာစောင်ကလိုလို့ သူ့အမေနဲ့ မခွဲထားပါဘူးတဲ့။

ဦးဝဏ္ဏဟာ ခြံကြီးနဲ့ အိမ်ကြီးကို ပေးခဲ့ရုံတင် မကပါဘူး။ မော်တော်ကားကိုလဲ ပြန်ယူမသွားပါဘူး။

သူ့မြေးလေး အသွားအလာ ဆင်းရဲမှာစိုးလို့ မော်တော်ကားကို ထားခဲ့ပါတယ်။

မသူဇာနဲ့ လက်ထပ်ရင် ဦးဝဏ္ဏရဲ့ တုန့်ပြန်မှုကို ခံရလိမ့်မယ်လို့ ကျွန်တော် ကြိုတင်တွက်ထားတာ အခုတော့ ဦးဝဏ္ဏရဲ့ တုန့်ပြန်မှုဟာ ကျွန်တော်တို့အတွက် ကောင်းဖို့ချည်းပဲ ဖြစ်နေပါတယ်။

ကျွန်တော့်ရဲ့ မယားပါသား မောင်သီဟာလေးဟာ ခြေထောက်ခွင်တာက လွဲရင် ချစ်စရာလေးပါ။

ဂျင်မခါနာ ဆေးရုံမှာ ကျွန်တော် မွေးပေးခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပထမဆုံး နီတာရဲ့ကလေးဘဝမှာ တွေ့စကတည်းက ချစ်ခဲ့တာပါ။ အခုလို ဖတဆိုးလေး၊ ဒုက္ခိတလေးဆိုပြီး မောင်သီဟာကို ကျွန်တော် အလွန်သနားပါတယ်။

ဦးဝဏ္ဏ ပြောခဲ့သလိုပါပဲ။ မောင်သီဟလေးကို သားအရင်းလို မချစ်ရင်တောင် ဖတဆိုးလေး၊ ဒုက္ခိတလေးရယ်လို့ ကျွန်တော် သနားရမှာပါ။

မောင်သီဟလေးနဲ့ ကျွန်တော်နဲ့ စတွေ့တော့ အသက်နှစ်နှစ်ရှိပါပြီ။ အဖေတော်နေရှာတဲ့ မောင်သီဟလေးက ကျွန်တော့်ကို ဖေဖေလို့ ခေါ်ပါတယ်။

ကျွန်တော့်ကိုလဲ အဖေရင်းလို့ ထင်နေရှာပါတယ်။

မောင်သီဟလေးကို ကျွန်တော် ချစ်ပါတယ်။

ဒါကြောင့် ကလေးတွေနဲ့ ပတ်သက်ပြီး စိတ်ပညာစာအုပ်တွေ၊ မစွမ်းမသန်တဲ့ ကလေးတွေ ပြုစုစောင့်ရှောက်နည်း စာအုပ်တွေ ကို ကျွန်တော် ဖတ်ရပါတယ်။

မစွမ်းမသန်တဲ့ ကလေးပြုစုစောင့်ရှောက်နည်းစာအုပ်ဆိုရင် မြန်မာပြည်မှာ မရှိလို့ အမေရိကားကိုတောင် မှာပြီး ဖတ်ရတာပါ။ သာမန်အားဖြင့် တွေးရင် မောင်သီဟလေးဟာ မစွမ်းမသန်လေးမို့ မိဘမဲ့ ယုယပိုက်ထွေးဖို့ ပိုပြီး လိုအပ်မယ်လို့ ယူဆ စရာပါပဲ။

ဒါပေမယ့် မစွမ်းမသန်တဲ့ ကလေးတွေအတွက် မိဘ





မေတ္တာ လိုအပ်ပေမယ့် သူ့ဘဝရှေ့ရေးအတွက် သူ့ကိုယ်သူ အားကိုးစိတ်ဝင်အောင် ပိုပြီး ပြုစုပျိုးထောင်ပေးရမယ်တဲ့။ ဒါမှသာ နောင်ရေးမှာ ကောင်းပြီး သူ့ကိုယ်သူ အားကိုးနိုင်မှာတဲ့။

သူ့ကိုယ်သူ အားကိုးနိုင်မှ သူဟာ ဘဝကို ရဲရဲရင်ဆိုင်ဝံ့မှာတဲ့။ ကိုယ်လက်အင်္ဂါ မသန်စွမ်းတဲ့ ကလေးတွေဟာ စိတ်ဓာတ်လဲ မသန်မစွမ်း ဖြစ်နေတတ်သတဲ့။

ကိုယ်အင်္ဂါ မသန်စွမ်းတာက ဘဝပေးကုသိုလ် ဖြစ်ပေမယ့် စိတ်ဓာတ်မသန်စွမ်းတာကတော့ မိဘတွေရဲ့ ညံ့ဖျင်းမှုကြောင့်ပါတဲ့။ ဒါကြောင့် မသန်မစွမ်းတဲ့ ကလေးတွေကို ဒုက္ခိတလေးအဖြစ် သူတို့ရှေ့မှာ စုပ်သပ်ပြီး သနားမပြရဘူး။

သာမန် စွမ်းအားရှိတဲ့ ကလေးတစ်ယောက်လိုပဲ ဆက်ဆံရမယ်တဲ့။ ခန္ဓာကိုယ် မသန်စွမ်းမှုဟာ အရေးမကြီးပါဘူး။

စိတ်ဓာတ်ချွတ်ယွင်းပြီး အားငယ်စိတ်ဝင်ကာ လောကကြီးထဲ မဝင်ရတာက ပိုပြီး အရေးကြီးသတဲ့။

ဒါကြောင့် မသန်မစွမ်းဖြစ်နေတဲ့ မောင်သီဟလေးကို မိဘတွေက သူ့ကို ချစ်တယ်ဆိုတာတော့ သိအောင် လုပ်ပေးရမယ်။ ဒါမှ သူ့ဘဝ လုံခြုံတယ်ဆိုတာ သိတယ်။

ကျွန်တော်တို့ မြန်မာလူမျိုးများမှာ အယူအဆတစ်ခု ရှိပါတယ်။ သားသမီးကို ချစ်ရင် တိတ်တခိုး ချစ်ပါ။ ကလေး မသိစေနဲ့တဲ့။ နမ်းတာတောင် ညဖက်အိပ်နေမှ နမ်းပါတဲ့။ ကလေးရှေ့



www.burmeseclassic.com

www.burmeseclassic.com



တက်ပြီး ကဲမှာ စိုးလို့တဲ့။

အဲဒီ အယူအဆဟာ သိပ်မှားပါတယ်။

မိဘက သားသမီးကို ချစ်တယ်ဆိုတာ သားသမီးသိအောင် ပြကိုပြရမယ်။ မိဘက သားသမီးကို ချစ်တယ်ဆိုတာကို သိမှ သားသမီးဟာ သူ့ဘဝလုံခြုံရေးအတွက် မိဘက အားကိုးအားထားစရာဆိုတာ ယုံကြည်စိတ်ချတယ်။

ကိုယ့်ဘဝကိုယ် လုံခြုံစိတ်ချတဲ့ သားသမီးမှသာ လောကကို ရင်ဆိုင်ရဲပါတယ်။ အခုလဲ မောင်သီဟကလေးကို ကျွန်တော်က ချစ်တဲ့အကြောင်း ပြပြီးတာနဲ့ သူ့ကို ကျွန်တော် လွှတ်ထားလိုက်တယ်။ ဒုက္ခိတကလေးဆိုပြီး နေရာတကာမှာ လိုက်ကြည့် စောင့်ရှောက်နေပြီး သူ့ကို သတိပေးမနေချင်ဘူး။

ဥပမာ ညနေခင်းမှာ မောင်သီဟလေးကို လေကောင်းလေသန့် ရှူနိုင်အောင် ဘီးတပ်ကုလားထိုင်နဲ့ ခြံကြီးထဲ ချထားတယ်။ သူ့ဖာသာ ဘီးတပ်ကုလားထိုင်နဲ့ သွားလိုရာ သွားနိုင်တယ်။

တစ်ခါတုန်းက ခြံထဲမှာ မြွေကြီးတစ်ကောင်က မောင်သီဟကလေးရဲ့ ဘီးတပ်ကုလားထိုင်နားကို ရောက်လာတယ်။ မောင်သီဟကလေးက မြွေကို အန္တရာယ်ပေးနိုင်မှန်း သိရှာတာမဟုတ်ဘူး။ မြွေရှိရာကို သူ့လှည်းကလေးက လှိမ့်သွားနေတာ။

ဘီလိယက် ထိုးနေရာကနေ ကျွန်တော်မြင်ပြီး မြွေရဲ့





မောင်သီဟဆီ ပြေးသွားပြီး ဘီလိယက်ထိုးတဲ့ ကျူတံနဲ့ မြွေကို ကျွန်တော် ရိုက်သတ်ခဲ့ရတယ်။

အဲဒီတုန်းက မောင်သီဟ အသက်ကို ကျွန်တော် ကယ်တင် လိုက်တာပါ။ တကယ်တော့ ကျွန်တော့်အတွက် အန္တရာယ် မကင်းပါဘူး။

ဘီလိယက်ထိုးတဲ့ ကျူတံဟာ မြွေဆိုးတစ်ကောင်ကို ရိုက်သတ်ဖို့ လုံလောက်တဲ့လက်နက် မဟုတ်ပါဘူး။

ဒါပေမယ့် ကံအားလျော်စွာပဲ ကျွန်တော် မြွေဆိုးကို ရိုက်သတ်နိုင်ခဲ့ပါတယ်။ ကျွန်တော်ရဲ့ အသက်ကိုရော မောင်သီဟရဲ့ အသက်ကို ရော ကယ်တင်နိုင်ခဲ့တယ်။

တစ်ခါတုန်းကတော့ မောင်သီဟဟာ ဘီးတပ်ကုလားထိုင်ကို မထိန်းနိုင်ဘဲ ရေကူးကန်ထဲကို လှည်းရောလူပါ လိမ့်ကျသွားမလို့ ဖြစ်ဖူးပါတယ်။

အဲဒါကို ကျွန်တော် ဘီလိယက် ထိုးနေရာကနေ မြင်ပါတယ်။ ဒါက သိပ်ဆန်းတာ မဟုတ်ပါဘူး။

ရေကူးကန်ထဲ လိမ့်ကျသွားရင်လဲ ဆင်းပြီး ဆယ်ရုံပါပဲ။ ကိုယ့်အိမ်က ရေကူးကန်ပဲ သိပ်နက်တာမှ မဟုတ်ဘဲ။ သေလဲ မသေနိုင်ပါ ဘူး။

အဲဒါကို ကျွန်တော်က ဒီအတိုင်း ကြည့်ထားလိုက်တယ်။ အဲဒါကို ခြံထဲမှာ မာလီအလုပ်ရော ဒါရဝမ်အလုပ်ရောလုပ်တဲ့ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖိုးထင်က ပြေးလာပြီး မောင်သီဟကို ကယ်လိုက်တယ်။

အဲဒီတုန်းက စကားမများစဖူး မသူဇာနဲ့ ကျွန်တော် စကားများတယ်။ မောင်သီဟကို ဂရုမစိုက်ဘူးဆိုပြီး ကျွန်တော့်ကို အပြစ်တင်တယ်။

ကျွန်တော်က ကလေးစိတ်ပညာနဲ့ မသန်စွမ်းသူ ပြုစုစောင့် ရှောက်ရေးကျမ်းတွေ ကိုင်ထုချေပေမယ့် မသူဇာကတော့ နှလုံးသားနဲ့ပဲ စီရင်ချက်ချတယ်။

မသူဇာ စိတ်ကောက်ပြီး ရှမ်းပြည်နယ် သာမိုင်းခန်းကို တက်သွားတယ်။ သာမိုင်းခန်းမှာ သူ့ညီမဝမ်းကွဲ ရှိသတဲ့။

ကျွန်တော်လဲ ကျွန်တော် မှန်တယ်ထင်လို့ လိုက်မခေါ်ပါဘူး။ ဆယ့်ငါးရက်လောက်ကြာမှ မသူဇာ ပြန်လာတယ်။

နောက်ပိုင်းကျတော့ မသူဇာ သဘောပေါက်သွားပြီး ကျွန်တော်နဲ့ ပြေလည်သွားပါတယ်။

အဲဒီအချိန်ကစပြီး မသူဇာနဲ့ ကျွန်တော် ပြေလည်သွားပြီး ဘာပြဿနာမှ မရှိတော့ဘူး။

ကျွန်တော်လဲ မန္တလေးမှာ ရှေ့နေလိုက်ပါတယ်။

မစွတာလောရင့်စ်ရဲ့ တပည့်ဆိုတာရယ်၊ လက်တစ်ဖက် ဦးထွန်းတင်ရဲ့သား ဆိုတာရယ်ကြောင့် ရှေ့နေလိုက်ရတာ အဆင် ပြေပါတယ်။

ကျွန်တော်ကိုယ်တိုင်ကလဲ စာဖတ်ဝါသနာပါတော့ ဥပ





ဒေ ပညာကို အရင်းအမြစ်ကနေ လေ့လာခဲ့တဲ့အခါ အတော်ပဲ တီးမိခေါက်မိ လာပါတယ်။

အတွေ့အကြုံထိအောင် ထိုင်မစောင့်ဘဲ စာဖတ်ပစ်လိုက်တဲ့အတွက် ဥပဒေပညာမှာ တော်တော်ခရီးပေါက်ခဲ့ပါတယ်။

ဒါကြောင့် မန္တလေး ရှေ့နေလောကမှာ ကျွန်တော် နာမည်ရပြီး အမှုလဲ ရပါတယ်။

ကျွန်တော်နဲ့ မသူဇာတို့ရဲ့ အိမ်ထောင်ရေးဟာလဲ အပေး အယူမျှတခဲ့ပါတယ်။ တစ်ယောက်ကိုတစ်ယောက် နားလည်ကြပြီး တစ်ယောက် မကြိုက်တာ တစ်ယောက်က ရှောင်ပြီး ပေါင်းသင်းခဲ့တာ ဆယ်နှစ်ခရီး ရောက်ခဲ့ပါတယ်။

အဲဒီ ကျွန်တော်တို့ သေပြီထင်နေတဲ့ ကိုသူရ ကျွန်တော်တို့ သာယာတဲ့ မိသားစုဆီ ပြန်ရောက်လာပြီး သရဲခြောက်တော့တာပဲ။

ကိုသူရဟာ အကျဉ်းသားစခန်းက ထွက်ပြေးဖို့ ကြိုးစားခဲ့ပြီး ကိုဘာကျွန်းကနေ ပြန်ဖမ်းမိလို့ မသေဘူး။

ကျွန်းမှာ ဆယ်နှစ်နေရမယ့်အစား ဝေးထိုးမှုတစ်ခုပါဖြစ်လို့ နောက်ထပ်နှစ်နှစ်တိုးပြီး ဆယ့်နှစ်နှစ် နေခဲ့ရသတဲ့။

ကိုသူရ ရောက်လာတော့ ကျွန်တော့်ဘဝဟာ ဇာတ်စင်ကြီးတော့တာပဲ။ မှန်တိုင်းမဟုတ်တဲ့ ကယိမ်းကယိုင် ဖြစ်ကုန်ကြတာပဲ။ ကိုသူရ ပြန်ရောက်လာတော့ မသူဇာဟာ ငိုတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့လဲ မသူဇာ ဘယ်လိုလုပ်ကြမလဲလို့ ကျွန်တော့်ကို မေးတယ်။

မသူဇာအဖို့မှာ ကြီးမားတဲ့ ပြဿနာကြီး ဖြစ်လာတယ်။

ကျွန်တော်ကတော့ တွေးတယ် ဘာပြဿနာမှ မရှိဘူး။ ဘာမှလဲ လုပ်စရာ မလိုဘူး။

မသူဇာနဲ့ ကျွန်တော် ပေါင်းသင်းခဲ့ကြတာ ဆယ်နှစ်ပြည့်ပြီပဲ။ ကိုသူရ ရောက်လာလို့ ဘာလုပ်ရမှာလဲ။ ကျွန်တော်တို့ လင်မယားက ကွဲရမှာလား။

ဘိုင်စကုပ်ထဲကလို ကျွန်တော်က နောက်ဆုတ်ပြီး ကိုသူရနဲ့ မသူဇာကို ပေးစားပြီး ထွက်သွားရမလား။

ဒီလိုလုပ်လို့ ဘယ်ရမလဲ။ မသူဇာဟာ ဟင်းရွက်ကန်စွန်းရွက် မဟုတ်ဘူး။ ကျွန်တော်ကလဲ အမဲရိုး အမဲဆွေး မဟုတ်ပါဘူး။ ဒီကိစ္စက ပစ်စလက်ခတ် ဖြေရှင်းလို့ ဘယ်ရမလဲ။

ကိုသူရက မသူဇာနဲ့ နှစ်ယောက်တည်း တွေ့ခွင့်တောင်းတယ်။ အမှန်ကတော့ ဒါကတော့ မလိုအပ်တဲ့ ပြဿနာ။ မလိုလားအပ်တဲ့ တောင်းဆိုမှုပါ။

ကျွန်တော် ကိုယ်ချင်းစာခဲ့ပါတယ်။ ကိုယ်တောင် သူ့မိန်းမ ယူခဲ့သေးတာပဲ။

သူလဲ သူ့မိန်းမနဲ့ ပြန်တွေ့ချင်မှာပေါ့လို့ တွေးပြီး တွေ့ခွင့်ပေးပါတယ်။ ကိုသူရနဲ့ မသူဇာနဲ့ တွေ့လဲပြီးရော မသူဇာ စကား





တစ်မျိုး ပြောလာတော့တာပဲ။

မောင်သီဟကလေး နောင်ရေးအတွက် မောင်သီဟကလေး ပထွေးနဲ့ မနေရရေးအတွက် သူနဲ့ကိုသူရနဲ့ ပြန်ပေါင်းချင်သတဲ့။ အဲဒါကြောင့် ကျွန်တော်က ကွာရှင်းပေးပါတဲ့။

ကျွန်တော်က ကွာရှင်းပေးဖို့ ဝန်မလေးဘူး။ ဒါပေမယ့် ကျွန်တော် ကွာရှင်းမပေးနိုင်ဘူးလို့ ငြင်းလိုက်တယ်။ မသူဇာ စဉ်းစားဉာဏ်မရှိတာက ကိုသူရဟာ အခုမှ အသက်သုံးဆယ့်ခြောက်နှစ်လောက် ရှိသေးတယ်။ ကျွန်းမှာနေတုန်း လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကပဲ ခားထိုးမှုဖြစ်ခဲ့သေးတယ်။

အခု ကျွန်တော်က ကွာရှင်းပေးပြီး မသူဇာနဲ့ ကိုသူရ ပြန်ပေါင်းပြီးနောက် ဘယ်နှစ်နှစ်ကြာလျှင် ခားထိုးမှုပြန်ဖြစ်ပြီး ထောင်ကျဦးမလဲ။

ဒီလိုပေါင်းပြီး နောက်လဲပြန်ကွဲမယ့် အိမ်ထောင်ရေးမျိုးကို ဘာဖြစ်လို့ စဉ်းစားနေရသလဲ။

ပြီးတော့ ကျွန်တော်က ကွာရှင်းမပေးနိုင်ဘူးလို့ ပြောတာဟာ မသူဇာက ကပ်ဖဲ့လုပ်နေတယ်လို့ ထင်နေတယ်။

တကယ်တော့ အခုလို ကွာရှင်းမပေးတာ မသူဇာကို ကျွန်တော် တန်ဖိုးထားလို့ ကွာရှင်းမပေးတာဆိုတာ မသူဇာ သဘော မပေါက်ဘူး။ ကျွန်တော်သာ မသူဇာကို တန်ဖိုးမထားရင် ချက်ချင်းကွာရှင်းပေးလိုက်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုသူရက ကျွန်တော့်ကို မယားနိုးမှုနဲ့ တရားစွဲဦးမယ်လို့ ခြိမ်းခြောက်တယ်။ ဩော် ဥပမာ နားမလည်တော့လဲ ရယ်စရာကောင်းလိုက်တာ။

ကျွန်တော့်ကို မယားနိုးမှုနဲ့ စွပ်စွဲရအောင် ကိုသူရနဲ့ ပေါင်းသင်းနေဆဲ အခါသမယမှာ မသူဇာကို ကျွန်တော် ယူခဲ့တာမှ မဟုတ်ဘဲ။

ကိုသူရ ကျွန်းကနေ ထွက်ပြေးရင်း သေတယ်ကြားမှ ကျွန်တော်တို့ လက်ထပ်ခဲ့ကြတာပဲ။

ကိုသူရက သူနဲ့ ကွာရှင်းပြတ်စဲခြင်း မရှိသေးတဲ့ မသူဇာကို ကျွန်တော်က ယူတာတဲ့။ သေသွားပြီထင်ရတဲ့ လူ့ဆီက ကွာရှင်းပြတ်စဲစာ လိုသေးလား။

မသူဇာက မောင်သီဟကလေးနဲ့ နောင်ရေးကို ကြည့်ပြီး ကွာရှင်းပေးပါလို့ ကျွန်တော့်ကို တောင်းပန်တယ်။

ကျွန်တော်က မောင်သီဟကလေးဟာ အခု ပထွေးနဲ့ နေရတယ်။ တော်တော်ကြာ ဖတဆိုးဘဝနဲ့ နေရမှာစိုးလို့ ကျွန်တော် ကွာရှင်းမပေးတာလို့ ပြောရတယ်။

မသူဇာ ကျွန်တော့်ကို ကွာရှင်းခွင့် တောင်းနေတဲ့ အဓိပ္ပာယ်ကို သူကိုယ်တိုင် နားလည်မှာ မဟုတ်ဘူး။

မသူဇာဟာ ဘာကြောင့် ကျွန်တော့်ကို ကွာရှင်းခွင့် တောင်း ရတာလဲဆိုတာ ကျွန်တော်က ကောင်းကောင်းကြီး





နားလည်တယ်။

မသူဇာဟာ ကျွန်တော့်ကို မုန်းပြီး ကိုသူရပဲ ပြန်ပေါင်းချင်လို့ မဟုတ်ဘူး။ မသူဇာဟာ ကိုသူရကို ကြောက်နေတာ။

သူနဲ့ပြန်မပေါင်းရင် ကိုသူရက သူ့ကို ဓားနဲ့ထိုးသတ်လိမ့်မယ်လို့ ထင်နေတာ။

မသူဇာဟာ သေမှာကြောက်လို့ ကျွန်တော်နဲ့ ကွာရှင်းနေချင်တာ။ ဒါတွေကို ကျွန်တော်က သဘောပေါက်ထားတော့ ဘယ်ကွာရှင်းပေးနိုင်မလဲ။

မသူဇာရဲ့ ဆုံးဖြတ်ချက်ကလည်း ပကတိကြည်လင်ပြတ်သားတဲ့ စိတ်နဲ့လုပ်တဲ့ ဆုံးဖြတ်ချက်မှ မဟုတ်ဘဲ။ ဘယာဆန္ဒရဲ့ လွှမ်းမိုးမှုကြောင့် ဖြစ်လာတဲ့ ဆုံးဖြတ်ချက်ပဲ။

တကယ်ဆိုရင် ကိုသူရက မသူဇာကို ပြောသင့်ပါတယ်။ ကျော်ဇောနဲ့ သူရတို့ကို ရွေးချယ်ဖို့ စဉ်းစားတဲ့အခါမှာ ငါဟာလူသတ်ကောင်ဖြစ်ခဲ့တာကို မစဉ်းစားနဲ့။ မင်း ငါ့ကို မကြောက်နဲ့။ တကယ်လို့ ငါ့ကိုမရွေးဘဲ ကိုကျော်ဇောကို ရွေးခဲ့ရင် မင်းကို ငါဘာမှ အန္တရာယ်မလုပ်ဘူးလို့ ပြောသင့်တယ်။ ကတိပေးသင့်တယ်။

ကိုသူရက အဲဒီလိုဘာမှမပြောတော့ တကယ်လို့ ကိုသူရကို မရွေးဘဲ ကျွန်တော့်ကိုရွေးခဲ့ရင် မသူဇာဟာ သေရမယ်လို့ ထင်နေတာ။ ကိုသူရက သူ့ကို ဓားနဲ့ထိုးသတ်မယ်ချည်း



www.burmeseclassic.com

www.burmeseclassic.com



ထင်နေတာ။

အဲဒီတော့ မသူဇာဟာ ကျွန်တော့်ကိုရွေးရင် သေမင်းနဲ့ ရင်ဆိုင်ရမယ်။ သေစာရင်းကို ဆုမဲအဖြစ် ပေါက်မယ့်ကိန်းမျိုး ဆိုက်နေတာ။

အဲဒီတော့ မသူဇာ ဘယ်သူ့ကိုရွေးမလဲ သေရမှာ ကြောက်တဲ့စိတ်ကြောင့် ကိုသူရကိုပဲ ရွေးမှာပေါ့၊ ဒီလိုရွေး ရအောင်လဲ ကိုသူရက ကုလားဖန်ထိုးပြီး ညွှပ်ကြောင်းပေး ထားတာပဲ။

ဒါကြောင့် မသူဇာဟာ ကျွန်တော့်ကို ကွာရှင်းခွင့်တောင်း တာပေါ့။ ကျွန်တော့်အသက်ကလဲ အခုမှ သုံးဆယ့်ငါးနှစ် ကျော်ကျော် ရှိသေးတာပဲ။

ကျွန်တော့်မှာ နာမည်ကျော် ဝတ်လုံတော်ရကြီးတစ် ယောက်လဲ ဖြစ်နေပြီ။ ဝင်ငွေလဲ ကောင်းတယ်။ ကိုယ့်ဘာသာ ကိုယ် ရပ်တည်နိုင်တာပဲ။

မသူဇာကို ကွာရှင်းပေးပြီး ဖုတ်ဖက်ခါ ထွက်ပေးလိုက်ရင် ဖြစ်ပါတယ်။ နောက်ထပ် အိမ်ထောင်ပြုလိုက်ရင် ပြီးတာပဲ။

ဒါပေမယ့် ကျွန်တော် ကွာရှင်းမပေးဘူးလို့ ငြင်းလိုက် တယ်။ အဲဒါဟာ ဘာတပ်မက်မှုကြောင့်မှ မဟုတ်ဘူး။ မသူဇာ တို့ မိသားစုလေး မပြိုကွဲစေချင်လို့ပါလို့ ကျွန်တော် ပြောပြီးပြီ။ အဲဒါအမှန်ပါပဲ။ ကိုသူရနဲ့ မသူဇာ ပြန်ပေါင်းရင်လဲ ဘယ်လောက်





ကြာရှည်ခံမှာလဲ။

ကိုသူရ ဓားထိုးမှုနဲ့ ထောင်ထဲကို မကြာခင် ပြန်ဝင်မှာ ဘဲ မဟုတ်လား။

အဲဒီအခါကျမှ ကျွန်တော်က သူတို့မိသားစုကို စောင့် ရှောက်နိုင်ခွင့်ရှိရင် တော်သေးရဲ့။ မတော်လို့ ကျွန်တော် အိမ် ထောင်ပြုပြီးသား ဖြစ်နေရင် ဘယ်လိုလုပ်မလဲ။

ကျွန်တော်နဲ့ ကိုသူရ အဖြစ်က အင်းဝခေတ်က တပ်မှူး ကိုရန်နိုင်နဲ့ မောင်ပိုးဖြူတို့က မယား ရှင်ဖော့အူကို လုကြတဲ့ ကိန်းမျိုး ဖြစ်နေပါတယ်။

ကိုသူရ တပ်မှူး ကိုရန်နိုင်နဲ့တူပြီး ကျွန်တော်က မောင်ပိုး ဖြူနဲ့ တူနေပါတယ်။

နာမည်ကျော် တရားသူကြီး ခုံတော် မောင်ကျဘမ်းက တရားစီရင်တဲ့အခါမှာ ရှင်ဖော့အူကို သေပြီလို့ ပရိယာယ်ဆင်ပြီး မသာအတွက် ကုန်ကျစရိတ်ကို ဘယ်သူက ကျခံမလဲ မေးတဲ့အခါ တပ်မှူးကိုရန်နိုင်က . . .

''ရှင်စဉ်က သူများမယား သေခါမှ ကိုယ့်မသာ'' အဖြစ် မခံနိုင်ပါဆိုပြီး ငြင်းဆန်လိုက်သတဲ့။ မောင်ပိုးဖြူကတော့ . . .

ယခု သေတဲ့ မဖော့အူသည် ကျွန်တော့်မယား ဖြစ်ပါ သည်။ ရှင်တုန်းကလဲ ကျွန်တော့်မယား၊ သေသွားတော့လဲ ကျွန်တော့်မယားပါ။ မသာစရိတ်သာမက၊ မဖော့အူနှင့် ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



သမျှ ကျွန်တော့် တာဝန်ပါ။

လို့ ခုံတော်မောင်ကျဘမ်းကို ပြောသတဲ့။

အဲဒါနဲ့ ခုံတော်မောင်ကျဘမ်းက သေချင်ဟန်ဆောင်နိုင်းထားတဲ့ မဖော့အူနဲ့ မောင်ပိုးဖြူကို ပြန်ပြီး ပေးစားသတဲ့။

အဲဒီလိုပါပဲ။ ကိုသူရဟာ တပ်မှူးကိုရန်နိုင်ပါ။

ကျွန်တော်နဲ့ မသူဇာတို့ကတော့ ပိုးဖြူနဲ့ ဖော့အူပေါ့။

ကျွန်တော်က ကျွန်တော်ရယ်၊ ကိုသူရရယ်၊ မဖော့အူ၊ အဲလေ . . မသူဇာရယ် သုံးပွင့်ဆိုင် ကြိုက်ပြဿနာကို တရားရုံးမှာ ဖြေရှင်းချင်ပါတယ်။ ဥပဒေအရ ဖြေရှင်းချင်ပါတယ်။

ကျွန်တော့်ကို ဝတ်လုံတော်ရတစ်ယောက်မို့ ဥပဒေနဲ့ အနိုင်ယူချင်တယ်။

ကိုယ်ကျွမ်းကျင်တဲ့ နယ်မြေကို မျှားခေါ်သွားပြီး ကိုယ်ကျွမ်းကျင်တဲ့ ဘာသာနဲ့ အပိုင်ထုမယ်လို့ ထင်ကြပါလိမ့်မယ်။ ဒီလိုမဟုတ်ပါဘူး။

လောကကြီးမှာ လူတွေက ဥပဒေဟာ မကောင်းပါဘူးတဲ့။ ဥပဒေက ဆင်းရဲသားကို အနိုင်ကျင့်တယ်။ လူချမ်းသာက ဥပဒေ ကို အနိုင်ကျင့်တယ်လို့ ဆိုကြပါတယ်။

ငွေများ တရားနိုင်၊ ငွေနည်းရင် တရားရှုံးတယ်။

ဥပဒေက မကောင်းဘူးဆိုပေမယ့် ဥပဒေထက် ကောင်းတဲ့အရာ လောကကြီးမှာ မရှိသေးပါဘူး။





လူ့လောကကြီးကို ထိန်းကျောင်းတဲ့ နေရာမှာ ဥပဒေထက် ကောင်းတဲ့အရာ မရှိသေးပါဘူး။ ဒါကြောင့် ကျွန်တော်က ဥပဒေရဲ့ အဆုံးအဖြတ် ခံယူချင်တယ်။

တကယ်လို့ တရားရုံးက မသူဇာဟာ ကိုသူရနဲ့ ပြန်ပေါင်းစေဆိုရင် ကျွန်တော်က မသူဇာကို ဆွဲပြီး ကိုသူရနဲ့ လက်ထပ်ပေးမှာပါ။ အိမ်ပေါ်က ခါးကော့ပြီး ဆင်းပေးမှာပါ။

အခုတော့ဗျာ၊ မသူဇာ အသတ်ခံလိုက်ရပြီ။

ဘယ်သူက သတ်သွားသလဲ ကျွန်တော် မပြောချင်ပါဘူး။ စဉ်းစားသာ ကြည့်ကြပါ။

တစ်ညနေခင်းမှာ ကျွန်တော်လဲ စိတ်ညစ်ညစ်ရှိတာနဲ့ သား လေး မောင်သီဟကို ခေါ်ပြီး မိတ်ဆွေအပေါင်းအသင်းအိမ်ကို လျှောက်လည်ခဲ့တယ်။

အဲဒီတုန်းက ကားဒရိုင်ဘာ နာရယန်း အိမ်ပြန်ချိန်မို့ ကျွန်တော်ကိုယ်တိုင် ကားမောင်းသွားတာပါ။

သားလေး မောင်သီဟကိုတောင် ဈေးချိုတောင်ဖက်တန်းက အဒေါ်းဆိုင်မှာ ဒူးမလိုင် သွားတိုက်ခဲ့ပါသေးတယ်။

အပြန်ကျတော့ နန်းရှေ့(၂၆)လမ်းပေါ်မှာ ကိုသူရကို တွေ့ရတာပါပဲ။ ဒါတောင် ကျွန်တော် မြင်ရတာ မဟုတ်ပါဘူး။ သားလေး မောင်သီဟက ဟိုမှာလို့ ပြလို့ပါ။

ကိုသူရက အိမ်က ပြန်လာခဲ့ပုံပါပဲ။ ဒီနေရာမှာ အိမ်က



www.burmeseclassic.com

www.burmeseclassic.com



လွဲလို့ ဘယ်က ပြန်လာမလဲ။

အိမ်ကိုရောက်တော့ ဒရဝမ်ကြီး ဦးဖိုးထင်က ကိုသူရ အိမ်ကိုလာတာ မှန်ကြောင်း ထောက်ခံထွက်ဆိုပါတယ်။

ကိုသူရဟာ မသူဇာနဲ့ စကားပြောသွားသေးလား မေးတော့ ဦးဖိုးတင် မဖြေနိုင်ပါဘူး။ မသိပါဘူး။

ကိုသူရကိုတောင် အိမ်အောက် ပေါ်တီကိုကြီးအောက်မှာ တွေ့မှသိတာ။ ဦးဖိုးတင်က မျက်စိမှုန်နေတာ မဟုတ်လား။ ကိုသူရဟာ မသူဇာကို သတ်တယ်လို့ ကျွန်တော် မစွပ်စွဲချင်ပါဘူး။

''အမောင်လဲရောက် ဝါ့နွားပျောက်၊ အမောင် နွားခိုးဝါ မယိုး ဆိုသလိုပါပဲ''

ကိုသူရ တစ်ကျွန်းက ပြန်ရောက်လာပြီး ပြဿနာတက်ပြီးမှ မသူဇာ လည်ပင်းညှစ်ပြီး အသတ်ခံရတာပါ။

အဲဒီတော့ မသူဇာကို ဘယ်သူသတ်မလဲ၊ စဉ်းစားပြီးသာ ကြည့်ကြပါ။ ကျွန်တော်ကတော့ ဒီကိစ္စမှာ ဘာမှ မပြောချင်တော့ဘူး။



[၅]

## ဦးဖိုးထင်၏ ထွက်ဆိုချက်

ကျွန်တော်ဟာ မြစ်ဝကျွန်းပေါ်သားပါ။
မော်လမြိုင်ကျွန်းမြို့နယ်၊ လမ်းသမိုင်ရွာကပါ။
ကျွန်တော့်မိဘတွေက လယ်သမားတွေပါ။
လယ်ပိုင် နွားပိုင်တွေပါ။ ချောင်းပိုင် အင်းပိုင်တွေလဲရှိလို့ ကျွန်တော့်မိဘတွေက ချောင်လည်ပါတယ်။

မိရိုးဖလာ လယ်ယာလုပ်ငန်းကိုသာ လုပ်မယ်ဆိုရင် ကျွန်တော့်အတွက် သက်သောင့်သက်သာ ဝင်လုပ်ရုံပါပဲ။

ဒါပေမယ့် ကျွန်တော် လယ်သမားဘဝကို အားမကျဘူး။ နုံချာတယ်လို့ ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေချင်တယ်ထင်လို့ မိဘတွေက ကျွန်တော့်ကို မြောင်းမြက လောကဓာတ်ကျောင်းမှာ ထားပါတယ်။

ကျွန်တော် ငါးတန်းအောင်ပါတယ်။

ဒါပေမယ့် ကျွန်တော် ပညာလိုချင်တာ မဟုတ်ပါဘူး။

ဥစ္စာလိုချင်တာပါ။ ကျွန်တော် သူဌေးဖြစ်ချင်တယ်။

လယ်ထဲမှာ အရိုးမထုတ်ချင်ဘူး။ မြို့တက်ပြီး စည်းစိမ်ရှင် လုပ်ချင်တယ်။ ဒါကြောင့် ကျွန်တော်က 'လယ်မလုပ်ချင်ဘူး။

လယ်မြေကို ကျွန်တော် မချစ်ဘူး။

ဒါကြောင့် အရွယ်လဲရောက် လူပျိုလဲဖြစ်ရော ကျွန်တော် မိုးကုတ်ကြပ်ပြင်ကို တက်လာတော့တာပါပဲ။

ပထမတော့ မိဘမသေခင် အမွေခွဲခဲ့တဲ့ ငွေလေးပဲ ဆီဂရန် ခံပြီး ကျောက်တူးပါတယ်။

မိဘ မသေခင် သားသမီးက အမွေတောင်းတာ မိဘကို ဓားပြတိုက်တာတွေလို့ ကျွန်တော်တို့ရွာက ဘကြီးသာဂေါင်က ပြောပါတယ်။ ကျွန်တော်ကတော့ ဒါတွေ နားမလည်ပါဘူး။ သူဌေးဖြစ် ချင်တာပါပဲ။

ကျောက်အောင်လို့ သူဌေးဖြစ်ရင် မိဘဆီက ယူခဲ့တဲ့ငွေကို ပြန်ဆပ်မယ်လို့ ကျွန်တော် ရည်ရွယ်ပြီးသားပါ။

ကျွန်တော် လိုချင်တာက ပတ္တမြားပါ။

ဒါပေမယ့် ကျွန်တော် ရတာက ငှက်ဖျားပါ။





ကိုယ်ပိုင်တွင်းကို ကျွန်တော် နှစ်နှစ်နီးပါး တူးပါတယ်။

ငှက်ဖျားမိနေတဲ့ ကြားထဲက ကမာကထလုပ်ပြီး ကျွန်တော် တူးပါတယ်။ လုံ့လဝီရိယကြောင့် အကျိုးခံစားရမယ်ဆိုရင် ကျွန်တော် သူဌေးဖြစ်နိုင်ပါတယ်။

ငှက်ဖျားရောဂါကြောင့် ဗိုက်ထဲမှာ ဘေလုံး ဖြစ်နေတာ တောင် ကျွန်တော် ဘေးထိုင်မနေပါဘူး။

ဗိုက်ပူနံကား အသားကဝါဝါ အသံကပြာပြာနဲ့ မချိတရိ ငှက်ဖျားရောဂါ ခံစားနေရတဲ့ကြားထဲကကို ကျွန်တော် တွင်းတူးတဲ့ အလုပ်ကို မလျော့ဘဲ ဖွဲ့နဲ့လုပ်ပါတယ်။

ကျွန်တော်က ဒီလောက် ကျားကုပ်ကျားခဲ လုပ်တာလဲ အကြောင်းရှိပါတယ်။

မိဘတွေဆီက ငွေကိုယူလာပြီး ကျောက်မအောင်ဘဲ ပြန်သွားရင် အရှက်ရမှာ စိုးလို့ပါ။ ဒါကြောင့် ကျွန်တော် နေ့ရောညပါ ကိုယ်ဖိရင်ဖိ အလုပ် လုပ်တာပါ။

ကျောက်တူးတဲ့ အလုပ်ဟာ တခြားအလုပ်နဲ့ မတူပါဘူး။ အမြော်အမြင်ရှိပြီး လုံ့လဝီရိယနဲ့ ကြိုးစားအားထုတ်ပေမယ့် အောင်မြင်ချင်မှ အောင်မြင်တာပါ။ ကုသိုလ်ကံကလဲ အများကြီးလိုတဲ့ အလုပ်ပါ။

တခြားအလုပ်တွေက အမြော်အမြင်တရားနဲ့ လုံ့လဝီရိယ ခုနှစ်ဆယ့်ငါးရာခိုင်နှုန်းလောက်လိုပြီး ကုသိုလ်ကံက



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်ငါးရာခိုင်နှုန်းလောက် လိုပါတယ်။

ဒါပေမယ့် ကျောက်တူးတဲ့ အလုပ်ကတော့ ကုသိုလ်ကံက ခြောက်ဆယ်ရာခိုင်နှုန်းလောက်လိုပြီး လုံ့လဝီရိယက လေးဆယ်ရာခိုင်နှုန်းလောက် လိုမယ်လို့ ထင်ပါတယ်။

ကျွန်တော် မှားချင်မှားပါမယ်။ ဒါပေမယ့် ကျွန်တော်တော့ ဒီအတိုင်းပဲ ထင်တယ်။

ကျွန်တော် အလုပ်ကြိုးစားတာ ဖွဲ့ကြီးတာ လူတိုင်းက အသိအမှတ် ပြုကြပါတယ်။

ဒါပေမယ့် ပတ္တမြားကတော့ ကျွန်တော့်ကို အသိအမှတ် မပြုပါဘူး။ ဆေးဖော်ကြောဖက်တောင် မလုပ်ပါဘူး။

ဒါကြောင့် ကျွန်တော် ကျောက်မအောင်ပါဘူး။ ထမင်းစားကျောက်ကလေးတွေ အညံ့ပန်းတွေ့ အဖြုန်းတွေပဲ ရပါတယ်။ အလွန်ဆုံးရရင် ရင်ကွဲကျောက်ပါပဲ။

ဒါကြောင့် ကျွန်တော် စရိတ်မှန်းပြီး ကျွန်တော် ကိုယ်ပိုင်တွင်းကို သူဌေးကြီး ဦးဝဏ္ဏ ထိုးအပ်လိုက်ရတာပါပဲ။

ကုသိုလ်ကံလို့ ဘာလို့ ပြောရသလဲဆိုတော့ ကျွန်တော် ရှင်းပြမယ်။ ကျွန်တော် ကျောက်မအောင်လို့ ရောင်းခဲ့တဲ့ တွင်းဟောင်းကိုပဲ ဦးဝဏ္ဏ ဆက်လုပ်တော့ သိန်းကျော် အောင်ပါရောဗျာ။ ကျွန်တော် ကိုယ့်နဖူးကိုယ် ထုမိတာပါပဲ။ အမှန်တော့ တွင်းကို ဆက်တူးလို့ရတာ မဟုတ်ဘူး။ ကျွန်တော်တို့ တူးပြီးသမျှ





တွင်းထဲကပဲ ရတာ။ ကျွန်တော် ကြိတ်မနိုင် ခဲမရဖြစ်ပြီး ထမင်းတောင် မစားနိုင်လောက်အောင် ဖြစ်ရတာပါပဲ။

အဲဒီမှာတင် ကျွန်တော်လဲ ရူးမတတ် စိတ်ဓာတ်ကျသွားတယ်။ ကုသိုလ်ကံဆိုတာကိုလဲ ယုံသွားတယ်။

ကျွန်တော့်မှာ သောင်းကျောက် သိန်းကျောက်အောင်ဖို့ ဇာတာမပါဘူးဆိုတာ ကျွန်တော် သဘောပေါက်သွားတယ်။

ကျွန်တော်က ကြပ်ပြင်မှာ သုံးနှစ်လောက်တူးပြီး ကုသိုလ်မကောင်းလို့ ကျောက်မအောင်ဘူးလို့ ညည်းနေတာ။ အဲဒါကို မိုးကုတ်ကြပ်ပြင်သားတွေက ရယ်တယ်။

သူတို့ မိုးကုတ်ကြပ်ပြင်မှာ အနှစ်သုံးဆယ်လောက်တူးပြီး မအောင်တဲ့လူတွေ ရှိသတဲ့။

ကျွန်တော်က သုံးနှစ်တည်း တူးဖူးတာတဲ့။

ကျွန်တော်နဲ့ ဦးဝဏ္ဏလို အဖြစ်မျိုးကလည်း ဒုနဲ့ဒေးတဲ့။ ထုံးစံအတိုင်းပါပဲ ကျောက်တွင်းတူးတဲ့အလုပ်က သူဌေးဖြစ်ရင်ဖြစ် မဖြစ်ရင် ခွေးဖြစ်တာပဲ။

ကိုယ်ပိုင်ကျောက်တွင်း တူးရာကနေ အရင်းပြုတ်တော့ ဦးဝဏ္ဏ၌ ကျောက်တွင်းတွေမှာ လက်ခစားနဲ့ တွင်းတူးသမားဝင်လုပ်တာပါပဲ။ ပြောရင် ယုံမှာ မဟုတ်ဘူး။ ကိုယ်ပိုင် တူးနေတုန်းက ရှိတဲ့ငွေကလေး မကုန်အောင် ချွေတာခြိုးခြံရတာနဲ့ အစားကောင်း အသောက်ကောင်း မစားရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ လက်ခစား တွင်းတူးသမားတွေ ရှိပေမယ့် ကျွန်တော်က အပင်ပန်းဆုံး အလုပ်သမားပါ။ စိတ်မောလူမော စိတ်ပင်ပန်း လူပင်ပန်းရတာပါ။

အဲဒါကြောင့် ကိုယ်ပိုင်တွင်းတူးနေပေမယ့် ကျွန်တော် တော် တော်ဆင်းရဲနေပါတယ်။

အခု ဦးဝဏ္ဏဆီမှာ လက်ခစားတူးတော့ သက်သက်သာ သာလဲ နေရတယ်။ ကောင်းကောင်းမွန်မွန်လဲ စားရတယ်။

ပြီးတော့ ဦးဝဏ္ဏက မကြာခဏ ကျောက်အောင်တော့ ကျွန်တော်တို့ကို အပိုကြေးပေးပါတယ်။

လိမ္မာရင် စုဆောင်းမိပါတယ်။ ကျွန်တော် ကိုယ်ပိုင်တွင်းတူးနေတုန်းကထက်တောင် သက်တောင့်သက်သာ နေရပါသေးတယ်။ ဒါကြောင့် ကျွန်တော် ဇာတိဖြစ်တဲ့ မြစ်ဝကျွန်းပေါ်ကို မပြန်တော့ပါဘူး။

ပထမတုန်းကတော့ မိဘတွေဆီက အမွေခွဲပြီး ထွက်လာတာ။ ကျောက်မအောင်ဘဲ လက်ချည်းပြန်ရမှာကို ရှက်လို့ မပြန်ဘူးလို့ ဆုံးဖြတ်တာ။

အခုတော့ မိုးကုတ်မှာဘဲ နေရတာကိုက ရွာပြန်ပြီး လယ်ထွန်ရမှာထက် ဟန်ကျနေတယ် ထင်တာပဲ။

ပထမတုန်းကတော့ ရှက်လို့ မပြန်တာ။ အခုတော့ မိုးကုတ်ကို မက်လို့ မပြန်တာ။





ကျွန်တော့်စိတ်ထဲမှာ လုပ်ခတွေ၊ အပိုကြေးရတဲ့ ငွေတွေ စုဆောင်းပြီး တစ်ချီတစ်မောင်း ကိုယ်ပိုင်ကျောက် ပြန်တူးနေချင်သေးတာ။

လူတိုင်းမှာ ရတနာပုံဆိုက်လောက်အောင် အခွင့်အရေး တစ်ကြိမ်စီတော့ ရှိရလိမ့်မယ်လို့ ကျွန်တော် ထင်နေတာ။ ပထမ ကိုယ်ပိုင်တွင်းတူးနေတုန်းက ကုသိုလ်ကံ မကောင်းသေးလို့ ရတနာပုံပေါ်ထိုင်ပြီး ရတနာငတ်နေတာ။

တစ်ပြန်တစ်လှည့်တော့ ကုသိုလ်ကောင်းချိန်မှာလို့ ကျွန်တော် ယုံကြည်တယ်။ အဲဒီ ကုသိုလ်ကောင်းတဲ့အချိန်မှာ ကျွန်တော်က ကိုယ်ပိုင် တွင်းတူးနေဖို့ပဲ လိုတယ်။

ကိုယ်ပိုင်တွင်း မတူးဘဲ လက်စားနဲ့ တူးနေလို့ကတော့ တစ်သက်လုံး လူမွဲတောင် ပြောင်မှာမဟုတ်ဘူး။

ကျွန်တော်က အကောင်းဆုံးကို မျှော်လင့်တွေးတောနေတဲ့ အချိန်မှာ အဆိုးဆုံးက ကျွန်တော့်နောက်ကျောနား ရောက်နေတာကို ကျွန်တော် မသိလိုက်ဘူး။

အဲဒါကတော့ ကျောက်တွင်းပြိုတာပါပဲ။

ကျွန်တော် တူးနေတဲ့တွင်းဟာ မိုးရေကြောင်း ကျုံ့ကိုက်နေတာကို ကျွန်တော် မသိဘဲ တွင်းထဲအဆင်းမှာ ပြိုတာပါပဲ။

ပြန်ပြောရရင်တော့ နလုံးတုန်ရင်ခုန်စရာကြီးပါ။

တွင်းအပြိုမှာ ကံအားလျော်စွာ ဇလီဖားတုံးဒေါ



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ ညှပ်နေလို့ နှစ်ဆယ့်လေးနာရီလောက်ကြာပြီး မြေကြီးထဲက ပြန်ထွက်လာခဲ့ရပေမယ့် ကျွန်တော် သေကံမရောက် သက်မပျောက်ခဲ့ပါဘူး။

ဒါပေမယ့် တွင်းထဲကို ပြန်ဆင်းရမှာကိုတော့ အတော်လန့်သွားပါပြီ။ စိတ်ကပါလန့်တာ မဟုတ်ဘူး။ သွေးကပါ လန့်သွားတာပါ။ တွင်းတွေ့ရင် ငုံ့မကြည့်ရဲအောင် ချောက်ချားသွားတာပါ။

ဒါကြောင့် ကျွန်တော် တွင်းမတူးရဲတော့ဘူး။ တွင်းတူးရဲတဲ့ သတ္တိမရှိတော့ဘူး။ တွင်းထဲ ဆင်းရမယ်ဆိုရင် ချွေးပြန်လာတယ်။ ဒီတော့ ဦးဝဏ္ဏကို ကျွန်တော် တောင်းပန်ရတယ်။ တွင်းထဲကို ကျွန်တော် မဆင်းရဲတော့ဘူး။

ဒါကြောင့် အပေါ်မှာဘဲ လက်တိုလက်တောင်း ခိုင်းတဲ့အလုပ် ပေးပါလို့ တောင်းရတယ်။

အဲဒီအချိန်မှာဘဲ ရေကန်အသင့် ကြာအသင့် ဖြစ်ချင်တော့ သူဌေးသား မောင်သူရကို မန္တလေးဖာသားလဖုန်းကျောင်းကို ပို့ဖို့ ကြုံလာတယ်။

အဲဒီမှာတင် ဦးဝဏ္ဏက မန္တလေးနန်းရှေ့က သူတို့အိမ်ကြီးကို လွှတ်တာပါပဲ။

ပထမတုန်းက ဘယ်သူမှမနေတဲ့ နန်းရှေ့က အိမ်ကြီးမှာ ဂေါ်ရခါး ဒါရဝမ်ရယ်၊ မဒါရာစီ ကုလားမာလီရယ် ဦးဝဏ္ဏက ခန့်ထားတယ်။





ကျွန်တော်လဲ မန္တလေးနန်းရှေ့က ခြံထဲရောက်ရော ဒါရ
ဝမ်ရော မာလီရော အလုပ်ဖြုတ်လိုက်တယ်။

ကျွန်တော့်ကို ဒါရဝမ်ရာထူးရော၊ မာလီရာထူးရော နှစ်ကြီးတောင် စေတနာဗလပွနှင့် အပ်လိုက်တယ်။

ကျွန်တော့်မှာလဲ ဌာနလက်ကိုင် နှစ်ခုတောင်ရှိတဲ့ ရာထူးကြီးနဲ့ဆိုတော့ လခနှစ်ခုရမယ်လို့ ထင်နေတာ။

ဒါပေမယ့် ဦးဝဏ္ဏက ဒါရဝမ်လခက နှစ်ဆယ်၊ မာလီလခ ယ့်ရှစ်ကျပ်ဆိုတော့ များရာကို ခံစားစေဆိုပြီး တစ်လကို ငွေ နှစ်ဆယ် ပေးပါတယ်။

အလုပ်နှစ်ခု လုပ်ရပေမယ့် လခ တစ်ခုတည်းရတာပေါ့။ ကျောက်တွင်း တူးရသလောက် မပင်ပန်းဘူး။ ဒါပေမယ့် ကျောက်တွင်းတူးတုန်းက လုပ်ခလောက်လဲ မရဘူး။

ကျောက်အောင်ရင် ရတဲ့ အပိုဆုကြေးလဲ မျှော်လင့်စရာ ဘူး။ ဒါပေမယ့် ကိုယ်က ကျောက်တွင်းထဲ မဆင်းရဲတော့ ဆင်းရဲ တာပေါ့။

မိုးကုတ် ကျောက်တွင်းသူဌေး ဖြစ်ချင်တဲ့ ကျွန်တော်ဟာ ကျောက်တွင်းသူဌေးရဲ့အိမ်မှာ မာလီ ဒါရဝမ် လာဖြစ်နေတာပေါ့။

ကုသိုလ်ကံ ပစ်ချလို့ ဒီဘဝ ရောက်ရတယ်လို့ပဲ သဘော ပါတယ်လေ။ သူတို့သူဌေးများ ကလေးကျောင်းထားတာ င် စီးပွားရေးလုပ်ငန်းကြီးတစ်ခု တည်ထောင်သလိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ဘော်ဒါဆောင်ထားလိုက်ရင် ပြီးလျက်သားနဲ့ စိတ်မချဘူးဆိုပြီး အချီအချ အထိန်းအယ သက်တော်စောင့်တွေ ထမင်းချက်တော်၊ စကြာဝတေးမင်းများ တိုင်းခန်းလှည့်သလား အောက်မေ့ရတယ်။

အဲဒီထဲမှာ ကျွန်တော်လဲ အပါအဝင်၊ မန္တလေးနန်းရှေ့က အိမ်ကြီးကို ရောက်လာရတာပေါ့။

နန်းရှေ့က အိမ်ကြီးက တကယ့်ရဲတိုက်ကြီးလိုပါပဲ။ အခန်းခန်း အဆောင်ဆောင်နဲ့ပေါ့။ ဥရောပတိုက်သားတစ်ယောက် စိတ်ကြိုက်ဆောက်သွားတဲ့ အိမ်ပေါ့။

အပေါ်ထပ်မှာ ဘုရားရှိခိုးမျှော်စင်ကို နှစ်ဖက်ထုတ်ထားပြီး အမိုးတွေကလဲ အချွန်ကြီးတွေနဲ့။ ပန်းဆွဲစိန်ထောင်တွေကလဲ ဥရောပဒီဇိုင်းနဲ့ အပေါ်ထပ်တစ်ခုလုံး အခန်းတိုင်းမှာ ဝရံတာကိုယ်စီ ရှိတယ်။ အပေါ်ထပ်မှာချည်း အိပ်ခန်းခြောက်ခန်း ရှိတယ်။

အပေါ်ထပ် ဧည့်ခန်းကြီးက အစည်းအဝေးလုပ်တဲ့ ခန်းမကြီးလို ကြီးတယ်။ အောက်ထပ်ကျတော့လဲ ဘီလီယက်ခန်း၊ အရက်သောက်ခန်း၊ ထမင်းစားခန်းနဲ့ အိပ်ခန်းလေးခန်းရှိတယ်။

အောက်ထပ်က အခန်းတွေအတွက်လဲ ဝရံတာတွေ ထုတ်ထားတယ်။ ခြံကြီးထဲမှ ရေကူးကန်လဲ ရှိတယ်။ တင်းနစ်ကွင်းလဲ ရှိတယ်။ အရင်က ဥရောပတိုက်သားများ နေသွားတဲ့ အတွက် အပူပိုင်းဒေသမှာပွင့်တဲ့ လှပတဲ့ ပန်းမန်သမျှ ရှိတယ်။





ကျွန်တော်ကတော့ ပန်းအသစ်ပျိုးရတဲ့ ဥယျာဉ်မှူး မဟုတ်ပါဘူး။ ပန်းပင်တွေက အသစ်ထပ်စိုက်စရာမလိုအောင် ပြည့်စုံနေပါပြီ။

ပန်းပင်တွေမသေအောင် ထိန်းသိမ်းပြုစုရုံပါပဲ။ ဒါကြောင့် သိပ်တော့ မပင်ပန်းလှပါဘူးလို့ ဆိုရမယ်။

ဒါပေမယ့် ညဖက် ဒါရဝမ်လုပ်ရတာတော့ မစားသာပါဘူး။ မိုးရွာတဲ့ညများဆိုရင် ဒါရဝမ်မီးအိမ်ပစ်လုံးနဲ့ ဒါရဝမ်ဟာ ထိုင်ငိုချင်တဲ့စိတ်တောင် ပေါက်တယ်။

ဒီလောက်ကျယ်ဝန်းတဲ့ ခြံကြီးနဲ့ ကြီးမားတဲ့အိမ်ကြီးကို စောင့်ရှောက်ဖို့ဆိုတာက ဒါရဝမ်တစ်ယောက်တည်းနဲ့ မလွယ်ပါဘူး။ ဒါကိုသိတော့ ဦးဝဏ္ဏက ခြံဝင်းဂိတ်တံခါး သွားပြီး မစောင့်နိုင်ဘူး။ အိမ်ကြီးရှေ့ ပေါ်တီကိုအောက်က ဝရံတာမှာဘဲ စောင့်ခိုင်းတယ်။

သဘောတူတော့ ဒါရဝမ်တစ်ယောက်တည်းနဲ့ ခြံကြီးရဲ့ လုံခြုံရေးကို မယူနိုင်ဘူး။ ညရေးညတာအတွက် အိမ်ကြီးရဲ့ လုံခြုံရေးကိုပဲ ယူခိုင်းတယ်။ အိမ်ရှေ့နဲ့ နောက်ဖေးတွင် မကဘူး။ ညတိုင်း အိမ်ပတ်ပတ်လည် ပတ်ရတယ်။

အထူးသဖြင့် စစ်ပုလိပ်များ တွင်းပုန်းဝပ်သလို တစ်ညကို ဝရံတာတစ်ခု ပြောင်းပြီး စောင့်ရတယ်။

အိမ်ကြီးရှင်များရဲ့ ဝင်ငွေသာ ခမ္ဘယသဒ္ဒစင်ကြယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပဲလား၊ ရှေးခေတ်ဘိုအိမ်ကြီးဆိုတဲ့ အရှိန်ကြောင့်ပဲလား မသိဘူး။ ဒီအိမ်ကြီးမှာ ဘာဖောက်ထွင်းခိုးယူမှုမှ မဖြစ်ခဲ့ပါဘူး။

အဲ ဖြစ်မယ့်ဖြစ်တော့လဲ လူသတ်မှုမှ တက်ဖြစ်တယ်။ ဒီအိမ်ကြီးဟာ လှိုင်းဂယက်ထန်နေတဲ့ ပင်လယ်ပြင်ကြီးလိုပါပဲ။

ဒီအိမ်ကြီးမှာတော့ မောင်သူရလေး မကြာခဏ မားတိုး ဖြစ်ပြီး အရှုပ်အရှင်း ဖြစ်တာက မကြာခဏပါပဲ။

ပြီးတော့ မောင်သူရ လူသတ်မှုနဲ့ ဟောဒီအိမ်ကြီးမှ ကျွန်တော် နေခဲ့ရတဲ့နှစ်ပေါင်းကလည်း မနည်းတော့ပါဘူး။ အဲ လှိုင်းဂယက်ထဲမှာ ပါတာပေါ့လေ။

ရောက်စတုန်းက လူလတ်ပိုင်းအရွယ်၊ ဒီအိမ်ကြီးမှာတင် ပဲ ဒေါ်ရွှေနီနဲ့ အိပ်ထောင်ကျခဲ့တာ အခုဆိုရင် ကျွန်တော်တော် လူကြီးပိုင်းအရွယ်ရောက်ခဲ့ပြီ။ မျက်လုံးတောင် တော်တော်မှုန်နေ ပြီ။

အသက်ကြီးလွန်းလှလို့ မျက်လုံးမှုန်တာတော့ မဟုတ်ပါ ဘူး။ အရွယ်မတိုင်မီ မျက်စိမှုန်တဲ့ ဝေဒနာက ကျွန်ဘော့ဆီ ရောက် လာတာပါ။ မောင်သူရကလေး မိုးကုတ်ကနေ မန္တလေး ဖားသာ လဖုန်းကျောင်းမှာထားတော့ ကျွန်တော်တို့လဲ အိမ်တော်ပါအပြီး မိုးကုတ်ကနေ ဟောဒီမန္တလေးကို ပါလာခဲ့ကြတာ။

မောင်သူရကလေး ဒီမန္တလေးမှာ စနေတာကနေ ဆယ် တန်း အောင်သွားတဲ့အထိပါပဲ။





မောင်သူရကလေးက ပညာလဲစုံ၊ ကြင်ယာလဲစုံပြီး ဆယ် တန်းအောင်တဲ့နှစ်မှာဘဲ မိန်းမရတယ်။

မောင်သူရကလေး ရန်ကုန်ယူနီဗာစီတီမှာ သွားနေတဲ့ လေး နှစ်နီးပါးလောက် ကျွန်တော်တို့ မန္တလေးမှာ ကျန်ရစ်ခဲ့ပါ တယ်။ နောက်တော့ မောင်သူရက ပန္တလေးကို သူ့မိန်းမ မသူဇာ နဲ့အတူပြန်လာပြီး ကျောက်အရောင်းအဝယ်လုပ်ပြီး နေပြန်တယ်။

အဲဒီမှာတင်ပဲ မောင်သူရက မြတ်ဝေဆိုလား ဘာလား လူလိမ်တစ်ယောက်ကို ရန်ကုန်မှာ ဓားနဲ့ထိုးသတ်ပြီး လူသတ် မှုဖြစ် ပြန်ရော။ မောင်သူရ ကျွန်းကျသွားတယ်ဆိုလေရဲ့၊ ပြန်မ လာဘူး။

မကြာဘူး မောင်သီဟကလေးမွေးပြီး နှစ်နှစ်လောက်အ ကြာမှာ ဒီအိပ်ကြီးမှာ မင်းခပြောင်းမင်းလွဲ အရှင်သခင်ပြောင်းလွဲမှု ဖြစ်တာပါပဲ။

အိမ်ကြီးရှင်အသစ်ကတော့ ရန်ကုန်က ဝတ်လုံတော်ရ ကိုကျော်ဇောပါပဲ။ တစ်ကျွန်းမှာ မောင်သူရ သေသွားလို့ မသူဇာ က တစ်ပင်လဲမှ တစ်ပင်ထူပြီး ဝတ်လုံတော်ရ ကိုကျော်ဇောနဲ့ လက်ထပ်တယ် ဆိုပေမယ့် ကျွန်တော်တို့ကတော့ ကိုယ့်သခင် ကလေး မောင်သူရကိုပဲ သဘောကျတယ်။

ဝတ်လုံတော်ရ ကိုကျော်ဇော ဒီအိမ်ကြီးပေါ် တက် လာတာကို သဘောမကျဘူး။ မတန်တရာကြီးမို့ လက်မခံနိုင်စ



www.burmeseclassic.com

www.burmeseclassic.com



လို စိတ်ထဲမှာ ခံစားရတယ်။

ပြောရမယ်ဆိုရင် မောင်သူရကလေးဟာ ကျွန်တော့်ကို ညအချိန် အိပ်ရမလားဆိုပြီး ထိုးကြိတ်ဖူးပါတယ်။

အဲဒီတုန်းက သူထိုးကြိတ်တာထက် ကိုယ့်သားအရွယ် တူအရွယ်က ထိုးတာကို ခံရလေခြင်းဆိုပြီး ကျွန်တော် တော်တော်ပဲ စိတ်ထိခိုက်ဖူးပါတယ်။

မောင်သူရဟာ ဆိုးသွမ်းတဲ့ဇီဇပါပြီး လက်မြန် ခြေမြန်နဲ့ ထိုးချင်ရိုက်ချင်စိတ်ကလဲ အလွန်ပါတာ။

ကိုယ့်ထက်ကြီးသော ငယ်သော ဆိုပြီး ဂါရဝတရား မထားလို့ ကျွန်တော်တို့ ရက်စိတ်နာခဲ့ရပါတယ်။

ဒါပေမယ့် မောင်သူရဟာ ဆိုးတယ်သာဆိုတယ် စိတ်ရင်းကောင်းတယ်။ သူက စိတ်ဆိုးတုန်း ခဏပဲ အငြိုးအတေး မထားတတ်ဘူး။ ပြီးတော့ ကျွန်တော့်တို့ကို ဆွေမျိုးရင်းချာလို ဆက်ဆံတယ်။ ဘကြီးထင် ဘကြီးထင်နဲ့ ရင်းရင်းနှီးနှီး ဆက်ဆံတယ်။ လူတန်းစား မခွဲခြားဘူး။ ထမင်းစားရင်လဲ ကျွန်တော်တို့နဲ့အတူ လက်ရေတစ်ပြင်တည်း စားတာ။

ဘုရားပွဲတွေ ပျော်ပွဲရွှင်ပွဲတွေ သွားရင်လဲ ဦးနန္ဒိယတို့ လင်မယားရယ်၊ ကျွန်တော်တို့ လင်မယားရယ်၊ မောင်သူရတို့ လင်မယားရယ် အတူတူပဲ သွားကျတာပဲ။

ခြံထဲမှာ လုပ်စရာရှိရင်လဲ ငါ့သူဌေးသားဆိုပြီး ဟန်လုပ်





နေတာ မဟုတ်ဘူး။ မောင်သူရကိုယ်တိုင် ခြံထဲဆင်းပြီး ကျွန်တော်တို့နဲ့အတူ ဒိုးတူဘောင်ဖက် လုပ်ကိုင်ခဲ့တာပါ။

မောင်သူရဟာ ရမ်းတယ်ဆိုသော်လည်း လူလူချင်း မတူမတန်ဘူးဆိုတဲ့စိတ် မရှိဘူး။ ကျွန်တော်နဲ့ မရွှေနီတို့ နေမကောင်းထိုင်မသာရှိရင်လဲ ကိုယ်တိုင်ဆေးတိုက်ပြီး လိုအပ်ရင် ဆရာဝန်တွေ ဘာတွေ ခေါ်ပေးပြီး ဂရုစိုက်တာ။

မောင်သူရဟာ မိုးကုတ်သူဌေးသားပေမယ့် ကျွန်တော်တို့ မိသားစုထဲက သားတစ်ယောက်ပါပဲ။

ဝတ်လုံတော်ရ ကိုကျော်ဇောဟာ ဒီအိမ်ကြီးရဲ့ သခင်မ မသူဇာနဲ့ ပတ်သက်ပြီး ဒီအိမ်ကြီးရဲ့ အရှင်သခင် ဖြစ်လာပေမယ့် ရှင်းရှင်းပြောရရင် ကျွန်တော်တော့ သဘောမကျဘူး။

မှန်ကာပြောရရင် ကိုကျော်ဇောဟာ ဒီအိမ်ကြီးပေါ် တက်လာစရာ အကြောင်းမရှိဘူး။ ဒီအိမ်ကြီးဟာ ကိုကျော်ဇောနဲ့ မဆိုင်ဘူး။ မသူဇာနဲ့ လက်ထပ်ပြီးရင် သူကြိုက်ရာ နေရာကို မသူဇာကို ခေါ်သွားရုံပဲ။

ဒါပေမယ့် မောင်သူရရဲ့အဖေ ဦးဝဏ္ဏက သဘောမနော ကောင်းရှာတယ်။ သူ့မြေးလေး မောင်သီဟကလေး မျက်နှာငယ်မှာစိုးလို့ ဒီအိမ်ကြီးကို မသူဇာနာမည်နဲ့ လွှဲပေးလိုက်သတဲ့။

ကျွန်တော်သာဆိုရင် မောင်သီဟကလေးကို ခေါ်ထားလိုက်ပြီး နာနီတွေ အာယားမတွေနဲ့ ကောင်းကောင်း မွေးထား



www.burmeseclassic.com

www.burmeseclassic.com



မယ်။ မသူဇာနဲ့ ကိုကျော်ဇောကို အိမ်ပေါ်က နှင်ချလိုက်မယ်။ ကိုကျော်ဇောနဲ့ ဒီမြို့ကြီးနဲ့ ဘာဆိုင်တာမှတ်လို့လဲ။

ကိုကျော်ဇောကို ကျွန်တော်တို့ သဘောမကျတာက သူက ကျွန်တော်တို့ကို မတူမတန်သလို ဆက်ဆံတယ်။

နိုင်းစရာရှိရင်တောင် မသူဇာကတစ်ဆင့် နိုင်းတယ်။ ကျွန်တော်တို့ကို တိုက်ရိုက် ဘယ်တော့မှ မခိုင်းဘူး။

ကျွန်တော်တို့ကိုလဲ ဘယ်တော့မှ တန်းတူထားပြီး စကား ပြောလေ့ မရှိဘူး။ ကိုကျော်ဇောနဲ့ မသူဇာတို့ ဆယ်နှစ်လောက် ကြာအောင် ပေါင်းခဲ့ပေမယ့် ကျွန်တော်နဲ့ ကိုကျော်ဇော စကားပြောမိတာ နှစ်ခါသုံးခါထက် မပိုဘူး။

ကိုကျော်ဇောကို စိတ်ထဲက သဘောမကျပေမယ့် က လန်ကဆန်တော့ မလုပ်ဝံ့ပါဘူး။ ဒီအသက်အရွယ်ကျမှ အ လုပ်ပြုတ်လဲ မခံနိုင်တော့ဘူးလေ။

ဒီလိုနဲ့ တစ်နေ့မှာ မောင်သူရအိမ်ကြီးကို ပြန်ရောက်လာ တယ်။ တစ်ကျွန်းက ရက်စေ့လို့ ပြန်လာတာတဲ့။

မောင်သူရ ရောက်တဲ့အချိန်တုန်းက ကျွန်တော်မရှိလို့ မသူဇာနှင့် မောင်သီဟကလေးတို့ ဘာတွေပြောသေးလဲ မသိဘူး။

အိမ်ကြီးထဲက မောင်သူရ ပြန်ထွက်မှ မောင်သူရနှင့် ကျွန်တော် ဆုံတာပါ။ ဒါတောင် မောင်သူရက ''ဘကြီးထင် . . ဘကြီးထင်'' လို့ ခေါ်မှ မောင်သူရမှန်း သိရတာပါ။





ကျွန်တော်က မောင်သူရကို မမှတ်မိဘူး။ မျက်စိကလဲ မှုန်နေပြီလေ။ မှတ်မိစရာ အကြောင်းလဲ မရှိဘူးလေ။ မောင်သူရ လူသတ်မှုဖြစ်တုန်းက အသက်အစိတ်ကျော်ကျော်ရယ်။

အခု တစ်ကျွန်းက ပြန်လာတော့ တကယ့်လူကြီး ဖြစ်နေ ပြီပဲ။ ရုပ်လဲ အကြီးအကျယ် ပြောင်းလဲနေပြီ။

ဟိုတုန်းက မိုးကုတ်သူဌေးသား လူချောကလေးဟာ အခု တော့ ခရီးဝေးက ပြန်လာတဲ့သူကို မသပ်မရပ်နှင့် ပင်ပန်းနွမ်း နယ်တဲ့ ပုံကလည်း ပေါက်နေတာ။

မောင်သူရက နှုတ်ဆက်တော့ ကျွန်တော်က ဘယ် သွားမလို့လဲ ဒီမှာ ပတည်းဘူးလားလို့ ရိုးရိုးမေးမိတယ်။

မောင်သူရက . . .

''ဘကြီးထင်ရယ် ကျွန်တော်လဲ အရင်စိတ်မျိုး မရှိတော့ ပါဘူး။ အားလုံး စိတ်ချမ်းသာအောင်တော့ ကြိုးစားရမှာပေါ့။ ခက် တာက ဗိုလ်လုပ္ပွဲဆိုတော့ တစ်ယောက်ယောက်ကတော့ ရှုံးရ မှာပေါ့'' လို့ ပြောတယ်။ ကျွန်တော်က . . .

''မောင်သီဟကလေးရဲ့ မျက်နှာကို ထောက်ထားဖို့နဲ့ မသူဇာရဲ့ အပြစ်ကို ခွင့်လွှတ်ပြီး ပြန်ပေါင်းကြပါ။ ဒီအိမ်ကြီးကို မောင်သူရ ပြန်လာ၊ ဘကြီးထင်တို့ရှေ့ကလို ပျော်ပျော်ပါးပါးနေ ကြတာပေါ့''လို့ တိုက်တွန်းမိတယ်။

အမှန်ပါပဲ၊ မောင်သူရနှင့် မသူဇာတို့ ပြန်ပေါင်းဖို့



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်။ ပျော်ရွှင်စွာနှင့် အသက်ထက်ဆုံး အတူတကွ နေကြစေသတည်းဆိုတဲ့ ဇာတ်သိမ်းခန်းနှင့်ပဲ ဆုံးစေချင်တယ်။

မောင်သူရက . .

''အသက်ထက်ဆုံး ပျော်ရွှင်စွာနဲ့ ဇာတ်သိမ်းဖို့ဆိုတာ ကျွန်တော့်အပေါ် မတည်ပါဘူး။ မသူဇာအပေါ် တည်ပါတယ်''

လို့ ပြောပါတယ်။

မောင်သူရကိုလဲ သူ့သူငယ်ချင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မေရဲ့ အိမ်မှာ တည်းမှာဆိုပြီး ထွက်သွားတယ်။

ဒေါ်မြင့်မြင့်မေက မောင်သူရအိမ်ကို ရောက်လာတယ်။ ကိုကျော်ဇောနဲ့ မသူဇာတို့ စကားတွေ အချီအချ ပြောကြတာပဲ၊ ဘာတွေပြောသလဲဆိုတာ ကျွန်တော် နားမထောင်ရတော့ မသိဘူး။

ကျွန်တော့်မိန်းမ မရွှေနီကတော့ ညှော်သည်တွေကို ညှော်ခံရတော့ ကြားများကြားမလား အောက်မေ့တယ်။ သူက ဘယ်ကြားမလဲ မရွှေနီက နားလေးနေတာကိုး။

ကျွန်တော်တို့ လင်မယားကလည်း ဒုက္ခိတပဲကိုး။ ကျွန်တော်က မျက်စိမှုန်တယ်။ မရွှေနီက နားလေးတယ်။ နှစ်ယောက်ပေါင်းမှ မျက်လုံးနှစ်ဖက် နားနှစ်ဖက်ရှိတာ။

နားကောင်းတဲ့ ကျွန်တော်က သူတို့ဘာပြောသလဲဆိုတာ မကြားရတော့ မသိဘူး။ မရွှေနီကျတော့လည်း မျက်လုံး





ကသာ ကောင်းပေမယ့် နားက ရွှေနပေဆိုတော့ သူတို့ဘာပြောကြသလဲဆိုတာ လုံးဝ သိတာ မဟုတ်ဘူး။

သူတို့ရဲ့ မျက်နှာရိပ် မျက်နှာကဲကြည့်ရအောင် ကျွန်တော်က မျက်စိမှုန်နေတော့ ဘယ်လိုအကဲခတ်မလဲ။

အဲ မသူဇာသေမယ့် ညနေပိုင်းကျတော့ အိမ်ကြီးရဲ့ ပေါ်တီကိုအောက်မှာ မောင်သူရ တစ်ယောက်တည်း ရပ်နေတာ ကျွန်တော် တွေ့ရတယ်။

ပထမတုန်းက မောင်သူရမှန်း မသိပါဘူး။ မောင်သူရက ဘကြီးထင်လို့ အသံပြုမှ သိရတာပါ။

မောင်သူရက သူ့အိမ်ကြီးအောက်ထပ် ဧည့်ခန်းထဲကို ရောက်နေတာ ညဆယ်နာရီလောက်ရှိပြီတဲ့၊ ဘယ်သူမှလဲ မရှိပါလားတဲ့။ မသူဇာကောတဲ့။

ကျွန်တော်က မသူဇာ အိမ်မှာ ကျန်ခဲ့တာ မသိဘူး။ စောစောက ကားထွက်သွားတဲ့အထဲမှာ ပါသွားတယ်လို့ ထင်နေတာကိုး။ မသူဇာ အိမ်အပေါ်ထပ်က သူတို့အိပ်ခန်းထဲမှာ ကျန်ရစ်နေတာကို မသိဘူး။

စောစောက ကားထွက်သွားသံကို ကြားလိုက်ရတာကိုး။

အဲဒီတော့ မောင်သူရက 'သူ မိုးကုတ် ပြန်တော့မယ်ဆိုတာ မသူဇာကို ပြောပေးပါလို့' ဝမ်းနည်းကြေကွဲတဲ့ အသံကြီးနဲ့ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကိုကျော်ဇော အိမ်ပေါ်တက်သွားပြီး မသူဇာကို ခေါ်တယ်။ အဲဒီမှာတင် မသူဇာ သတိမေ့နေတယ်ဆိုပြီး ဆရာဝန်ကို ခေါ်တယ်။

ဆရာဝန်ရောက်လာတော့ မသူဇာ လည်ပင်းညှစ်ပြီး အသတ်ခံရတယ်ပြောလို့ ကိုကျော်ဇော ပုလိပ်ဖက်ကို တိုင်ပါတယ်။

ဒါနဲ့ ပုလိပ်တွေ ရောက်လာပြီး လူသတ်မှုကို စစ်ဆေးပါတယ်။ ကျွန်တော် သိသမျှတော့ ဒါပါပဲ။

အဲဒီအခင်းဖြစ်တဲ့ ညနေချိန်က ကိုသူရကို ပေါ်တီကိုအောက်မှာ တွေ့တာပါ။

ကိုသူရ ညှော်ခန်းထဲက ဆင်းလာတာ ကျွန်တော် မတွေ့ရပါဘူး။ ကိုသူရကို တွေ့ရတဲ့အချိန်မှာ ပေါ်တီကိုအောက်မှာပါ မော်တော်ကားရပ်တဲ့ လမ်းမှာပါ။

ကိုသူရက အောက်ထပ်ညှော်ခန်းထဲမှာ ဆယ်မိနစ်လောက် ထိုင်စောင့်နေတယ်လို့ ပြောပါတယ်။

ဒါပေမယ့် ဘယ်မှာထိုင်သလဲဆိုတာ ကျွန်တော် မမြင်ပါဘူး။ အပေါ်ထပ်ကို တက်သလား၊ မတက်ဖူးဘူးဆိုတာလဲ ကျွန်တော် မသိပါဘူး။

အခုလို နေဝင်ရီတရောအချိန်မှာ ကိုသူရ အပေါ်ထပ်တက်သွားတာဆိုရင်တောင် ကျွန်တော် မြင်မှာ မဟုတ်ပါဘူး။ ကျွန်တော်က မျက်စိမှုန်နေတာပဲ။





အခုလို သိတာတောင် မောင်သူရက ကျွန်တော့်ကို နှုတ်ဆက်လို့။ အသာကလေး သစ်ပင်တွေကွယ်ပြီး ထွက်သွားရင်တောင် ကျွန်တော် သိလိုက်မှာ မဟုတ်ဘူး။

မောင်သူရဟာ လက်ရဲ ဇက်ရဲ လူသတ်ရဲတယ် ဆိုတာတော့ မှန်ပါတယ်။ ငယ်ငယ်ကတည်းက အလွန်လက်ယဉ်တဲ့ သူငယ်ကိုး။

ဒါပေမယ့် မောင်သူရ ဖြစ်ခဲ့တဲ့ ခားထိုးမှုနဲ့ လူသတ်မှုကို ပြန်ကြည့်ရင် ရုတ်တရက် ဒေါသကြောင့် ဖြစ်ရတဲ့ကိစ္စတွေချည်းပါပဲ။ အဲဒီနေ့မှာ မောင်သူရရဲ့ လေသံကို နားထောင်ရတာ ဒေါသထွက်နေတဲ့ လေသံမျိုး မဟုတ်ပါဘူး။

ဝမ်းနည်းကြေကွဲနေတဲ့ အသံပါ။ အသည်းကွဲနေတဲ့ အသံပါ။ မောင်သူရဟာ လူသတ်ဖို့ နေနေသာသာ သူကိုယ်တိုင် သေတော့မယ့်လေသံမျိုး ထွက်နေပါတယ်။

မောင်သူရဟာ အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်နေတဲ့ပုံပါ။ သူ့ခများမှာ တစ်ကျွန်းက ပြန်လာရင် မယားနှင့် ကလေးနှင့် အတူ ပြန်နေရလိမ့်မယ်လို့ မျှော်လင့်တကြီးနဲ့ ပြန်လာတာဖြစ်မှာပါ။

ဒီကျတော့ မယားရောအိမ်ရော ကိုကျော်ဇောက မောင်ပိုင် စီးထားတာကို တွေ့ရပြီး ရင်ကွဲပက်လက် ဖြစ်သွားရမှာပါ။ မောင်သူရ အပေါ်ထပ်ကိုတက်ပြီး မသူဇာကို လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



ညှစ်သတ်ပြီးမှ ပြန်ဆင်းလာသလားဆိုတဲ့ မေးခွန်းကိုတော့ ကျွန်တော် မဖြေတတ်ဘူး။

ကျွန်တော်နဲ့ တွေ့တဲ့အချိန်က ညီအစ်ကို မသိတသိ အချိန် လူလုံးမကွဲဘူး။ ဒီကြားထဲ ကျွန်တော်က မျက်စိ မှုန်နေတာ။ ပြီးတော့ မောင်သူရကို အိမ်ပေါ်မှာတွေ့တာ လုံးဝ မဟုတ်ဘူး။ ပေါ်တီကိုအောက်က မြေကြီးပေါ်မှာတွေ့တာ။

ဧည့်ခန်းထဲမှာ ဆယ်မိနစ်လောက် ထိုင်စောင့်နေတယ်ဆိုတာလဲ သူပြောလို့သာ သိရတာ။ သူ့ကို ကျွန်တော် မြင်ရတာ မဟုတ်ဘူး။

တစ်ခုတော့ ရှိတာပေါ့.

တကယ်လို့ ကိုသူရက အိမ်အပေါ်ထပ်မှာ မသူဇာကို လည်ပင်းညှစ်သတ်နေတုန်း မသူဇာက အော်ဟစ်ရုန်းကန်တယ်၊ ဝရုန်းသုန်းကား ဖြစ်တယ်ဆိုရင် ကျွန်တော် ကြားရမှာပါ။

ကျွန်တော်က မျက်လုံးမကောင်းပေမယ့် နားကောင်းပါတယ်။ ကိုကျော်ဇောတို့ လင်မယား စကားများတာတို့၊ ရန်ဖြစ်တာတို့ဆိုရင် ကျွန်တော် ကြားရတာပါ။

အဲဒီညနေကတောင် ကိုကျော်ဇော ကားနဲ့ ထွက်မသွားခင် အိမ်အပေါ်ထပ်မှာ မသူဇာနဲ့ တစ်ယောက်တစ်ခွန်း စကားများနေကြတာကို သဲ့သဲ့ကြားရပါတယ်။

သိပ်ပြီး အပြင်းအထန် အကြောက်အကန်ကြီး ရန်ဖြစ်ကြ





တာတော့ မဟုတ်ပါဘူး။ အဲဒီနေ့က ကိုကျော်ဇောဟာ အမူမရှိလို့လား။ မသူဇာကို စိတ်မချလို့လား မသိဘူး။ ရုံးမသွားဘူး။ ဘယ်မှ မသွားပါဘူး။

နာရယန်းကိုတောင် ပြန်လွှတ်လိုက်တယ်။ ညနေလေးနာရီလောက်ကျမှ ကားမောင်းထွက်သွားတာ။

ကိုကျော်ဇောဟာ လူကြီးလူကောင်း ပီသအောင်နေတဲ့ လူပဲ။ သူ့မယား မသူဇာကို ဆယ်နှစ်အတွင်းမှာ တစ်ခါဖူးမျှ လက်ဖျားနဲ့တို့တာ ကျွန်တော် မတွေ့ဖူးပါဘူး။

အလွန်ဆုံးဖြစ်ရင် စကားများ စိတ်ကောက်တာပါပဲ။

ဒါပေမယ့် ကိုကျော်ဇောဟာ သူ့အလုပ်ကိစ္စကလွဲရင် မယားကို သိပ်ပြီး ဦးစားပေးတဲ့လူဆိုတော့ ကတောက်ကဆ ဖြစ်ခဲ့တယ်။

ကိုကျော်ဇောဟာ အပေါင်းအသင်းတွေနဲ့ အရက်သောက်၊ ဘီလိယက်ထိုးတတ်ပေမယ့် လူကြီးလူကောင်းဆန်ဆန် ဣန္ဒြေရရပဲ နေတတ်ပါတယ်။

ဘယ်တော့မှ ဟောဟဲလားဝါးလားနဲ့ ဆူဆူညံညံ မလုပ်တတ်ပါဘူး။ ဒါကြောင့် သူတို့အိမ်ထောင်ရေးဟာ သာယာတဲ့ အိမ်ထောင်ရေးလို့ ခေါ်နိုင်ပါတယ်။

အခု မောင်သူရသာ ရောက်မလာရင် သူတို့လင်မယား ကြားမှာ ဘာပြဿနာမှ ရှိစရာအကြောင်း မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

[၅]

## ဒေါ်ရွှေနီ၏ ထွက်ဆိုချက်

ကျွန်မက ပျဉ်းမနား တောင်ညိုနယ်ကပါ။

မိုးစွေတဲ့ ရွာကလေးဟာ ကျွန်မရဲ့ ရွာကလေးပါ။

ကျွန်မရဲ့အစ်မ မဖူးနဲ့ ကိုတင်ညိုတို့က ပျဉ်းမနားမှာရှိတဲ့ သစ်တော အရေးပိုင်အိမ်မှာ ထမင်းချက် လုပ်ပါတယ်။

ကျွန်မရဲ့ခဲအို ကိုတင်ညိုက ဘိုအိမ်မှာ ထမင်းချက် လုပ်ရတာ ဘာမှမပင်ပန်းပါဘူး။

လခလဲ ကောင်းတယ်လို့ ပြောပါတယ်။

ကျွန်မ အဖေနဲ့အမေဆုံးတော့ မိုးစွေမှာ မနေချင်တာနဲ့ ပျဉ်းမနားက သားရေဗိုလ်ရဲ့အိမ်မှာ ထမင်းချက် ဝင်လုပ်ပါတယ်။





သားရေဗိုလ်ဆိုတာက သားသတ်ရုံက နွားသားရေတို့၊ ကျွဲ သားရေတို့ကို ဂိုဒေါင်ထဲမှာ ဝယ်ယူစုဆောင်းပြီး နိုင်ငံခြားကို ပို့တာပါ။ အဲဒီလို သားရေဗိုလ်တွေ အထက်မြန်မာပြည်မှာ အများကြီးပဲတဲ့။

သာစည်တို့၊ ပျော်ဘွယ်တို့၊ မိတ္ထီလာတို့မှာလဲ သားရေဗိုလ် ရှိသတဲ့။ ဟုတ်ပါတယ်။ ဘိုအိမ်မှာ ထမင်းချက်ရတာ ကျွန်မတို့ရဲ့ မြန်မာအိမ်တွေကို ဖွယ်ဖွယ်ရာရာ ဆန်းဆန်းပြားပြား ချက်စားတာ မဟုတ်ပါဘူး။

သူတို့နိုင်ငံမှာ နေတုန်းကတော့ ဘယ်လိုစားသောက်သလဲ မသိပါဘူး။ ကျွန်မတို့ဆီမှာ စားသောက်တာကတော့ ဆန်းဆန်းပြားပြား မရှိပါဘူး။

တစ်နေ့လာလဲ ဒါပဲ။ တစ်နေ့လာလဲ ဒါပဲ။ ဒီဟင်းမျိုးချည့်ပါပဲ။ ဘာမှ အထူးအဆန်း မရှိပါဘူး။ ကျွန်မခဲအို ကိုတင်ညိုက ဘိုအိမ်မှာ ထမင်းချက်ရတာ မပင်ပန်းပါဘူး။

ပန်းကန်းဆေးတာပဲ ပင်ပန်းတယ် ပြောတာ ဟုတ်တာပါပဲ။ ပန်းကန်ကတော့ ဘာဆေးရသလဲ မမေးနဲ့။

သူတို့က ထမင်းစားရင် ပန်းကန်လှတာကို အရသာခံစားတာလား၊ ဟင်းအရသာကို ခံစားတာလားဆိုတာ ကျွန်မ မတွေးတတ်ဘူး။

တိုက်ပန်းကန်လှလှ၊ ကြွေပန်းကန်လှလှ မျိုးတွေကို



www.burmeseclassic.com

www.burmeseclassic.com



စုံနေတာပဲ။ ဒင်နာဆက်ဆိုတာလားပဲ။ ငွေနဲ့လုပ်ထားတဲ့ဇွန်း၊ ခရင်းနဲ့ ဓားတွေကလည်း စုံနေတာပဲ။

ဒီမျက်နှာဖြူတွေက ဘယ်လောက် ကိန်းကြီးခန်းကြီး နိုင်သလဲဆိုရင် သူတို့ တောသွားရင်တောင် ကျွန်းသေတ္တာတစ်လုံးထဲမှာ အဲဒီပန်းကန်ခွက်ယောက်၊ ဇွန်းတွေ၊ ခက်ရင်းတွေ အကုန်ယူသွားတာ။

လက်သုပ်ပဝါတွေကလဲ သိပ်လှတာပဲ။ တစ်နေ့တစ်မျိုး သုံးတယ်။ လက်သုတ်ပဝါလျှော်ပြီး မီးပူတိုက်ပြီးရင် ရေမွှေးဆွတ်ထားရတာ။

စားတာ သောက်တာကတော့ ဒီဟင်းနဲ့ ဒီပေါင်မုန့်ပါပဲ။ သိပ်ပြီးမဆန်းပါဘူး။ ကျွန်မ ပထမဆုံး ပျဉ်းမနားမှာ ထမင်းချက်လုပ်တဲ့ အိမ်ရှင်က မစ္စတာဝတ်စ်ဖီးဆိုတဲ့ သားရေဗိုလ်။

အရပ်ကြီးက မိုးထိုးနေတာပဲ။ လူ့ဝံကြီးလား အောက်မေ့ရတယ်။ အမွေးအမျှင်တွေကလည်း ထူပွါရှင်။

မျက်လုံးကလည်း ဖန်ဂေါ်လီအပြာကို ထည့်ထားသလိုပဲ။ အသားအရေကလည်း ခရုသင်းစွဲနေသလား ထင်ရတယ်။

ဆံပင်တွေက ပြောင်းဖူးမွှေးတွေလိုပဲ။

သူတို့မျက်နှာဖြူတွေက စားတာ သောက်တာ ဆန်းဆန်း ပြားပြား မရှိပေမယ်လို့ သန့်သန့်ရှင်းရှင်း ကိန်းနဲ့ခန်းနဲ့မှ လုပ်တယ်။





ကျွန်မတို့ မြန်မာတွေလို သောက်ရေအိုးထဲကရေကို ဒီအတိုင်း ခပ်သောက်တာ မဟုတ်ဘူး။ ရေအိုးထဲကို ကြွေနဲ့သဲနဲ့ လုပ်ထားတဲ့ ပုလင်းလိုဟာကြီးကို ထည့်ထားတာ။

ရေတွေက သဲထဲကတစ်ဆင့်စစ်ပြီး အဲဒီပုလင်းလိုဟာကြီးထဲကို စိမ့်ပြီးဝင်တာ။ သူတို့သောက်ချင်ရင် အဲဒါကြီးထဲကရေကိုသောက်တာ။ ရေကို စစ်ပြီးသားဖြစ်နေသတဲ့။

ပြီးတော့ ရေက အေးလဲအေးနေတယ်။ အဲဒီလို ရေမျိုးမှ သန့်ရှင်းတဲ့ရေတဲ့။ တစ်ခါတလေ ဝမ်းရောဂါလိုလို၊ ပုလိပ်ရောဂါလိုလို ဖြစ်နေတယ်ကြားရင်တော့ ရေကျက်အေးပဲသောက်တယ်။

အဲဒီလို ရေစစ်မျိုးတောင် မသောက်တော့ဘူး။

အဲဒီဗိုက်တွေဟာ စားတာသောက်တာကို ကြည့်ပါဦး။ ဘယ်လောက်ငြီးငွေ့စရာ ကောင်းသလဲ။

နံနက်အိပ်ရာကထရင် ကော်ဖီတစ်ခွက်၊ ပေါင်မုန့် ထောပတ်သုတ်နှစ်ချပ်နှင့် ကြက်ဥကြော်နှစ်လုံး၊ ဒါမှမဟုတ် မကျက်တကျက် ပြုတ်ထားတဲ့ ကြက်ဥနှစ်လုံးပဲ။

သိပ်ပြီး ရွံစရာကောင်းတာပဲ။ တစ်ခါတစ်လေ မျက်နှာလုံးဝမသစ်ဘဲ အာပုတ်ရေတွေ ပေနေတဲ့ ပါးစပ်နဲ့ပဲ အဲဒါတွေကို စားသောက်တာ။ အဲဒါက နံနက်တိုင်း စားသောက်တဲ့အစာ။

ဒါကလွဲပြီး ဘာမှမစားတော့ဘူး။ တစ်ခါတစ်လေ ပေါင်မုန့်အစား ဘီစကွတ်စားတယ်။ ဒါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ပြန်မာတွေလို နံနက်ဆိုရင် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ မုန့်ဟင်း၊ ခေါက်ဆွဲသုပ်၊ ဆီထမင်း၊ ကောက်ညှင်းပေါင်း၊ ဘူးသီးကြော်၊ အဲဒီလို အပြောင်းအလဲလုပ်ပြီး စားတာ မဟုတ်ဘူး။ မွေးတဲ့အချိန်ကနေ သေတဲ့အထိ အဲဒီလိုပဲ စားသွားမယ်ထင်ပါရဲ့။

ရုံးကနေ အိမ်ပြန်လာပြီး နေ့လယ် ဆယ့်နှစ်နာရီလေးကျော်မှာစားတဲ့ အစားအစာကတော့ အဲဒီပေါင်မုန့်ရယ်၊ ကာဖီရယ်၊ ကြက်ဥရယ်၊ ဒါပါပဲ။

အဲဒီအချိန်မှာ နည်းနည်းပိုလာတာက အမဲသားကြော်ဖြစ်ဖြစ်၊ ကြက်သားကြော်ဖြစ်ဖြစ်။ တစ်ခါတစ်လေ ဆီနဲ့ကြော်တယ်။ တစ်ခါတစ်လေ ထောပတ်နဲ့ ကြော်တယ်။ အဲဒါပဲစားတာ။

အဲဒီကြက်သားကြော်တို့၊ အမဲသားကြော်တို့ကလဲ မကျက်တကျက် ကြော်ရတာ။ မကြော်ခင် နူးနေအောင်တော့ ပြုတ်ထားရတာပေါ့။ ပြုတ်ကြော်ဆိုပါတော့။

ညနေကျရင်တော့ ဖွယ်ဖွယ်ရာရာ ချက်ရတယ်။ ဖွယ်ဖွယ်ရာရာ ဆိုပေမယ့်လဲ သိပ်တော့ မဆန်းပါဘူး။

ပထမဆုံး စွပ်ပြုတ်ပေါ့။

စွပ်ပြုတ်က ကြက်သားစွပ်ပြုတ်၊ ဆိတ်ရိုးစွပ်ပြုတ်။

ပဲဟင်းလေး၊ အာလူးလေးနည်းနည်း ထည့်ရတယ်။





ဒါပေမယ့် မဆလာ မထည့်လို့ အညှီနံ့က သိပ်မပျောက်ချင်ဘူး။ ဒါကိုလဲ သူတို့ ကြိုက်တာပဲ။

ပြီးတော့ သစ်သီးသစ်ရွက်ဟင်း။

ဂေါ်ဖီကြော်တို့လို၊ ဂေါ်ရခါးသီးကြော်တို့လိုဟာမျိုး။ ပြီးတော့ ခရမ်းချဉ်သီးဆော့တို့၊ ခရမ်းချဉ်သီးကို ဘဲဥနဲ့ ခလောက်ကြော်တာမျိုးကို သူတို့သိပ်ကြိုက်တယ်။

တစ်ခါတစ်လေ အဲဒီလို ဟင်းရွက်ကြော်ထဲကို အင်မတန်ချိုတဲ့ ဂျယ်လီလိုဟာမျိုးကို ဆမ်းပြီး ထည့်စားသေးတာ။

ကြက်ဥနဲ့ အသားကြော်လဲ ပြန်ပါသေးတာပဲ။

မနက်က စားတဲ့အတိုင်းပါပဲ။

တစ်ခါတစ်လေ ဘူးနဲ့လာတဲ့ ပဲဘူးတို့၊ ငါးသေတ္တာတို့ကို စားပါတယ်။ ဒါပြီးရင် ငှက်ပျောသီးတို့၊ လိမ္မော်သီးတို့၊ ပန်းသီးတို့ကို စားတယ်။ ညှော်သည်တွေ ဘာတွေ ထမင်းဖိတ်ကျွေးရင် ကိတ်မုန့်ဖုတ်ရတယ်။ တစ်ခါတစ်လေ အသားညှပ်ပေါင်မုန့် လုပ်ပေးရတယ်။

ညနေစာစားပြီးရင် ကော်ဖီ ချက်ချင်းမသောက်ဘဲ လိမ္မော်ရည်တို့လို၊ သံပုရာရည်တို့လိုဟာမျိုး သောက်တတ်တယ်။

ကော်ဖီကတော့ ညအိပ်ရာဝင်ခါနီးမှာ သောက်လေ့ရှိတယ်။ နွေရာသီကျရင်တော့ မကြာခဏ အိုက်စကရင် လုပ်ကျွေးရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိုက်စကရင် လုပ်စားတဲ့ပုံးကလဲ သူတို့ဆီမှာ ရှိနေတော့ အိုက်စကရင်လုပ်တဲ့ အချိုးအစားသိရင် မခက်ပါဘူး။

အဲဒီမျက်နှာဖြူဟာ မြန်မာပြည်မှာ အနေကြာပြီး မြန်မာ အစာလဲ လျှာလည်နေပြီ။ ထမင်းနဲ့ဟင်းကိုလဲ စားတတ်တယ် ဆိုရင်တော့ အဲဒီထမင်းချက်တော့ သေပေတော့ပဲ။

မြန်မာလိုတစ်မျိုး၊ အနောက်တိုင်းလိုတစ်မျိုး၊ အမျိုးမျိုး ချက်ရတာ။ မြန်မာပြည်မှာ အနေကြာတဲ့ မျက်နှာဖြူကြီးတွေက တော်တော်ကြာ မြန်မာလိုစားနေရတာက အနောက်တိုင်းလို ချက်ခိုင်းချင် ချက်ခိုင်းတာ။

တစ်ခါတစ်လေကျရင် ကုလားစာဖြစ်တဲ့ ပလာတာနဲ့ ကြက်သားဟင်းကို စားချင်ရင် စားသေးတာ။ အဲဒီတော့ အဲဒီလို ဘိုအိမ်မျိုးမှာ ချက်ရတဲ့ ခန့်ဗာမာကတော့ ချာရပတ်ကို ရမ်းနေ တော့တာပဲ။

ကျွန်မလဲ ပျဉ်းမနား၊ သားနေ့ဗိုလ်အိမ်မှာ ထမင်းချက်ရာ ကနေ ရေနံချောင်း ဘီအိုစီမန်နေဂျာ ဘိုအိမ်ရောက်တယ်။

အဲဒီ ဘီအိုစီမှာ လခပိုကောင်းလို့ပေါ့။

ရေနံချောင်းဘီအိုစီကနေ မန္တလေး၊ စီဝီလိုင်းက ကြေးတိုင် မင်းကြီးအိမ်မှာ ထမင်းချက်နေတုန်း ကိုဖိုးထင်နဲ့ အိမ်ထောင်ကျပြီး နန်းရှေ့အိမ်ကြီးကို ရောက်လာတာ။

မြန်မာအစားအစာနဲ့ ပတ်သက်လို့တော့ ကျွန်မက





သိပ်ပြီး အချက်အပြုတ် မကောင်းပါဘူး။ ဒါကြောင့် မောင်သီဟလေးက ကျွန်မချက်တဲ့ဟင်းကို မကြိုက်ဘူးလို့ ပြောတာပေါ့။

မိုးကုတ်က ဖေဖေကြီး ဦးဝဏ္ဏတို့လင်မယားကတော့ ဘိုအိမ်မှာ ထမင်းချက်လုပ်ခဲ့တဲ့ ကျွန်မကို အချက်အပြုတ်ကောင်း မယ်ထင်ပြီး အထင်ကြီးပါတယ်။

အတွေ့အကြုံအရ အနောက်တိုင်း အစားအစာကိုတော့ ကောင်းကောင်းချက်တတ်ပါပြီ။

ယဉ်ကျေးမှုချင်း မတူဘူးဆိုတာ ဒီနေရာမှာ တွေ့ရတာပါ။

တရုတ်ပြည်မှာဆိုရင် ဝက်သားတစ်မျိုးတည်းကို ဟင်း အမျိုး ပေါင်းတစ်ရာကျော် ချက်နိုင်သတဲ့။

ကျွန်မတို့ မြန်မာပြည်မှာလဲ စားတော်ချက်ကျွမ်းတွေ ဘာတွေနဲ့ ဘယ်လောက်အစားအသောက် စုံသလဲ။

ကျွန်မ ကြားဖူးတဲ့ စကားတစ်ခွန်း ရှိတယ်။

အင်္ဂလိပ်အမျိုးသမီး အိမ်ရှင်မတွေဟာ အချက်အပြုတ် အလွန်ညံ့ကြသတဲ့။ ဒါကြောင့် အင်္ဂလိပ်တွေဟာ အိမ်ပြင်ထွက်၊ နိုင်ငံခြားတွေထွက်ပြီး အစားကောင်း အသောက်ကောင်းတွေ စားရင်းက အင်ပါယာတွေ ချဲ့ခဲ့ကြတာတဲ့။

ဟုတ်ချင်လဲ ဟုတ်မှာပါ။ သူတို့အစားအစာတွေကို ကျွန်မတော့ ခံတွင်းမတွေ့ပါဘူး။ အခု ကိုဖိုးထင်နဲ့ အိမ်ထောင် ကျပြီး မြန်မာအိမ်ရောက်လာတော့ မြန်မာအစားအစာတွေ



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုတ်ကြော်လှော်ပြီး စားရတာ ကျွန်မ ခံတွင်းအလွန်တွေ့ပါတယ်။

ကျွန်မ ကိုဖိုးထင်နဲ့ အိမ်ထောင်ပြုတုန်းက မောင်သူရတို့ ဒီမန္တလေးမှာ မရှိပါဘူး။ ရန်ကုန်မှာ ကောလိပ်သွားတက်နေတာပါ။

ပြီးတော့ မောင်သူရနဲ့ မသူဇာတို့ မန္တလေးက ပြန်လာပြီး ကျောက်လုပ်ငန်းလုပ်လို့ ကျွန်မတို့နဲ့ အတူနေရတာ။

အဲဒီလို အတူနေပြီး ဘာကြာမလဲ၊ နှစ်နှစ်လောက်ရှိတော့ မောင်သူရ လူသတ်မှုဖြစ်ပြီး တစ်ကျွန်းကို ကျသွားတာပဲ။

မောင်သူရနဲ့ ကျွန်မတို့နဲ့ နေရတဲ့အချိန် သိပ်မများပါဘူး။ မောင်သူရဟာ သဘောပနော ကောင်းရှာပါတယ်။

ဒါပေမယ့် သူက လူမိုက်ဗီဇ ပါနေတာက ခက်တယ်။

ထစ်ခနဲရှိ ရိုက်ချင် နှက်ချင် ထိုးချင် သတ်ချင်ရတာနဲ့။ ကိုဖိုးထင်တောင် အဆစ်ခံရသေးတယ်။

မောင်သူရဟာ ကျွန်မတို့နဲ့ ရင်းရင်းနှီးနှီး နေပါတယ်။ စိတ်ကြီးလဲ မဝင်တတ်ရှာပါဘူး။

တစ်ခါတစ်ခါကျရင် သူနဲ့မသူဇာအတွက် ကျွန်မ ငါးဖယ်အုန်းနို့ဆမ်း၊ ပုစွန်ထုပ်ဆီပြန်ဟင်း ချက်ပေမယ့် ကျွန်မတို့အတွက် ချက်တဲ့ ငါးရံ့ခေါင်းဟင်းကို အိုးလှူးပြီး စားချင်စားတာ။

တစ်ခါတစ်ခါကျရင် ကျွန်မက သူတို့လင်မယားအတွက် သိုးသားနဲ့ ဝက်စအူကြော် ချက်ကျွေးပေမယ့် မောင်သူရက ပုန်း





ရည်ကြီးကို ဆီစွဲစွဲ၊ ငရုပ်သီးမှုန့်များများ၊ ပုစွန်ခြောက်မှုန့်များများနဲ့ ထမင်းနယ်ပြီး ဇွန်းနဲ့စားချင်စားတာ။

မောင်သူရက အစကောင်းချက်ကျွေးလဲ စားချင်မှ စားတာ။ သူက မိုးကုတ်သား သူဌေးသားပေမယ့် ဆင်းရဲသားအစာကို ကြိုက်ချင်ကြိုက်နေတာဆိုတော့ ချက်ရပြုတ်ရတာ သိပ်ပြီး စိတ်ညစ်စရာ ကောင်းတာပဲ။

မောင်သူရက ကျွန်မတို့ လင်မယားနဲ့ ရောရောနှောနှော ရင်းရင်းနှီးနှီး နေပါတယ်။

ဒါပေမယ့် အဲဒီလို ပရောပရီ နေတာကို ကျွန်မ မကြိုက်ပါဘူး။ ကျွန်မဟာ ဘိုအိမ်မှာ ထမင်းချက် လုပ်လာလို့လား မသိဘူး။ အဲဒီလို သခင်နဲ့ ထိပ်ပုတ် ခေါင်းပုတ်နေတာကို မကြိုက်ပါဘူး။

မျက်နှာဖြူ အင်္ဂလိပ်ကြီးတွေကိုပဲ သဘောကျတယ်။ သူတို့ရာဇဌာနနဲ့ သူတို့နေတာပဲ။ မီးဖိုချောင်ဖက်ကို ယောင်လို့တောင် လှည့်မလာဘူး။

ကျွန်မတို့နဲ့ စကားမပြောဘူး။ လိုတာရှိရင် လုပ်ခိုင်းတယ်။ ကျွန်မက အဲဒါမျိုးကိုပဲ ကြိုက်တယ်။ ကိုယ့်အလုပ် ကိုယ်လုပ်ဟာ အကောင်းဆုံးပါပဲ။

မောင်သူရ ပိုက်ဆံချမ်းသာပေမယ့် အနေအထိုင်က လူကြီးလူကောင်း မဆန်ဘူး။ သူ့ လူသတ်မှုဖြစ်ရတဲ့ ကိစ္စကြီးကြည့်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဝေဆိုတဲ့ လူလိမ်ဟာ မောင်သူရလို ပညာတတ်မျိုးကို မပြောနဲ့၊ ကျွန်မတောင် မြင်ရုံနဲ့ လူလိမ်မှန်း သိတယ်။

အဲဒီမြတ်ဝေဆိုတဲ့ မျက်မှန်တဝင့်ဝင့်နဲ့ သူငယ်က မိုးလုံးလေလုံး သိပ်ထွားတာပဲ။ အကြွားအဝါကလဲ သန်တယ်။

ဘယ်လောက် အကြွားအဝါသန်သလဲဆိုရင် သူတို့ရန်ကုန်မှာ နေရတာချည်းကိုက ဂုဏ်တစ်ခုလို ပြောနေတယ်။

ရန်ကုန်မှာ နေရတာချည်းကို နတ်ဘုံနတ်နန်းလို့ ပြောသတဲ့။ ရန်ကုန်မှာ လိုတာအကုန်ရတယ်။

တိုက်တာ အဆောက်အဦးကြီးတွေ ကြီးတယ်။

ဇာတ်၊ ရုပ်ရှင်ရုံတွေ ရှိတယ်။ ဟိုတယ်ကြီးတွေ ရှိတယ်။ ခေတ်မီ မော်တော်ကားကြီးတွေ ရှိတယ်။ ဘာမဆို လိုတာရှိရင် အကုန်ရတယ်ဆိုပြီး ကြွားဝါသတဲ့။ ဒါတွေ ကျွန်မက ကြားလို့မဟုတ်ပါဘူး။ ကျွန်မကို ကိုဖိုးထင် ပြန်ပြောလို့ သိရတာပါ။

ကျွန်မက နားလေးနေတာပဲ။ ဒါတွေရှိတာနဲ့ ကိုယ်နဲ့ဘာဆိုင်သလဲ။ ရန်ကုန်မြို့ကြီးက ကြီးကျယ်တာနဲ့ ဘာဆိုင်သလဲ။

မြတ်ဝေဆိုတဲ့အကောင် ပိုင်ဆိုင်တဲ့ ပစ္စည်းတွေမှ မဟုတ်တာဘဲ။ သူ့ဟာသူ ရှိနေတာပဲ။

ကိုယ်မပိုင်ဆိုင်တဲ့ ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ဘာကြွားဝါစရာ ရှိသလဲ။ ပြီးတော့ ရှိသေးတယ်။ ရန်ကုန်မြို့က ဘာမဆိုလိုတာကို ရတယ်တဲ့။





အဲဒီလို လိုတာရလို့ ကိုယ်က ဝယ်နိုင်တဲ့အင်အား ရှိဦးမှကိုး။ သူ့ဘာသာ ဘာမဆို လိုတာရတာနဲ့ ကိုယ်နဲ့ဘာဆိုင်လို့လဲ။

တကယ်တော့ နေရာဒေသဆိုတာ ရေကြည်ရာ မြက်နုရာ နေရတာပဲ။ ကိုယ့်စီးပွားရေး၊ စားဝတ်နေရေး ပြေလည်မယ့်နေရာ ရွေးချယ်ရတာပေါ့။

ဦးဝဏ္ဏလိုလူမျိုးက တောကြိုအုံကြားဖြစ်တဲ့ မိုးကုတ်မြို့မှာဘဲ နေရမှာပေါ့။ ဒါမှ သူ့အတွက် စီးပွားရေးလမ်းဖြောင့်မှာပေါ့။ ရန်ကုန်မြို့ကြီးမှာ တက်နေလို့ရမလား။ ဦးဝဏ္ဏဟာ ရန်ကုန်မှာမနေရပေမယ့် သူ ချမ်းသာနေတာပဲ။

လိုတာရှိရင် မှာတာပဲ။

ရန်ကုန်မှာနေပြီး ငတ်နေတာနဲ့ဆိုရင် တောမှာနေပြီး ချမ်းသာနေတာက ပိုကောင်းမှာပေါ့။ အဲဒါကိုများ မြတ်ဝေဆိုတဲ့လူလိမ်က ရန်ကုန်ကောင်းကြောင်း ကြွားလိုက်ရတာရှင်။

ရန်ကုန်မှာ နေရတာများ ဘုရားသခင်က အထူးအခွင့်အရေးပေးတဲ့လူ ကျနေတာပဲ။ မောင်သူရက အဲဒီမြတ်ဝေ ကပ်ပြီးနေတာကို နားလေးတဲ့ ကျွန်မက မကြားရပေမယ့် မြင်နေရတာကိုး။

ကျွန်မ စက်ဆုပ်ရွံရှာတယ်။

မောင်သူရကို ကျွန်မ သဘောမကျတာ အဲဒါပါပဲ။

အဲဒီမြတ်ဝေက သူတို့မှာ တိုက်တွေရှိတယ်၊ ကားတွေ



www.burmeseclassic.com

www.burmeseclassic.com



နှစ်စီးလောက် ရှိတယ်ဆိုပြီး ပတ္တမြားကျတော့ ငွေနှစ်သောင်းနဲ့ အကြွေး ဝယ်သတဲ့။

အဲဒီကတည်းကိုက သူလိမ်နေပြီဆိုတာ ရှင်းနေတာပဲ။ ဘာပဲ အကြောင်းပြပြပေါ့။ ငွေလက်လွှန်တာတို့၊ ငွေပေးမယ့်လူ ခရီးလွန် နေတာတွေဆိုတာက အလုပ်အကိုင်ကြီး လုပ်တဲ့လူဟာ ဒီငွေလောက်ကို အကြွေးထားစရာ မလိုဘူး။

ဒီငွေလောက်ကို မရှိလို့ အကြွေးထားတာပဲဟာ။

ဒါဆိုရင် အဲဒီမြတ်ဝေဆိုတဲ့အကောင်ကို မယုံနဲ့ပေါ့။

ဘာဖြစ်လို့ နှမ်သောင်းတန်ပတ္တမြားကို အကြွေးပေးစရာ လိုမလဲ။

ကဲ . . ကိုယ်က သနားလို့ပဲဖြစ်ဖြစ်၊ သူ လိမ်မယ်လို့ မထင်လို့ဘဲဖြစ်ဖြစ် ပေးလိုက်ပြီးပြီ။

ဒါဆိုရင်လဲ ပြီးရောပေါ့။

ငွေနှစ်ဆယ်လောက်တောင် မရှာနိုင်တဲ့ လူတစ်ယောက် ကို ငွေနှစ်သောင်းယုံပြီး ပေးလိုက်ပြီးပြီဘဲ။

လိမ်ပါစေပေါ့။ ကိုယ်က ဘာဖြစ်လို့ သွားသတ်ရမှာလဲ။ လူလိမ်တွေဟာ လူတောမတိုးရဲ၊ သူတောမတိုးရဲနဲ့။

ဟိုလူမြင် ရှောင်ရ၊ ဒီလူမြင် ရှောင်ရနဲ့ ခေါင်းကို မဖော်ရဲ။ ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး သူတို့ဘဝ သေနေပြီပဲ။

ကိုယ်က ဘာလို့ သွားသတ်ရမလဲ။





မောင်သူရကတော့ လူလိမ်တစ်ယောက်ကို ခွင့်လွှတ် လိုက်ရင် လိမ်လည်မှုကို အားပေးရာ ရောက်မယ်။

အဲဒီ မြတ်ဝေဆိုတဲ့ကောင်ကို ဆက်ပြီး လိမ်ခွင့်မရ အောင် သတ်ပစ်ရမယ်ဆိုပြီး သတ်ပစ်လိုက်တယ်။

တကယ်ဆိုရင် ဘာသတ်စရာ လိုသလဲ။

ကိုယ်က ဒီငွေနှစ်သောင်း အလိမ်ခံရတာနဲ့ မွဲတေသွား တာမှ မဟုတ်ဘဲ။

မောင်သူရ မစဉ်းစားလို့ . . ။

မြင့်ဝေဟာ ပထမဆုံးအကြိမ် နှစ်သောင်းလိမ်ပြီးတာနဲ့ နောက်ကို နှစ်ထောင်ပဲ လိမ်လို့ရမှာပါ။ နောက်ကို နှစ်ရာကနေ နှစ်ဆယ်ပဲ လိမ်လို့ရမှာပါ။

သူ့ဟာသူ သေသွားမယ့်လူကို ဘာဖြစ်လို့ သွားသတ်ရ တာလဲ။ အဲဒီလို မဆင်မခြင်လုပ်တာကို ကျွန်မ သဘောမကျပါ ဘူး။ ကိုယ်က သူ့ကို သွားသတ်တော့ မောင်သူရရဲ့ ဘဝဟာ ဘယ်လောက် ပျက်စီးသွားသလဲ။

သူက ကျွန်းမှာ သွားနေရတယ်။

မသူဇာက နောက်အိမ်ထောင်ပြုတယ်။

မောင်သီဟကလေးခမျာမှာလဲ ပထွေးနဲ့ နေရတယ်။

မိသားစုတစ်ခုလုံး ကစဉ့်ကလျဲကြီးဖြစ်ပြီး အဆုံးတိုင်ပျက် စီးသွားလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေ တစ်ခုပြီးတစ်ခု တက်လာတာ အခု ဆယ့်နှစ်နှစ်ကြာတဲ့တိုင်အောင် မပြီးနိုင်သေးဘူး မဟုတ်လား။

မောင်သူရဟာ သူဌေးသားဖြစ်တယ်၊ ပညာတတ်တယ်ဆိုပေမယ့် လူကြီးလူကောင်းမဆန်ဘူးဆိုတာ အဲဒါကို ပြောတာ။

မောင်သူရရဲ့ စိတ်ဓာတ်က အောက်တန်းကျတယ်။

ကလေးကချေ စိတ်ဓာတ်ရှိတယ်။

အဲဒါတွေ ကျွန်မ မောင်သူရကို သဘောမကျတာဘဲ။

တကယ်ဆို သူ့မှာသာ ခွင့်လွှတ်တတ်တဲ့စိတ်မျိုး ရှိမယ်ဆိုရင် အခုလို သူတို့မိသားစုကလေးဟာ ပြိုကွဲသွားရမှာ မဟုတ်ပါဘူး။

မသူဇာရဲ့ နောက်ယောကျ်ား ကိုကျော်ဇောကျတော့ လူကြီးလူကောင်း သိပ်ဆန်တယ်။ ကိုကျော်ဇော နေတာထိုင်တာကို ကျွန်မ သဘောကျတယ်။

ကိုကျော်ဇောဟာ ဝတ်လုံတော်ရဆိုတော့ တရားခွင်မှာ လျှာရှည်သလား၊ လျှာမရှည်ဘူးလား မသိဘူး။

အိမ်မှာတော့ လျှာမရှည်တာ အမှန်ဘဲ။

မသူဇာနဲ့ စကားပြောရင်လဲ လျှာမရှည်ဘူး။

ကျွန်မတို့နဲ့အပေါ်မှာ စကားပြောရင်လဲ လျှာမရှည်ဘူး။

တစ်ခုတော့ ရှိပါတယ်။





ကျွန်မက နားလေးနေတော့ ကိုကျော်ဇော လျှာရှည်ရင်လဲ သိပ်ကြားရမှာ မဟုတ်ပါဘူး။

နားကလေးပေမယ့် မျက်စိအမြင်အရဆိုရင်တော့ ကိုကျော်ဇောဟာ လျှာသိပ်ရှည်ပုံ မရတာတော့ အမှန်ဘဲ။

ကိုကျော်ဇောဟာ လူပျိုဘဝနဲ့ မသူဇာလို ကလေးတစ်ယောက်အမေကို လက်ထပ်ကတည်းက သဘောထားကြီးတာက တော့ ပေါ်လွင်ပါတယ်။

အိမ်ကလူကြီး ကိုဖိုးထင်ကတော့ ကိုကျော်ဇောကို ငွေမက်လို့ မသူဇာကို လက်ထပ်တာ ဘာသိလဲတဲ့။

ကျွန်မကတော့ ဒီလိုမထင်ပါဘူး။

အမှန်တော့ မသူဇာဟာ ဦးဝဏ္ဏရဲ့သမီးမှ မဟုတ်ဘဲ။

မသူဇာဟာ ဦးဝဏ္ဏရဲ့ ချွေးမဘဲ။

ဦးဝဏ္ဏ စိတ်သဘောထားကောင်းလို့သာ ကျွန်မတို့နေတဲ့ နန်းရှေ့အိမ်ကြီးကို မသူဇာအမည်နဲ့ လွှဲပေးတာကိုး။

တကယ်လို့ ဦးဝဏ္ဏက မသူဇာကို နောက်ယောကျ်ားယူရမလားဆိုပြီး အိမ်ကြီးပေါ်က နှင်ချရင် မသူဇာ ခါးကော့ဆင်းရမှာ မဟုတ်လား။

မသူဇာမှာ ပတ္တမြားတစ်ဆင်ဆာကလွဲလို့ ဘာရှိလို့လဲ။

နဂိုက ချမ်းသာတဲ့သူဌေးသမီးမှ မဟုတ်ဘဲ။

ကိုကျော်ဇောဟာ ဝတ်လုံတော်ရ တစ်ယောက်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စ မသိဘဲ နေပါ့မလား။

မသူဇာမှာ ဘာရှိမလဲ၊ သူက သူဌေးသမီးမှ မဟုတ်တာ။

အဲဒါကြောင့် ကိုကျော်ဇောဟာ မသူဇာကို ယူတာဟာ ငွေမက်လို့ယူတာ ဆိုတာကို ကျွန်မ လက်မခံနိုင်ဘူး။

ကိုကျော်ဇောဟာ ပညာလဲတတ်တယ်။ ရုပ်ရည်က လည်း ခံ့ညားတော့ အပျိုတစ်ယောက်ကို ယူမယ်ဆိုရင် ယူနိုင် ပါတယ်။

ကိုကျော်ဇောဟာ သူဌေးသမီးကို ရနိုင်ပါတယ်။

သူဌေးချွေးမကို ထည့်ပြီး စဉ်းစားစရာ မလိုပါဘူး။

ဒါပေမယ့် ကိုကျော်ဇောဟာ မသူဇာအပေါ်မှာရော၊ မောင်သီဟကလေးအပေါ်မှာရော မေတ္တာထားပုံရပါတယ်။

ကိုကျော်ဇောဟာ ပလူးပလဲ မနေတတ်တော့ မသူဇာကို ရော မောင်သီဟကလေးကိုရော ပလူးပလဲမလုပ်ဘူး။

မှန်တန်းပဲ ဆက်ဆံတယ်။

ဒါပေမယ့် ကိုကျော်ဇောရဲ့ ရင်ထဲမှာတော့ ချစ်နေမှာပါ။

ကိုကျော်ဇောဟာ ပါးစပ်ပြောနဲ့ ချစ်တတ်သူ မဟုတ်ဘူး။ ရင်ထဲက ချစ်တတ်သူ ဖြစ်မှာပါ။

ပြီးတော့ ကိုကျော်ဇောဟာ လူကြီးလူကောင်းပီပီ သူ့ဂုဏ် ဒြပ်နဲ့သူ နေတယ်ထိုင်တယ်။

ကိုကျော်ဇောတို့ ရှေ့နေများဟာ အကျီလည်ပင်း စတစ်





ကော်လာ တပ်ရတယ်။

အဲဒီ အကျီလည်ပင်းပေါက် ကြယ်သီးကို ကိုကျော် ဇောက စိန်ကြယ်သီး လုပ်ထားတာ။

စိန်ကြယ်သီးက တဖျပ်ဖျပ်နဲ့ လက်လက်ထနေတာပဲ။

ပြီးတော့ ကိုကျော်ဇောရဲ့ ညာဖက် လက်သူကြွယ်မှာ စိန်ခြယ်ပတ္တမြားလက်စွပ်ကြီးဆိုတာလဲ ဝင်းဝင်းလက်လက် ဖြိုးဖြိုးပြောင်ပြောင်နဲ့ သိပ်ကြည့်ကောင်းတာပါ။

လူဆိုတာ သူ့ဂုဏ်နဲ့ သူ့ဒြပ်နဲ့ အဲဒီလိုနေရတယ်။ ဒါမှလဲ အများက လေးစားမှာဘဲ မဟုတ်လား။

မောင်သူရကတော့ ဒီလိုမဟုတ်ဘူး။

မိုးကုတ်သူဌေးသားသာ ဆိုတယ်။ သူ့ကိုယ်ပေါ်မှာ ရွှေ ဆိုလို့ မှုးလို့ရှာစရာ မရှိဘူး။

မောင်သူရရဲ့ လက်ပေါ်မှာ နာရီတစ်လုံး ဘယ်တော့မှ မြဲမြဲ စွဲစွဲဝတ်တာ မရှိဘူး။

ဝယ်ပြီး ဝတ်ရင်လဲ ခဏပဲ။

သူငယ်ချင်း တစ်ယောက်ယောက်က လိုချင်တယ်၊ ငွေ ရေးကြေးရေး အခက်အခဲရှိတယ်ဆိုရင် သူ့လက်ထဲက နာရီ ပေးခဲ့တာ။

တစ်ခါတစ်လေ သူ ဝတ်ထားတဲ့ အဝတ်အစားကိုတော့ ချွတ်ပေးခဲ့ပြီး အိမ်ကို စွပ်ကျယ်နဲ့ ပြန်လာတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို စွပ်ကျယ်နဲ့ ပြန်လာရတာကို မောင်သူရက ရှက်တယ် ထင်သလား။ မရှက်ဘူး။

အခုလို ပေးလိုက်ရတာကို ပျော်လို့။

ရယ်မောပြီး ပြန်လာတာ။

ကျွန်မ သဘောမကျတာ အဲဒါတွေပါပဲ။

မသကာ ငွေရေးကြေးရေး အခက်အခဲရှိလို့ အကူအညီလိုတဲ့လူဆိုရင် ငွေထုတ်ပေးလိုက်ပေါ့။

ဘာဖြစ်လို့ ကိုယ့်မှာ ဝတ်ထားတဲ့ နာရီတို့၊ အင်္ကျီတို့ သိက္ခာအကျခံပြီး ထုတ်ပေးရသလဲ။

ဒီအပြုအမူက စေတနာနဲ့ လုပ်တာတော့ မှန်သပေါ့။

ဒါပေမယ့် လူကြီးလူကောင်းဆန်တဲ့ အပြုအမူမှ မဟုတ်တာဘဲ။ ဝတ်တာ စားတာဆိုရင်ကြည့်။ ကိုကျော်ဇောက အမြဲတမ်း မြန်မာဆန်ဆန် ခမ်းခမ်းနားနား သိုက်သိုက်မြိုက်မြိုက်နဲ့ ဝတ်စားတယ်။

ကိုကျော်ဇော ရုံးသွားတဲ့အခါ ဘီအေခေါင်းပေါင်းပြီး ကားနဲ့သွားတာ။ ခေါင်းပေါင်းစ တလူလူနဲ့ သိပ်ကြည့်ကောင်းတာပဲ။ သိပ်ခံ့ညားတာပဲ။

မောင်သူရကတော့ ဒီလိုမဟုတ်ဘူး။

ဘောင်းဘီရှည်နဲ့ ကွမ်းရိုးစင်း ဘလေဇာနဲ့။

တစ်ခါတစ်လေ ခေါင်းစွပ်သိုးမွေးနဲ့ ဂျာကင်နဲ့။





ဘိုကြက်ချေးလိုလို မျောက်လိုလို ကိုရိုးကိုရားနဲ့။

မောင်သူရကို ကြည့်ပြီး ဟိုကဗျာလေးကို ကျွန်မ သွားပြီး သတိရတယ်။

ဘာတဲ့။ ''အင်္ဂလိပ်လို ဒွတ်မတင်ဘဲ ဘွတ်ဖိနပ်ဆင်၊ ဘုရားစင်ရှေ့ ဖိနပ်စီး၊ အဖေကြီးကို အိုင်ဆေးခေါ်၊ မလျော်တဲ့ဗလ'' ဆိုတာလေ။

မောင်သူရက ဘိုကြက်ချေးဆန်တဲ့ လူမျိုးပါ။ ဒါကြောင့် ကျွန်မ သဘောကျတာပေါ့။ ကျွန်မဟာ မောင်သူရနဲ့ ပေါင်းသင်းခဲ့ရတဲ့ မသူဇာကိုလဲ တွေ့ရတယ်။

ကိုကျော်ဇောနဲ့ ပေါင်းသင်းခဲ့ရတဲ့ မသူဇာကိုလဲ တွေ့ရတယ်။

ကျွန်မဟာ မသူဇာတစ်ယောက်တည်းကို နှစ်ကြိမ်ခွဲမြင်ရတာပါ။ မသူဇာဟာ တစ်ယောက်တည်းပေမယ့် မသူဇာ နှစ်မျိုးဖြစ်နေပါတယ်။

မောင်သူရနဲ့ ပေါင်းသင်းနေတဲ့ မသူဇာဘဝက လင်ဆိုးမယား တဖားဖားဘဝပါ။

မောင်သူရတို့ ရန်ကုန်မှာ လူဆိုးဂိုဏ်းနဲ့ ရန်ဖြစ်ပြီး အမှု ဘာတွေဖြစ်နဲ့၊ ဖေဖေကြီးဦးဝဏ္ဏက သူတို့လင်မယားကို ...လေးကို ပြန်ခေါ်ခဲ့ပါတယ်။

မန္တလေးကို ရောက်စတုန်းက လင့်စိတ်ကြောင့် မသူဇာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ပိန်လှီနေတာပဲ။ အဲဒီတုန်းက မောင်သူရဟာ လူသတ်မှုနဲ့ ထောင်ကျမလို ဖြစ်ပြီးမှ လွတ်လာခဲ့တာပဲ။

မန္တလေးကို ရောက်စတုန်းက မသူဇာခမျာ တထိတ်ထိတ် တလန့်လန့်နေရတာ။ ခြံတံခါးကြီး အမြဲပိတ်။ အိမ်မကြီးတံခါးကို လဲ ဂျတစိုက် ပိတ်ရ ဖွင့်ရနဲ့။

ချွတ်ခနဲဆို လန့်ရ ထိတ်ရနဲ့။

မြို့ရှေ့မှာ လူစိမ်းတွေပါလား ဆိုရင်လဲ ရန်ကုန်က လိုက် လာတဲ့ လူဆိုးဂိုဏ်းကလားဆိုတာ ချောင်းကြည့်ရတာ အမောပါ ပဲ။ မောင်သူရကလဲ ကျောက်အရောင်းအဝယ်ကိစ္စအကြောင်း ပြုပြီး ခရီးထွက်ရတာလဲ မကြာခဏဘဲ။

မောင်သူရ ခရီးထွက်တိုင်း မသူဇာခမျာ ရင်တမမနဲ့။ ထမင်းမစားနိုင်၊ ဟင်းမစားနိုင် စောင့်နေရတာ။ မောင်သူရ အိမ်ထဲပြန်ရောက်မှ ဟင်းချနိုင်တာ။

မောင်သူရက လက်မြန်ခြေမြန်သမားဆိုတော့ ဘယ်သူ့ ကို ဓားနဲ့ထိုးခဲ့မလဲ။ ဘယ်သူလဲ မောင်သူရကို ဓားနဲ့ထိုးသွားတ မလဲဆိုတာ အမြဲပူနေရတာ။

လင်ရဲ့မျက်နှာကို မြင်ရမှ မသူဇာ ဟင်းချနိုင်တာ။

မောင်သူရက မိုးကောင်း၊ ကာမိုင်းဖက်ကို ခရီးမထွက်ရ ရင် မန္တလေးမြို့ထဲတွင် သွားတာ တစ်နေကုန်တာ။

တစ်နေရာရာ သွားရင်လဲ မောင်သူရက ကျောက်ချ





တာ။ အိမ်က ထမင်းကို ပြန်စားဖို့ နေနေသာသာ၊ မယားမေ့ သားမေ့နေတာ။

ထမင်းမေ့ ဟင်းမေ့ ဆိုတာကတော့ မောင်သူရအတွက် ရိုးနေပြီ။ တစ်ခါတစ်လေကျရင် မသူဇာက မောင်သူရကို စိတ် မချဘူးဆိုပြီး ကပ်လိုက်သွားတယ်။

ဒီလို ကပ်လိုက်သွားပြန်တော့လဲ မောင်သူရက သူ့ မယားကို သွားလေရာ ခေါ်တာပဲ။

အိမ်မှာ ကျွန်မက ထမင်းတွေ ဟင်းတွေ ကောင်းပေ့ ညွှန့်ပေ့ ချက်ထားပေမယ့် သူတို့လင်မယားက လမ်းဘေး ဆန် ခေါက်ဆွဲဆိုင်၊ မုန့်တီဆိုင်မှာ အဝစားပြီး အိမ်ပြန်လာတော့ ထမင်းမစားနိုင်တော့ဘူး။

လင်မယားနှစ်ယောက်စလုံးက ကလေးစိတ် မကုန် ကြဘူး။ သူတို့နှစ်ယောက် ချစ်ကြတာလဲ အနန္တပါပဲ။ ရန်ဖြစ်ကြ တာလဲ အသဲချိုပါပဲ။

စိတ်လိုရင် မယားကို မောင်သူရက ဖူးဖူးမှုတ်ထားတယ်။ စိတ်မလိုရင် ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ရန်ထဖြစ်တာဘဲ။

စိတ်လိုရင် သူ့မယား အိမ်သာတက်လို့ ကြာတာကအစ စိတ်မချဘူး။ စိတ်မလိုရင် ရေကူးကန်ထဲတောင် တွန်းချခဲ့တာ။ မသူဇာက ရေကောင်းကောင်းကူးတတ်လို့ပေါ့။

အိမ်မှာ ဘီလီယက်ခုံကြီး ရှိပေမယ့် မောင်သူရကတော့



www.burmeseclassic.com

www.burmeseclassic.com



တော့ မှ ဘီလိယက်မထိုးဘူး။

သူ့အပေါင်းအသင်းတွေ တစ်ပြုံတစ်မကြီး ခေါ်လာပြီး အိမ်မှာ ပိုကာဝိုင်းလုပ်တာ။

အဲဒီလိုပိုကာဝိုင်းလုပ်ရင် ကျွန်မကတော့ အလုပ်များသလား မမေးနဲ့ ဇတ်စယ်သလို လုပ်ရတာ။ တော်ကြာ နန်းကြီးသုပ်စားချင်တယ်။ တော်ကြာ ကြာဇံဟင်းခါး စားချင်တယ်၊ လက်ဖက်သုတ်စားချင်တယ်၊ ကြက်သားနဲ့ ပလာတာ စားချင်တယ်နဲ့ တစ်မျိုးပြီးတစ်မျိုး လုပ်ပေးရတာ။

ကိုဖိုးထင်ဆိုတာလဲ ဖဲကျွန်လုံးလုံးဖြစ်ပြီး တော်ကြာ စီးကရက် ဝယ်ပေးရ၊ ကွမ်းယာ ဝယ်ပေးရ၊ အရက်ဝယ်ပေးရနဲ့ အဲဒီလိုပိုကာဝိုင်းလုပ်ပြီးလို့ ပြန်သွားရင်လဲ အိမ်ကို သိမ်းရတာ အမောပါပဲ။

နောက်တော့ ကြာရှည်သည်းမခံနိုင်တာနဲ့ မသူဇာကို ကပ်ပြောရတယ်။

ဖဲဝိုင်းဖြစ်လို့ စားချင်သောက်ချင်ရင် အပြင်က ဝယ်ခိုင်းပါ။ ခေါက်ဆွဲစားချင်သလား၊ မုန့်တီစားချင်သလား၊ အပြင်မှာ အကုန်ရနိုင်တာပဲ ဝယ်ခိုင်းပေါ့။

အဲဒီလိုဆိုပြန်တော့လဲ ဒရိုင်ဘာနာရယန်းကားဟာ ခြံနဲ့ ဈေးချိုကို လွန်းပျံပြေးရတော့တာပဲ။

သူတို့လင်မယားပဲ အအိပ်ပျက် အစားပျက် အလွန်ခံနိုင်တယ်။ ဖဲဆိုရင် မိုးအလင်းကို ရိုက်တာ။





ကျွန်မတို့ လင်မယားက သတိပေးရတယ်။ ဖဲဝိုင်းလုပ်ချင် တခြားမှာ သွားလုပ်ပေါ့။ ဒီအိမ်မှာက ကျောက်အရောင်းအဝယ်လုပ်ဖို့ ငွေရော ကျောက်ရော သိန်းချီရှိတာ။

တကယ်လို့ ဖဲဝိုင်းရှိရင် လူဝင်လူထွက်များပြီး လူစိမ်းမျက်နှာစိမ်းတွေပါ ပါလာမှာ။

အဲဒီလိုဆိုရင် အိမ်ရဲ့လုံခြုံရေး စိတ်မချရလို့ ကျွန်မတို့ လင်မယားက သူတို့လင်မယားကို ဖျောင်းဖျရတယ်။

ဒီလိုဆိုတော့လဲ ခမျာများ နားထောင်ရှာပါတယ်။ ဖဲဝိုင်းကို ပိတ်ပစ်လိုက်ပါတယ်။ သူတို့လဲ တခြားမှာ သွားကစားတာတွေ ဘာတွေ မလုပ်တော့ပါဘူး။

နောက်တော့ တစ်မျိုးဖွဲ့ဖောက်လာပြန်တယ်။

ဘယ်လိုလဲဆိုတော့ တနင်္ဂနွေနေ့တိုင်း လင်မယားနှစ်ယောက်တွဲပြီး မြင်းပွဲကို ချီတက်ကြပြန်တယ်။

လင်မယားနှစ်ယောက် ဝင်းပလေးနဲ့ မြင်းပြေးလိုက်ကြတာ တော်တော်ရှုံးသွားတယ်ထင်ပါရဲ့။

မိုးကုတ်က အဖေကြီးဦးဝဏ္ဏကိုယ်တိုင် ဆင်းလာပြီး ကြိမ်ရတယ်၊ လာပြီး အကြိမ်းမြန်ပေလို့ နို့မဟုတ်ရင် မောင်သူရက မြင်းတွေဘာတွေ မွေးမလို့ ခြံထဲမှာ မြင်းဇောင်းဆောက်ဖို့ နေရာတွေ ဘာတွေတောင် ရွေးပြီးနေပြီ။

မြင်းမွေးပြီး မြင်းလောင်းမှာတဲ့။ တကယ့်အလုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အကိုင်ကြီးပါပဲ။ မသူဇာဟာ မောင်သီဟကလေးကို ကိုယ်ဝန်ရှိတော့ တော်တော်ငြိမ်သွားတယ်။ မောင်သူရလဲ သားရှူးရှူးပြီး အိမ်ကို ကပ်တော့တယ်။

သူတို့ဘဝမှာ အဲဒီလိုပျော်ပျော်ရွှင်ရွှင်နေရတာ နှစ်နှစ်တောင် မကြာဘူး။ မောင်သူရ မြတ်ဝေဆိုတဲ့ လူလိမ်ကို ဓားနဲ့ထိုးသတ်လို့ အမှုဖြစ်ပါလေရောလား။

မသူဇာခမျာ လင်ဆိုးမယား တဖားဖားဘဝကို ချက်ချင်းပြန်ရောက်သွားတာပါ။

ယော ကိုကျော်ဇောနဲ့ အိမ်ထောင်ပြုတော့ မသူဇာရဲ့ဘဝဟာ နတ်ရေကန်ထဲဆင်းပြီး ပြန်မွေးလာသလို စည်းစိမ်တိုးလာတော့တယ်။ လင်ကောင်းမယား စည်းစိမ်ပွားဆိုတာလို မသူဇာကို တစ်သွေးတစ်မွေး ဖြစ်လာတယ်။

မသူဇာဟာ လှတော့လှပါရဲ့။ မောင်သူရနဲ့တုန်းက ပိန်ကပ်ကပ်နဲ့။ အမြဲစိုးရိမ်ထိတ်လန့်နေရသလို မျက်လုံးက ကျီးကန်းတောင်းမှောက် ဖြစ်နေတာ။

ကိုကျော်ဇောနဲ့ကျတော့ မင်းကတော် စိုးကတော်ရုပ်မျိုး ဖြစ်လာတယ်။ လူတွေက ဝတ်လုံတော်ရကတော် ဝတ်လုံတော်ရကတော်နဲ့ ဖြစ်လာတယ်။

မောင်သူရနဲ့တုန်းက မသူဇာကို ဘယ်သူမှ သူဌေးကတော်လို့ မခေါ်ပါဘူး။





တကယ်တော့ မောင်သူရက မိုးကုတ်သူဌေးမှ မဟုတ်ဘဲ။ မောင်သူရက မိုးကုတ်သူဌေးရဲ့သားပဲ။

မောင်သူရက မိုးကုတ်သူဌေးမဟုတ်တော့ မသူဇာလဲ သူဌေးကတော် မဟုတ်ဘူး။ သူဌေးချွေးမဘဲ ဖြစ်နေသေးတယ်။

တကယ်တော့ မောင်သူရဟာ သူ့ခြေထောက်ပေါ် သူရပ်တည်နိုင်သေးတာ မဟုတ်ပါဘူး။ စီးပွားရေးလဲ ဘာမှ နားမလည်သေးဘူး။

သူ့မှာ ပျော်မယ်၊ ပါးမယ်၊ ကစားမယ်၊ စားမယ်၊ ဒါပဲ ရှိတယ်။ ကိုကျော်ဇောကတော့ သူ့ခြေထောက်ပေါ်မှာ သူရပ်တည်နေတဲ့ ဝတ်လုံတော်ရ။

ကိုကျော်ဇောက အိမ်သားတွေကို သိပ်ညှာတာ။

ဥပမာဆိုရင် အိမ်ကို အမှုသည်တွေ မလာစေရဘူး။ ဧည့်သည်တွေလာရင် ဧည့်ဝတ်ကျေရမယ် မဟုတ်လား။

အိမ်သားတွေ အထူးသဖြင့် ကျွန်မတို့ မီးဖိုချောင်က လူတွေ ဧည့်ခံရမယ် မဟုတ်လား။

အဲဒီတော့ ကိုကျော်ဇောဟာ ဘယ်အမှုသည်ကိုမှ အိမ်ကို မလာခိုင်းဘူး။ သူ့ရဲ့ရှေ့နေရုံးခန်းမှာဘဲ တွေ့ဆုံဆွေးနွေးတယ်။ တခြားဧည့်သည်တွေဆိုရင်လဲ အိမ်ကို အလည်လာတယ်။ ကိုကျော်ဇောရဲ့ တစ်ဦးတည်းသော ဧည့်သည်ကတော့ အမှုလိုက် ပုလိပ်အရာရှိတစ်ယောက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညှို့သည်နဲ့ ဘီလီယက်ထိုးတယ်။ အရက်သောက်တယ်။ ကိုကျော်ဇောဟာ ဘယ်လောက် လူကြီးလူကောင်းဆန်သလဲဆိုရင် မျက်နှာဖြူအရာရှိတွေ ကစားတဲ့ ဂေါက်သီး ကစားတယ်။

ညနေဖက်ဆိုရင် ဂေါက်သီးအိတ်ကို ကားထဲထည့်ပြီး ဂေါက်ကွင်းကိုသွားတာ ကြည့်ရတာ သိပ်ပြီး ကျက်သရေရှိပါတယ်။ တစ်ခါတစ်ခါကျရင် မသူဇာနဲ့ မောင်သီဟကလေးကို ဂေါက်ကွင်းကို ခေါ်သွားလေ့ရှိတယ်။

မောင်သူရကတော့ အားကစားဆိုရင် တစ်နေကုန် ရေကူးတာပဲ။ ရေကူးကန်ဘောင်မှာ သော့တံဆိပ်တို့၊ လက်ဝါးတံဆိပ်တို့ ဘီယာပုလင်းတွေ စီထား။

ရေတစ်ခါကူးပြီး ရေကန်ဘောင်နားကပ်ရင်း ဘီယာပုလင်း ဖောက်ပြီး သောက်တော့တာပဲ။

ဘီယာသောက်ပြီးရင် ရေကူး၊ ရေကူးပြီးရင် ဘီယာ သောက်နဲ့ တကယ့်ရေမြင်းကြီး၊ ကျွဲကြီးကျနေတာပဲ။

တစ်ခါတစ်လေ မကြီးမငယ်နဲ့ ရေကူးကန်ထဲကို ဒိုင်ဗင် ထိုးချတတ်တယ်။

မောင်ကျော်ဇောကတော့ ဒါမျိုးဆိုရင် ဝေလာဝေးပဲ။ ကိုကျော်ဇောက ဘယ်တော့မှ ရေကူးတာ မတွေ့ဘူး။ ရေမကူးတတ် လို့လားတော့ မသိဘူးပေါ့။





ကိုကျော်ဇောက တည်တည်ခံ့ခံ့နဲ့ အေးအေးဆေးဆေး နေတော့ မောင်သူရနဲ့တုန်းကလို မသူဇာက ဆတ်စလူးထပြီး ဟိုသွားဒီလာ မလုပ်ရတော့ဘူး။

ကိုသူရက သူ့ရုံးချိန်မှာ အပြင်သွားတယ်။ ရုံးက ပြန်လာရင် ဂေါက်သီးရိုက်သွားတယ်။

စနေ၊ တနင်္ဂနွေ ရုံးအားရက်မှာ မသူဇာတို့ သားအမိကို ဘုရားတွေ ဘာတွေ လိုက်ပို့၊ ဘိုင်စကုတ်တွေ ဘာတွေ လိုက်ပြတယ်။

ကိုကျော်ဇောက ညလုံးပေါက်ပွဲကြည့်တာကိုတော့ မကြိုက်ဘူး။ အလှူအတန်း၊ မင်္ဂလာဆောင်တို့ ဘာတို့ သွားစရာမရှိရင် မိသားစုနေ့ဘဲ။

အဲဒီနေ့မှာ ထိုနေ့မှာ ကိုကျော်ဇော ဘယ်မှမသွားဘူး။ အိမ်မှာ တစ်နေ့လုံး နေတယ်။ စားစရာ သောက်စရာ ဆန်းဆန်းကိုလဲ လုပ်ခိုင်းတယ်။

ဥပမာ အုန်းနို့ခေါက်ဆွဲတို့၊ မုန့်တီတို့လိုဟာမျိုးပေါ့။ အဲဒီလိုနေ့မျိုးမှာဆိုရင် ဓာတ်စက်တွေ ဘာတွေဖွင့်ပြီး နားထောင်တယ်။ မသူဇာကိုလဲ စန္ဒရားတီးခိုင်းတယ်။

မောင်သူရကတော့ စန္ဒရားတီးပေမယ့် ကိုကျော်ဇောကတော့ စန္ဒရားမတီးတတ်ဘူး။

အဲဒီနေ့မှာဆိုရင် ကိုကျော်ဇောက မသူဇာနဲ့ရော



www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟကလေးနဲ့ပါ တစ်နေ့လုံး စကားထိုင်ပြောတယ်။

အိမ်တွင်းရေးကိစ္စ စီစဉ်တယ်။ ဘယ်မှ မသွားဘူး။ ဂေါက်သီး ရိုက်လဲ မသွားဘူး။

ကိုကျော်ဇော မြင်းပွဲသွားတာကိုလဲ တစ်ခါမှ မတွေ့ဘူး။ ဖဲလဲ ကိုကျော်ဇော ရိုက်တာ တစ်ခါမှမတွေ့ဖူးဘူး။

ကိုကျော်ဇောက စည်းနဲ့ကမ်းနဲ့ နေတတ်တယ်။

စကားပြောရင်လဲ အေးအေးဆေးဆေး အချက်အလက်နဲ့ ပြောတတ်တယ်။ ညင်ညင်သာသာလဲ ရှိတယ်၊ ရှေ့နေမို့ စကားပြောကောင်းသလား မသိဘူး။

ကျွန်မ မှတ်မိသလောက် ကိုကျော်ဇောနဲ့ မသူဇာတို့ ရန်ဖြစ်တာ မရှိဘူး။

တစ်ခါပဲ မောင်သီဟကလေး ဘီးတပ်ကုလားထိုင်နဲ့ ရေကန်ထဲကျမယ်လုပ်တာကို ကိုဖိုးထင်က ဝင်ကယ်တာကို ကိုကျော်ဇော မမြင်ကောင်းရမလားဆိုပြီး မသူဇာနဲ့ ကိုကျော်ဇော စကားများတယ်။

အဲဒီတုန်းက မသူဇာ စိတ်ဆိုးပြီး ရှမ်းပြည်နယ် သာမိုင်းခန်းကို ထွက်သွားတယ်။

အဲဒီတုန်းက ကျွန်မတို့က မသူဇာကို လိုက်ခေါ်ဖို့ တိုက်တွန်းပေမယ့် ကိုကျော်ဇောက သူက မှားတာမဟုတ်လို့ လိုက်မခေါ်နိုင်ဘူးဆိုပြီး မယောကျ်ားပီပီ နေပြလိုက်တယ်။





နောက်မှ မသူဇာ မနေနိုင်ဘဲ သာမိုင်းခန်းက ပြန်လာတယ်။

ကိုကျော်ဇောက မောင်သီဟကလေးရေထဲကျမယ့်ဟာ မမြင်ရကောင်းလားလို့ မသူဇာက စိတ်ဆိုးပေမယ့် ကိုကျော်ဇောက မောင်သီဟကို ကိုက်မယ့် မြွေဟောက်ကြီးကို ဘိလိယက်ထိုးတံ့အတံနဲ့ ရိုက်သတ်ပေးတုန်းက မသူဇာက ကျေးဇူးတင်စကားတောင် ဆိုရဲ့လား မသိဘူး။

မောင်သီဟကလေးကို အိမ်မှာလာပြီး စာသင်ပေးတဲ့ ဆရာမအင်ဂျလာကတောင် ကိုကျော်ဇောဟာ သူ့အသက်ကို ပဓာနမထားဘဲ မြွေဟောက်ရန်က မောင်သီဟကလေးကို ကယ်တင်တာကို ပြောပါသေးတယ်။

ဆရာမအင်ဂျလာဟာ ဘိုကပြားပေမယ့် ကိုကျော်ဇောကို လူကြီးလူကောင်းဆန်ကြောင်း သိပါတယ်။

မောင်သူရရဲ့မိန်းမ မသူဇာ ဘဝတုန်းက ဖပ်သီဖပ်သီနှင့် ငါးရံ့ပြာလှုံးဖြစ်နေရတဲ့ မသူဇာဟာ ကိုကျော်ဇောရဲ့ဇနီး မသူဇာဘဝ ရောက်တော့ သိပ်ပြီး တည်ငြိမ်သွားပါတယ်။

အင်မတန် ရင့်ကျက်ပြီး အေးဆေးတဲ့ အမူအရာတွေ ပေါ်လာတယ်။ ခံ့ခံ့ထည်ထည် ဝဝဖြိုးဖြိုးနှင့် စည်းစိမ်တွေ တိုးလာတယ်။

ကိုကျော်ဇောနဲ့ မသူဇာတို့ဟာ ဒီလိုပဲ အသက်ဆက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသွားကြမယ်လို့ ကျွန်မ ထင်ခဲ့တယ်။

ဒီလင်ဒီမယားနဲ့ အသက်ထက်ဆုံး ပေါင်းသွားရပါစေလို့လဲ ဘုရားရှိခိုးတိုင်း ကျွန်မ ဆုတောင်းခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ထမင်းချက်ရတဲ့လူ၊ အိမ်ဖော်လုပ်ရတဲ့ လူတွေရဲ့ ဘဝဟာလဲ အိမ်ကြီးရှင်တွေရဲ့ အိမ်ထောင်ရေးသာယာမှ စိတ်ပျော်ရွှင်ရတာပါ။

အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာဆိုတဲ့ စကားဟာ မယုံမရှိနဲ့ ကျွန်မတို့ ကိုယ်တွေ့ရှင့်။

မောင်သူရနဲ့တုန်းက ဒီအတွေ့အကြုံရခဲ့တာ။

မောင်သူရကို လူသတ်မှုနဲ့ တရားစွဲတုန်းကဆိုရင် ကျွန်မတို့ ဘယ်စိတ်ချမ်းသာရမလဲ။

အခု ကိုကျော်ဇောနဲ့ကျတော့ အိမ်ထောင်ရေးသာယာတော့ ကျွန်မတို့ မီးဖိုချောင်လဲ သာတာပေါ့။

ဒါပေမယ့် ကျွန်မ ဆုတောင်းမပြည့်ပါဘူး။

တစ်ကျွန်းမှာ ထွက်ပြေးဖို့ ကြိုးစားရင်း သေသွားပြီဆိုတဲ့ မောင်သူရဟာ စုတ်စုတ်ပြတ်ပြတ်နဲ့ ဘွားခနဲ ပြန်ပေါ်လာပါတယ်။

မောင်သူရကို ပထမတွေ့တုန်းက သရဲခြောက်တာလားတောင် အောက်မေ့ပြီး ကျွန်မ ဣတိပိတော်တွေ ဘာတွေရွတ်ရသေးတယ်။





နောက်မှ သတိရတယ်။ မောင်သူရ သေလို့ သရဲခြောက်တယ်ဆိုရင် သေခါစတုန်းက ခြောက်ရမှာပေါ့။

အခုလို ဆယ်နှစ်ဆယ့်နှစ်နှစ်ကြာပြီးမှ သရဲခြောက်မလားစဉ်းစားမိတယ်။ မောင်သူရလဲ ရောက်လာရော ကိုကျော်ဇောနဲ့ မသူဇာတို့ရဲ့ သာယာတဲ့ အိမ်ထောင်ကလေးဟာ ပွက်ပွက်ညံတော့တာပါပဲ။

မောင်သူရက မသူဇာနဲ့ ပြန်ပေါင်းချင်သတဲ့။ ကိုကျော်ဇောကို အိမ်ကြီးပေါ်မှ ဆင်းပေးရမယ်လို့ ပြောသတဲ့။

သူတို့ချင်း ကျိတ်ကျိတ်နှင့် အကြိတ်အနယ် ပြောနေကြတာတွေကို ကျွန်မက နားလေးလို့ မသိပါဘူး။ ဒါပေမယ့် ကိုဖိုးထင်က ပြန်ပြောလို့ သိရတာပါ။

ဒါကို ကိုကျော်ဇောက လက်မခံဘူးတဲ့။ သာယာတဲ့ အိမ်ထောင်ကလေးကို ကိုကျော်ဇောက အကွဲမခံနိုင်ဘူးတဲ့။

အောင်မယ်လေး . . လေး။ ကြားရတာ မသက်သာလှပါဘူးရှင်။ မသူဇာကတောင် ကိုသူရနဲ့ ပြန်ပေါင်းချင်လို့ ကိုကျော်ဇောကို ကွာရှင်းပေးဖို့ ပြောနေသတဲ့။

မသူဇာဟာ တော်တော်မိုက်တဲ့ မိန်းမပါဘဲ။ ကိုကျော်ဇောနှင့်နေရတာ ဒီလောက်အေးချမ်းရဲ့သားနဲ့။

ပူလောင်ပူလောင် မောင်သူရနဲ့ ဘာဖြစ်လို့များ ပြန်ပေါင်းချင်ရသလဲ မသိပါဘူး။ သိပ်ခက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မောင်သူရကို မသူဇာက ဘာဖြစ်လို့များ ပြန်ပေါင်းချင်ရတာလဲ။ ကျွန်မ ကြားဖူးတဲ့ ပုံပြင်ထဲကလို မိန်းမမျိုးထင်ပါရဲ့။

တစ်ခါတုန်းက မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက် ရှိသတဲ့။

ယောကျ်ားက အရက်သောက်၊ ဖဲရိုက်ပြီး ဘာအလုပ်မှ မလုပ်ဘဲ မိန်းမထဘီနား ခိုစားနေသတဲ့။

ဒါတင်မကဘူး၊ ယောကျ်ားက အရက်မူးလာရင် သူ့မိန်းမကို ကျွဲရိုက်နွားရိုက် ရိုက်တာတဲ့။

သူ့လင်က ဘယ်လောက်ရိုက်ရိုက် အဲဒီမိန်းမက သူ့လင်ကို မကွာနိုင်ဘူးတဲ့။ တစ်နေ့ကျတော့ အရက်သမား၊ ဖဲသမားလင်ဟာ သေသွားပါလေရော။ ရပ်ရွာကတော့ အဲဒီမိန်းမကို သနားပြီး သူ့ယောကျ်ား သေသွားတာကို ဝမ်းသာသတဲ့။

ဒီမိန်းမ ဒါမှ ဝင့်ကျွတ်ပြီလို့ ရပ်ရွာက ယူဆသတဲ့။

ဒါပေမယ့် အဲဒီမိန်းမကတော့ အလွန်အရိုက်ကြမ်းတဲ့ သူ့လင်ကိုပဲ သတိရနေသတဲ့။

တစ်ခါမှာတော့ အဲဒီမိန်းမဟာ ဈေးရောင်းသွားရင်း အုန်းပင်တစ်ပင်အောက်ကို ဖြတ်သွားသတဲ့။

အဲဒီအချိန်မှာ အုန်းသီးက အဲဒီမိန်းမရဲ့ ကျောကုန်းပေါ်ကို ပြုတ်ကျတာ အဲဒီမိန်းမ တော်တော်နာသွားသတဲ့။

ပတ်ဝန်းကျင်က လူတွေကတော့ အုန်းသီး ပြုတ်ကျခံ





ရတဲ့ မိန်းမကို သနားနေတာပေါ့။

ဒါပေမယ့် အဲဒီမိန်းမက ဘယ်လိုအော်ငိုသလဲဆိုတော့

''အောင်မယ်လေး . . အုန်းသီးပြုတ်ကျတာ ကျွန်မယောကျ်ား ရိုက်တာနဲ့ သိပ်တူတာပဲ၊ သွားလေသူကြီးကို သတိရလိုက်တာ''လို့ ပြောသတဲ့။

အခု မသူဇာကလဲ သည်ပုံသည်နည်းပဲ ထင်ပါရဲ့။

မောင်သူရနဲ့ ပေါင်းနေတုန်းက ဖပ်ဖပ်မောခဲ့ရတာကို မသူဇာ ပြန်ပြီး သတိမရဘူးလား။

မောင်သီဟကလေး ပထွေးနဲ့ နေရမှာစိုးလို့ မသူဇာက အဖေအရင်းဖြစ်တဲ့ မောင်သူရနဲ့ ပြန်ပေါင်းချင်သတဲ့။

မောင်သူရနဲ့ ပြန်ပေါင်းတာက ဟုတ်ပါပြီ။ အိမ်ထောင်သက် က ဘယ်လောက်ကြာမှာလဲ။

မောင်သူရက သူ့ဖောက်သည်ဖြစ်တဲ့ အကျဉ်းထောင်ကို ပြန်မသွားတော့ဘူးလား။

ဒီလောက် လက်မြန်ခြေမြန်နဲ့လူဟာ နောက်ထပ် ခါးထိုးမှု မဖြစ်တော့ဘူးလား။

နောက်ထပ် လူသတ်မှု မဖြစ်တော့ဘူးလား။

ကိုဖိုးထင်ကတော့ သူ့တူ မောင်သူရဘက်ကပဲ။ သူ့ကို မောင်သူရ ထိုးကြိတ်ဖူးတာကိုတောင် သူက အမှတ်သညာ ခြေရှိတာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ကတော့ ဘယ်တော့မှ မကျေနိုင်ဘူး။

ကိုကျော်ဇောက မောင်သီဟရဲ့ ပထွေးပေမယ့် အဖေရင်း မောင်သူရထက်ပိုပြီး မောင်သီဟကလေးရဲ့ နောင်ရေးကို ဆောင်ရွက် ပေးနိုင်လိမ့်မယ်လို့ ကျွန်မ ထင်တယ်။

မောင်သီဟကလေးအတွက် သူရကို ဖအေတော်ရတာ ထက် ကိုကျော်ဇောကို ဖအေတော်ရတာက ပိုပြီးစိတ်အေးရမယ် ထင်တယ်။ ပိုပြီးကောင်းမယ် ထင်တယ်။

အမှန်တော့ အခုနေအချိန်မှာ မောင်သီဟကလေးက ကိုကျော်ဇောကို သူ့အဖေအရင်းလို့ ထင်နေတာ။

ခေါ်တာတောင် ဖေဖေလို့ ခေါ်နေတာ။ သူက ကိုသူရကို သူ့အဖေဆိုတာ လက်ခံနိုင်ပါ့မလား။

ထားပါ . . ဒါက သူတို့ရွေးချယ်ရမယ့် လမ်းဘဲ။

သူတို့ကိစ္စပဲ။ ကျွန်မတို့နဲ့ ဆိုင်တာမှ မဟုတ်ဘဲ။

ကျွန်မတို့ အလုပ်က အိမ်ကြီးရှင်တွေ လျှာရင်းမြက်ဖို့ ဘာ ဟင်းချက်ရမလဲဆိုတာ စဉ်းစားရမှာပေါ့။

ဒါတွေ ဦးနှောက်ခြောက်ခံပြီး စဉ်းစားစရာမလိုပါဘူး။

ဒါပေမယ့် ကျွန်မပြောတာ မမှန်ဘူးလား။ အခု ဘာဖြစ် ကုန်ပြီလဲ။ ကိုကျော်ဇောက မသူဇာကို ကွာမပေးနိုင်ဘူးတဲ့။ ငြင်း ဆန်ရော၊ မသူဇာ သေရပြီ မဟုတ်လား။

ဒါ ဘယ်သူ့လက်ချက်လဲ မေးစရာလိုနေသေးလား။





စုံစမ်းစရာ လိုနေသေးလား။

အဲဒီ မသူဇာ သေမယ့်ညနေက မောင်သူရ ဒီအိမ်ကြီးကို ရောက်လာတာ ကျွန်မ ညစာထမင်းပွဲပြင်နေတုန်း မြင်ရသားပဲ။

မောင်သူရ စန္ဒရားခုံကထသွားတာ ကျွန်မ ကောင်း ကောင်း မြင်ရပါတယ်။

မလွဲနိုင်ပါဘူး။ ကျွန်မက နားသာမကောင်းတာ။ မျက်လုံး ကောင်းပါတယ်။

မောင်သူရမှ မောင်သူရ အစစ်ပါ။

မောင်သူရ စန္ဒရားခုံပေါ်ထိုင်ပြီး စန္ဒရားတီးသလား၊ မတီး ဘူးလားဆိုတာတော့ ကျွန်မ မသိဘူး။

ကျွန်မက နားလေးနေတာပဲ။ ဘယ်လိုလုပ် စန္ဒရားသံ ကြားရမှာလဲ။ မောင်သူရ အပေါ်ထပ်ကို တက်သွားသလား မသွားဘူးလားဆိုတာတော့ ကျွန်မ မသိဘူး။

အပေါ်ထပ်က ဆင်းလာတာကို စန္ဒရားခုံက ထသွား တယ်လို့ ထင်သလားဆိုရင် အပေါ်ထပ်က ဆင်းလာတာနဲ့ စန္ဒရားခုံက ထသွားတာက တခြားစီပါ။

စန္ဒရားခုံက ထမင်းစားခန်းနဲ့ တည့်တည့်ရှိတာ။

အပေါ်ထပ်တက်တဲ့ ပွတ်လုံးလှေကားကြီးက အိမ်ခြေ ရင်းဘက်မှာဆိုတော့ ထမင်းစားခန်းကနေကြည့်ရင် မမြင်ရဘူး။

တကယ်လို့ မောင်သူရအပေါ်ထပ်က ဆင်းလာတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်လဲ ကျွန်မရှိနေတဲ့ ထမင်းစားခန်းက မမြင်ရနိုင်ဘူး။

ဒါတောင် ဒီနေ့လိုက်ကာတွေ ဒိုဘီပေးဖို့ ဖြုတ်ထားတုန်း အသစ်ပြန်မတပ်ရသေးလို့ မြင်ရတာ။

မောင်သူရ စန္ဒရားခုံက ထသွားတာကို ကျွန်မ မြင်တာက တော့ သေချာပါတယ်။

တစ်ခုတော့ ရှိပါတယ်။ စန္ဒရားခုံမှာ မထိုင်မီကတည်းက မောင်သူရ အိမ်အပေါ်ထပ်က မသူဇာရဲ့အခန်းကိုသွားရင်တော့ ကျွန်မ သတိမထားမိလို့ မသိဘူးလို့ ဖြေရမှာပါပဲ။

ပြီးတော့ မောင်သူရက အိမ်ပေါ်က ဆင်းလာပြီးမှ စန္ဒရား ခုံမှာ ဝင်ထိုင်တာလားဆိုရင်လဲ ကျွန်မ မသိနိုင်ပါဘူး။

ဒါကြောင့် မသိဘူးလို့ ဖြေရမှာဘဲ။

ကိုကျော်ဇောနဲ့ မသူဇာတို့ ညနေ သုံးနာရီလောက်က ရန်ဖြစ်တဲ့အသံလဲ ကျွန်မ မကြားမိပါဘူး။

ကျွန်မက နားလေးနေတော့ မကြားနိုင်ပါဘူး။

ကျွန်မစိတ်ထင် ပြောရရင်တော့ ရန်ဖြစ်မယ်မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ကိုကျော်ဇောနဲ့ မသူဇာတို့ လင်မယားဟာ သိပ်ပြီး အပေးအယူမျှတဲ့ လင်မယားပဲကိုး။



[၆]

တစ်နေ့မှာ ကျွန်တော်နဲ့ မိတ်ဆွေကြီး အိုင်အိုမင်း အောင်တို့ဟာ မန္တလေးကို တာဝန်တစ်ခုနဲ့ ရောက်သွားကြတယ်။

သွားရတဲ့ အကြောင်းက ခပ်ဆန်းဆန်းပါ။

ပြောရရင် ရယ်စရာတောင် ကောင်းနေမလား မသိဘူး။

မန္တလေးမှာ သီတင်းသုံးပြီး မြန်မာပြည်အနှံ့ သာသနာပြု နေတဲ့ ရသေ့ကြီး ဦးခန္တီဆိုတာ ရှိတယ်မဟုတ်လား။

ဟိုတုန်းက ပုပ္ပါးတောင်ကလပ်ပေါ် လူတွေတက်ရတာ ဒီအတိုင်း ကုပ်ကပ်တက်ရတာ။ နွယ်ကြိုးတွေဆွဲပြီး တက်ရတာ။ ရသေ့ကြီးဦးခန္တီက သံတန်ဆောင်း ဆောက်ပေးလို့ လူတွေ လွယ်လွယ်ကူကူ တက်နိုင်ကြတာကလား။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတောင်လဲ အဲဒီလိုပါပဲ။

ရသေ့ကြီးဦးခန္တီကြောင့် သာသာယာယာဖြစ်ပြီး ဘုရားဖူးတွေ စည်ကားနေတာ မဟုတ်လား။

ရသေ့ကြီးဦးခန္တီဟာ နယ်နယ်ရရ ပုဂ္ဂိုလ်ကြီး မဟုတ်ပါဘူး။

မျက်နှာဖြူဘုရင်ခံ ဆာပာာကုတ်ဘတ်တလာက ဦးခန္တီကို လေးစားပြီး ဦးခန္တီဆီ မသွားမီ အိမ်ကတည်းက ဦးထုပ် ချွတ်သွားသတဲ့။

အခုတော့ ဘယ်ကနေ ဘယ်လိုဖြစ်သလဲ မသိဘူး။ သီပေါမင်းဟာ ရတနာဂီရိကို ပါမသွားဘဲ ရသေ့ကြီး ဦးခန္တီယောင်ဆောင်နေတာတဲ့။

အင်္ဂလိပ် အစိုးရက ဦးခန္တီဟာ သီပေါမင်း ဟုတ်မဟုတ်စုံစမ်းပါဆိုပြီး ကျွန်တော်တို့ အင်းစိန် စီအိုင်ဒီကို ဘုရင်ခံက တာဝန်ပေးသဗျ။

ဒါနဲ့ ကျွန်တော်နဲ့ မိတ်ဆွေကြီးအိုင်အိုမင်းအောင်တို့လဲ မန္တလေးကို ထွက်လာခဲ့ရတာခင်ဗျ။ ပြီးတော့ ရှိသေးတယ်။

ရသေ့ကြီးဦးခန္တီဟာ ဒီလောက်ဘုရားတွေပြင်၊ ကျောင်းတွေဆောက်၊ ရေကန်တွေတူး၊ တန်ဆောင်းပြသာဒ်တွေ ဆောက်နေတာ အလှူခံတဲ့ငွေ အစစ်လား၊ ဒါမှမဟုတ် ရသေ့ကြီးဦးခန္တီဟာ ငွေစက္ကူအတု လုပ်နေသလားဆိုတာ စုံစမ်းရမယ်တဲ့။

ကျွန်တော်နဲ့ မိတ်ဆွေကြီး ကိုမင်းအောင်တို့ဟာ လူဆိုး





ဓားပြတွေကို လိုက်လံဖမ်းဆီး ဖော်ထုတ်ရတဲ့အခါတုန်းက နောက်မတွန့်ခဲ့ပါဘူး။

ဘယ်လောက်ပဲ ဆိုးပါတယ်ဆိုသူ လူဆိုးတွေကိုလဲ ရင်ဆိုင်ခဲ့တာပဲ။

အခုလို သူတော်ကောင်း သူမြတ်လောင်း ရသေ့ကြီး ဦးခန္တီကို စုံစမ်းရမယ်ဆိုတော့ ကျွန်တော်တို့ လုပ်ရမယ့် လုပ်ငန်းကို အတော်ပဲ စိတ်ကုန်သွားတယ်။ လုပ်နေရတာကိုလဲ လိပ်ပြာမသန့်ဘူး။ အိုင်အိုမင်းအောင်ကတော့ ပြတ်သားပါတယ်။

အလုပ်ပြုတ်လျှင် ပြုတ်ပါစေ။

သူတော်ကောင်းကို မစော်ကားနိုင်ဘူးဆိုပြီး ရသေ့ကြီး ဦးခန္တီရဲ့ ကောင်းမှုတွေ ဒါနရှင်းတမ်းထုတ်ပြီး ဒီလောက်သိန်းပေါင်းများစွာ အကုန်ခံပြီး အဆောက်အဦးတွေ ဆောက်ဖို့ ငွေသုံးစွဲတာ ငွေစက္ကူအတုလုပ်ရင် တစ်ကြိမ်တစ်ခါတော့ ဖမ်းမိရမှာဘဲ။

မဖမ်းမိတာဟာ မြန်မာလူမျိုးတွေက သဒ္ဓါတရားထက်သန်စွာ လှူဒါန်းလို့သာ ဖြစ်တယ်လို့ ဦးနှောက်ရှိတဲ့လူတိုင်း စဉ်းစားတတ်ရမယ်ဆိုပြီး အစီရင်ခံစာကြီးတစ်စောင်ကို ရေးတင်လိုက်တယ်။

ဒါပေမယ့် ရသေ့ကြီးဦးခန္တီဟာ သီပေါမင်း ဟုတ်မဟုတ် ဖြေရှင်းခိုင်းသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်တော်တို့က ရသေ့ကြီးဦးခန္တီကို စုံစမ်းဖို့ မန္တလေးကို လာခဲ့ရတာပါ။

ရှင်းပါတယ်ဗျာ။ ပတ္တမြားလိုက်ဂူကို အရောင်မှိန်အောင် လုံ့ ဝက်တွေက သူတို့ရဲ့ ခန္ဓာကိုယ်နဲ့ ပွတ်သပ်တာ ပတ္တမြားလိုက်ဂူ တောင် အရောင်ပိုလက်ရသလိုပါပဲ။

သူတော်ကောင်းဖြစ်တဲ့ ရသေ့ကြီးဦးခန္တီကို ဘယ်လိုပဲ စစ်ဆေးပေမယ့် မသင်္ကာစရာ တစ်စွန်းတစ်စမှ မတွေ့ရပါဘူး။

ကျွန်တော်တို့လဲ မန္တလေးမှာ စတည်းချနေရင်း နန်းရှေ့ က မိုးကုတ်သူဌေးကြီးအိမ်မှာ လူသတ်မှုဖြစ်တာပါပဲ။

အမှုကတော့ ရိုးရိုးလေးပါ။ ဘာမှ မဆန်းပါဘူး။

မိုးကုတ်မြို့က သူဌေးသား ကိုသူရဆိုတဲ့လူဟာ ရန်ကုန်မြို့ မှာ လူသတ်မှုဖြစ်လို့ တစ်ကျွန်းရောက်သွားတယ်။

ကိုသူရ တစ်ကျွန်းက နှစ်စေ့ပြီး ပြန်ရောက်လာတော့ သူ့ရဲ့ဇနီး မသူဇာဟာ ဝတ်လုံတော်ရ ကိုကျော်ဇောနဲ့ လက်ထပ် ထားတယ်။ ကိုသူရနဲ့ မသူဇာတို့မှာ မောင်သီဟဆိုတဲ့ သားက လေးတစ်ယောက် ထွန်းကားခဲ့တယ်။

အဲဒီ သားကလေး မောင်သီဟရဲ့ မျက်နှာကို ထောက်ပြီး ကိုသူရက မသူဇာနဲ့ ပြန်ပေါင်းချင်တယ်။

မသူဇာကလဲ ကိုသူရနဲ့ ပြန်ပေါင်းချင်တယ်လို့ ကိုသူရက ပြောတယ်။ ဝတ်လုံတော်ရ ကိုကျော်ဇောက မသူဇာဟာ ကိုသူ





ရနဲ့ ပြန်ပေါင်းမယ်ဆိုတာ စိတ်နှလုံး တည်ကြည်စွာနှင့် ပေးတဲ့ ဆန္ဒ မဟုတ်ပါဘူးတဲ့။

မသူဇာဟာ ကိုသူရကို အလွန်ကြောက်ရွံ့နေလို့ ပေးတဲ့ ဆန္ဒပါတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုသူရဟာ ငယ်စဉ်တုန်းက အလွန် ဓားသရမ်းခဲ့ပြီး ဓားထိုးမှု မကြာခဏ ဖြစ်တယ်။

ပြီးတော့ ကိုသူရဟာ လူသတ်မှုနဲ့ တစ်ကျွန်းကျဖူးတဲ့လူ တဲ့။ ဝါကယ်လို့ မသူဇာက ကိုသူရကို မယူပါဘူးလို့ ငြင်းဆန် ခဲ့ရင် ကိုသူရ သတ်မှာစိုးလို့ ကိုသူရကို ပြန်ပြီး ယူပါ့မယ်လို့ ထွက် ဆိုရပါတယ်တဲ့။

ကိုကျော်ဇော ပြောတာ မဆိုးပါဘူး။

ဖြစ်နိုင်တဲ့ အလားအလာ ရှိပါတယ်။

မသူဇာဟာ ဘယာဒေါသဆိုတဲ့ သေရမှာကြောက်လို့ ကို သူရကို ပြန်ပြီး လက်ခံတာ ဖြစ်မှာပါ။

ကိုသူရကလဲ လူသတ်မှုနဲ့တောင် ကျွန်းကျဖူးတယ် ဆိုတော့ မသူဇာလို မိန်းကလေးမပြောနဲ့၊ အရပ်ထဲက ယောကျ်ား ရင့်မာကြီးတွေတောင် ကျွန်းပြန်သူရကို ကြောက်ကြမှာဘဲ။ မန္တလေးမှာ အရင်တုန်းကလဲ ကိုသူရဟာ ဓားသူရဆိုပြီး နာမည် ကြီးခဲ့သတဲ့။

အခုတော့ ကျွန်းပြန်သူရကို ဓားသူရထက်ပိုပြီး ကြောက်ကြပေမယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မသူဇာက ကိုသူရနဲ့ ပြန်ပေါင်းမယ်ဆိုပြီး ကိုကျော်ဇောရဲ့ ကွာရှင်းပြတ်စဲခွင့် တောင်းသတဲ့။

အဲဒါကို ကိုကျော်ဇောက မပြတ်စဲနိုင်ဘူးလို့ ပြောသတဲ့။

ဒီဇာတ်လမ်းက ကိုကျော်ဇောက နောက်ဆုတ်ပေးရင် အင်မတန်ကောင်းတဲ့ ဇာတ်လမ်းဖြစ်မှာပါ။

ဘာဖြစ်လို့လဲဆိုတော့ မစွမ်းမသန်ဖြစ်နေရှာတဲ့ မောင်သီဟကလေးလဲ ပထွေးနဲ့ မနေရတော့ဘူး။

ကိုသူရနဲ့ မသူဇာလဲ ပြန်ပေါင်းထုတ်ရမှာပေ့ါ။

အခုတော့ ကိုကျော်ဇောကလဲ နောက်ဆုတ်မပေးနိုင်ဘူး။ ကိုသူရကလဲ ရှေ့တိုးမယ့်လူ။ နောက်မဆုတ်ပေးမယ့်လူနဲ့ ရှေ့တိုးမယ့်လူတို့ဟာ ဘယ်တော့မှ ငြိမ်းချမ်းစွာ ဖြေရှင်းလို့ မရပါဘူး။ ထိပ်တိုက်တိုးရမှာဘဲ။

ရင်ဆိုင်တွေ့ရင် ဘယ်သူ ဖင်ထိုင်မေ့မလဲ ဖြစ်ရမှာပါ။

တကယ်ဆိုရင် ဒီဇာတ်လမ်းမှာ ကိုကျော်ဇောက နောက်ဆုတ်ချင် နောက်ဆုတ်။

ဒါမှ မဟုတ်ရင် ကိုသူရက နောက်ဆုတ်။ ဒါမှ ပြဿနာက ရှင်းမှာ။ အခုလို ရင်ဆိုင်တွေ့လို့ကတော့ ကိုကျော်ဇောလဲ သေမှ၊ ဒါမှမဟုတ် ကိုသူရလဲ သေမှအေးမှာ။

အခုတော့ ဖြန်းခနဲဆို ဇာတ်စင်ပြိုကျသလို ဘာမဆို ညာမဆိုင် ကြားထဲက မသူဇာ သေသွားရတာပါ။





မသူဇာအသတ်ခံရတာကတော့ သူတို့အိမ်ကြီးရဲ့ အပေါ်ထပ်အိပ်ခန်းထဲမှာပါ။ သေဆုံးရတဲ့ အကြောင်းကတော့ လည်ပင်းညှစ်ခံရလို့ လေရှူလမ်းကြောင်းပိတ်ပြီး သေရတာပါ။

ကျွန်တော်နဲ့ မိတ်ဆွေကြီး အိုင်အိုမင်းအောင်တို့ဟာ (၆) မှတ်ဂါတ်တဲက ဌာနအုပ်ကိုငြိမ်းမောင်တို့နှင့်အတူ လိုက်သွားပါတယ်။ အချိန်က ညရှစ်နာရီလောက်ရှိလို့ မှောင်နေပါပြီ။

အခင်းဖြစ်အရပ်က နန်းရှေ့က ၂၆–လမ်းမှာပါ။

မန္တလေးနန်းတော်ကြီးကို မျက်နှာပြုပြီး ဆောက်ထားတဲ့ အိမ်ပါ။ အိမ်ရဲ့ပုံစံက ဥရောပတိုက်ပုံစံ နှစ်ထပ်အိမ်မြင့်ကြီးပါ။

အဲဒီအိမ်ရဲ့ ထူးခြားချက်ကတော့ ဒီအိမ်ကြီးဟာ ဥရောပတိုက်ပုံစံကို ယူပြီး ဆောက်ထားရုံမကဘူး ဒီအိမ်ကြီးမှာ ဥရောပတိုက်သားတွေ နေသွားတယ်ဆိုတာ ဘယ်လိုမှ ငြင်းလို့မရတဲ့ အချက်ပါပဲ။

အိမ်ကြီးကို ရုတ်တရက်ကြည့်ရင် ရဲတိုက်ပုံစံကြီးလို အိမ်မကြီးကနေ ဘေးထုတ်ပြီး ရဲတိုက်ပုံ အစိုင်းထုလုံးနဲ့ အဆောင်ထုတ်ထားပါတယ်။

မြန်မာလိုဆိုရင် သူရဲခိုသဘောမျိုးပေ့ါ။ ပြီးတော့ အိမ်ကြီးမှာ မီးခိုးခေါင်းတိုင်ကြီးရှိတယ်။ မန္တလေးက ဆောင်းတွင်းမှာ သိပ်အေးတာ မဟုတ်ပေမယ့် မီးခိုးခေါင်းတိုင် ထုတ်ထားကာမှ

အဲဒီအိမ်ကြီးရဲ့ ပေါ်တီကိုအောက်မှ ညှော်ခန်းကို တိုက်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



တက်နိုင်ဖို့ မြေနီကားလမ်း ရှိပါတယ်။ ဆင်ဝင်ကြီးအောက်မှ ကားထိုးရပ်လိုက်ရင် အောက်ထပ်ဧည့်ခန်းကို ရောက်ပါတယ်။

ကျွန်တော်နဲ့ ကိုမင်းအောင်တို့လဲ ကားထိုးဆိုက်လိုက်တာနဲ့ ကိုငြိမ်းမောင်နဲ့အတူ အိမ်ကြီးအောက်ဖက် ဧည့်ခန်းထဲကို ဝင်သွားပါတယ်။

ဖုန်းဆက်ပြီး အမှုတိုင်တဲ့ ဝတ်လုံတော်ရ ကိုကျော်ဇောက အောက်ထပ်ဧည့်ခန်းမှာ ကျွန်တော်တို့ကို အသင့်စောင့်နေပါတယ်။

ကိုကျော်ဇောဟာ ဥပဓိရုပ်ခံ့ညားပြီး လူကြီးလူကောင်းဆန်တဲ့ အမူအရာနဲ့ ကျွန်တော်တို့ကို ကြိုဆိုနေပါတယ်။

ကိုကျော်ဇောဟာ ရှေ့နေနှင့် မြန်မာဆန်တဲ့ လူတွေဝတ်လေ့ရှိတဲ့ အင်္ကျီလည်ကတုံး၊ စတစ်ကော်လာအဖြူကို ဝတ်ထားပါတယ်။ ရှေ့နေပီပီ အပေါ်ဆုံး လည်ပင်းကြယ်သီးပေါက်မှာ စိန်အစစ် ကြယ်သီးကို တပ်ထားပါတယ်။

ပြီးတော့ စိန်တွေ ဝန်းရံထားတဲ့ စိန်ခြယ်ပတ္တမြားလက်စွပ်ကြီးကိုလဲ ဝတ်ထားပါတယ်။ ကိုကျော်ဇောဟာ အသက်လေးဆယ်ကျော်ပုံ မပေါ်သေး လူလတ်ပိုင်းအရွယ်ပဲ ရှိပါသေးတယ်။

သူ့အသက်ကို မေးတဲ့အခါကျတော့ သုံးဆယ့်ငါးနှစ်ပဲ ရှိသေးတာ တွေ့ရပါတယ်။ ဒါပေမယ့် သူက လူကြီးလူကောင်းဆန်ဆန် နေထိုင်တော့ သိပ်ပြီးရင့်ကျက်နေပုံရတယ်။





အနေအထိုင်ရဲ့ ခံ့ညားတည်ငြိမ်မှုကို လေးစားပြီး အသက်အရွယ်ကို ပိုပြီးခန့်မှန်းမိတာ။ ကိုကျော်ဇောက ခံ့ညားလွန်းနေတော့ ရှိရင်းကအသက်ထက် ပိုပြီးကြီးနေပြီလို့ ထင်ရတယ်။

ကိုကျော်ဇောက ကျွန်တော်တို့ သုံးယောက်ကို တွေ့တော့ သိပ်ပြီးအားကိုးသွားတဲ့ပုံမျိုး ပေါ်ပါတယ်။

ပြီးတော့ ကျွန်တော့်တို့ကိုလဲ အပြန်အလှန် လေးစားမှုနဲ့ ကြိုဆိုပါတယ်။ မသူဇာဟာ ကိုကျော်ဇောနဲ့ လက်ရှိပေါင်းသင်းနေတဲ့ မိန်းမတစ်ယောက်ပါ။

အခု မသူဇာ သေသွားမယ့် ကိုကျော်ဇောဟာ တည်တည်ငြိမ်ငြိမ်နှင့် ပရိဒေဝကို ဣန္ဒြေသိက္ခာနှင့် ဖုံးဖိထားနိုင်ပုံပါပဲ။

ကိုကျော်ဇောဟာ မယားသေတဲ့ လင်တစ်ယောက်လို ယူကျုံးမရ အပူလုံးကြွပြီး ကသောကကရောက် ဖြစ်နေတဲ့ အမူအရာမျိုး မရှိပါဘူး။

သိပ်ပြီးလေးစားစရာကောင်းအောင် ထိန်းချုပ်ထားနိုင်ပုံပါပဲ။ ကိုကျော်ဇောဟာ ပွတ်လုံးလှေခါးကြီးအတိုင်း ဦးဆောင်ပြီး ကျွန်တော်တို့ကို ခေါ်သွားပါတယ်။

အိမ်အပေါ်ထပ်မှာ အခန်းကြီး လေးခန်းရှိပါတယ်။ ကိုကျော်ဇောတို့လင်မယားက ခေါင်းရင်းဘက်က အပေါ်ထပ်ခန်းမကြီးနှင့် ကပ်လျက်အခန်းမှာ အိပ်ပါတယ်။

မိသားစုနည်းလို့ ကျန်တဲ့သုံးခန်းမှာ ဘယ်သူမှမအိပ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ကိုကျော်ဇောတို့အခန်းကို ဝင်သွားတော့ ကြေကွဲဖွယ်ရာ မြင်ကွင်းတစ်ခုကို ခာတ်မီးရောင်ကြောင့် မြင်ရပါတယ်။

ကြေးဝါပွတ်လုံးခုတင်ကြီးရဲ့ ဖြူဖွေးပြီး တက်တင်းဇာတွေ အမြိတ်ချထားတဲ့ မွေ့ယာကြီးပေါ်မှာ မသူဇာရဲ့ အလောင်းကို တွေ့ရပါတယ်။

ခုတင်ဘေးက စာကြည့်စားပွဲမှာတော့ မီးအုပ်ဆောင်း တစ်ခု ရှိပါသေးတယ်။ ကိုကျော်ဇောက မီးအုပ်ဆောင်းကိုဖွင့်ပေး ပြီး ခုတင်ကို ဆလိုက်ထိုးသလို လုပ်ပေးပါတယ်။

အဲဒီမသူဇာရဲ့ ခုတင်ဘေးမှာတော့ ဘီးတပ်ကုလားထိုင် လေးပေါ်က အသက်ဆယ့်နှစ်နှစ်လောက်ရှိတဲ့ ကလေးတစ် ယောက်ဟာ ခုတင်ကို ခေါင်းစိုက်ပြီး ငိုနေပါတယ်။

ဘီးတပ်ကုလားထိုင်ရဲ့ နောက်မှာတော့ အသက်ခြောက် ဆယ်ခန့် အဘိုးကြီးတစ်ယောက် ရှိပါတယ်။

အဲဒီအဘိုးကြီးက ကာကီရောင် ကျူးနှစ်အကျီကို ဝတ် ထားပြီး အောက်ကတော့ ပုဆိုးကြမ်းကို ခပ်တိုတို ဝတ်ထား ပါတယ်။ ဘီးတပ်ကုလားထိုင်ပေါ်ကနေ ခုတင်ပေါ် မျက်နှာအပ်ပြီး ငိုနေတဲ့ သူငယ်ကလေးက ကိုသူရနှင့် မသူဇာတို့ရဲ့ သားကလေး မောင်သီဟပါ။

ဘီးတပ်ကုလားထိုင်ရဲ့ နောက်မှာ ရပ်နေတာကတော့ အဲဒီ ခြံကြီးရဲ့မာ့လီ ဒါရဝမ်ဦးဖိုးထင်ဆိုတဲ့ အဘိုးကြီးပါ။





မသူဇာဟာ ခုတင်ပေါ်မှာဘဲ အသက်ခံရပုံရတယ်။ မှုခင်း ဖြစ်အရပ်နှင့် သေတဲ့နေရာ တစ်ထပ်တည်း ခေါ်ရမှာပေါ့။ ဘာ ကြောင့်လဲဆိုတော့ အိပ်ယာခင်းတွေဟာ တော်တော်ပဲ တွန့် ကျေနေပါတယ်။

ဒါပေမယ့် သိပ်ပြီး ရှန်းကန်လှုပ်ရှားဖို့ အချိန်တော့ သိပ်မ ရရှာပါဘူး။ မသူဇာရဲ့ဘေးမှာ ထိုးလက်စ သိုးမွေးလုံးနှင့် အပ်များ ကို တွေ့ရပါတယ်။

လည်ပင်းညှစ်ပြီး အသက်ခံရသူတွေရဲ့ ထုံးစံအတိုင်းပါပဲ။ မသူဇာရဲ့ ပါးစပ်ဝမှာ လျှာကလေးတစ်လစ် ဖြစ်နေပါတယ်။ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ပါးစပ်ထဲက လျှာထွက်နေတာ မဟုတ်ပါဘူး။

မသူဇာဟာ သေနေတဲ့အခါမှာတောင် ရုပ်ရည်အလွန် ချောမောတဲ့ မိန်းကလေးတစ်ဦးဆိုတာ သိသာထင်ရှားနေတယ်။ မသူဇာဟာ မန္တလေးကျစ်ပိုးအဝါကလေးနှင့် ဇင်းမယ်လုံချည် ခရမ်းရောင်အပေါင်းကို ဝတ်ထားတာ ဇက်ကျိုးနေပုံပါပဲ။

ပြီးတော့ မျက်လုံးကလေးက မသိမသာပြူးပြီး လည်ပင်း တစ်ဝိုက်မှာ ညိုမည်းနေပါတယ်။

ကျွန်တော်တို့အလောင်းကို သေသေချာချာ ကြည့်လို့ရ အောင် ကိုကျော်ဇောက မောင်သီဟကလေးကို ချော့မော့ပြီး ဘီးတပ်ကုလားထိုင်ကလေးကို အခန်းပြင် တွန်းထုတ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဦးဖိုးထင်လဲ မောင်သီဟကလေးကို ကြည့်ရှုဖို့ အခန်းပြင် ထွက်လိုက်သွားပါတယ်။

ထုံးစံအတိုင်းပဲ ဌာနအုပ် ကိုငြိမ်းမောင်က ကိုကျော်ဇောကို မေးခွန်းတွေ တစ်ခုပြီးတစ်ခု ထုတ်နေတော့တာပဲ။

ကျွန်တော့်ရဲ့ မိတ်ဆွေကြီး အိုင်အိုမင်းအောင်ကတော့ ခုတင်ပေါ်က မသူဇာရဲ့ အလောင်းကို အသုဘကမ္မဌာန်း စီးဖြန်းသလို သေသေချာချာ ကြည့်ရှုစစ်ဆေးနေပါတယ်။

အိုင်အိုမင်းအောင်ဟာ မသူဇာရဲ့ အလောင်းကို ခေါင်းရင်းက ကြည့်လိုက်၊ ခြေရင်းက ကြည့်လိုက်၊ ဘေးက ကြည့်လိုက်နှင့် လုပ်နေပါတယ်။

ခဏကြာတော့ အိုင်အိုမင်းအောင်ဟာ ကိုငြိမ်းမောင်ဆီက လက်နှိပ်ဓာတ်မီးကို တောင်းပြီး မသူဇာရဲ့ မျက်နှာတစ်ဝိုက် လက်နှိပ်ဓာတ်မီးနှင့် သေသေချာချာ ထိုးကြည့်နေပါတယ်။

မကြာခင်မှာဘဲ ကိုမင်းအောင်ဟာ မသူဇာရဲ့ မေးကလေးကို ကိုင်ကြည့်တာ တွေ့ရပါတယ်။

မေးအောက်မှာ အစင်းရာကလေးလို မီးရောင်မှောင်ရိပ်ကျလို့ မည်းနေသလို တွေ့ရပါတယ်။

ကိုမင်းအောင်ဟာ ပြတင်းပေါက်ကနေ ခြံအတွင်းကို ကြည့်ကြည့်ပြီး အခန်းတွင်းကို တံခါးပိတ်ထားရင် အခြားအခန်းက ကူးလာလို့မရဘူး။





အခန်းကို ကြက်တူရွေးတန်းတွေရိုက်ပြီး မျက်နှာကျက်အထိ အလုံပိတ်ထားပါတယ်။ ပြတင်းပေါက်ကနေကြည့်ရင် ဝရံတာကို တွေ့ရပါတယ်။

ကိုမင်းအောင်က တံခါးမကြီးကနေ ဝရံတာကို ထွက်ပြီး ကြည့်ပါသေးတယ်။ နောက်တော့ အိုင်အိုမင်းအောင်ဟာ လူမနေတဲ့ အခြားအခန်းတွေနှင့် အိမ်အပေါ်ထပ်ကို သေသေချာချာ လေ့လာပါတယ်။

နောက်တော့ အိုင်အိုမင်းအောင်က အခင်းဖြစ်ရပ်ကို စစ်ဆေးပြီးတာ ကျေနပ်သွားဟန်နဲ့ သူ့ရဲ့ ထုံးစံအတိုင်း လက်ဖဝါးနှစ်ဖက်ကို အပြန်အလှန် ပုတ်ပြီး ပွတ်သပ်နေပါတယ်။

အခင်းအဖြစ်အရပ်ကို စစ်ဆေးပြီးတဲ့အခါကျတော့ ဤအိမ်ကြီးမှာ နေထိုင်တဲ့ လူတွေရဲ့ အနေအထားကို စစ်ဆေးပါတယ်။ ဒီအိမ်ကြီးဟာ အိမ်ကြီးက ကြီးသလောက် လူအနေသိပ်နည်းပါတယ်။

ဒီအိမ်ကြီးမှာနေတာ အားလုံးပေါင်းမှ လူငါးယောက်တည်း ရှိပါတယ်။ အပေါ်ထပ် အိပ်ခန်းမှာ ကိုကျော်ဇောနဲ့ မသူဇာတို့ လင်မယား နေပါတယ်။

အောက်ထပ်က အခန်းမှာတော့ မောင်သီဟကလေးနဲ့ ထမင်းချက် ဒေါ်ရွှေနီတို့ နေပါတယ်။

ဦးဖိုးထင်က နေမကောင်းတဲ့ ညဖက်မစောင့်နိုင်တဲ့အ



www.burmeseclassic.com

www.burmeseclassic.com



ခါမှာ မောင်သီဟကလေးနဲ့ ဒေါ်ရွှေနီတို့ အခန်းမှာ အိပ်ပါတယ်။

မောင်သီဟကလေးကို အောက်ထပ်မှာ သိပ်တာက အရွယ်ရောက်စ ဆယ့်နှစ်နှစ်အရွယ် ဖြစ်လို့ရယ်၊ ပြီးတော့ မောင်သီဟကလေးက မသန်မစွမ်းတော့ အပေါ်ထပ်ကို ပွေ့တင်ပွေ့ချနဲ့ ကရိကထများပါတယ်။

ဒါကြောင့် မောင်သီဟကလေးကို အောက်ထပ်မှာ သိပ်တာပါ။ ငယ်ငယ်တုန်းကတော့ နာနီတွေ အာယားတွေနဲ့ အပေါ်ထပ်က တစ်ခန်းမှာ မောင်သီဟကလေး အိပ်ရပါတယ်။

အခု အရွယ်ရောက်လာတော့ ဒေါ်ရွှေနီတို့ လင်မယားနဲ့ အိပ်တာပါ။ ဦးဖိုးထင်က ဒရဝမ်မို့ ညဖက်ဆိုရင် အိမ်ကြီးကို စောင့်ရပါတယ်။

ဒါပေမယ့် တကယ့်ဒါရဝမ် အစစ်တွေလို ခြံဝင်းတံခါးမှာ စောင့်ရတာ မဟုတ်ပါဘူး။ အိမ်ထဲက ပေါ်တီကိုအောက်က ဝရံတာမှာ သံဇကာအတွင်းက စောင့်ရတာပါ။

ခြံထဲမှာ သက်ာမကောင်းတဲ့ အခါမှ ထွက်ပြီး ကြည့်ရှုရတာပါ။ များသောအားဖြင့်တော့ သံဇကာ ကာထားတဲ့ ဝရံတာထဲက စောင့်ရတာပါ။

မိုးလုံလေလုံ နေရာမှာ စောင့်ရတာပါ။ မိုးကုတ်သူဌေး ဝတ်လုံတော်ရကြီးအိမ်မို့ ဒါရဝမ်ရှိတယ် ဆိုရုံပါ။

နေ့ခင်းဖက်မှာတော့ ဦးဖိုးထင်က သစ်ပင်စိုက်တဲ့ အလုပ်





ရေဖျန်းတဲ့အလုပ် လုပ်ရပါတယ်။

နေ့လယ်ခင်းမှာတော့ ဦးဖိုးထင်ဟာ အစေခံတန်းလျားမှာ တရေးတမော သွားအိပ်လေ့ရှိပါတယ်။

ညနေနေရီဝင်တရော အချိန်လောက်စပြီး ခြံဝင်းတံခါး ပိတ်တာ ဖွင့်တာ လုပ်ပေးရပါတယ်။

ဦးဖိုးထင်ရဲ့ဇနီး ဒေါ်ရွှေနီကတော့ တစ်နေကုန် တစ်နေခန်း မီးဖိုချောင်ထဲမှာ အချိန်ကုန်ရပါတယ်။ ဒေါ်ရွှေနီက ထမင်းချက်ပါ။ ဒီအိမ်ကြီးမှာ နေတာကတော့ ငါးယောက်တည်းပါ။

ဒရိုင်ဘာ နာရယန်းကတော့ ဒီအိမ်ကြီးမှာ မနေပါဘူး။ တစ်နေလုံး ကားမောင်းပြီးလို့ ကိုကျော်ဇောက ပြန်ခိုင်းရင် ဗောဓိကုန်းရပ်က သူ့အိမ်ကို ပြန်ပါတယ်။ ပြီးတော့ အခင်းဖြစ်တဲ့ အချိန်က နာရယန်းမရှိဘူး။

ဘေးပတ်ဝန်းကျင်က အိမ်တွေကို လေ့လာတော့လဲ ကိုကျော်ဇောတို့ အိမ်ကြီးရဲ့ ခေါင်းရင်းဖက်မှာတော့ အာမေနီယန်လူမျိုး အဘိုးကြီး အဘွားကြီးတို့ နေပါတယ်။

ခြေရင်းဖက်မှာတော့ မဟာမျိုး မဟာနွယ် မင်းသမီးကြီး တစ်ဦး ‌နေပါတယ်။ အဲဒီအိမ်တွေကလည်း အိမ်သားနည်းပြီး သက်ကြီးရွယ်အိုတွေ နေကြတာပါ။ သက်သေအထောက်အထား အနေနဲ့ ရဖို့တော့ တော်တော်ခဲယဉ်းပါတယ်။

ဒီအိမ်ကြီးမှာရှိတဲ့ ဦးဖိုးထင်နဲ့ ဒေါ်ရွှေနီကိုပဲ ကြည့်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးထင်က မျက်စိမှုန်နေတယ်။ ညဖက်ဆိုရင် အကန်းသက်သက်။ ဒေါ်ရွှေနီက နားလေးတယ်။

ဒီအမှုမှာ အကန်းနဲ့ နထိုင်းက တရားလိုပြ သက်သေတွေကိုတော့ တော်တော်အားရစရာကောင်းတဲ့ သက်သေအထောက်အထားပါပဲ။ တရားလို တရားစွဲတင်ဖို့တောင် ခပ်ကျုပ်ကျုပ်ဖြစ်မယ့်အမှုပါပဲ။

ကျွန်တော်နဲ့ အိုင်အိုမင်းအောင်တို့ဟာ ဒီအိမ်ကြီးမှာ ရှိနေတဲ့ သက်သေတွေကို စစ်ဆေးကြပါတယ်။

သက်သေတွေ လေးယောက်ကို စစ်ဆေးတဲ့အခါကျတော့ လူသတ်မှုဟာ မသူဇာရဲ့ ယောကျ်ားဟောင်း ကိုသူရဆီကို မြားဦး ပြနေပါတယ်။ မြားဦးပြတယ် ဆိုတာထက် ပုံကျသွားတယ်ဆိုရင် ပိုမှန်မလား မသိဘူး။

အဲဒီနေ့က ကိုကျော်ဇောနဲ့ မောင်သီဟကလေးတို့ဟာ ညနေ လေးနာရီလောက်မှာ အိမ်က ထွက်သွားခဲ့ပါသတဲ့။

ကိုကျော်ဇောတို့ ထွက်သွားတဲ့ အချိန်မှာ မသူဇာဟာ ဇာထိုးရင်း ကျန်ရစ်ခဲ့ပါတယ်လို့ ကိုကျော်ဇောက ပြောပါတယ်။

ကိုသူရ ဘယ်အချိန် ရောက်လာသလဲဆိုတာတော့ ဘယ်သူမှ မသိပါဘူး။

ဒေါ်ရွှေနီကတော့ ကိုကျော်ဇောတို့ သားအဖ ပြန်လာရင် ညစာစားမှာမို့ ထမင်းစားခန်းထဲမှာ ညစာစားဖို့ ပြင်နေပါတယ်။





ဒေါ်ရွှေနီက ကိုသူရဟာ စန္ဒရားခုံကထပြီး ဧည့်ခန်းက ဆိုဖာကြီးမှာ သွားထိုင်နေတာတွေ့သတဲ့။

ကိုသူရဟာ စန္ဒရားခုံကို ဘာသွားလုပ်တာလဲ။ စန္ဒရားတီးသလားကိုတော့ စန္ဒရားတီးတာ မကြားပါဘူးလို့ ပြောပါတယ်။

ဒေါ်ရွှေနီက နားလေးနေတာ ကြိုတင်သိထားတော့ ကိုသူရ စန္ဒရားမတီးပါဘူးလို့ တစ်ထစ်ချယူဆလို့ မရဘူး။ ကိုသူရဟာ စန္ဒရား တီးချင်မှလဲ တီးမယ်။

တကယ်လို့ ကိုသူရ စန္ဒရားတီးရင်လဲ ဒေါ်ရွှေနီက မကြားနိုင် ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်ရွှေနီက နားလေးနေတာကိုး။

ဦးဖိုးထင်ကတော့ သူ စန္ဒရားသံ မကြားရပါဘူးတဲ့။

အဲဒီအချိန်မှာ ဦးဖိုးထင် အစေခံတန်းလျားဖက်မှာ ပန်းပင်တွေ ရေလောင်းနေတာမို့ အိမ်ထဲက စန္ဒရားတီးရင် ကြားနိုင်လောက်ပါတယ်။ ဦးဖိုးထင်က နားကောင်းတဲ့လူကိုး။ ဒါပေမယ့် ဦးဖိုးထင်က အာရုံမစိုက်ဘူးဆိုရင်တော့ မကြားနိုင်ဘူးပေါ့။

သတိမမူ ဂူမမြင်ဆိုတာလို ကိုယ်က တခြားကိစ္စတစ်ခုခုကို အာရုံစိုက်နေရင် ကိုယ့်အနားက ဘာသံပဲကြားကြား သတိမထားနိုင်တာ တွေ့ရှိပါတယ်။

ဦးဖိုးထင်နဲ့ ကိုသူရ တွေ့ချိန်က ခန့်မှန်းခြေ ညနေခြောက်နာရီလောက်ပါ။ ကိုသူရရဲ့ ဆင်ဝင်အောက်က မြေနီလမ်း[illegible] ဆုံတာပါ။ ဦးဖိုးထင်က မသူဇာ ကိုကျော်ဇောတို့က[illegible] ပါ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ် ထင်နေလို့ မသူဇာ မရှိဘူးလို့ ကိုသူရကို ပြောလိုက်တယ်။

ကိုသူရက မိုးကုတ်ကို ပြန်တော့မယ်လို့ နှုတ်ဆက်ပြီး ပြန်ထွက်သွားတယ်။

ကိုသူရ နန်းရှေ့အိမ်ကြီးက ပြန်ထွက်သွားပြီး မကြာခင်မှာဘဲ ကိုသူရကို ကျုံးရှေ့မှာ မောင်သီဟကလေးက မြင်ပြီး ကိုကျော်ဇောပါ မြင်တာပါ။

အိမ်ကျတော့ ညစာထမင်းစားဖို့၊ မသူဇာကို ခေါ်ဖို့ ဦးဖိုးထင်ကို အပေါ်ထပ်ကို လွှတ်လိုက်တယ်။

ဦးဖိုးထင်က မသူဇာရဲ့ အခန်းတံခါးကို ထုပြီး မသူဇာကို ခေါ်ပေမယ့် မရပါဘူး။ ဒါကြောင့် ဦးဖိုးထင် ပြန်ဆင်းလာတော့ ကိုကျော်ဇော အိမ်ပေါ်တက်သွားတော့ မသူဇာ သေနေပါပြီ။

ဒါပေမယ့် ကိုကျော်ဇောဟာ မသူဇာ သတိမေ့နေတယ်ထင်ပြီး ဆရာဝန်ကို ခေါ်ပါတယ်။

ဆရာဝန်က မသူဇာ လည်ပင်းညှစ်သတ်ခံရတယ်ဆိုပြီး ပြောပြလို့ ကိုကျော်ဇောဟာ (၆)မှတ်ဂါတ်တဲကို ညခုနစ်နာရီမိနစ်လေးဆယ်လောက်မှာ တိုင်တယ်။

ဒါကြောင့် (၆)မှတ် ဂါတ်တဲဌာနအုပ် ကိုငြိမ်းမောင်နှင့် အတူ ကျွန်တော်တို့နန်းရှေ့က အိမ်ကြီးကို ရောက်ခဲ့ကြတာပဲ။

အိုင်အိုမင်းအောင်ဟာ လက်နှိပ်ဓာတ်မီးတစ်လက်နဲ့





ခြံဝင်းကြီးအတွင်း လျှောက်ကြည့်ပါတယ်။

နောက်တော့ မသူဇာရဲ့ အလောင်းကို ဆေးရုံပို့ဖို့ ဌာနအုပ် ကိုငြိမ်းမောင်က စီစဉ်ပါတယ်။

ပြီးတဲ့အခါကျတော့ ကိုသူရ တည်းခိုနေတယ်ဆိုတဲ့ လက်ဆည်ကန်ရပ်က ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝေရဲ့ အိမ်ကို သွားပါတယ်။ ကိုသူရ၊ သေဆုံးသူ မသူဇာနဲ့ ဒေါ်မြင့်မြင့်မေတို့ဟာ ကျောင်းနေဖက် သူငယ်ချင်းတွေလို့ သိရပါတယ်။

ကိုသူရဟာ ကျွန်တော်တို့ ပုလိပ်အရာရှိတွေကို တွေ့တော့ အံ့ဩထိတ်လန့်သွားတဲ့ အမူအရာမျိုး တွေ့ရပါတယ်။

ပြီးတော့ မသူဇာ အသတ်ခံရတယ်ပြောတော့ ကိုသူရဟာ ကလေးငယ်တစ်ယောက်လို ကြုံကြုံပါအောင် ငိုပါ တော့တယ်။ မယားသေလို့ လင်ငိုတာဟာ ဆန်းတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ပုလိပ်ဝါဟာရနဲ့ ခေါ်ရရင် ကိုသူရဟာ လက်ထောက်တစ်ယောက်ပါ။

လက်အောက်ဆိုတာ ရာဇဝတ်ပြစ်မှု ကျူးလွန်ပြီး ထောင်ကျဖူးတဲ့လူပါ။ ကိုသူရဟာ လူပျိုပေါက်အရွယ်ကစပြီး ခါးရမ်းခဲ့ရာကနေ လူသတ်မှုဖြစ်ပြီး တစ်ကျွန်းကို ရောက်သွားခဲ့ပါတယ်။

အခုတော့ ကျွန်းပြန်ကိုသူရကြီးပေါ့။

အဲဒီ ကျွန်းပြန်လူဆိုးကြီးတစ်ယောက်က ကလေးတစ်ယောက်လို ချုံးပွဲချ ငိုနေတယ်ဆိုတော့ ကြည့်ရတာ ထူးမျိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါတယ်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မေက တရားချတော့မှ ကိုသူရ အငိုတိတ်ပါတယ်။

ကိုသူရ အငိုတိတ်တာနဲ့ တစ်စခန်းထတော့တာပဲ။

သူ့မိန်းမ မသူဇာကို သတ်တဲ့လူကို ပြောပါတဲ့။

သူ အခုသွားသတ်မယ်တဲ့။

ဥပဒေအရ အရေးယူစရာ မလိုဘူး။

သူ အင်မတန်ချစ်တဲ့ မိန်းမကို သတ်တဲ့လူကို ထုတ်ဖော်ပြောတာနဲ့ သူ သွားသတ်မယ်။

အဲဒီလို လုပ်နေတာဟာ ကိုသူရ အိုက်တင်လုပ်နေတာလားလို့ ကျွန်တော်တို့ အကဲခတ်ရပါတယ်။ သုံးသပ်ရပါတယ်။

ကိုသူရဟာ အိုက်တင်လုပ်နေတာလား၊ တကယ်ခံစားနေရတာလားဆိုတာတော့ ပြောဖို့ စောနေပါသေးတယ်။

တကယ်တော့ ကိုသူရက သူ့မယားမသူဇာကို သတ်တဲ့လူ ကို သိချင်တယ်လို့ ဆိုနေပေမယ့် သူဟာ သူ့မယားမသူဇာကို သတ်တဲ့လူပါပဲလို့ ပုံကျနေတာကို သိပုံမရရှာပါဘူး။

ပတ်ဝန်းကျင် သက်သေ အထောက်အထားအရတော့ မသူဇာ အသတ်ခံရတဲ့ ညနေမှာ ကိုသူရက အသတ်ခံရတဲ့ အိမ်ကြီးမှာ ရောက်နေတာဟာ ကိုသူရက မသူဇာကို လည်ပင်းညှစ်ပြီး သတ်သွားသလားဆိုတဲ့ သံသယ ဖြစ်စေပါတယ်။

ပြီးတော့ အဲဒီပတ်ဝန်းကျင် သက်သေအထောက်အ





ထားကို ထောက်ခံစေတဲ့ အချက်ကတော့ ကိုသူရဟာ လူသတ်သမား ဖြစ်ခဲ့ဖူးလို့ပါပဲ။

ကိုသူရဟာ စိတ်မြန်ပြီး လက်ယဉ်တဲ့သူ။

ဘယ်သူမှ မရှိတုန်း နန်းမြို့အိမ်ကြီးကို ရောက်လာပြီး မသူဇာနဲ့ တွေ့တယ်။ မသူဇာနဲ့ တစ်ယောက်တစ်ခွန်း စကားများရာကနေ ကိုသူရက စိတ်မြန်လက်မြန်နဲ့ မသူဇာရဲ့ လည်ပင်းကို ညှစ်သတ်ခဲ့တယ်ပေါ့။

ကိုသူရရဲ့ စရိုက်လက္ခဏာအရ အဲဒီမှန်းဆချက်ဟာ ဖြစ်နိုင်ချေ အရှိဆုံးပါပဲ။ အလားအလာ အရှိဆုံးပါပဲ။

ကိုသူရကို စစ်ဆေးတဲ့အခါကျတော့ ကိုသူရဟာ အဲဒီအိမ်ကြီးကို ရောက်သွားတဲ့အကြောင်း မငြင်းပါဘူး။

ဒါပေမယ့် ဘယ်သူမှ မတွေ့လို့ ပြန်ခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီအိမ်ကြီးမှာ ကိုသူရ စန္ဒရားတီးသေးသလားလို့ မေးတော့ ကိုသူရက စန္ဒရားတီးပါတယ်တဲ့။

သူနဲ့ မသူဇာတို့ အကြိုက်ဆုံးဖြစ်တဲ့ မေရှင်ရဲ့ ဖူးစာပိုင်သီချင်းကို စန္ဒရားတီးပါတယ်တဲ့။

ဒါပေမယ့် မသူဇာ အိမ်ပေါ်ထပ်မှာလဲ ရှိပုံမရဘူး။

နောက်ဖေးမီးဖိုချောင်မှာလဲ ရှိပုံမရပါဘူးတဲ့။

ဒါနဲ့ ကိုသူရဟာ စန္ဒရားခုံကထပြီး ဧည့်ခန်းဆိုဖာပေါ်မှာ ပြန်ထိုင်ပြီး ခဏနေတယ်။ ဆယ်မိနစ်လောက်ကြာတော့



www.burmeseclassic.com

www.burmeseclassic.com



ညှော့ခန်းက ပြန်ထွက်လာပါတယ်။

အိမ်ကြီးရဲ့ ပေါ်တီခို့ကျတော့ ဘကြီးဖိုးထင်ကို တွေ့လို့ နှုတ်ဆက်တယ်။ ပြီးတော့ နန်းရှေ့အိမ်ကြီးက ပြန်ခဲ့တယ်တဲ့။

ကိုသူရရဲ့ ထွက်ချက်ဟာ ရိုးစင်းပါတယ်။

ဒါပေမယ့် ကိုသူရရဲ့ ထွက်ချက်ဟာ အခင်းဖြစ်ပွားတဲ့ အရပ် ကို ရောက်နေတယ်ဆိုတာ ဝန်ခံရာရောက်လို့ မသူဇာကို ကိုသူရ သတ်တယ် မသတ်ဘူးဆိုတာ စဉ်းစားစရာ ကောင်းနေပြီ။

ကျွန်တော်တို့ ကိုသူရတည်းတဲ့ လက်ဆည်ကန်ရပ်က ပြန်လာတော့ ညဆယ့်တစ်နာရီ ထိုးနေပါပြီ။

အိုင်အိုမင်းအောင်က မောင်သီဟ၊ ကိုသူရ၊ ကိုကျော်ဇော၊ ဦးဖိုးထင်၊ ဒေါ်ရွှေနီတို့ရဲ့ ထွက်ချက်အားလုံးကို တစ်လုံးချင်းပြန်ဖတ်နေတယ်။

စာဖတ်ကြတဲ့လူများကို စာလုံးပေါင်းပြီး ဖတ်နေသလားလို့ ကျီစယ်လေ့ရှိပါတယ်။

အဲဒီလိုပဲ အိုင်အိုမင်းအောင်ဟာ ထွက်ချက်တွေကို စာလုံးပေါင်းပြီး ဖတ်နေသလား မသိဘူး။

တစ်လုံးချင်း ဖတ်လိုက်၊ စဉ်းစားလိုက် လုပ်နေပါတယ်။

အိုင်အိုမင်းအောင် စာဖတ်ပြီးချိန်မှာတော့ ညဆယ့်နှစ်နာရီ ထိုးနေပါပြီ။ အိုင်အိုမင်းအောင်ဟာ သက်သေထွက်ချက်တွေကို ဘေးဖယ်ပြီး ရှင်လန်းတက်ကြွတဲ့ အမူအရာနှင့် ကျွန်တော့်





ဆီ ရောက်လာပါတယ်။

ကျွန်တော်က ကိုငြိမ်းမောင်ကို မနက်ကျရင် အာမေနီယန်လူမျိုး၊ ဘဏ်မန်နေဂျာကြီးအိမ်နှင့် မင်းသမီးကြီးအိမ်ကို သွားစုံစမ်းဖို့ ပြောပြနေပါတယ်။

ညနေ လေးနာရီနှင့် ခြောက်နာရီကြားမှာ မသူဇာတို့အိမ်က စန္ဒရားတီးသံကြားရ၊ မကြားရကိုပါ အထူးဂရုစိုက်ပြီး မေးမြန်းခဲ့ဖို့ အိုင်အိုမင်းအောင်က ဖြည့်စွက်ပြီး ပြောပါတယ်။

အိုင်အိုမင်းအောင်က သက်သေထွက်ချက်တွေကို ဖတ်ကြည့်တော့ . . . ‘‘လူသတ်မှု ပေါ်ပါပြီ’’

လို့ ပြောတော့ ကျွန်တော်နဲ့ ကိုငြိမ်းမောင် သိပ်အံ့ဩသွားကြတယ်။ ကျွန်တော်ကတော့ အိုင်အိုမင်းအောင်ရဲ့ အရည်အချင်းကို သိပြီးသားမို့ ဒီလောက် မအံ့ဩပေမယ့် ကိုငြိမ်းမောင်က အံ့ဩလွန်းလို့ လက်ဖျောက်တောင် တီးမိတယ်။

အိုင်အိုမင်းအောင်က . .

‘‘လူသတ်မှု ပေါ်ပေမယ့် တရားခံကို အပြစ်ပေးဖို့ သက်သေအထောက်အထား မရှိဘူး’’

လို့ ဆိုပြန်တယ်။

စောစောက အံ့ဩသွားတဲ့ ကိုငြိမ်းမောင်က စိတ်ပျက်သလို ဖြစ်သွားပြန်တယ်။

ဒါပေမယ့် အိုင်အိုမင်းအောင်က . . .



www.burmeseclassic.com

www.burmeseclassic.com



''မသူဇာကို အသက်ပြန်ရှင်လာအောင် လုပ်နိုင်ရင် သူ့ကို ဘယ်သူသတ်သလဲဆိုတာ ပြောနိုင်မှာဘဲ''

တဲ့ ပြောလိုက်တယ်။

အဲဒီတော့ ကိုငြိမ်းမောင်က ဒီလူတော့ အမူအကြောင်း စဉ်းစားလွန်းလို့ ဦးနှောက်ခြောက်ပြီး ရူးသွားပြီလားဆိုတဲ့ အမူအရာနဲ့ မော့ကြည့်လိုက်တယ်။

အိုင်အိုမင်းအောင်က သူ စကားပြောလောသွားကြောင်း မသူဇာကို အသက်ပြန်သွင်းပေးသလို လုပ်လိုက်ရင် ဒီအမှုဟာ ပေါ်ပေါက်ပြီး သက်သေအထောက်အထားရမယ့်အကြောင်း ပြောပါတယ်။

အိုင်အိုမင်းအောင်က မသူဇာရဲ့ အလောင်းကို သင်္ဂြိုဟ်ဖို့ ခွင့်မပြုသေးဘဲ ဆိုင်းထားဖို့ ပြောကြားပါတယ်။

ပြီးတော့ အိုင်အိုမင်းအောင်ဟာ ညတွင်းချင်း ရှမ်းပြည်နယ်ကို သွားစရာရှိလို့ ချက်ချင်း ကားစီစဉ်နိုင်းတယ်။

ကိုငြိမ်းမောင်က အော်စတင်ကားတစ်စီးကို ခေတ်ဆီအပြည့်နှင့် ချက်ချင်းစီစဉ်ပေးလိုက်တယ်။

နံနက် ရှစ်နာရီတိတိမှာ အိုင်အိုမင်းအောင်ဟာ ကားနဲ့ ရှမ်းပြည်နယ်ကို ထွက်သွားတယ်။

နောက်တစ်နေ့ကျတော့ ကျွန်တော်နဲ့ ကိုငြိမ်းမောင်ဟာ အခင်းဖြစ်ပွားတဲ့ ကိုကျော်ဇောတို့အိမ်နဲ့ အိမ်ချင်းကပ်လျက်ဖြစ်





တဲ့ မင်းသမီးကြီးအိမ်နဲ့ အာမေးနီးယန်းလူမျိုး ဘဏ်မန်နေဂျာကြီးဆီ သွားပြီးစုံစမ်းတယ်။

မင်းသမီးကြီးကတော့ အတွေ့မခံပါဘူး။ သူ့အိမ်မှာနေတဲ့ သူ့တူမဆိုတဲ့ မိန်းမပျိုတစ်ယောက်က အချိန်တော့ အတိအကျ မသိဘူး။ ညနေ ငါးနာရီလောက်မှာ စန္ဒရားတီးသံကြားရတယ်။

ပြီးတော့ လေးနာရီ မထိုးခင်လောက်တုန်းက အိမ်ကြီးပေါ်က ရန်ဖြစ်သလို သဲ့သဲ့ကြားရတယ်လို့ ပြောပြပါတယ်။

အာမေနီယန် ဘဏ်မန်နေဂျာကြီးအိမ်က စန္ဒရားတီးသံ ကြားရတယ်လို့ ပြောပါတယ်။

ရန်ဖြစ်သံတော့ မကြားရဘူးတဲ့။

အိမ်နောက်ဖေး အစေခံတန်းလျားမှာ ပန်းပင်ရေလောင်းနေတဲ့ ဦးဖိုးထင်က စန္ဒရားသံ မကြားရဘဲ အိမ်နီးချင်းတွေက ဘာဖြစ်လို့ စန္ဒရားအသံ ကြားရသလဲဆိုပြီး အခင်းဖြစ်အရပ်ကို သွားကြတယ်။

ကိုကျော်ဇောတို့ ခြံကြီးဟာ အရှေ့အနောက်ကျယ်ပြီး ဘေးနှစ်ဖက်က ကျဉ်းနေတယ်။

တိတိကျကျပြောရရင် အလျားရှည်ပြီး အနံကတိုတယ်။ ဒါကြောင့် အိမ်ဘေးနှစ်ဖက်နှင့် ပိုနီးပြီး အိမ်မကြီးနဲ့ အစေခံ တန်းလျားက ဝေးနေတာကို သွားတွေ့ရတယ်။

ဒါကြောင့် ဦးဖိုးထင်က စန္ဒရားသံ မကြားရဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တယ်လို့ ကောက်ချက်ချရမယ်။

ပိုပြီး သေချာအောင်လို့ ကျွန်တော်နဲ့ ကိုငြိမ်းမောင် ကိုကျော်ဇောတို့ အိမ်ထဲမှာဝင်ပြီး ကိုကျော်ဇောကို ခွင့်တောင်းပြီး စန္ဒရားတီးခိုင်းတယ်။

ကျွန်တော်က ဦးဖိုးထင်ကို ခေါ်ပြီး ယမန်နေ့ညနေက ပန်း ပင်ရေလောင်းတဲ့နေရာကို ခေါ်သွားပြီး ပြခိုင်းတယ်။

အဲဒီနေရာကရပ်ပြီး နားထောင်တယ်။ စန္ဒရားတီးသံ မကြားရဘူး။ ဒီတော့ ပိုပြီးသေချာသွားတာပေါ့။ စိတ်ချသွား တာပေါ့။

ဦးဖိုးထင် စန္ဒရားသံ မကြားရဘူးဆိုတာ လိမ်တာ မဟုတ် ဘူး။ ကိုကျော်ဇောက မသူဇာရဲ့ အလောင်းကို စစ်ဆေးပြီးရင် သင်္ဂြိုဟ်ဖို့ ပေးပါလို့ တောင်းပန်တယ်။

ကျွန်တော်က မသူဇာဟာ မေ့မောနေတာ ဖြစ်ချင် ဖြစ် မယ်။ ဒါကြောင့် သင်္ဂြိုဟ်ဖို့ ခွင့်မပြုနိုင်သေးဘူးလို့ ပြောလိုက် တယ်။ ကိုကျော်ဇောက မကျေနပ်ဘဲ ခရိုင်ရာဇဝတ်တရားသူကြီး ဆီကို လျှောက်မယ်လို့ ရှေ့နေပီပီ ဥပဒေနဲ့ ကိုင်ပေါက်တယ်။

ကျွန်တော်ကလည်း ပုလိပ်ပီပီ ကျွန်တော်တို့ လူသတ်မှု စစ်ဆေးနေတဲ့ ကာလမှာ အမှုကိုဖျက်ဖို့ အမှုလမ်းကြောင်းပြောင်း အောင်လုပ်ရင် ကိုကျော်ဇောကို ဖမ်းရလိမ့်မယ်လို့ ခြိမ်းခြောက် တယ်။





ဆေးရုံကြီး ရင်ခွဲရုံမှာ ပုလိပ်အစောင့်ချပြီး မသူဇာရဲ့ အ လောင်းကို ကိုကျော်ဇောကို ပေးမတွေ့ဖို့ စီစဉ်ထားလိုက်တယ်။

နောက်တစ်နေ့မွန်းတည့် ဆယ့်နှစ်နာရီလောက်မှာ အိုင်အိုမင်းအောင် ရှမ်းပြည်နယ်မှာ ပြန်ရောက်လာတယ်။

အမှန်က ရှမ်းပြည်နယ် ကတင် မဟုတ်ဘူး။ စစ်ကိုင်းချောင်က ပါ ပြန်လာတာ။ အိုင်အိုမင်းအောင်က ကျွန်တော်နဲ့ ကိုငြိမ်းမောင် ကို လူသတ်မှုကို ဖော်ထုတ်ဖို့ ဇာတ်ကွက်ဆန်းကလေးတစ်ခု တီထွင်ထားကြောင်း ပြောပါတယ်။

ကျွန်တော်တို့က နဝေတိမ်တောင်နဲ့ ဘာဇာတ်ကွက် ဆန်းလဲဆိုတော့ အိုင်အိုမင်းအောင်က ဟိုတစ်နေ့က ပြောသ လိုပါပဲ၊ မသူဇာကို အသက်ရှင်ခိုင်းပြီး လူသတ်ကောင် ဖော်ထုတ် ရမှာပဲလို့ ပြောပြန်တယ်။

အိုင်အိုမင်းအောင်ရဲ့ ပရိယာယ်ကို ကျွန်တော်တို့ နားမ လည်တာမို့ ငြိမ်ငြိမ်ကလေးပဲ နေလိုက်ရတယ်။

စိတ်ထဲမှာတော့ သို့လောသို့လောနဲ့ ဖြစ်နေပါတယ်။

အိုင်အိုမင်းအောင်က နန်းရှေ့က ကိုကျော်ဇောနဲ့ လက် ဆည်က ကိုသူရကို ခေါ်ပြီး စစ်ကိုင်းချောင်ကို သွားကြမယ်လို့ ပြောပြတယ်။

အိုင်အိုမင်းအောင်က မသူဇာ မသေဘူး။ မေ့မြော နေတာ။ ရင်ခွဲရုံကနေပြီး ပြန်သတိရလာပြီ။ အဲဒါကို ကိုသူရကို



www.burmeseclassic.com

www.burmeseclassic.com



ရော၊ ကိုကျော်ဇောကိုပါ စိတ်နာပြီး စစ်ကိုင်းချောင်မှာ ယော[ဂီ] ဝတ်နဲ့ တရားအားထုတ်တော့မယ်လို့ ကိုကျော်ဇောနဲ့ ကိုသူရက[ို] ပြောပါလို့ သင်ကြားပေးတယ်။

ပြီးတော့ အဲဒီလို ဇာတ်ကွက်ဆန်းကလေးပြတဲ့အခ[ါ] တရားခံဖမ်းဖို့ သက်သေလူကြီးတွေပါ ခေါ်ခဲ့ဖို့ ပြောပါတယ်။

ဒါနဲ့ ကျွန်တော်နဲ့ ကိုငြိမ်းမောင်တို့ ပထမဆုံး နန်းရှေ့က ကိုကျော်ဇောကို သွားခေါ်တယ်။

အိုင်အိုမင်းအောင် သင်ကြားပေးတဲ့အတိုင်း မသူဇာဟာ မသေဘူး၊ မေ့မျောနေတာပါပါ။ အခုသတိရလို့ စစ်ကိုင်း ချောင်ကိုသွားပြီး ယောဂီ ဝတ်နေပြီ။ အခု စစ်ကိုင်းချောင်ကို လိုက်ပါ။

ခင်ဗျားတို့ကို သိပ်စိတ်နာနေပုံရတယ်။ အဲဒါလိုက်ပြီ[း] ချော့ခေါ်ပါလို့ ကိုကျော်ဇောကို ပြောလိုက်တယ်။

ကိုကျော်ဇောက သိပ်ဝမ်းသာပုံမရဘူး။ အနည်းငယ် တော့ အံ့အားသင့်သွားတယ်။

ပြီးတော့ တွန့်ဆုတ် တွန့်ဆုတ်နဲ့ ဖြစ်နိုင်ပါ့မလားဗျာ၊ ဆရာဝန်ကတောင် လေရှူလမ်းပိတ်ပြီး သေပြီလို့ မှတ်ချက်ပြ[ု] ထားတာလို့ ပြန်ပြောတယ်။

ဒါနဲ့ ကျွန်တော်တို့က မယုံရင် ခင်ဗျားလိုက်ခဲ့ပါလို့ ပြော တော့ ကိုကျော်ဇောဟာ မလိုက်ချင်လိုက်ချင်နဲ့ လိုက်ခဲ့တယ်။





မျက်နှာမှာ ဝမ်းသာတဲ့ အမူအရာမရှိဘူး။ စိတ်ပျက်တဲ့ အမူအ ရာမျိုးနဲ့ပါ။

ဒါနဲ့ လက်ဆည်ကန်က ကိုသူရဆီကိုဝင်ပြီး မသူဇာ မေ့မျောနေရာကနေ သတိရပြီး စစ်ကိုင်းချောင်မှာ ယောဂီ ဝတ်နေပြီလို့ ပြောလိုက်တယ်။

ကိုသူရ သိပ်ပြီးပျော်ရွှင်သွားပုံရတယ်။ ကလေးတစ် ယောက်လို ခုန်ပေါက်အူမြူးသွားတယ်။

ကိုသူရကို ကားနဲ့တင်ခေါ်ခဲ့တော့ ကိုသူရဟာ မသူဇာကို တွေ့ချင်ဇောနဲ့ မော်တော်ကားကိုတောင် နှေးတယ်လို့ ထင်နေရှာ တယ်။

ကိုကျော်ဇောကတော့ ကျွန်တော်တို့ ပြောနေလုပ် နေတာကို ယုံကြည်ပုံမရပါဘူး။ သူက ပညာရှိဆိုတော့ အရာရာ ကို ဆင်ခြင်တုံတရားနဲ့ စဉ်းစားပြီး ကျွန်တော်တို့ ပြောတာကို လက်မခံနိုင်ပါဘူး။

ဒါနဲ့ အိုင်အိုမင်းအောင်က သက်သေနှစ်ယောက် တင် လာတဲ့ ကားတစ်စီးနှင့် စစ်ကိုင်းချောင်ကို သွားတယ်။

ကျွန်တော်နဲ့ ကိုငြိမ်းမောင်က ကိုသူရနဲ့ ကိုကျော်ဇောကို တင်လာတဲ့ ကားတစ်စီးနဲ့ စစ်ကိုင်းချောင်ကို သွားကြတယ်။

စစ်ကိုင်းချောင်က ပေမာဇလချောင်ကို ညနေ [illegible]နာရီ လောက် ရောက်သွားကြတယ်။ သစ်ပင်အရိပ်အ[illegible]သကောင်း



www.burmeseclassic.com

www.burmeseclassic.com



လို့ ချောင်ကြီးတစ်ခုလုံးက အေးချမ်းပြီး တိတ်ဆိတ်နေတယ်။

ညနေလေးနာရီသာ ရှိသေးပေမယ့် သစ်ရိပ်ဝါးရိပ်ကြောင့် ဟောမာဇလချောင်ဟာ အလင်းရောင်အား နည်းနေတယ်။ သိပ်ပြီး မှောင်နေတာ မဟုတ်ပေမယ့် အလင်းတော့ နည်းနေပြီ။

ကျွန်တော်တို့ ဟောမာဇလချောင်ရောက်တော့ ဇရပ်တစ်ခု ပေါ်မှာ ယောဂီဝတ်ထားတဲ့ မိန်းမပျိုကလေးတစ်ယောက်ကို သီလရှင်ကြီးတစ်ပါး ရှေ့အနီးမှာ တွေ့ရပါတယ်။

လူသံတွေကြားတော့ မိန်းမပျိုက ကျွန်တော်တို့ဖက်ကို လှည့်ကြည့်လိုက်ပါတယ်။

မသူဇာမှ မသူဇာအစစ်ပါပဲ။ တစ်မြန်နေ့က ဖြူဖွေးတဲ့ ခုတင်ကြီးပေါ်မှာ သေနေတဲ့ မသူဇာပါပဲ။

ကိုသူရကတော့ ဝမ်းသာအားရ ဇရပ်အနီးကို ပြေးသွားပါတယ်။ ပါးစပ်ကလဲ မသူဇာ မသူဇာလို့ ခေါ်သွားပါတယ်။ ကိုကျော်ဇောကတော့ မသူဇာကိုတွေ့တာနဲ့ ခြေလှမ်းတုန့်သွားပါတယ်။ မျက်နှာမှာလဲ သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော် ဖြစ်သွားပါတယ်။

ကိုကျော်ဇောရဲ့ တစ်ကိုယ်လုံးလဲ နတ်ပူးသလို တုန်လှုပ်နေ တယ်။ ကိုကျော်ဇောက ကတုန်ကယင်နဲ့ ထွာခြေမျက်နေပြီ။ ကျွန်တော်နှင့် အိုင်အိုမင်းအောင်က ကိုကျော်ဇောကို နှစ်ဖက်ညှပ်ပြီး ဇရပ်ကို ဆွဲခေါ်သွားတယ်။





ကိုကျော်ဇောက တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေတယ်။ ပြီးတော့ ခြေကန်ရုန်းဖို့ ကြိုးစားတယ်။

ဒါပေမယ့် ခွန်အားကြီးမားတဲ့ အိုင်အိုမင်းအောင်က ကိုကျော်ဇောရဲ့ခါးကို ဖက်ပြီး ဇရပ်နားကို တွန်းပို့နိုင်ခဲ့တယ်။

အဲဒီအခါမှာ မသူဇာက ကိုကျော်ဇောကို လက်ညှိုး ငေါက်ငေါက်ထိုးပြီး . .

''ရှင် ကျွန်မနားကို မလာနဲ့၊ ရှင့်မျက်နှာကို ကျွန်မ မကြည့်ချင်ဘူး'' လို့ ပြောလိုက်တယ်။

တုန်လှုပ်ချောက်ချားနေတဲ့ ကိုကျော်ဇောက ဘာပြောသလဲဆိုရင် . . .

''ခွင့်လွှတ်ပါ မသူဇာ၊ ကျုပ် ဒေါသမထိန်းနိုင်လို့ မင်းရဲ့ လည်ပင်းကို ညှစ်မိတာပါ'' လို့ တုန်တုန်ယင်ယင်နှင့် ပြောလိုက်တယ်။

အဲဒီလိုပြောတာကို သက်သေအဖြစ် လိုက်လာတဲ့ အရပ်လူကြီးနှစ်ယောက်က နားနှင့်ဆတ်ဆတ်ကြားရကြောင်း ကျွန်တော်တို့ကို ခေါင်းညိတ်ပြီး အချက်ပြလိုက်တယ်။

အိုင်အိုမင်းအောင်က ကိုကျော်ဇောကို လက်ထိပ်ခတ်ပြီး လူသတ်မှုနှင့် ဖမ်းလိုက်ပါတယ်။

ကိုကျော်ဇောက ရှေ့နေပီပီ မသူဇာမှ မသေဘဲ ဘာဖြစ်လို့ သူ့ကို လူသတ်မှုနဲ့ ဖမ်းရတာလဲလို့ စောဒကတက်နေပါ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။

အိုင်အိုမင်းအောင်က ယောဂီဝတ်နဲ့ မိန်းကလေးဟာ မသူဇာ မဟုတ်ဘူး။ မသူဇာနဲ့ ရုပ်ချင်း အလွန်တူတဲ့ မသူဇာရဲ့ ညီမဝမ်းကွဲ မဖြူပြာလို့ ပြောပြတယ်။

မောင်သီဟကလေးရဲ့ အစစ်ခံချက်ထဲမှာ သူနဲ့သူ့မိခင် မသူဇာတို့ ရှမ်းပြည်နယ် သာမိုင်းခန်းကို သွားကြတဲ့အခါ ဆရာဝန်ကတော် ဒေါ်ဖြူပြာဟာ သူ့အမေ မသူဇာနဲ့ ရုပ်ချင်းအလွန်ဆင်တူတယ်ဆိုတဲ့ ထွက်ချက်ကို တွေ့ရကြောင်း။

ဒါကြောင့် အိုင်အိုမင်းအောင်ဟာ ရှမ်းပြည်နယ် သာမိုင်ခန်းကို တက်သွားပြီး ဆရာဝန်ကြီး ဒေါက်တာနော်မန်၊ ဒေါ်ဖြူပြာတို့နဲ့ လူသတ်မှုဖော်ထုတ်ရန် တိုင်ပင်ပြီး ဒေါ်ဖြူပြာကို စစ်ကိုင်းတောင်ကို ခေါ်ခဲ့ကြောင်း ပြောပြပါတယ်။

ဒေါ်ဖြူပြာကတော့ မသူဇာ ဟန်ဆောင်ပေးပြီး ဇာတ်ကွက်ဆန်းကလေး ထွင်လိုက်တော့ ကိုကျော်ဇောဟာ မသူဇာကို လည်ပင်းညှစ်သတ်ခဲ့ကြောင်း ဝန်ခံခဲ့တာ ဖြစ်ပါတယ်။

ပထမတုန်းက မသူဇာ မသေဘူး၊ မေ့မျောသွားတာပါဆိုတုန်းက ကိုကျော်ဇောဟာ အံ့ဩဟန် မပြခဲ့ပါဘူး။

အဲဒီလို အံ့ဩဟန်မပြခဲ့တာက သူကိုယ်တိုင် မသူဇာရဲ့ လည်ပင်းကို ညှစ်သတ်ခဲ့တာဆိုတော့ မသူဇာ အသက်ပြန်ရှင်လာတယ်ဆိုတာ မယုံကြည်နိုင်လို့ပါပဲ။





ကိုသူရကတော့ မသူဇာကို သူကိုယ်တိုင် သတ်ခဲ့တာ မဟုတ်တော့ မသူဇာ မသေဘူးဆိုတော့ သိပ်ပြီး ဝမ်းသာပျော်ရွှင်သွားတာ ဖြစ်ပါတယ်။

ပြီးတော့ ကိုသူရဟာ မသူဇာကို မသတ်ခဲ့ရုံ မကဘူး၊ အဲဒီနေ့က မသူဇာနဲ့ မတွေ့ခဲ့ဘူးဆိုတာ သေချာတဲ့အချက်တစ်ချက် ရှိသေးတယ်။

အဲဒါက ကိုသူရဟာ သူနဲ့မသူဇာ သဘောကျတဲ့ မေရှင်ရဲ့ ဖူးစာပိုင်သီချင်းကို စန္ဒရားတီးခေါ်တုန်းက မသူဇာ အိမ်ပေါ်က ဆင်းလာတာ တွေ့ရတယ်လို့ မောင်သီဟကလေး ထွက်ဆိုခဲ့ဖူးပါတယ်။

အခင်းဖြစ်တဲ့နေ့တုန်းက ကိုသူရဟာ ဖူးစာပိုင်သီချင်းကို စန္ဒရားတီးပေမယ့် မသူဇာဟာ အိမ်ပေါ်က ဆင်းမလာပါဘူး။

ဘယ်ဆင်းလာနိုင်မလဲ။ အဲဒီအချိန်မှာ ကိုကျော်ဇောက လည်ပင်းညှစ်သတ်လို့ မသူဇာ သေနေပြီပဲ။

ဒါကြောင့် အိမ်ပေါ်က မသူဇာ ဆင်းလာတာ မတွေ့ရတာပေါ့။ တကယ်လို့ ကိုသူရသာ အိမ်ပေါ်တက်ပြီး မသူဇာကို သတ်ခဲ့ရင် စန္ဒရားတီးနိုင်ပါဦးမလား။

စိတ်လှုပ်ရှားနေတဲ့လူက စန္ဒရား ဘယ်တီးနိုင်မလဲ။

ဦးဖိုးထင်ရဲ့ ထွက်ဆိုချက်ထဲမှာလဲ ကိုကျော်ဇောနဲ့ မသူဇာတို့ အပေါ်ထပ်မှာ ရန်ဖြစ်သံကြားရတယ်လို့ ထွက်ဆိုထား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အဲဒီအချက်ကို မင်းသမီးကြီးရဲ့ အိမ်တော်က အိမ်သားတွေက ထောက်ခံထားပါတယ်။

ကိုကျော်ဇောတို့ အိမ်ကြီးက ညနေပိုင်းမှာ ရန်ဖြစ်သံနဲ့ စန္ဒရားသံကို ကြားရကြောင်း ထွက်ဆိုထားပါတယ်။

အဲဒါကြောင့် ကိုကျော်ဇောဟာ မသူဇာနဲ့ ရန်ဖြစ်ပြီး ဒေါသအလျောက် လည်ပင်းညှစ်သတ်တယ်ဆိုတာ ထင်ရှားနေပါတယ်။

အိုင်အိုမင်းအောင်က အခင်းဖြစ်အရပ်မှာ မသူဇာရဲ့ အလောင်းကို စစ်ဆေးကတည်းက မသူဇာကို လည်ပင်းညှစ်သတ်တဲ့လူဟာ ကိုကျော်ဇောပါလို့ သူသိပါသတဲ့။

ဘာဖြစ်လို့လဲဆိုတော့ မသူဇာရဲ့ မေးစေ့အောက်မှာ ပွန်းပဲ့တဲ့ အစင်းရာလေးတစ်ခုကို တွေ့ရသတဲ့။

အဲဒီအစင်းရာဟာ ကိုကျော်ဇောရဲ့ စိန်ခြယ်ပတ္တမြား လက်စွပ်နဲ့ လည်ပင်းညှစ်တုန်းက ပွတ်မိတာ ဖြစ်ရမယ်လို့ ကိုကျော်ဇောရဲ့လက်ကို လက်ညှိုးထိုးပြီး ရှင်းပြတယ်။

ဒါပေမယ့် အဲဒီအချက်ဟာ သိပ်ပြီး မခိုင်လုံသေးဘူး။

ပြီးတော့ ကိုကျော်ဇောဟာ ရှေ့နေတစ်ယောက်မို့ အဲဒီအချက်ကို ရှန်းမယ်ဆိုရင် ရှန်းနိုင်သေးတယ်။

နောက်ထပ် ခိုင်လုံတဲ့အချက် ရှာဦးမယ်ဆိုပြီး ကိုသူရကို အိုင်အိုမင်းအောင်နဲ့ ကျွန်တော်တို့ သွားစစ်တာ။





လက်ဆည်ကန်မှာတည်းနေတဲ့ ကိုသူရဆီ ရောက်ပြီး မသူဇာ သေပြီဆိုတော့ ကိုသူရဟာ ကြုံကြုံပါအောင် ငိုတော့ ကိုသူရဟာ မသူဇာကို မသတ်ဘူးလို့ အိုင်အိုမင်းအောင်က ယုံကြည်သွားသတဲ့။

ကိုသူရကျတဲ့ မျက်ရည်တွေဟာ သက်သေတွေပါပဲ၊ မျက်ရည်သက်သေတွေပါပဲလို့ အိုင်အိုမင်းအောင်က ပြောပြသတဲ့။

ပြီးတော့ လူသတ်ကောင်ဟာ ဘာကြောင့် မသူဇာကို သတ်ရသလဲဆိုတော့ ရည်ရွယ်ချက်ကို စဉ်းစားတဲ့အခါမှာ မသူဇာ သေရင် ဘယ်သူအကျိုးရှိမလဲလို့ အိုင်အိုမင်းအောင်က စဉ်းစားသတဲ့။

ကိုသူရရဲ့ ဖခင်ကြီး ဦးဝဏ္ဏက နန်းရှေ့အိမ်ကြီးက မသူဇာရဲ့ နာမည်နဲ့ ပေးထားတာဆိုတော့ မသူဇာ သေရင် ဒီအိမ်ကြီးကို ကိုကျော်ဇော ရမယ်။

ဘာဖြစ်လို့လဲဆို အခုအချိန်မှာ ကိုကျော်ဇောဟာ မသူဇာရဲ့ တရားဝင်ယောကျ်ား ဖြစ်နေတယ်။

မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးထမ်း ဥပဒေအရ လင်သေရင် မယားအမွေရပြီး၊ မယားသေရင် လင်က အမွေရတယ်။

အဲဒါကြောင့် မသူဇာသေရင် ဒီအိမ်ကြီးကို ကိုကျော်ဇော အမွေရမှာ။ အဲဒါကြောင့် မသူဇာကိုသတ်ဖို့ ကိုကျော်ဇောက ပိုပြီးနီးစပ်တယ်ဆိုတာ အိုင်အိုမင်းအောင်က တွေးမိတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတယ်။

အဲဒီလို အိုင်အိုမင်းအောင်က အချက်အလက်နဲ့ ရှင်းပြတော့ ကိုကျော်ဇောဟာ သူဟာ မသူဇာကို သတ်မိကြောင်း ဖြောင့်ချက်ပေးပါတယ်။

မသူဇာက မောင်သီဟကလေးရဲ့ နောင်ရေးအတွက် ကွာရှင်းခွင့်ပြောတော့ ကိုကျော်ဇောက ဘယ်သူ့နောင်ရေးမှ ထည့်မစဉ်းစားနိုင်ဘူး ကိုယ့်အရေးဘဲ ကိုယ်စဉ်းစားနိုင်မယ်လို့ ပြန်ပြောသတဲ့။

မသူဇာက ကျွန်မတို့အရွယ်ဟာ လူလတ်ပိုင်းအရွယ် ရောက်ပြီ။ ကိုယ်ဖို့ စဉ်းစားဖို့ မလိုတော့ဘူး။ ကိုယ့်သားသမီးတွေ နောင်ရေးအတွက်ပဲ စဉ်းစားရတော့မယ့်အချိန် ရောက်ပြီလို့ ပြောသတဲ့။

ကိုကျော်ဇောက ဒါတော့ ဘယ်သူ့အရေးမှ မစဉ်းစားနိုင်ဘူးလို့ ပြန်ပြောတယ်။

မသူဇာက ရှင်ဟာ တစ်ကိုယ်ကောင်းဆန်တဲ့လူ၊ လောဘသမား၊ ဘယ်သူသေသေ ငတေမှာ ပြီးရောဆိုတဲ့လူကြီး။ အချောင်သမားဆိုပြီး လက်ညှိုးထိုးပြီး အမျိုးမျိုးရှုတ်ချပြောဆိုသတဲ့။

အဲဒါနဲ့ ကိုကျော်ဇောက ဒေါသမထိန်းနိုင်တော့ဘဲ မသူဇာ လည်ပင်းကို ညှစ်သတ်မိတယ်လို့ ပြောသတဲ့။





ကိုကျော်ဇော ဒေါသထွက်ရတာ နန်းရှေ့အိမ်ကြီးကို လက်လွှတ်ဆုံးရှုံးသွားရမှာဆိုတဲ့ အကြောင်းအရင်းတစ်ခုလဲ ပါချင်ပါမှာဘဲ လို့ ကျွန်တော် တွေးမိပါတယ်။

ကိုကျော်ဇော ရှေ့နေပီပီ မသူဇာကို သူမသတ်ကြောင်း အလီဘိုင်ပြချင်လို့ မောင်သီဟကလေးကို ကားပေါ်တင်ပြီး သူ့မိတ်ဆွေ တရားသူကြီးအိမ်ကို သွားလည်တယ်။

သူဟာ အချင်းဖြစ်အရပ်မှာ မရှိဘူးဆိုတာ 'အလီဘိုင်' ပြဖို့ တရားသူကြီးကို သက်သေဆွဲထည့်တာပဲ။

ပြီးတော့ ဈေးချိုဘေးက စိုက်ကျိုးလမ်းမှာ ဒူးမလိုင် သောက်တော့လဲ မောင်သီဟကလေးကို ကားပေါ်က ပွေ့ချပြီး ဆိုင်ထဲမှာ ထိုင်နိုင်းပြီး ဒူးမလိုင်တိုက်တယ်။

လူတွေအမြင်မှာ ကိုကျော်ဇောဟာ သူ့မယားပါသားကလေးကို ဂရုတစိုက်ရှိပြီး အချင်းဖြစ်ပွားတဲ့အချိန်မှာ ဒူးမလိုင် သောက် နေတယ်ဆိုတာ သက်သေခံရအောင် လုပ်တာပဲ။

ဒါကြောင့် ကိုကျော်ဇောက ဒူးမလိုင်ဆိုင်မှာတွေ့တဲ့ မိတ်ဆွေတွေရဲ့ ဒူးမလိုင်ဖိုးငွေကို ပိုက်ဆံထုတ်ရှင်းတာပေါ့။

ရှေ့နေကြီး ဦးကျော်ဇောက ဘယ်လိုပဲ လူသတ်မှုက လွတ်အောင် အကွက်ဆင်ခဲ့ပေမယ့် အိုင်အိုမင်းအောင်က ဇာတ်ကွက်ဆန်းကလေးဆင်ပြီး ကိုကျော်ဇောကို ဖမ်းပြလိုက်နိုင်ပါပြီ။

ကျွန်တော်တို့ဟာ စစ်ကိုင်းချောင်က ပြန်လာကြပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြောက်မှတ်ဂါတ်တဲ ဌာနအုပ် ကိုငြိမ်းမောင်ရဲ့ လက်ထဲကို ကိုကျော်ဇောကို အပ်ပေးလိုက်ပါတယ်။

အိုင်အိုမင်းအောင်ကတော့ ဒေါ်ဖြူပြာနဲ့ သူ့ရဲ့ခင်ပွန်း ဒေါက်တာနေဇ်မန်တို့ကို ကိုသူရနဲ့အတူ နန်းရှေ့အိမ်ကြီးကို ခေါ်သွားပါတယ်။

မောင်သီဟကလေးကလဲ ဒေါ်ဖြူပြာကို တွေ့တော့ သူ့ အမေ မသူဇာ ပြန်လာပြီထင်လို့ သိပ်ဝမ်းသာသွားတယ်။

ဒါပေမယ့် ဒေါက်တာနေဇ်မန်ကို တွေ့မှ ဒေါ်လေးဖြူပြာ မှန်း မောင်သီဟကလေး သိသွားတော့တယ်။

ကိုသူရ နန်းရှေ့အိမ်ကြီးကနေ မသူဇာရဲ့ အသုဘချဖို့စီစဉ် ပါတော့တယ်။ တကယ်တော့ မသူဇာမှာ သူနဲ့ရုပ်ချင်းဆင်တူတဲ့ ညီမဝမ်းကွဲ ဒေါ်ဖြူပြာ ရှိတယ်ဆိုတာ ကိုသူရရော ကိုကျော်ဇော ရော မသိကြပါဘူး။

သူတို့ညီမဝမ်းကွဲကလဲ အနေဝေးခဲ့တာကိုး။

အခုတော့ မသူဇာ မဖြူပြာဆိုတဲ့ ညီမဝမ်းကွဲရှိတယ်ဆို တာ ကိုသူရတောင် မသိဘဲ အိုင်အိုမင်းအောင်ကသိပြီး သူ့ကို ကြိုးစင်ပေါ်က ဆွဲချခဲ့တာကို ကိုသူရ သိရတော့တယ်။



BURMESE CLASSIC .com

[၇]

မသူဇာနဲ့ လက်ထပ်တဲ့ ယောက်ျားမှန်သမျှ လူသတ်မှု ဖြစ်ပြီး ကျွန်းကျရတယ်လို့ဆိုရင် မသူဇာ ဂြိုဟ်ဆိုးတယ်လို့ ရွတ်ချ ရာများနေသလား မသိဘူး။

ကိုကျော်ဇောက မသူဇာကို သတ်မှုမှာ ကိုကျော်ဇောလဲ တစ်ကျွန်းကျသွားပါတယ်။

မသူဇာရဲ့ ယောကျ်ားနှစ်ယောက်စလုံး 'တစ်ကျွန်းစံ' ချည်း ဖြစ်နေတာက ဆန်းနေပါတယ်။

တစ်ကျွန်းက ပြန်လာတဲ့ ကိုသူရကတော့ 'တစ်ကျွန်းစံ' ဆိုတဲ့ စကားဟာ မှားပါတယ်တဲ့။

'တစ်ကျွန်းခံ' လို့ဆိုမှ မှန်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဇောကို တစ်ကျွန်းသို့ မပို့မီ ရန်ကုန်ထောင်ကြီးထဲမှာထားတုန်း ကျွန်တော်နဲ့ ကိုမင်းအောင်တို့ ကိုကျော်ဇောကို သွားတွေ့ပါတယ်။

ဟိုတုန်းက ကိုကျော်ဇောဟာ ဝတ်လုံတော်ရ အဝတ်အစားနဲ့ ဥပမိရှပ် အလွန်ကောင်းပြီး ခံ့ညားခဲ့ပါတယ်။

အခုတော့ ထောင်ဝတ်စုံနဲ့ ခေါင်းတုံးဘဝနဲ့ တွေ့ရတဲ့ ကိုကျော်ဇောဟာ အတော်ပဲ ပိန်လှီနေပါတယ်။

စိတ်ထောင်းကိုယ်ကြေဆိုတဲ့ စကားလို ကိုကျော်ဇောဟာ စိတ်မချမ်းမသာ ဖြစ်နေပုံပါပဲ။

ဒါကြောင့် ကိုကျော်ဇောရဲ့ ဥပမိရှပ် ခံ့ညားမှုဟာ ယူပစ်လိုက်သလို ပြောင်းလဲသွားတာ ဖြစ်မှာပေါ့။

ကိုကျော်ဇောဟာ အင်မတန်လဲ သံဝေဂ ရနေတဲ့ပုံမျိုးပါဘဲ။ ကိုကျော်ဇောဟာ ကျွန်တော်တို့ကို မှတ်သားစရာကောင်းတဲ့ စကားတွေကိုလည်း ပြောသွားပါသေးတယ်။

ကိုကျော်ဇော ပြောတဲ့စကားဟာ သိပ်ပြီး သင်ခန်းစာရပါတယ်။ နွားများဟာ မွေးကတည်းက နဖားကြိုးထိုးတဲ့ အပေါက်နာခေါင်းမှာ ပါမလာပါဘူးတဲ့။

လူတွေက နွားကလေး အရွယ်ရောက်လာတာနဲ့ မညှာမတာ သံပူနဲ့ သပ်နဲ့ နဖားကြိုးထိုးတဲ့အပေါက်ကို ဖောက်ပါသတဲ့။

အဲဒီအခါမှာ နွားဟာ မခံမရပ်နိုင်အောင် နာကျင်ပြီး ခုန်





ပေါက် ရုန်းကန်ရသတဲ့။ နဖားကြိုးထိုးတဲ့ အပေါက်က အနာလဲကျက်ရော နွားကို နဖားကြိုး ထိုးတော့တာပဲ။

ဒီအခါမှာလည်း နွားဟာ နေမထိ ထိုင်မသာနဲ့ နဖားကြိုးကို ဖြုတ်ဖို့ ကြိုးစားပြီး ရုန်းကန်ပါတယ်။

အချိန်ကြာလာတော့ နွားနဲ့ နဖားကြိုးဟာ ယဉ်ပါးလာတယ်။ သုံးလေးနှစ်ကြာလို့ နဖားကြိုးပြုတ်သွားတဲ့အခါ လွတ်လပ်သွားပေမယ့် နွားဟာ နေမထိထိုင်မသာ ဖြစ်ပြန်ပါရော။

သူ့ကို အချုပ်အနှောင် လုပ်ထားတဲ့ နဖားကြိုးကိုတောင် နွားဟာ တမ်းတနေပါသတဲ့။

နွားဟာ နဖားကြိုးကို မလိုလားသလို ကိုကျော်ဇောဟာလည်း ပထမတုန်းက မုဆိုးမဖြစ်တဲ့ မသူဇာကို ယူဖို့ မလိုလားပါဘူးတဲ့။

မသူဇာနဲ့ လက်ထပ်စတုန်းက ဝါ့နှယ် အပျိုတွေကို မယူဘူး။ မုဆိုးမကိုမှ ယူမိလေခြင်းဆိုပြီး ကိုကျော်ဇောဟာ နေမထိထိုင်မသာ ဖြစ်ပါတယ်တဲ့။

နွားကို နဖားကြိုးစထိုးတုန်းကလိုပါပဲတဲ့။

အခုတော့ မသူဇာကိုရော၊ နန်းရှေအိမ်ကြီးကိုရော ခွဲခွာရမယ်လဲသိရော ဆပ်ဆလူးခံစားရပြန်သတဲ့။

နွားဟာ သူ့ရဲ့လွတ်လပ်မှုကို ချုပ်ချယ်ထားတဲ့ နဖားကြိုးဆွေးပြီး ပြုတ်သွားတဲ့အခါ နေမထိထိုင်မသာ ဖြစ်သလိုပါပဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာ ကောင်းမှုအပေါ် သံယောဇဉ် ဖြစ်တာထက် မကောင်းမှုအပေါ်မှာ သံယောဇဉ်ဖြစ်တာက ပိုပြီးခံစားရတဲ့ ဝေဒနာကြီးပါတဲ့။

အခု ကိုကျော်ဇောက မသူဇာကို သတ်မိတာ သူ့ရဲ့နဖား ကြိုး ပြတ်သွားလို့ပါတဲ့။

''ကိုကျော်ဇောရေ.. ဥပဒေဆိုတဲ့ ကြိုးကတော့ ဘယ် တော့မှ မပြတ်ဘူးဗျ''

လို့ ဖြစ်ပါတယ်။

BURMESE CLASSIC .com

ပဥ္စဂုဏ် အဟံဝန္တာမိ သဗ္ဗဒါ

ခအောင်ဇင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com